
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်းမြိုင်

စာပေ



BURMESE CLASSIC

ပုံနှိပ်မှတ်တမ်း

၂၀၀၇ ခုနှစ်၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ-၅၀၀။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီမြုလမ်း၊ သုဝဏ္ဏ၊ ...မြို့။

ထုတ်ဝေသူ ဦးအောင်မြင့် (မြ၀၀၂၅၆)၊ အောင်မြင့်စာပေ။

ဖြန့်ချိရေး အောင်မြင့်စာပေ၊ အမှတ်(၁) အောင်သဘာလေးလမ်း၊ တောကတ်ကျေး၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

"အဟမ်း..ဟမ်း.."

ကုလားထဲကထွက်လိုက်တာနှင့် ဟိုတယ်လ်ကိုမော့ကြည့်ပြီး အသက်ရှူကျပ်သွားသည်။ ကိုယ်ကို မတ်မတ်စန့်စန့် ရပ်လိုက်ပြီး မျက်နှာကို တည်သည် တင်းသည် မမည်သော ဟန်ပန်တွေ တင်လိုက်၏။

"အဟမ်း..ဟမ်း.."

"ဘာဝင်.."

"ဘာလဲ.."

လေးမြတ်က သူ့မမျက်နှာကို သေချာကြည့်လိုက်ပြီး အနားပိုကပ်လိုက်ကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"ခဏခဏ..ဘာဖြစ်လို့ 'အဟမ်း' နေတာလဲ.."

"မှတ်ထား..အဲ့ဒါချောင်းဟန့်တာ.."

"သိတယ်..လုပ်ချောင်းကြီးမို့လို့မေးတာ.."

"ငါ ဟိုတယ်လ်ထဲဝင်ရမှာ လန့်နေလို့.."

"ဟိုတယ်လ်ကိုလာတာ မဟုတ်ဘူး..မင်္ဂလာဆောင်လာတာ.."

"လေး.."

လေးက ပြောပြီးလှည့်ဝင်သွားသည်။ ဘဝင်က လက်ကိုဆွဲထားကာ..၊

"ငါ့ကိုကြည့်ပါဦး..လှရဲ့လား.."

"လှပါတယ်ဆိုမှ.."

"ငါ့လည်ပင်းတဟာ စိန်နဲ့တူရဲ့လားလို့.."

"တူတူမတူတူ ဘယ်သူမှစိတ်မဝင်စားဘူး.."

"လေး.."

"ဟဲ့..ဘာလဲ၊ ငါ အပြန်ဂမုန်းပွင့်ဇင်ချင်သေးလို့ မမီဘဲနေတော့မှာပဲ.."

"ငါ့ကိုကြည့်စမ်းပါ..ဟိုလူကြီး သဘောကျလောက်စရာရှိရဲ့လား.."

"ကျွတ်..ဘဝင်ရယ်.."

"ငါ မျှော်လင့်ချက် ရှိပါ့မလားလို့.."

"ဟိုလူကြီး သဘောကျကျ မကျကျ နင်သီချင်းဆိုရမှာပဲ ပူမနေနဲ့..၊ သူတို့က အသံက ဒုတိယ..ချော့ဖို့လှဖို့က ပထမ–

"ဒါဖြင့် ငါလှတယ်ပေါ့.."





"ဩော်..ကဲ.."

ပြောနေရင်း မင်္ဂလာခန်းမထဲကို ဝင်လာမိကြသည်။ ကြည့်လိုက်တော့ စားပွဲတိုင်းမှာ လူပြည့်မနေဘဲ တစ်ချို့ဝိုင်းတွေမှာ တစ်ယောက်မှမရှိတာလည်း တွေ့၏။ ရှိနေသမျှ လူတွေကလည်း ဝတ်စားထားလိုက်တာ မီးရောင်အောက်မှာ မျက်စိကျိန်းလောက်ပါ၏။

"ဟော..သမီးတို့လာကြ.."

"ရှေ့နေကြီးတို့ပါလား.."

ကိုယ့်ကိုသိတဲ့လူက ကိုယ့်ဆီလာကြသည်။ မသိတဲ့လူကလည်း သိတဲ့လူဆီကို တန်းသွား၏။

"ဘယ်လိုလဲသမီးရဲ့..သမီးတို့ဆိုင်ကို အားကိုးကာမှ.."

"ဟုတ်ပါတယ်အန်တီရယ်..ဒီနေ့ကျမှ သုံးပွဲတောင်လက်ခံထားတာ ဖြစ်နေလို့ပါ၊ အဲ့ဒါကြောင့် တောင်းပန်ရအောင်လာခဲ့တာပါ.."

"ဩော်..ရပါတယ်သမီးရယ်၊ ပရိုဝယ်ဒင်တုန်းက သမီးပြင်ပေးခဲ့တာ အရမ်းလှနေတာပဲဟား..၊ ထိုင်သမီး..သူက.."

"သူက လေးရဲ့သူငယ်ချင်း..ရုပ်ဆွေရုပ်မျိုးပါအန်တီ..၊ နာမည်က ဘဝင်ပါ.."

မိတ်ဆက်ပေးတော့ ရယ်ပြသည်။ ဘဝင်ကလည်း ရယ်ပြသည်။ သို့သော် ဘာတွေသောကဖိစီးနေသည်မသိ..၊

"ဘဝင်.."

"ဘာလဲ..ငါ့စကက်က အန့်ဒါအပေါ်တက်နေလို့.."

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ပြီးမှ ရိုးတိုးရွတဖြစ်နေသည့် ဘဝင်ကြောင့် လေးစိတ်ညစ်သွားသည်။ ဆင်စွယ်ရောင် ပိုးပျော့ဂါဝန်လေးက ကိုယ်ပေါ်မှာ ကပ်ချပ်နေကာ ခြေဖမိုးလေးပေါ်မှာ ပုံနေသည်။ ရကျောမရောက်တရောက် ဆံပင်ရှိုင်းတွန့်လေးတွေကို ဒီတိုင်းအားလျော့ ဖြန့်ချထားကာ ရွှေရောင်နားဆွဲရှည်က ပခုံးထိ ရှည်ကျနေ၏။ ဖိနပ်ကလည်း ဆင်စွယ်နဲ့ရွှေရောင်လေး ရောနေ လျက်..။

"လှနေတာပဲဘဝင်ရယ် အပါးသွားရအောင်..ဝတ်ထားတာ လည်း မဟုတ်ဘဲနဲ့ အနီးဒါကိုက်နေလည်းဘာဖြစ်လဲ..ဘယ်သူမှ မမြင်ဘူး"

"နင်က မိန်းမချင်းမို့ မမြင်ပေမယ့် ယောကျာ်းတွေက တော့ မြင်မှာပဲ ဒီမှာ လိပ်ကိုက်ပြီး ပေါင်မှာဖုဖုကြီးဖြစ်နေ တာ.."

"အဲ့လောက်တက်နေရအောင် နင်ကစကက် မပြီး ဘာ လုပ်လိုက်လို့လဲ.."

"အိမ်သာထိုင်ခဲ့တာ.."

သေခိုလိုက်လို့သာ အော်ပစ်လိုက်ချင်သည်။ ဘဝင်ဆိုတဲ့ မိန်းမ ဘာလုပ်လုပ် ပြောစရာတစ်ခုခု အမြဲကျန်သည်။ ညေ ဖရိသဖ်ာတွေ အပြုံးကိုယ်စီနှင့် သူ့ထက်ငါအလှတွေ ပကာသန တွေ အပြိုင်ကြပြီး ဘာဖွဲ့ဖွဲ့ဝင်လာနေကြသည်။

လူတွေများလာသလောက် သူ့မှာ ခေါင်းကတွေပွားပြီး မျက်စိမျက် မျက်နှာပျက်နှင့်..

"ငါ အိမ်သာ..အဲ့..တွိုင်းလက်သွားလိုက်ဦးမယ်.."





"ဘဝင်.."

ခပ်ကြိတ်ကြိတ်ခေါ်ပြီး..လှမ်းဆွဲမိမလို ဖြစ်သွားသည်။ သို့သော် ဆွဲလည်းမိလိုက်မှာ မဟုတ်သော လျှင်မြန်ခြင်းမျိုးနှင့် ဘဝင်ကထွက်သွားပြီဖြစ်သည်။

ခေါလာတုန်းကတော့ အလုပ်ကိစ္စတွေ ပေးမယ့် သူ့ခြေ နဲ့ကို ဒီလိုနေရာမှာ ချိန်းရသလားဆိုပြီး ညည်းလိုက်တာ ခိုသ ပေါက်လေသည်။ ဆိုဒ်ုံးနားပိုတယ်လ်ဆိုတော့ တိုက်ဆိုးနဲ့တို့ သလိုဖြစ်လျက်..။

"ငါက ရန်ကုန်မှာနေထိုင်ခဲ့ဖူးပေမယ့် ဒီလိုနေရာမှာတော့ ပွဲမတက်ဖူးဘူးသေး..ပြီးတော့ သူများပါတွေဝတ်ပြီး တက်ရမှာ ခြေလှမ်းမှားမှာတော့ ကျိန်းသေပဲ တဲ့..။

ခုထွက်သွားတဲ့ပုံကတော့ ခြေလှမ်းမမှားသည့်ပြင် ဂါ ဝန်စလေးနှစ်ဖက် မကာ တလွှားလွှားနှင့် မြန်မှမြန်..။

"သမီးရေ..ဒီမှာ သမီးတို့နဲ့ စကားပြောဖို့မိတ်ဆွေတွေ.."

သတို့သမီးရဲ့အဒေါ် ဒေါ်ခင်မမက ညှိသည့်နှစ်ယောက် ကို သူမတို့စားပွဲမှာပဲ နေရာပေး၍ စကားတွေပြောနေသေးသည်။ သို့သော် သိပ်မကြာခင်မှာပဲ မင်္ဂလာပွဲစခဲ့လျက် ပန်းကြဲ သည့် မိန်းမလှလေးဦးဆောင်ကာ သတို့သား သတို့သမီး ပွဲထွက် လေသည်။

ထိုအချိန်မှာ ဘဝင်တစ်ယောက်တည်း တွိုင်းလက်ရှာ ရင်း ဖက်ဖက်မောနေခဲ့ပြီး..။

"ကံ..ဒီတစ်ခါ အပေါ့ပဲဖြစ်ဖြစ် အလေးပဲဖြစ်ဖြစ် လုံးဝ မလုပ်တော့ဘူး..ကျန်းမာပါပြီ ချွေးတွေပြန်တာ ဘာမှမရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်ကြီးရှေ့ပြေးတော့ ဒေါက်ဖိနပ်က တခေါက်ခေါက် မြည်၏။ မှန်ရှေ့မှာ စကားပြောရင်း တက်ခေါက်တော့ ဘေးမှာလာရပ်သည့် အမျိုးသမီးတစ်ယောက်က လှည့်ကြည့်၏။

"အပျွန်း..ဒီမှာအစ်မ တစ်ဆိတ်လောက်ကြည့်ပေးစမ်း ပါ"

"ဟင်.."

"သူများမျက်နှာ မိတ်ကပ်တွေကွက်ကုန်ပြီလားဟင်.."

"မကွက်ပါဘူး..လှပါတယ်.."

"ဟုတ်လား.."

မှန်ထဲမှာလည်း မြင်နေသားနဲ့ သူများကလှပါတယ်ဆိုမှ ကျေနပ်သွားသည်။ သူမပြန်ထွက်သွားတော့ မှန်ရှေ့မှာကျန်ခဲ့ သည့် အမျိုးသမီးက ပြုံးနေလျက်..။

"ချော်များလဲလိုက်ရင် သေဦးမယ်..ဒေါက်မြင့်ဖိနပ်ကြီး နဲ့ ပြေးနေတာ..."

ဟု ရေရွတ်လိုက်တာ ဘဝင်မကြားတော့ပေ..၊

"မင်္ဂလာအခါတော် ပေးနေပြီ.."

လူတွေအားလုံး မင်္ဂလာစင်မြင့်ဆီ အာရုံရောက်နေကြ တုန်း ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ဖို့ ခပ်သုတ်သုတ်လျှောက်ခဲ့မိစဉ်၊

"သတို့သား မောင်နေနာရီနဲ့ သတို့သမီး အချစ်ဝိုင်ကို လက်ထပ်လက်စွပ် ဆင်မြန်းပေးမှာ ဖြစ်ပါတယ်ခင်ဗျား.."

ဟင်..၊

ဘဝင့်ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။

"သတို့သားမောင်နေနာရီ လို့ပြောလိုက်တာလား.."





ဝင်လာတည်းက မင်္ဂလာစင်မြင့်ကို ကြည့်လည်းမကြည့် မိ၊ စိတ်လည်းမဝင်စားနိုင်အောင် တစ်ယောက်တည်းအလုပ်ရှုပ် နေခဲ့သမျှ 'နေနာရီ'ဆိုသည့် နာမည်ကြားလိုက်မှ..၊

"ဒါ..ကိုကိုလား.."

ဘဝင်မျက်လုံးတွေ စင်မြင့်ဆီရောက်သွားသည်။ ဗန်း ကိုင်တဲ့ သူတွေနဲ့ လက်စွပ်ဆင်မြန်းပေးမည့်သူတွေ ဝန်းရံနေ သည့်အလယ်မှာ သတို့သားကို သေချာမမြင်ရ..၊

ဘဝင်စိတ်တွေလှုပ်ရှားကာ သီချင်းစိတ်ကို ဘယ်လိုမှ ထိန်းလို့မရတော့ပေ၊ လေးရှိတဲ့စားပွဲကို သွားထိုင်မယ့် ရည်ရွယ် ချက်က စင်မြင့်ဆီပြေးသွားမိခြင်းသို့ ရောက်ကာ..၊

လှေကားနှစ်ထစ်ထိ ပြေးတက်လိုက်သည်။ လည်ပင်း ရှည် ကြည့်လိုက်တော့ ကျက်သရေခေါင်းပေါင်းနှင့် သတို့သားရဲ့ နှုတ်ခမ်းနဲ့ မေးဖျားအစွန်းကို လှစ်ခနဲမြင်လိုက်၏။

ကိုကိုပဲ..၊

ဘဝင် နေရာမှရပ်ရင်း တဒင်္ဂ ကြက်သေသေသွားခဲ့ သည်။ သူမ ဘာတက်လုပ်မှန်းမသိဘဲ လှေကားထစ်ပေါ်ထိ ပြေးတက်သွားသောကြောင့် လေးလည်း ထိတ်ထိတ်ပျာပျာ ထ ရပ်လိုက်မိသည်။

ပြီးတော့မှ ဘေးလူတွေကို သတိရပြီး ပြန်ထိုင်လိုက်ရ သည်။ ဘဝင်ကတော့ နောက်ထပ်လှေကားထစ်တွေကို ရဲတင်း သွက်လက်စွာ နင်းတက်ဖြတ်ကျော်သွားခဲ့ပြီး..၊

"ကိုကို.."

လက်စွပ်ကိုင်ထားသည့် အမျိုးသမီးကြီးဘေးမှာ တိုး



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရှပ်လိုက်ပြီး..၊

"ကိုကိုက လက်ထပ်နေတယ်ပေါ့.."

နာရီမျက်နှာမှာ အံ့အားသင့်ခြင်းကြောင့် ဘဝင့်ကိုငေးကြည့်ရင်း နှုတ်ခမ်းတွေပါ ပွင့်ဟသွားခဲ့သည်။

"မင်း.."

"ဟုတ်တယ်..ဘဝင်လေ၊ ကိုကို့မိန်းမ ဘဝင်.."

"သား.."

"နေနာရီ..သူကဘယ်သူလဲ.."

"သူဘယ်သူလဲကို.."

နာရီ့မိဘတွေ..၊

ပြီးတော့ သတို့သမီးရဲ့ မိဘတွေ..၊

သတို့သမီးသည် နောက်ဆုံးမေးမြန်းသူဖြစ်ရကာ၊ သူမမျက်ဝန်းတွေက အေးစက်စူးရဲနေခဲ့လျက်..၊

"ဖြေပါဦး ကို..ဒါဘယ်လိုဖြစ်ရတာလဲ.."

"မကြားလိုက်ဘူးလား..ကျွန်မက ကိုကိုရဲ့ဇနီးပဲ.."

ဘဝင်က အမျိုးသမီးကြီးလက်ထဲက သတို့သမီးအတွက် လက်စွပ်ကို ဆွဲယူလိုက်ပြီး သူ့မလက်သူကြွယ်မှာ စွပ်လိုက်သည်။ လုပ်လိုက်ပုံက ဘယ်သူ့ခွင့်ပြုချက်မှမလို ဘာမှမခက်ခဲသော အလုပ်တစ်ခုကို ဂရုမစိုက်စွာ လုပ်လိုက်ခြင်းဖြစ်၏။

သူ့မအေးမှာ နှစ်ဖက်မိဘတွေ ဝန်းရံပိတ်ဆို့ထားလိုက်တာကိုလည်း တစ်ချက်မှ ငဲ့မကြည့်ဘဲ..၊

"ကိုကိုနဲ့ဘဝင် ပြတ်စဲခဲ့ကြတာမဟုတ်ဘူး..မုန်းခဲ့ကြတာလည်း မဟုတ်ဘဲနဲ့ ကိုကိုဘာဖြစ်လို့ နောက်ထပ်လက်ထပ်ဖို့





လုပ်နေရတာလဲ.."

"ဒီမှာ..ဟေ့.."

"အို..သူများကိုမဆွဲပါနဲ့.."

"မဆွဲစေချင်ရင် မင်းခုချက်ချင်း ထွက်သွားလိုက်စမ်း.."

လက်တစ်ဖက်ကို ဖိဆုပ်၍ ဆွဲထုတ်မလိုခံလိုက်ရမှ ဘဝင် နောက်လှည့်ကြည့်မိသည်။ ထွက်သွားခိုင်းတဲ့လူကြီးတွေရော ဆွဲထုတ်ဖို့ လက်တစ်ပြင်ပြင်နဲ့ လူတွေရော..၊

သူ့မအေးမှာ လူကြီးသူမဆိုသည့် ပုဂ္ဂိုလ်ကြီးတွေ ဝိုင်းရံလို့ပါလား၊ ရုတ်တရက် ဧည့်ပရိသတ်တွေ သတိမထားမိအောင် ကာကွယ်နေကြတာမှန်း ရိပ်မိလိုက်ကာ..၊

"ဘာလို့ထွက်သွားရမှာလဲ..ဘဝင်ကကိုကို့ဇနီး၊ ကိုကို့မှာ သားနဲ့မယားနဲ့..ကိုကိုနေ၁် ကိုကိုနောက်ထပ်လက်မထပ်ရဘူး.."

"ဘဝင်..ဟဲ့၊ ဘဝင် ငါ့ကိုကြည့်.."

လေး လူအုပ်ကြားထဲ တိုးဝင်လာပြီး ဘဝင့်လက်လေးကို ဆွဲထုတ်ဖို့ ကြိုးစားသည်။ ဘဝင်က ပြန်ရုန်းလိုက်ပြီး..ဇာန်းကိုင်မိန်းကလေးရဲ့ရှေ့ကို တိုးရပ်လိုက်သည်။

ထိုအခါ သူ့မက သတို့သားနဲ့သတို့သမီးရဲ့ကြားမှာ ဖြစ်ခဲ့ပြီး..၊

"ကိုကို ဘဝင့်ကိုအရင်ဖြေ..ဘာဖြစ်လို့ ဘဝင့်ကိုထားခဲ့တာလဲ၊ ကိုကို မုန်းလို့လား.."

နေနာရီ့မျက်နှာမှာ တင်းခနဲတစ်ချက်ဖြစ်သွားသည်။ ဒါပေမယ့် ဘာစကားမှမဆို..၊



www.burmeseclassic.com

www.burmeseclassic.com



"ကို.."

ဝိုင်ကလည်း သူ့မျက်နှာကိုကြည့်၍ ခေါ်ကာ..၊

"ဒီကိစ္စနောက်မှ ဆွေးနွေးလို့ရတယ်..အခု ဝိုင်တို့ရဲ့ဂုဏ်သိက္ခာအတွက် ဒီပွဲပြီးတဲ့အထိ ရှေ့ဆက်မှဖြစ်မယ်..သူ့ကိုရှင်းထုတ်ပေးပါ.."

နာရီ့မျက်နှာနီမြန်းနေခဲ့လျက် စကားတစ်ခွန်းမှမဆို..၊

"နေဦး..ဒီကိစ္စသားဖြေရှင်းမှ အဆင်ဆိုးမှာ.."

အမျိုးသမီးကြီးတစ်ယောက်လို့သာ ဘဝင်သိထားသော နာရီ့မေမေ ဒေါ်ပန်းသီရိက ဘဝင့်လက်လေးကို လွှတ်ထွက်မသွားအောင် တစ်ခါတည်းဖိဆုပ်ထားလိုက်ပြီး.. ၊

"မင်း..အန်တီနဲ့ခဏလိုက်ခဲ့.."

"ဘယ်ကိုလိုက်ရမှာလဲ.."

"ပြီးရင် သားလည်းလိုက်လာလိမ့်မယ်..မင်းနဲ့သားရဲ့ကိစ္စကို တို့လူကြီးတွေ ဘာမှမသိခဲ့တဲ့အတွက်..အဲဒါတွေ မင်းဘက်က ခိုင်လုံအောင်ပြနိုင်ဖို့လိုတယ်.."

"အို..မရပါဘူး.."

ဖိဆုပ်ထားသည်ထင်ပေမယ့် ဘဝင်က တစ်ချက်တည်းဆောင့်ရုန်းခါချပစ်လိုက်ကာ..၊

"ကိုကိုနဲ့ဘဝင် တစ်နှစ်ကျော် ပေါင်းသင်းခဲ့ကြတာ တစ်ရပ်ကွက်လုံးသိတယ်..ကိုကိုနဲ့ဘဝင်အတွက် ခိုင်လုံပြီးသား..၊ ဘယ်သူသိသိ မသိသိ.."

သူတို့ရဲ့ပြဿနာကို ပရိသတ်တစ်ချို့ ရိပ်မိကုန်ကြပြီး စင်ပေါ်ကို အာရုံတွေစိုက်လာကြသည်။ တစ်ယောက်စ နှစ်





ယောက်စစင်ပေါ် ရောက်သွားကြရင်း လူတွေပိုမိုများပြားသွားခဲ့၏။

ဘဝင့်အသံလေးက ဘယ်သူ့စကားသံမှ တိုးပေါက်မဝင်..၊

"ဟင့်အင်း မရဘူး..ပြီးမှဆိုတာ ဘာပြီးမှလဲ၊ ဒီပွဲမလုပ်ရဘူး ကိုကိုက ဘဝင့်ယောကျ်ား.."

ဖွတ်တရွတ်ပြောရင်း နာရီ့လက်ကိုလှမ်းဆွဲသည်။

အမျိုးသမီးကြီးတစ်ယောက်က လက်ကိုပုတ်ချပစ်ကာ၊

"မင်း ရဲတင်းလှချေလား.."

"သက်သက်ပွဲဖျက်တာလား.."

"ရဲခေါ်လိုက်ရင် ပြီးတာပဲ.."

"နေနာရီက ဒီလောက်ရိုးဖြောင့်တဲ့ဟာ..မဖြစ်နိုင်ပါဘူး"

"ဒါပေမယ့် ဒီကောင်လေး နယ်မှာအကြာကြီးသွားနေသေးတယ်မို့လား.."

စကားသံတွေ များပြားလာသည်။ အောက်မှာထိုင်နေကြသည့် ပရိသတ်တွေ မိုးတိုးမတ်တပ်တွေ ဖြစ်လာတဲ့အထိ ရေးကြီးခွင်ကျယ်တွေ ဖြစ်လာခဲ့လျက်..၊

"ကိုကိုပြောလေ..ဘဝင့်ကို ထွက်သွားစမ်းလို့ ပြောစမ်းပါ"

"ဟုတ်တယ်..မင်းထွက်သွားသင့်တယ်၊ ခုထွက်သွား ဘဝင်"

သူမအော်ဟစ်နေဆဲ နာရီ့စကားသံက ပြတ်သားစွာထွက်ပေါ်လာခဲ့သည်။ ဘဝင် ရုတ်တရက် ဆွံ့အသွားခဲ့၏၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖျတ်ခနဲ ရှေ့တိုး၍ နာရီ့လက်ကို ဆွဲကိုင်လိုက်ထာ..၊

"ကိုကိုထပ်ပြောဦး..လုပ်လေ၊ ဘဝင့်လက်ကို ဆွဲထုတ်သွားလိုက်ပါ..၊ ကိုကိုကိုယ်တိုင် ဆွဲထုတ်ပစ်မယ်ဆို ဒီကလူတွေ ဝိုင်းနှင်ဖို့မလိုဘူး.."

အားလုံးတိတ်ကျသွားသည်။ သတို့သမီးအမေ မျှော်လင့်တကြီး စိုက်ကြည့်နေ၏။ နာရီ့အမေက ရင်တထိတ်ထိတ် စောင့်နေခဲ့သည်။ နာရီကတော့ ဘဝင့်မျက်နှာလေးကို စိုက်ကြည့်လျက် သူမကိုင်ထားသည့်လက်ကို ရုန်းထွက်လိုက်သည်။

ပြီးတော့ စင်ပေါ်ကနေ ဆင်းထွက်သွားလေသည်။

"ကိုကို.."

"သား.."

"ဟာ..တကယ်ကြီးထင်တယ်.."

ပြောဆိုဝေဖန်သံတွေ ကျယ်ကျယ်လောင်လောင် ဖြစ်လာကြ၏။ ဗန်းကိုင်လက်ထဲမှာ ပန်းကုံးတွေလည်း ဒီတိုင်း..၊ လက်စွပ်ဘူးလေးတွေလည်း ဒီတိုင်းရှိနေခဲ့လျက်..သတို့သမီး လက်စွပ်တစ်ကွင်းသည်သာ ဘဝင့်လက်မှာ စွပ်လျက်ပါသွားခဲ့ပြီး..၊

ကျင်းပနေဆဲ မင်္ဂလာပွဲသည်..၊

၆

✻ ✻ ✻







# အခန်း (၂)

"နင်ဘာဖြစ်လို့ ငါ့ကိုအတင်းဆွဲထုတ်လာတာလဲ လေး..ဖယ်..လွှတ်.."

ကားနားရောက်လာတော့ လေးဆွဲထားသည့် လက်ကို ဆောင့်ရုန်းလိုက်ပြီး ကိုယ့်ဘာသာ ကားထဲဝင်ထိုင်လိုက်သည်။ လေးက ရှေ့ကပတ်သွားပြီး ကားပေါ်တက်၍ ကမန်းကတန်း မောင်းထွက်လိုက်ပြီး..၊

"ကိုနေနာရီလည်း ပြန်သွားပြီလေ..ဘာလဲ ကားဘီးဖက်လိုက်ဖို့ ကြိုးစားနေတာလား.."

"ငါ့ဟာငါ ဘယ်လိုလိုက်လိုက်ပေါ့..သူ ငါ့ကိုလိမ်ခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့လက်ထပ်တုန်းကတော့..ဘာမှမဟုတ်တဲ့ ကျောင်းဆရာလေး.."

"ဟင်.,"

ကားမောင်းရင်း တအံ့တဩလှည့်ကြည့်မိကာ.. ၊

"နေနာရီတို့ ဒီလောက်ချမ်းသာတာ နင်မသိခဲ့ဘူး ဟုတ်လား"

"မသိလို့ပေါ့..သိရက်နဲ့ ငါက မြို့တက်လာပြီး နင့်အိမ်မှာ ခိုကပ်နေပါ့မလား.."

"မဟုတ်ပါဘူးဘဝင်ရယ်..နှစ်နဲ့ချီပြီး ပေါင်းသင်းလာတဲ့ ယောကျ်ားကို ဘယ်လိုဇစ်မြစ် ဘယ်လိုအခြေအနေမှန်း မသိခဲ့ဘူးဆိုတာ နင့်အဖြစ်က.."

"ငါက ချစ်တာကိုး.."

လာပြန်ပြီ..၊

"ကိုကိုက တည်တည်တင်းတင်းကြီးနေတာ.."

"အဲဒါကို.."

"အဲဒီဆရာကို ရယ်အောင်ဘယ်လို'စ'မလဲဆိုပြီး ငါတို့ သူငယ်ချင်းတွေ အလောင်းအစားလုပ်ကြရင်းနဲ့.,"

"ဩော်..မိမနိုင်ဖမနိုင်လေးတွေ.."

"အဲဒီတုန်းက ပျော်စရာကောင်းလို့လေ.."

"ကလေးတွေ ဘာတွေရပြီး ကွဲသွားတဲ့အချိန်ကျတော့ ပျော်သေးလား.."

"ကိုကိုပဲ ငါ့ကိုထားခဲ့တာ.."

"နင့်ကို သူကမချစ်ဘဲ လက်ထပ်ခဲ့ရလို့လား.."





"ချစ်တယ်လို့ထင်တာပဲ.."

ဘဝင့်အသံလေးက ကရုဏာဒေါသနဲ့တောင် မပြောရက်နိုင်တော့တဲ့အထိ အားနည်းကြေကွဲနေရှာလျက်..၊

"ငါက ငါ့ဟာငါနေတတ်သလိုနေတာကို ငါမနေတတ်ဘူးပဲပြောပြီး ငါ့ဆိုဘယ်တော့မှ အကောင်းမပြောဘူး.."

"တကယ်မကောင်းလို့များလား.."

"ဘာ.."

"မဟုတ်ဘူးလေ..ကိုယ့်ကိုယ်ကိုတော့ မှန်တယ် ကောင်းတယ် ထင်ကြတာပဲ..သူနဲ့နင် စရိုက်မတူလို့ကွဲကြတာပဲဟာ.."

"ကိုကို တကယ်ရက်စက်တယ်သိလား..သူ့ကို သူ့ဒွေးသားမှန်း ငါလုံးဝမသိအောင် ဖုံးဖိထားခဲ့တယ်..ငါဒုက္ခဆင်းရဲဖြစ်နေတာကို ဒီတိုင်းကြည့်နေခဲ့တယ်..ပြီးတော့ ငါမကောင်းဘူးဆိုပြီး ထားသွားတာပဲ.."

"ဘယ်နေရာမကောင်းလို့လဲ ဆိုတာတောင် မသိလိုက်ရဘူးလား.."

"ဟင့်အင်း.."

လေး တံတွေးမျိုချလိုက်မိ၏။ မင်္ဂလာဆောင်သွားပြီး ဘာမှလည်း မစားမသောက်ခဲ့ရ၊ ဒီမင်္ဂလာပွဲ ဘာဖြစ်သွားလဲဆိုတာလည်း ကိုယ့်လူနဲ့သာ သက်ဆိုင်နေကာ.. ။

"နင် ငိုနေတာလား.."

"ငိုချင်နေတာ..မျက်ရည်ကမထွက်ဘူး.."

"ဖြစ်ရတယ်ဟယ်..မငိုချင်လို့ မထွက်တာပေါ့.."

"ငိုချင်တယ်..ငိုချင်လို့ နှာခေါင်းတွေစပ်၊ မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပူ ဖြစ်လာတာပေါ့..ငါကိုကအကျင့်မကောင်းတာ၊ မိန်းမတို့လက်နက်က မျက်ရည်တဲ့..ငါက မျက်ရည်မထွက်တတ်တော့ လက်နက်မရှိတဲ့ မိန်းမလေ.."

"လက်နက်သာရှိရင် ဒီမင်္ဂလာပွဲ လောင်ချာနဲ့အပစ်ခံရတာထက် ဆိုးသွားနိုင်တယ်.."

လေးကပြောပြီး ခေါင်းခါသည်။ ဘဝင်က လှည့်ကြည့်၏။ မမြင်ရတော့ ကားထဲမီးဖွင့်လိုက်ကာ..၊

"နင်ကပြုံးစိစိဖြစ်နေတယ်ပေါ့..ငါက မင်္ဂလာပွဲထဲက ဆွဲထုတ်ခံရတဲ့လူ.."

"ငါတော့ နေနာရီကို နင်ဆွဲထုတ်ခဲ့တာပဲမြင်တယ်.."

"သူ့ဟာသူ ထွက်သွားတာလေ..နင်မမြင်ဘူးလား.."

"အဲ့ဒါ နင်ပြဿနာရှာလိုက်လို့ မဟုတ်ဘူးလား..နင့်ကို ဆွဲမထုတ်ဘဲ သူ့ဟာသူ ထွက်သွားတာတောင် ကျေးဇူးတင်ရဦးမှာ.."

"ကိုကို ငါ့ကိုဆွဲမထုတ်ဘူးဆိုတာ သိသားပဲ..ဒါပေမယ့် ငါ့ကိုချစ်လို့လို့ မထင်နဲ့၊ မိန်းမတစ်ယောက်အပေါ် ကိုကိုဘယ်တော့မှ ကိုယ်ထိလက်ရောက် အနိုင်မယူဘူး..စကားများပြီဆို ငါကပဲပြေး ပြေးထုတာ.."

"မခံနိုင်လွန်းလို့ ထွက်သွားတာနေမှာပေါ့.."

ပြောပြီး လေးက မီးပြန်မှိတ်လိုက်သည်။

ဘဝင်က ပြန်ဖွင့်၍..၊

"အဲ့ဒါတော့ မဟုတ်လောက်ပါဘူးလေးရယ်..ငါကလည်း အတင်းနာအောင် ထုရိုက်ပစ်ပါ့မလား.."





"နတောင် ငါပြောသလို ဟုတ်များဟုတ်သလားလို့ နင့်တွေးမိပြီး လန့်သွားတယ်မို့လား..လက်သီးဆုပ်လေးနဲ့ ဆိုပေမယ့် လူမှန်းမသိသေးတဲ့ ကလေးလေးတွေ ထုရိုက်တာတောင် မခံနိုင်တဲ့နေရာထိရင် နာသေးတာ.."

"ငါ.."

ဘဝင် အသံလေးတိတ်သွားပြီး လမ်းဘေးကိုလှည့်ငေး၏။

လေးက မီးပြန်ပိတ်လိုက်ပြီး..၊

"ငါတွေးမင်စနေတာပါဟာ..အိမ်ထောင်ရေးဖြစ်ဖြစ် မိသားစုအသိုက်မြုံပဲဖြစ်ဖြစ်..ပျက်ချိန်တန်ရင် ပျက်တာပါပဲ.."

ဟင်..၊

ဘဝင် မျက်ခနဲ ပြန်လှည့်ကြည့်၏။ ပြီးတော့..၊

"ခဏခဏ ဖြစ်လိုက်ပျက်လိုက်..အဲ့ခဏခဏ ဖြစ်ချိန်တန်နေတာမျိုးရော ရှိလားဟင်.."

"ဘဝင်ရယ်.."

စိတ်တိုသွားပေမယ့် ပြုံးလိုက်မိသည်။ သူမကို အိမ်ထောင်ပျက်ဖူးတဲ့ မိန်းမတစ်ယောက်လို့ ဘယ်သူထင်မှာလဲ..၊ အလှအပ ကြိုက်သလောက်ပြင် လိုက်တဲ့အလှ..၊

ပြင်သလောက် လှနေတတ်တာလည်း ဘဝင်ပဲဖြစ်ကာ၊ စကားပြောကြည့်တော့လည်း တည်ငြိမ်ဖို့ဆိုတာဝေးလို့ ကလေးဆန်ဆန်တွေးတာ ကလေးပြော ပြောတတ်တာတွေက ကလေးလိုပဲ ချစ်ဖို့ကောင်း၏။

"ပြောစမ်းပါဟာ..ငါတို့က အိမ်ထောင်ပျက်သွားခဲ့ပြီး



www.burmeseclassic.com

သားမို့လို့ ပြန်ဖြစ်ခွင့်မရှိတော့ဘူးလား..”

“ဟိုမှာ မင်္ဂလာတောင်ဆောင်လိုက်ပြီဥစ္စာ..နင်က ဘာဖြစ်ချင်သေးလို့လဲ..”

“အို..မဆောင်ရပါဘူး၊ ငါဖျက်လိုက်ပြီးပြီ..အဲ့ဒီပွဲ မဖြစ်ဘူး..”







# အခန်း (၃)

“ဒီလိုပြောလို့မရဘူးလေ..မင်္ဂလာပွဲက ပြီးနေပြီဥစ္စာ..”

“ကျွန်မတို့ကလည်း မပြောချင်ပါဘူး ဒေါ်ခင်မမရယ်..ဒါပေမယ့် ပွဲမပြီးခင် အားလုံး ဟိုထွက်ဒီထွက်တွေ ဖြစ်ကုန်ကြတာလေ..”

“ဒီလို မပန်းသီရဲ့..”

ဝိုင်ရဲ့အမေဒေါ်မြမှူးက မတည်မငြိုးမျက်နှာနှင့် ကြားဝင်၍..၊

“ကျွန်မတို့က မိန်းကလေးရှင်ဆိုတော့ ဒီပွဲမဖြစ်ခဲ့ဘူးဆိုတာကို လက်ခံပေးဖို့ မဖြစ်နိုင်ဘူး..အရှင်းဆုံးပြောရရင် ညကသူတို့ရဲ့ လက်ဖွဲ့အိမ်မှာ တစ်ယောက်မှ သွားမပါကြတာမှန်



www.burmeseclassic.com

www.burmeseclassic.com



တယ်..ဒါပေမယ့်.."

"သားက ခုထိ အိမ်ပြန်မလာသေးဘူး.."

ဒေါ်ပန်းသီရိက မျက်နှာမသာမယာနှင့်ပြောရင်း ထရပ်လိုက်ကာ..၊

"သားအိမ်ထောင်ကျခဲ့ဖူးတယ်ဆိုတာ လူများများမသိကြပေမယ့် မမြတို့ကိုတော့ ကျွန်မတို့ပြောပြခဲ့ပါတယ်.."

"ဟုတ်တယ်လေ..ဒါပေမယ့် ဒီမိန်းကလေးကို မပန်းသီတို့ သဘောတူလို့ ပေးစားခဲ့တာမဟုတ်ဘူးမို့လား..နောက်ပြီး ကွဲခဲ့တာ လည်း သုံးလေးနှစ် ရှိနေပြီပဲ.."

"ဒီလိုလုပ်ရအောင်ဗျာ.."

နေနာရီရဲ့ဦးလေးဖြစ်သော ဦးတင်ထွတ်က နောက်ခန်းထဲကနေ ခပ်လှုပ်လှုပ်ထွက်လာကာ..၊

"အခု လူငယ်တွေလည်း မပါကြဘူး...အခြေအနေကလည်း ဆုံးဖြတ်ဖို့လိုနေပြီ၊ ဒါပေမယ့် ကျွန်တော်တို့ဆုံးဖြတ်လို့မှ မရဘဲ..သူတို့ချင်းတွေ့ပြီး ဆွေးနွေးကြရင် ပိုမကောင်းဘူးလား.."

"ဟုတ်တယ်.."

ဒေါ်ပန်းသီရိက သဘောတူပေမယ့်..၊

"သမီးက လက်ခံမှာမဟုတ်ဘူး.."

"ဘာကိုလဲ.."

"သူ တွေ့ချင်မှာမဟုတ်ဘူးမပန်းသီ..အရှက်တကွဲဖြစ်ခဲ့တာ လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတာလေ.."

"ဒါဆိုလည်း..ဖြစ်နေဆဲအတိုင်း ကျွန်မတို့ခဏတော့ ကြည့်နေသင့်တယ်ထင်တယ် မမြ.."





"ဘယ်လိုပြောလိုက်တာလဲ မပန်းသီ.."

ဒေါ်မြမှူးက ဒေါသသံစွတ်လျက်..၊

"ကျွန်မတို့လိုချင်တာ မပန်းသီဆီက ဒီလိုစကားမျိုး မဟုတ်ဘူး.."

"မမြတို့လိုချင်တဲ့ စကားပြောပေးဖို့လည်း အဆင်မပြေသေးဘူးလေ.."

"ဘာကိုအဆင်မပြေတာလဲ မပန်းသီရယ်၊ ဘယ်က ဘယ်လို ပေါ်လာမှန်းမသိတဲ့ သိက္ခာမရှိ အရှက်မသိတဲ့ မိန်းကလေးမျိုးကို ဘာဖြစ်လို့ ခေါင်းထဲထည့်တွေးနေရတာလဲ.."

ဒေါ်ပန်းသီရိ မဖြေနိုင်ပေ..၊

စိတ်ထဲမှာထင့်သွားတာကတော့ သားကဒီမိန်းကလေးကို ပြတ်သားစွာ ဥပေက္ခာမထားခဲ့ခြင်းကြောင့်ပဲ ဖြစ်သည်။ ဘဝင်ဆိုသည့် မိန်းကလေးကို မြင်လိုက်သည့်အချိန်မှာ သားရဲ့မျက်နှာကို ဒေါ်ပန်းသီရိ အကဲခတ်ခဲ့သည်။

သားရဲ့မျက်လုံးတွေထဲမှာ ရင်းနှီးလွန်းသော အံ့ဩ နာကျင်ခြင်းကိုသာ တွေ့ရှိခဲ့သဖြင့်..၊

"ကျွန်မတို့ စဉ်းစားသင့်တယ်ထင်လို့ပါ..ဒီမိန်းကလေးက ပွဲပျက်အောင် တမင်လုပ်တာလည်း ဖြစ်နိုင်ပေမယ့်.."

"ဖြစ်နိုင်တာမဟုတ်ဘူး..ဖြစ်ကိုဖြစ်နေတာ.."

ဒေါ်မြမှူးတို့ကဇွတ်..၊

ဒေါ်ခင်မမကလည်း ခေါင်းညိတ်ထောက်ခံ၍..

"အဲ့ဒီကောင်မလေးက 'လှယဉ်ချော' ဆံပင်မိတ်ကပ်ဆိုင်က လေးလေးမြင့်ဆိုတဲ့ မိန်းကလေးအိမ်မှာတပ်နေရတဲ့ ညည်း



www.burmeseclassic.com

www.burmeseclassic.com



သည်..၊ ဒီပွဲကိုလာတာလည်း စပွန်ဆာပေးမယ့် သူဌေးနဲ့တွေ့ဖို့ ဆိုလား..ဘာမှန်းမသိပေမယ့် ဖြစ်သလိုကြုံသလို ငွေရှာတတ်တဲ့ အကျင့်စရိုက်မျိုးတွေနဲ့..”

ဒေါ်ပန်းသီရို နားထောင်ရင်း မျက်နှာတစ်ချက်မဲ့သွားကာ...၊

“ကျွန်မတို့လည်း နည်းနည်းပါးပါးတော့ စုံစမ်းထားပါတယ်၊ ဒါပေမယ့် ထားလိုက်ပါ..သူက သားနဲ့ ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးပဲဖြစ်ဖြစ်..သားအကြောင်းသိထားလို့ အကြံအစည်နဲ့ လာပြီး ပွဲဖျက်တာဖြစ်ဖြစ်..”

“ဒါကိုငြိမ်နေလိုက်ရင် ပြီးသွားရောတဲ့လား..”

“တကယ် ပွဲဖျက်ရုံပဲဆိုရင် သူလည်းနောက်ထပ်လှုပ်ရှားလာမှာ မဟုတ်ပါဘူး..”

“အဲဒါနဲ့ပဲ သူ့ဘက်ကငြိမ်သက်သွားတာကိုစောင့်ပြီး ဒီလင်မယားက ပေါင်းရမယ်ပေါ့..”

“မဟုတ်ဘူးလေ..”

“ဟုတ်တယ်..စကားပြောရင်း သိလာပြီ၊ မပန်းသီတို့က ဒီ မိန်းကလေးဘက်ကို ထည့်စဉ်းစားနေတာပဲ..မဟုတ်မှလွဲရော အစတည်းက ဒါလေးက ချွေးမဆိုတာ သိနေခဲ့တာများလား..”

ဒေါ်ပန်းသီရို မျက်နှာကွက်ခနဲပျက်သွားသည်။ ဦးတင်ထွတ်ကလည်း တည်တင်းသွားသည့်မျက်နှာနှင့် အစ်မဖြစ်သူသားမှာ ဝင်ထိုင်လိုက်ကာ..၊

“အဲဒီလိုထင်ဖွယ်တွေရှိလာမှာကို ကြိုမြင်လို့ ကျွန်တော်တို့က ဒေါ်မြမှူးတို့ဘက်ကို အားနာနေတာပါ..၊ ဒီကောင်မလေး





ထပ်ပြီး ဆူပူလာခဲ့ရင် ကျွန်တော်တို့က သားရှင်ပေမယ့် သားရှင်လည်း ဂုဏ်သိက္ခာနဲ့ပါပဲ..”

“ဒါဆိုလည်း ဒီမိန်းကလေးကို တရားစွဲလိုက်လေ.. သရေဖျက်မှုနဲ့ တရားစွဲပြီး တကယ်ဒုက္ခမရောက်စေချင်ရင်လည်း ခြောက်လှန့်ရုံဖြစ်ဖြစ် လုပ်ကိုလုပ်ရမှာပဲ..၊ ဒီမှာလက်ထပ်ပြီးတာက လက်ထပ်တာပဲဖြစ်ရမယ်၊ ဒါဆို ဘယ်သူမှာမှ ထိခိုက်ဖို့မရှိတော့ဘူး..”

“အဲဒါတွေကလည်း သေချာမှဖြစ်မှာပဲမမြ..”

ဒေါ်ပန်းသီရိက အပြုံးအရယ်ကင်းသည့် မျက်နှာနှင့်ရှိနေခဲ့ပြီး...၊

“မမြတို့သိထားသလောက်တောင် သူ့အကြောင်း ကျွန်မတို့မသိသေးဘူး..ဒါကြောင့်သိဖို့လိုတယ်၊ ကိုယ့်ကိုဒုက္ခပေးထားတဲ့အတွက် ကျွန်မတို့လည်း ဒေါသထွက်တာပဲ..ဒါပေမယ့် မှားသွားလို့ မဖြစ်ဘူး..”

‘ဒါ ငါ့ချွေးမများလားလို့..’လို့ တွေးမိထားတာတော့ရှိသည်။ ငဲ့ညှာချင်လွန်းလို့ မဟုတ်ပေမယ့် သားရဲ့ဆန္ဒမှန်ကို သိဖို့လိုနေသေးလို့ ဖြစ်သည်။

ပြီးတော့ ‘သားနဲ့မယားနဲ့’ လို့ပြောသွားတဲ့စကား...၊

တကယ်ပဲ ကလေးရှိနေသေးတာလား လို့တွေးမိပြီး သားကို ဖုန်းခေါ်နေခဲ့တာ တစ်ညလုံး..၊ ကလေးရှိခဲ့တာကို သား ကိုယ်တိုင် မသိတာလား၊ စိတ်နာဖွယ် တစ်ခုခုရှိလို့ ဖုံးကွယ်ခဲ့တာလား..၊

သားရန်ကုန်ပြန်ရောက်လာတည်းက ဒါကိုမပြောခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သေချာပါသည်။ သားလက်ထပ်ခဲ့ဖူးသည်ဆိုသော အဖြစ်တစ်ခုကြောင့် ဖနီးပါဆိုပြီး ပေါ်လာသည့်မိန်းကလေးကို တူးတူးခါးခါး မောင်းထုတ်ဖို့ ခက်နေခဲ့ခြင်းသည်..၊

"ကောင်းပြီလေ.."

ဒေါ်ပန်းသီရိတွေ့ဝေနေခြင်းမှာ ဒေါ်မြမှူးမထင်မှတ်စွာ လျှော့ချသွားခဲ့ပြီး.. ၊

"သမီးကလည်း ဒါတွေမပြောချင်သေးဘူးဆိုတော့ ဒီကိစ္စကို ဆိုင်းငံ့စာရင်း သွင်းထားလိုက်တာပေါ့..ကျွန်မတို့ကတော့ မြန်မာဗုဒ္ဓဘာသာ ဖြစ်တဲ့အတွက် တစ်သက်မှာတစ်မင်္ဂလာပဲ..ပရိဝယ်ဒင်ရိုက်တည်းက လက်ထပ်ပွဲက ဖြစ်ခဲ့တာ..ခုလည်း လက်ထပ်ပွဲကျင်းပခဲ့ပြီးပြီ၊ မဟုတ်တစ်ချက်နဲ့တော့ ပွဲဖျက်ခဲ့ပါတယ်လို့ မကျေညာနိုင်ဘူး.. မပန်းသီတို့ဘက်က ကျေညာမှာလည်း လက်မခံဘူး..အဲ့ဒီတော့"

ဒေါ်မြမှူးက အသက်တစ်အောင့်လောက် စကားရပ်ပြီး မျက်လွှာပင့် ကြည့်သည်။ ပြီးမှ..၊

"သားနဲ့သမီးတို့ အဆင်မပြေကြသေးခင်စပ်ကြားမှာ ဘဝင်ဆိုတဲ့ ကောင်မလေးကို ဘေးမဲ့ပေးထားလိုက်တာပေါ့.."

ပြေလည်သွားကြရင့် ဘာလုပ်မှာလဲ..၊

ဒေါ်ပန်းသီရိက နားမလည်သလိုကြည့်လျှင်..၊

"နာရီဆုံးဖြတ်ချက်က ဒီမိန်းကလေး'ဘာ'ဆိုတာ သိရမှာပဲလေ.. ခေတ်က အင်တာနက်ခေတ်၊ သတင်းတစ်ခု စကားတစ်ခွန်းက ရေစီးကြောင်းပဲ..၊ တစ်ခုခုထူးဆန်းသွားပြီဆို အားလုံး အဲ့ဒီနောက် လိုက်ကြတော့တာပဲ၊ တစ်ယောက်လက်ညှိုး





ထောင်ရင် လိုက်ထောင်မယ်..တစ်ယောက်က လက်ခါပြရင် လိုက်ခါကြတယ်.."

ပြောရင်း ကိုယ့်စကားကို သဘောကျသလို ရယ်လိုက်သေးသည်။

"ဒီလိုမျိုး ပွဲဖျက်လို့ရတယ်ဆိုတာ သတင်းကြီးသွားရင် ပိုက်ဆံရှာချင်တဲ့သူတွေ အမုန်းအငြိုးနဲ့ ဒုက္ခပေးချင်တဲ့သူတွေ အကုန်လုံး လက်ညှိုးထောင် ခေါင်းညိတ်လိုက်လုပ်ကြမှာ.."

မျက်နှာပြင်တစ်ခုလုံးသည် ပြုံးလိုက်မဲ့လိုက်နှင့်ရှိကာ..၊

"သူများလက်ထပ်ပွဲကိုဖျက်ရင် ဘယ်လိုခံသွားရမလဲဆိုတာ သခ်ိန်းစာကောင်းကောင်းပေးပစ်ရမယ်..အဲ့ဒါ ကျွန်မသမီးအတွက်ရော သမက်အတွက်ပါ ထည့်စဉ်းစားတာပဲ..ကျွန်မတို့လည်း လုပ်ခွင့်ရှိတယ်လေ.."

ထိုစဉ် ပေါ်တီကိုအောက်ကနေ အိမ်ပေါ်တက်လာကြသော အရိပ်တွေကြောင့် လှမ်းကြည့်လိုက်မိလျှင်..၊

"မမကြီး ညွှန့်သည်က မောင်မောင်ရဲ့ညွှန့်သည်ဆိုလို့ လိုက်ပို့တာပါ.."

ခြံစောင့်က ရိုကျိုးစွာပြောခဲ့ပြီး ပြန်ထွက်သွား၏။ ညွှန့်ခန်းမှာ ရှိနေ ကြသူတွေအားလုံး ထိုင်ရာကနေ တဖြည်းဖြည်း ထရပ်လိုက်မိကြ သည်။

မျက်လုံးတို့သည် ခရီးဆောင်အိတ်ကြီးရယ် ဘဝင်ရှယ် ကလေးလေးတစ်ယောက်ရယ်ကို ပြူးပြဲငေးနေမိကြလျှင်..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

"ဘဝင်.."

အားလုံး၏နှုတ်မှ ရေရွတ်လိုက်ခြင်းကို နှုတ်ခမ်းတွေ လှုပ်သွားခြင်းကြောင့် သိလိုက်ကာ..၊

"ဘဝင် ကိုကို့ဆီလာတာပါ.."

"ဟော့..ဒီမှာ.."

ဒေါ်မြမှူးတို့ ညီအစ်မက တစ်လှမ်းချင်းလျှောက်ထွက်လာကြလျက်..၊

"မင်းကို ဒီလိုတွေလုပ်ဖို့ ဘယ်သူခိုင်းထားတာလဲ.."

ဘဝင်က ရှိနေသည့်လူတွေကို လှည့်အောင်လိုက်ကြည့်





၏။ ပြီးတော့မှ ဒေါ်မြမှူးကို ပြန်စိုက်ကြည့်ကာ..၊

"အန့်တီက ဘဝင်နဲ့ဆွေးနွေးစရာ ဘာလိုလို့လဲ.."

"ဘာ.."

"ကိုကိုနဲ့ပတ်သက်တဲ့လူ မဟုတ်ဘဲနဲ့ အပိုတွေမပြောချင်လို့"

"ဟော့..စကားလုံးက ကိုယ်နဲ့တန်ရာတန်ရာပြော.."

ဘဝင်က ပြောတဲ့အတိုင်းတကယ့်ကို ဘယ်သူ့မျက်နှာမှ မကြည့်တော့ဘဲ ကလေးလက်ကိုဆွဲ၍ ညှိုခန်းထဲဝင်သွားခဲ့၏။

ဒေါ်ပန်းသီရိနဲ့ ဦးတင်ထွတ်တို့မောင်နှမ ကလေးရဲ့မျက်နှာလေးကို ငေးနေရင်း ပါးစပ်အဟောင်းသားနှင့် မှင်တက်မိသလို ဖြစ်နေကြလေသည်။

ဘဝင်က ကြိုးချိတ်သာသာ အဝါနုရောင်အပါးသားနှင့် နှစ်ထပ်ဂါဝန်ပျော့လေးကို ဝတ်ထားသည်။ ခြေဖမိုးပေါ်ထိ ခပ်ဝဲဝဲကျနေသော ဂါဝန်အနားစမှာ စီးကွင့်လေးတွေ သီထားသဖြင့် ပိုးသားလေးတွေ ကွပ်ထားသလို လက်နေကြ၏။

ဆံပင်က လှိုင်းထနေသောကြောင့် နောက်မှာခပ်မြင့်မြင့် စည်းတင်ထားတော့ ပွပွနွဲ့နွဲ့လေး ရှိနေကြသည်။ ဆင်စွယ်နဲ့ အဝါကျားသော ကြိုးရှည် ဘေးအိတ်လေးလွယ်ထားကာ ဖိနပ်ကလည်း ပုံတော်ဖိနပ် အဝါလေးပဲဖြစ်၏။

ကလေးကျတော့ ချည်ပျော့ပုဆိုးကွက်စိပ်လေးနှင့် ခါးဝတ်လေး ပတ်ပေးထားသည်။ အတွင်းခံစတစ်ကော်လံ အဖြူလေးမှာ အဝါနုရောင်တိုက်ပုံလေး ဝတ်ပေးထား၏။

ထို့ပြင် ရွှေအိုရောင်မှောင်နေသော ဆံပင်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကောက်လေးတွေကို ဘိုကေလေးပေါ်အောင် သေချာဖီးထားပေးသဖြင့် ကလေးအရွယ်လေးနဲ့ ပုဆိုးတိုက်ပုံက အရုပ်လေးနဲ့တူနေလေသည်။

ပြီးတော့..ကလေးငယ်လေးမို့ ချစ်စရာလေးဖြစ်နေသည်။ ပိုပြီးချစ်ဖို့ကောင်းနေတာက နေနာရီနဲ့ တစ်ထေရာတည်းတူသော မျက်နှာလေးကြောင့်..၊

"ဒါ..ဒါလေးက.."

"ကိုကို့သားလေးလေ..သားက အင်္ဂါသားမို့လို့ စက်နာရီလို့ ပေးထားတယ်..အိမ်မှာဆို ကိုကိုငယ်လို့ပဲခေါ်ကြတာ လေးလေးရဲ့၊ ဘာဖြစ်လို့လဲသိလား..ကိုကိုနဲ့အရမ်းတူတဲ့ ကိုကိုပေါက်စလေးဖြစ်နေလို့လေ.."

ဒေါ်ပန်းသီရိတို့ရဲ့ ဝင်းလက်နေသည့် မျက်လုံးတွေကိုမြင်ကာ ဒေါ်မြမှူး ထောင်းခနဲဖြစ်သွားသည်။

"ဒီလိုပုံစံနဲ့ နောက်တစ်ခေါက်လာလိမ်တာလား မယ်ဘဝင်"

နောက်ကျောက ကဲ့ရယ်သံကြောင့် ဘဝင့်မျက်နှာပေါ်က အပြုံးတွေ ဖျောက်ကျသွားခဲ့၏။ ဒေါ်မြမှူးက ဘဝင့်ကို နောက်ကနေ ခြေဆုံးခေါင်းဆုံးကြည့်ပြီး မျက်နှာရှေ့ထိ လာရပ်ကာ..၊

"နာရီနဲ့တူတဲ့ကလေးကို တော်တော်ရှာလာရတဲ့ပုံပဲ၊ ဒါပေမယ့် မင်းပုံစံကတော့ ကလေးအမေရုပ်မထွက်ဘူးနော်.."

"ကဲ့ရဲ့တာပေမယ့် ကျေးဇူးပဲအန်တီ..ဒါပေမယ့် ဘဝင်က ကိုကို့မိဘတွေနဲ့ပဲ ပြောဖို့လာတာ.."

"ငါက နာရီ့ယောက္ခမ.."





"ဘဝင့်ယောက္ခမမှ မဟုတ်တာ.."

ဒေါ်မြမှူးမျက်နှာ နီမြန်းသွားသည်။ ဒေါ်ခင်မမက ဘေးမှာဝင်ရပ်လိုက်ပြီး..၊

"မင်းက တော်တော်စွာတာပဲ..ဒီအစီအစဉ်ကို အစတည်းက ဘာပြောမယ်..ဘယ်လိုရှုက်ကြောဖြတ်မယ်ဆိုတာတွေ တစ်ခါတည်း ပရိုဂရမ်ရေးလာတာလား.."

"ပရိုဂရမ်ရေးနေဖို့ မလိုပါဘူး..ကိုကိုက အစတည်းက ဘဝင့်ယောက်ျားပဲဟာ..ခုမှ တော်စပ်ရမယ့် သူတွေကတော့ ပိုင်ရှင်ပေါ်လာတာမြင်ပြီး လက်ဖျားခြေဖျား အေးချင်အေးနေမှာပေါ့.."

"အံမာ.."

"ဒီမှာကိုကိုသား..သူတို့က သားရဲ့အဘွားနဲ့အဘိုး၊ အန်တီတို့က ဘာလဲ.."

"ငါတို့က.."

"ယောက္ခမဆိုတာ သူ့သားနဲ့ကိုယ့်သမီး လင်မယား တော်စပ်မှ ယောက္ခမဖြစ်မှာ..မနေ့ကပွဲပျက်သွားပြီ၊ အန်တီတို့နဲ့ ဘာမှမဆိုင်ဘူး.."

"ဘာပြောလိုက်တယ်..၊ ဟဲ့..နင်ဘာစကားပြောတာလဲ"

"မမြ..မမြ..ခဏနေပါဦး.."

ဒေါ်မြမှူး ဇွေ့ဇွေ့ခုန်သွားသည်။ ဘဝင့်ကို ရိုက်မယ်နှက်မယ် လက်ပြင်ပြီး ရှေ့တိုးလိုက်တော့ အလယ်မှာကလေးက ကြားညှပ်နေသဖြင့် ဒေါ်ပန်းသီရိ ထိတ်ထိတ်ပျာပျာ ဝင်ဆွဲ၍..၊

"လာ..မြေးလေး..လာ.."



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဗွေ့ခနဲကောက်ချီလိုက်လျှင်..၊

"မပန်းသီ.."

ဒေါ်မြမှူးရဲ့ စူးရဲနီမြန်းနေသော မျက်နှာနဲ့အကြည့်တွေက တည့်တည့်ကျရောက်လာခဲ့လျက်..၊

"ဒီလုပ်ဇာတ်ကို ရှင်က အသိအမှတ်ပြု ပေးလိုက်တာလား"

"ဘာဇာတ်ပဲဖြစ်ဖြစ် လူကြီးတွေကြားမှာ ကလေးကိုထိခိုက်မှာစိုးလို့ပါ..ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာအဖြေက ရှိနေမှာပဲမဖြရယ်..၊ လတ်တလောအခြေအနေမှာ ဒေါသရှေ့ထားပြီး ဆုံးဖြတ်လို့တော့ မဖြစ်ဘူး.."

"လာ..မြေး.."

ဒေါ်ပန်းသီရိရဲ့လက်ထဲကနေ ဦးတင်ထွတ်က ကလေးကို လွဲပြောင်းပွေ့ချီလိုက်ပြီး..၊

"ကျွန်တော်ဖြစ်စေချင်တာကတော့ အားလုံးအေးဆေးထိုင်ပြီး.."

"မလိုပါဘူး..ရှင်တို့ ဒီနှစ်ယောက်နဲ့ ပြောချင်ဆိုချင်တာတွေ ရှိနေပြီမှတ်လား..ကျွန်မတို့ပြန်မယ်.."

ဒေါ်မြမှူးက စားပွဲပေါ်မှာ တင်ကျန်ခဲ့သည့် လက်ကိုင်အိတ်ကို ခပ်ဆောင့်ဆောင့် ကောက်ယူလိုက်၏။ ပြီးတော့ မျက်လုံးဝိုင်းဝိုင်း မျက်တောင်ကော့ကော့လေးနှင့် ကလေးကို တစ်ချက်ဆောင့်ကြည့်ကာ လှည့်ထွက်သွားလေသည်။

ဒေါ်ခင်မမကတော့ ခပ်ဆိုင်းဆိုင်းဖြစ်နေရင်း ခြေလှမ်းတုံ့သွားကာ..၊





"ကျွန်မတစ်ခုတော့ ပြောပါရစေ.."

ဒီဘက်ကို ပြန်လှည့်ရပ်လိုက်ပြီးမှ..၊

"အခြေအနေတွေ ဘယ်လိုပဲဖြစ်လာလာ..နေနာရီရဲ့ဖနီးက အချစ်ဝိုင်ပါပဲ၊ အဲ့ဒါကိုတွေ့စ်တိုင်းပြည်လုံး အသိအမှတ်ပြုပြီးသားဖြစ်သလို ပွဲပျက်သွားတာလည်း မရှိခဲ့ဘူး.."

သူမက ဘဝင်တို့ကို သေချာစိုက်ကြည့်လိုက်ပြီး..၊

"မင်္ဂလာလက်ထပ်ပွဲဆိုတာ နှစ်ဖက်မိဘအသိအမှတ်ပြုပြီး ထုံးတမ်းအစဉ်အလာတိုင်း ကျင်းပရတာ..ဘယ်လူကြီးမှမသိ ဘယ်လိုအခမ်းအနား အစဉ်အလာမှ မပြုခဲ့ဘူးဘဲ တစ်ထောင့်တစ်နေရာမှာ လက်ခံပေါင်းသင်းခဲ့ကြတာမျိုးကို မပန်းသီတို့ လက်ခံမပေးသင့်ဘူးဆိုတာ သတိထားစေချင်တယ်.."

"ဟာ..ဒီမှာဒေါ်.."

"မောင်လေး.."

ဦးတင်ထွတ်က တင်းခနဲဖြစ်သွားပြီး ပြောမည်ပြင်လိုက်လျှင် ဒေါ်ပန်းသီရိက တားဆီးကာ..၊

"မပြောနဲ့တော့..နေပါစေ.."၊

ကားထွက်သွားသည့်အချိန်မှာ ဦးတင်ထွတ်က ကျိုခနဲ အံကြိတ်လျက်..၊

"သူများအတွင်းရေးထိ ဝင်ပါလာတာ ကောင်းလား.."

ဒေါ်ပန်းသီရိကတော့ ထိုပြဿနာကို ခေါင်းထဲမထည့်တော့ဘဲ ဘဝင့်ဘက်ကိုလှည့်ကာ..၊

"မင်းကိုလည်း ဒီကလေးလေး သားနဲ့တွေ့ရတာတစ်ခုတည်းနဲ့တော့ တို့လက်မခံနိုင်ဘူး ဘဝင်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ..ဟို..ကိုကို့စကားထဲမှာ ဘဝင့်နာမည်ကိုတောင် တစ်ခါမှ ထည့်မပြောခဲ့ဘူးလားဟင်.."

ဒေါပန်းသီရိက စိုက်ကြည့်နေပြီး ခေါင်းခါလိုက်သည်။

"သူလက်ထပ်ခဲ့တာကို ပြောတယ်..နောက်ထပ်ဘာမှ မပါဘူး.."

ဘဝင့် မျက်နှာလေးငိုင်သွားသည်။

"မင်းနဲ့ လက်ထပ်ထားခဲ့တဲ့ လက်ထပ်စာချုပ်ရှိလား.."

"ဒါတွေတော့ပြနိုင်ဖို့ ကြိုးစားထားမှာပေါ့ မမရယ်.."

ဦးတင်ထွတ်ကလည်း ကလေးကိုဆိုဖာပေါ် အသာသွားချလိုက်ပြီး မျက်နှာတည်တည်နှင့် ပြန်လှည့်လာသည်။

ဘဝင့်တစ်ကိုယ်လုံးမှာ ခုခေတ်မော်ဒယ်လ်တွေ ရှုံးအောင် ပြင်ဆင်လက်တောက်နေသည်က ကလေးအမေတစ်ယောက်လို့ပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ပေ..၊

ထို့ပြင် ကလေးတစ်ဖက်နှင့် ယောကျ်ားကိုလွမ်းဆွတ်တမ်းတရင်း ကြိုးစားရှန်းကန်နေရသည့် ပုံလည်းမရှိ၊ အရပ်အမြင့်ကလည်း မော်ဒယ်လ်တွေလို တန်းဝင်သည်။

ဂါဝန်ပျော့လေး ဝတ်ထားသဖြင့် အမို့အမောက် အရှိုက်အဝန်းတို့နှင့် ကိုယ်ဟန်သွယ်သွယ်က ကောက်ကြောင်းလေးတွေ ထင်းနေ၏။ အဝတ်အစားအရောင်အတိုင်း ဖိနပ်လက်ကောက်ကအစ ပြင်ဆင်ခြယ်မှုန်းထားတာ ဘယ်မှာလဲ ကလေးအမေတစ်ခုလပ်တစ်ယောက်ရဲ့ တစ်ခြမ်းပဲ့ဘဝ..၊

"သူတို့ပြောသွားတာ နားကြားပြင်းကက်စရာတွေ ဖြစ်နေပေမယ့် ကျွန်တော်လည်း သိပ်လက်မခံဘူး.."





"ဘာဖြစ်လို့လဲဟင်.."

ဘဝင့်အသံလေးက တကယ့်ကိုနားမလည်နိုင် ဖြစ်သွားတာမျိုး..၊ ပြီးတော့ လူကိုပဲကြည့်ပြီး မဲ့ရွဲ့ခဲ့နေရသဖြင့် ကိုယ့်ကိုယ်ကိုလည်း ပြန်ငုံ့ကြည့်မိကာ..၊

"ဘဝင်က ကိုကို့ဇနီးပါလေးလေးရယ်.."

ဦးတင်ထွတ်အကြည့်တွေ သူမထံပြန်ရောက်လာသည်။ ကောင်လေးက သူ့ကို လေးလေးလို့ပဲခေါ်သည်။ သူမလေးကလည်း လေးလေးလို့ခေါ်လိုက်သဖြင့် ရင်းနှီးသွားသလို ခံစားမိကာ..၊

"ညည်းကိုကောင်လေးက ဒီကအကြောင်းတွေ ပြောပြဖူးလား.."

ဘဝင့်မျက်နှာလေး ဆွေးရိပ်သမ်းသွားသည်။ ပြီးတော့ခေါင်းခါလိုက်ရင်း..၊

"ဘဝင်..လေးလေးတို့နာမည်တွေကိုတောင် မသိပါဘူး"

ဦးတင်ထွတ် နာခေါင်းတစ်ချက်တွန့်သွားပြီး မျက်နှာပြန်လွှဲသွား၏။ ထိုအခါ ဆိုဖာပေါ်က ကလေးထံရောက်သွားခဲ့ပြီး..၊

"ဘာ..သားသားလေးရေသောက်ချင်လို့.."

"ဟော..အေးအေး.."

တင်းနေသည့်မျက်နှာကြီး ချက်ချင်းပြေကျ ပျော့ဖတ်သွားလျက် ပျာပျာသလဲ ခေါင်းညိတ်၏။

ရေပြေးခတ်တော့မလို ခြေလှမ်းပြင်ပြီးမှ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေဆည်ဖို့ သတိရသွားသလို..၊

"အဟမ်း..မိကျော့ရေ၊ ကလေးသောက်ဖို့ ရေခပ်လာခဲ့စမ်း.."

"သိပ်အေးတာ ယူမလာခဲ့နဲ့လို့.."

'ကလေးဆီးကျင်မယ်'ဆိုသည့် စကားကို ခပ်တိုးတိုးဆက်ပြောရင်း ဘဝင့်ဆီ ဖျတ်ခနဲကြည့်လိုက်တော့ မလုံမလဲ၊ ပြီးတော့ လှည့်ထွက်သွားရင်း..၊

"ဟိုမှာထိုင်..မင်းကိုမေးစရာတွေရှိတယ်.."

ဘဝင်က ထစ်အိမ်လုံးကို မျက်လုံးဝေ့ပြီး နာရီ့ကိုလိုက်ရှာ၏။

ကောင်လေးဆိုတာ ကိုကို့ကိုခေါ်တာလား..၊

ကိုကို့မှာ အမေနဲ့ဦးလေးပဲ ရှိတော့သည်ဆိုတာ သူမသိထားပေမယ့် ဒီထက်ဘာမှ ပိုမပြောခဲ့ပေ၊ တောင်ကြီးမှာတာဝန်ကျေခဲ့သော အထက်တန်းပြ ကျောင်းဆရာဖြစ်သည့် နေနာရီသည် တောင်ကြီးမြို့စွန် ရွာငယ်လေးက သူငယ်ချင်းဆရာတစ်ယောက်နဲ့ အတူလာနေရင်း..၊

⁂ ⁂ ⁂







# အခန်း (၅)

"ကလင်..ကလင်.."

"ဟို..ဟို..ဘေးကို..ဘေးကို.."

နောက်ကအော်လာတာကို ကြားသည်။ ဘယ်ဘက်ကိုကပ်ပေးရမလဲ ပြန်ငဲ့ကြည့်လိုက်တုန်း..၊

"ဟာ.."

"အယ်.."

"ဝုန်း.."

စက်ဘီးသည် လူကိုခြေထောက်နှစ်ဖက်ကြားထဲကနေ တိုးဝင်လှဲပစ်လိုက်လျက်..၊



www.burmeseclassic.com

www.burmeseclassic.com



"အား..သေပါပြီ.."

ဘဝင်စက်ဘီးနဲ့ ခပ်လှမ်းလှမ်းထိ လန့်ထွက်သွားခဲ့ပြီး ရွှဲ့မဲ့ညည်းရင်း ထထိုင်လိုက်သည်။ စက်ဘီးနဲ့ ရောထွေးလဲကျသွားသည့် လူကိုမြင်လိုက်မှ..၊

"ကန်တော့ပါနော်..ဆောရီး၊ အား..ခါးမျက်သွားပြီ ရှင်က ဖယ်မှမဖယ်တာ.."

ထိုလူဆီက မျက်လုံးကြီးတစ်စုံ စူးခနဲကျရောက်လာသည်။ ပြီးတော့ ခြေထောက်နှစ်ဖက်ကို မကွေးလိုက်မိ ဖရိုဖရဲ ပုံမကျဖြစ်နေသည့် ပုဆိုးစတို့ကို အသာလေး ဆွဲသိမ်း၏။

ပြီးတော့ ပြန့်ကျဲနေသည့် စာအုပ်နှစ်အုပ်နဲ့ ထွက်ကျနေသော စာရွက်တစ်ချို့ကို ထိုင်ရာကနေ ကောက်ယူထပ်သည်။ ပြီးမှ ထရပ်လိုက်ပြီး တင်ပါးပေါ်ကနေ ပွတ်ခါချသည့်လက်က ကျောနောက်အောက်ပိုင်းထိ နှစ်ချက်လောက် လှုပ်ရှားပြီး နေရာမှထွက်ခွာသွား၏။

လှုပ်ရှားသွားသမျှ ဟန်ပန်တို့က စနစ်တကျနူးညံ့နေကာ၊ ဒေါသဖြစ်ဟန်ရှိနေပေမယ့် ယဉ်ကျေးရည်မွန်ခြင်းတို့ မပျောက်ပျက်ခဲ့ဘဲ..၊

"အရမ်းကြည့်ကောင်းတာပဲ ပန်းရောင်ရယ်..ဝတ်ထားတာက ခရမ်းဖျော့ရောင်ပုဆိုးကွက်စိပ်လေးနဲ့ အင်္ကျီက ပန်းခရမ်းပျော့ပျော့ ရှပ်လက်ရှည်လေး သိလား..အင်္ကျီအရောင်က သူ့မျက်နှာမှာထင်ပြီး နှုတ်ခမ်းသားအညိုရောင်လေးက ထင်းနေတာပဲ.."

"ပြေးတောင်ကြည့်ချင်လာပြီ ဘဝင်ရယ်..နင် အခွင့်အရေးရရဲ့သားနဲ့ ရုပ်ရှင်ရိုက်ခဲ့ပါလားလို့.."





"ရပါလိမ့်မယ်စောင်ရှနေ.."

"သူကမစောင့်ဘူးမလား.."

"ဟုတ်ပ..ငါကအနည်းဆုံး သူတစ်ခွန်းကိုယ်တစ်ခွန်း ပြောဖြစ်မယ် ထင်တာ..သူခွင့်လွှတ်လွှတ် မလွှတ်လွှတ် ငါက တောင်းပန်မယ်ပေါ့.."

"တကယ် တစ်ခွန်းမှမပြောဘဲ ထွက်သွားတာလား.."

"ဟုတ်တယ်..ငါလေ သူ့မျက်နှာထက်က သူလှုပ်ရှားသွားတဲ့ အရိပ်လေးကို စွဲလမ်းပြီး စက်ဘီးနားမှာတင် ငုတ်တုတ်မေ့ကျန်ခဲ့တာ.."

"ဒီလောက် အလှကြိုက်တဲ့မိန်းမ..ဖျတ်ဖျတ်လူး ဖြစ်ကျန်ခဲ့တယ်ဆိုတော့ တော်တော်ငွတ်ဒ်နေတာ ဖြစ်နိုင်တယ်.."

"ဩော်..တကယ်ပါဆိုမှ၊ သူက ငါ့ကို တစ်ချက်လေးဝဲကြည့်သွားတယ်.."

"နင်လှလို့ ငမ်းသွားတာလား.."

"လည်ပင်းထည့်စ်ချင်တဲ့ ရုပ်ကြီးနဲ့.."

"ခစ်..ခစ်.."

ဟိုတယ်လ်မှာ ထမင်းစားနားကြရင်း ဒါကိုပြောဖြစ်တာ အတူပြန်လာကြတော့လည်း ဒါကိုပဲထပ်ပြောမိကာ..၊

"ဒီနားမှာလေ..ငါ သူ့ကိုနောက်ကနေ ဝင်တိုးမိတာ.."

ရွာကို အတူပြန်နေကျ သူငယ်ချင်းပန်းရောင်နဲ့ ဆိုင်ကယ်လ်အတူပူးကပ်စီးရင်း အမှတ်တရ လက်ညှိုးထိုးပြမိသေးသည်။ ပန်းရောင်က ဆိုင်ကယ်လ်ကို လမ်းဘေးကပ်မောင်းရင်း ရယ်ကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ စက်ဘီးကိုလွှတ်ထည့်လိုက်ပြီး သူ့ကိုယ်ပေါ် ဖမ်းမှီလိုက်ပေါ့ ဘဝင်ရယ်.."

"အေးပေါ့…အစတည်းက ပရိဂရမ်ရေးထားမိရင်လည်း ကောင်းသား.."

"သူက တို့ရွာထဲကိုလာတာလား.."

"ဟုတ်တယ်..ငါစုံစမ်းပြီးပြီ၊ ရှေ့နေဘဘကြီးတို့အိမ်ကို လာတာ.."

"ဟင်..ဟုတ်လား၊ နင်တို့နဲ့ နီးသားပဲ.."

"အဟွန်း..သူက ကိုကြီးထွန်းထွန်းတို့နဲ့ သူငယ်ချင်း တဲ့.."

"ကိုကြီးထွန်းတို့က ကျောင်းဆရာတွေဥစ္စာ.."

"အေးနော်..သူလည်း ကျောင်းဆရာလားမသိဘူး၊ ဒါပေမယ့် ဒီမျက်နှာမျိုးနဲ့စာသင်ရင် ကလေးတွေစာတွေမရဘဲ ရှူးရှူး တွေပဲ ထွက်ကျကုန်မှာ.."

"နင်ပဲ ချောလွန်းလို့ဆို.."

"ဟုတ်တယ်လေ..ငါကတော့ တည်တင်းနေတဲ့မျက်နှာ ကြီးကို ကြိုက်တာကိုး.."

"အေးပါဟယ်..ကိုကြီးထွန်းတို့အိမ်မှာဆိုရင် ငါဦးလေး က အဲဒီမှာ အဝင်အထွက်များတယ်၊ ငါသတင်းနှိုက်ပေးပါ့ မယ်.."

"နိုးပါနော်..ငါဘာသာစုံစမ်းမှာ.."

နာရီကိုမြင်ဖူးပြီ ဆိုတည်းက ဘဝင်ရူးသွပ်ခဲ့ရတာ၊ စား လည်းဒီစိတ် သွားလည်းဒီစိတ်..၊





ထွန်းထွန်းတို့က အမှာညီအစ်ကိုဖြစ်ကာ နှစ်ယောက် စလုံး အထက်တန်းပြ ကျောင်းဆရာတွေဖြစ်သည်။ သူကလည်း ကျောင်းဆရာဆိုတာ သိလိုက်ရကာ..၊

"နေနာရီဟုတ်လား..မာလိုက်တာနော်၊ နာမည်က.."

"နာမည်တင်မဟုတ်ဘူး..စိတ်ကလည်း မာတယ်၊ စကားလည်း နည်းတယ်..ပြောရရင်တော့ မာနကြီးတယ်ပေါ့ ဟာ.."

ထွန်းထွန်းကတော့ ပြောပြပေမယ့် သူတို့လည်း ဘာ မှသိကြတာမဟုတ်၊ သိတာကိုပြောတော့လည်း ဘဝင့်အတွက် နားဝင်ပီယံ မဖြစ်သောစကား..၊

"စိတ်ဝင်စားမနေနဲ့ဘဝင်..နင်တို့နဲ့လိုင်းပူးဖို့က မလွယ် ဘူး၊ နာရီက သူ့ကိုယ်သူတောင် စိတ်ဝင်စားတဲ့သူမဟုတ်ဘူး.."

"ဘာဖြစ်လို့ အကန်တွေပဲပြောနေတာလဲ..ကိုကြီးထွန်း ရဲ့၊ ဘဝင်ကလည်း မိတ်ဆက်ပေးပါ ခင်ချင်လို့ပါပြောမိလို့လား၊ ကျောင်းဆရာအဆင့်လောက်ဆိုရင် ဘဝင်က လိုက်(ခ်)ရှဲ လုပ်ရုံ လောက်ပါ.."

"အေးပါ..တော်ကြာ ရင်ထဲထိ ရှဲထားမိမှာစိုးလို့.."

ရောက်သွားတာကတော့ မြင်လိုက်တည်းကပဲလို့ အသံ တိတ် ပြောခဲ့မိသေးသည်။ ဘဝင်တို့က ဟိုတယ်လ် ရီဆက်(ဗ်) ရှင်မှာ ကျော့ကျော့မော့မော့လေးထိုင်ရသည့် ညည့်ကြိုစာရေးမ တွေ ဖြစ်သည်။

သူများတွေလို ဘွဲ့ရပြီးသူမဟုတ်ပေမယ့် သူမက ဘာ သာစကား သုံးလေးမျိုးလောက် ကျွမ်းကျင်သည်။ သူများတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆတ် ထူးခြားသောအလှကို ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် သူမက သူဌေးချစ်သောတပည့်ရင်းလို ဖြစ်နေခဲ့ပြီး မသိရင် ဟိုတယ်လ်ပိုင်ရှင်ရဲ့ သမီးလိုလို ပြောရေးဆိုခွင့်ရှိသူလည်း ဖြစ်လေသည်။

ရွာမှာနေကြပေမယ့် မိသားစုကလည်း ပြေလည်ကြသူတွေ ဖြစ်သည်။ အိမ်ဆောက်ပစ္စည်း ကုန်မာဆိုင်ကြီးအပြင် အုတ်သဲကျောက်ရောင်းဝယ်ရေးလည်း တွဲဖက်ထားသေးသည်။

သူမမှာ မိဘတွေမရှိတော့ပေမဲ့ ဦးလေးအရင်းတစ်ယောက်က ကလေးမရနိုင်သော ဇနီးသည်နဲ့အတူ ဘဝင့်ကို စောင့်ရှောက်ဖို့ လာနေခဲ့၏။ မိဘတွေရှိစဉ်တည်းက သူမက အလှအပ ကြိုက်သည်။ အပျော်အပါးလည်း မက်သည်။

နောက်ထပ် အစားမက်တာလည်း ရှိသေးသည်။ အဆိုးဆုံးက သူမကိုယ်ပေါ်မှာ ခြင်ကိုက်ဖုလေးတစ်ဖု ဖြစ်သွားရင်တောင် ဇွေ့ဇွေ့ခုန်ထဖြစ်တတ်သော..၊

"အား..သေပြီ.."

"ဆောရီး.."

တစ်နေ့မှာ ကိုယ့်အိမ်ကိုပြန်လာခဲ့စဉ် ဆိုင်ကနေ အိမ်ဆောက်ပစ္စည်းတွေတင်ပြီး နောက်ပြန်ဆုတ်လာသော ဆိုင်ကယ်နောက်က သံချောင်းတစ်ချောင်း၏ အစွန်းသည် ဘဝင့်လက်ကောက်ဝတ်လေးကို ခြစ်ဆွဲပစ်လိုက်သလို ဖြစ်သွားခဲ့လျက်..၊

"သေပါပြီ..သွားပြီ၊ ဒဏ်ရာကြီးဖြစ်သွားပြီ..အား.."

"ကိုယ်တောင်းပန်ပါတယ်..လမ်းအကျယ်နဲ့ သံချောင်းနဲ့ကို မချိန်လိုက်မိဘူး ဖြစ်သွားလို့.."





ကိုယ့်ရှေ့ရောက်လာသည့် မျက်နှာက နေနာရီဖြစ်နေလျှင် သူမမော့ငေးရင်း အော်သံလေးပါ တိတ်ကျသွားခဲ့၏။

ထိုအခါ ပြေပြစ်မှုများနှင့်လာသည့် သူ့မျက်နှာက အေးခနဲ တစ်ချက်ဖြစ်သွားလျက်..၊

"မင်းအဆင်ပြေမလား.."

"အို..ဘယ်လိုလုပ်ပြေမှာလဲ၊ ဒီမှာသွေးတောင်ထွက်နေပြီ"

ဒဏ်ရာက ရှမိရုံသွေးစို့နေတာပါ၊ ဒါပေမယ့် သူမအတွက်ကတော့ အနာရွတ်ထင်သွားပြီဆိုသည့်အသိနှင့် တကယ့်ကို အကြီးကြီး ခံစားနေရတာ ဖြစ်သည်။ ဒါပေမယ့် သူကတော့ ယုံကြည်မှုလျော့နည်းသွားသည့် အကြည့်တို့နှင့်.. ၊

"ရှရာထင်သွားတဲ့ ဒဏ်ရာလေးအတွက်ကို မင်းကို ဆေးခန်းခေါ်သွားစေချင်တာလား.."

"ဒါပေမယ့်.."

"ဘာဖြစ်ချင်တာလဲ.."

မေးပုံကြောင့် ဘဝင့်မျက်နှာလေးတည်သွားကာ..၊

"ဖြစ်ချင်တဲ့အတိုင်း ရှင် တကယ်ပေးနိုင်လို့လား.."

"မပေးဘူး.."

ဒါပဲပြောပြီး သူခြေထောက်နဲ့ထောက်လိမ့်ပြီး ဆိုင်ကယ်လ်ပြန်ကွေ့၏။

နောက်တစ်ခါတွေ့ကြတော့ ဘဝင်ကပဲ အကြောင်းရှာပြီး ထွန်းထွန်းတို့ကျောင်းကို လိုက်သွားခဲ့တာဖြစ်သည်။

"ဘဘစိုးက ကိုကြီးထွန်းကျန်ခဲ့တဲ့စာအုပ် ယူလိုက်ပေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုလို့..”

“သူအတန်းဝင်နေတယ်..”

ဘဝင်ကအရောက်..သူက ဆရာများနားနေခန်းထဲက အထွက်..၊

မျက်နှာက နူးညံ့ပျော့ပျောင်းခြင်းအလျှင်းမရှိဘဲ စာအုပ်ကိုင်ပြီး တန်းထွက်သွားလျှင်..၊

“ဒီမှာ..ဒီမှာ..”

ဘဝင်က နောက်ကလိုက်သွားပြီး သူ့ရှေ့ကပိတ်ရပ်လိုက်ကာ စာအုပ်ကို သူ့ဗိုက်နဲ့ထိသွားအောင် တိုးပေး၍..၊

“သူမရှိလည်း ရှင်ယူထားလိုက်လို့ ရတာပဲမဟုတ်ဘူးလား..ဆက်ဆံရေး မကျဲစမ်းပါနဲ့..”

ထုတန်းသည့် မျက်ခုံးအစုံက မလိုလားစွာ စုကျုံ့သွားသည်။ သို့သော် ပတ်ဝန်းကျင်ကို သတိရသွားဟန်နှင့် ချက်ချင်းပြေကျသွားကာ စာအုပ်ကိုယူလိုက်သည်။

သို့သော် စာအုပ်ကအချစ်ဝတ္ထုဖြစ်နေကာ နာမည်က..

‘ရှင့်ကိုချစ်တယ်’..၊

သူ့မျက်လုံးက ဘဝင့်မျက်နှာလေးပေါ် ပြန်ရောက်လာ၏။ ဘဝင်ကလည်း ထိုအကြည့်ကိုပဲ စောင့်နေတာဖြစ်ကာ၊ မျက်လုံးချင်း ဆုံပြီးမှ ခပ်တည်တည်လေး လှဲ၍.. ၊

“စာကိုစာလို မြင်လိုက်ရင်ပြီးပြီ..”

မကြားတကြားပြော၍ အနိုင်နဲ့ပိုင်းပြီး လှည့်ထွက်ခဲ့သော်လည်း..၊

“မင်းပြီးဖို့ပဲလိုတာ..”တဲ့...၊





ဘဝင်က ပြုံး၍ ပြန်လှည့်မကြည့်ဘဲ ပခုံးလေးတွန့်ပြခဲ့သည်။

နောက်တစ်ခါဆို ပါးစပ်ကပြောမှာ..

‘သိပ်ချစ်တယ်’လို့..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

"ဘာဖြစ်ဖြစ်ပြောရဲနေမယ့် ပါးစပ်မျိုးပဲ.."

"လှလည်းတော်တော်လှတယ်မကြီး..ပြီးတော့ ဝိုင်ထက် နုတယ် ပိုလှတယ်..၊ သွက်နေတာက ပိုကြောက်ဖို့ကောင်းတာ.."

ညီအစ်မနှစ်ယောက် ဘယ်လိုမှမကျေနပ်နိုင် ဖြစ်နေခဲ့ကြသည်။ ကာယကံရှင်ဖြစ်သည့် ဝိုင်ကတော့ စိတ်မကြည်လို့ဆိုသော ခေါင်းစဉ်နှင့် အခန်းထဲက ထွက်လာလည်း ခဏ..၊

"ဒီကောင်လေး မင်္ဂလာပွဲကို ထော်လော်ကန့်လန့်တွေ လုပ်နေတည်းက သမီးပေါ်မှာ နှစ်သက်မှုမရှိဘူးဆိုတာ ငါသိတယ်.."





"သူ့ပုံစံကြည့်ပါလား..ဝိုင့်ကိုတင်မဟုတ်ဘူး ကိုယ်လုပ်နေတဲ့ အလုပ်ပေါ်မှာတောင် စိတ်ဝင်စားမှု ရှိတဲ့ပုံမပေါ်တာ.. မိဘလုပ်ငန်းကို ဝါသနာမပါဘူးဆိုပြီး နယ်ထွက်ပြီး ကျောင်းဆရာလုပ်နေတာ ဘယ်နနှစ်တောင်လဲ.."

"ဒါကြောင့် ဒီလိုမဟုတ်မဟပ်တွေနဲ့ ငြိလာတာပေါ့.."

"လှုငယ်မို့လို့၊ ပြီးတော့ ယောကျ်ားလေးလည်းဖြစ်တော့ ဒါမျိုး မှားခဲ့ဖူးတာကို ခွင့်လွှတ်နိုင်ပါတယ်မကြီးရယ်..ဒါပေမယ့် မပြတ်သားဖြစ်နေသေးတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းသလဲ.."

"စိတ်ပျက်လို့ မဖြစ်သေးဘူး.."

ဒေါ်မြမှူးခေါင်းခါရင်း နေရာမှထ၍ လမ်းလျှောက်နေ၏။

"နာရီက တစ်ဦးတည်းသောသား..ဘိုးဘွားအမွေအနှစ်တွေကအများကြီး၊ နောက်ပြီး အောင်မြင်နေတဲ့ 'စတိုင်လ်'အလှကုန်လုပ်ငန်းတစ်ခုလုံးကို သူပြန်ရောက်လာမှ ရှယ်ယာတွေပြန်အမ်းပြီး အပိုင်သိမ်းဖို့လုပ်နေတာ..အခု သူ့ဒွေးဦးကျန်ယွင်တစ်ယောက်ပဲ သူနဲ့အတိုက်အခံလုပ်တဲ့သူ ကျန်တော့တာ.."

"အဲ့ဒါမကြီးက ဘယ်လိုလုပ်သိတာလဲ..နာရီက စီးပွားရေးတွေ စိတ်မဝင်စားလို့တောင် သူ့အဖေနဲ့အဆင်မပြေဖြစ်ပြီး အိမ်ကထွက်သွားခဲ့တာ.."

"အခု ဖအေမရှိတော့ သူပဲဦးဆောင်ရတော့မှာပေါ့လို့လေ..ဒီမှာမမ အရည်အချင်းရှိတဲ့ယောကျ်ားဆိုတာ မသွေးရသေးတဲ့ ကျောက်မျက်တုံးလိုပဲ..မလုပ်ချင်လို့သာရှိမယ် မလုပ်



www.burmeseclassic.com

www.burmeseclassic.com



တတ်တာမရှိဘူး..သူဝင်ပါလာတာ ဘယ်နှနှစ်ရှိသေးလို့လဲ လုပ်ငန်းက အရှိန်မပျက်တဲ့အပြင် တိုးတက်ဖွယ်တွေရှိနေပြီ.."

"ဒါဆိုရင်တော့ နာရီကလက်မလွှတ်သင့်တဲ့ ယောကျ်ားပဲ"

"သိပ်မှန်တာပေါ့..နလိုပြိုင်ဆိုင်လုရမယ့် အဖြစ်မျိုးရောက်လာတော့ တန်ဖိုးက ပိုကြီးသွားပြီ၊ ဒီကောင်လေး ချမ်းသာသလောက် စီးပွားရေး ဦးဆောက်ပိုကြီးပြီး လုပ်ငန်းတွေရဲ့ ထွင်လာမယ်ဆိုရင် ငါ့အိမ်ကလူမိုက်လေးတွေပါ နေရာပေးလို့ရပြီ.."

ဒေါ်မြမှုးမှာ အကြီးဆုံးသားတစ်ယောက်ပဲ အိမ်ထောင်ကျသေးကာ၊ မိန်းမရသွားပြီဆိုတည်းက မိဘအိမ်ကို လာလည်းမလာ၊ လာရင်လည်းခဏ..၊

"မင်းမျက်နှာလေး မေမေမြင်ချင်လို့ပါ..မကြာမကြာလာပါလား ငါ့သားရယ်.."လို့ ခပ်ငေါ့ငေါ့ပြောခဲ့ဖူးသည်။ ပြန်ပြောသွားခဲ့တာက မှတ်သားလောက်ဖွယ်..၊

"မေမေပဲ ဆိုးတုန်းကတော့ ဆိုးလွန်းလို့ပုံစံပြောင်းသွားအောင် မိန်းမပေးစားပစ်ချင်တယ်ဆို.. သည်းမခံနိုင်တော့ပါဘူးဆို၊ တကယ်ပုံစံပြောင်းသွားတော့လည်းတစ်ပြစ် မေမေတို့ပဲအမျိုးမျိုး"..တဲ့..၊

ပြီးတော့ သားအငယ်နှစ်ယောက် ရှိသေးသည်။ နှစ်ယောက်စလုံးပဲ မလိမ္မာကြပေ၊ တစ်ယောက်က တက္ကသိုလ်တော့ရောက်ပေမယ့် ဒုတိယနှစ်မှာ တဘုံးဘုံးကျပြီး ဆက်ဖြေနိုင်းလို့မရတော့ဘဲရှိကာ တစ်ယောက်က ဆယ်တန်းတောင်မအောင်ဘဲ





ကျောင်းပြီးလိုက်ရ၏။

မိဘအစဉ်အဆက်က ပညာတတ်လူချမ်းသာတွေ ဖြစ်ခဲ့သော်ငြား၊ ဒီသားတွေကျမှ ပညာကိုလည်းမခုံမင်၊ ကြီးပွားချမ်းသာဖို့ကိုလည်း စိတ်မဝင်စား..၊ ဒေါ်မြမှုးတို့ လက်မထောင်နေခဲ့သမျှ ဒီသားတွေကြောင့် အိမ်စီးပွားရေးက နောင်ရေးရင်လေးဖွယ်တွေ ဖြစ်လာခဲ့ရပြီ..၊

"သမီးကလည်း ပညာလည်းတော်ပါရဲ့..အတွေးလေးလည်း မြင့်ပါရဲ့၊ မာနက ခေါင်ခိုက်နေတာ.."

ကိုယ့်သမိုင်းကို တွေးမိရင်း ဒေါ်မြမှုးရေရွတ်လိုက်လျှင် အချစ်ဝိုင်က- အပြင်ရောက်လာတာနှင့် ပက်ပင်းတိုးကာ..၊

"သမီးပြီးရင် နောက်ထပ်အပြစ်တင်စရာ လူကျန်သေးလားမေမေ.."

"အဲ့ဒါတော့ မပြောနဲ့ဝိုင်.."

ဒေါ်ခင်မမက ဝိုင့်စကားကိုဖြတ်၍..၊

"မကြီး စိတ်ပူမယ်ဆို ပူသင့်တယ်..ညည်းတို့မင်္ဂလာပွဲကို ဘာလိုလို အဆုံးသတ်မျိုးနဲ့ အပြီးမခံနိုင်ဘူး..ဒါပေမယ့် ငါတို့က မပြီးချင်လို့လည်း မရဘူး၊ ညည်းက ကာယကံရှင် ညည်းပါးနပ်ဖို့လိုတယ်.."

"အဲ့ဒါနဲ့ပဲ သမီးက..ကျွန်မသာလျှင် မဟေသီဖြစ်ဝါကြောင်းလို့ သတင်းစာထဲ ထည့်ကြေညာလိုက်ရမှာလား.."

"ညည်းလည်း နာရီ့ကိုသဘောကျတာပဲဝိုင်ရယ်..အာနတွေ ထားမနေစမ်းပါနဲ့.."

"သူလည်း ဝိုင့်ကိုလက်ထပ်ဖို့ လိုလားခဲ့တာပဲလေ..အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထဲမှာလည်း သူရဲ့အတွင်းရေးမှူးအဖြစ် လက်တွဲလုပ်လာခဲ့တာ..ခြောက်လကျော်နေပြီ.."

"ဟုတ်တယ်လေ.."

ဒေါ်မြမှူးက စိတ်လိုက်မာန်ပါလှည့်လာကာ..။

"သမီးကို သူကိုယ်တိုင်လက်ခံခဲ့တာ..ဟိုကောင်မလေးက သူစိတ်ပျက်လို့ ထားခဲ့တဲ့မိန်းမ.."

"ဘာဖြစ်ဖြစ် အဲ့ဒီကောင်မလေးက မိဘကွယ်ရာမှာ ညားခဲ့တာမေမေ..သူစိတ်ကြိုက်ရွေးချယ်ခဲ့တဲ့ မိန်းမပဲ၊ စင်မြင့်ပေါ်မှာလည်း ကြည့်ဦး..သမီးကို လက်စွပ်မပေးရသေးဘူး၊ ဟိုက လုယူသွားတယ်..အဲ့ဒါကို မရှင်းဘဲနဲ့ သူကရှောင်ထွက်သွားတာ"

"ဒီ့ထက်ပိုပြီး ဆူညံပွထကုန်မှာစိုးလို့ ထွက်သွားတာပါ သမီးရယ်..သူထွက်သွားတာနဲ့ ဟိုအရိုင်းအစိုင်းမလေးလည်း ပြေးလိုက်သွားတာပဲလေ.."

"ခုလည်း အိမ်ပေါ်ရောက်နေပြီမှတ်လား.."

"သူက ဖွတ်တက်လာတာ..သမီးက အခန့်သားရှိနေရမယ့် မိန်းမ.."

"မဟုတ်သေးဘူးတီလေ.."

ဝိုင်က နဖူးပေါ်ဖြာဆင်းနေသည့် ဆံပင်တွေကို စိတ်ပျက်စွာ ထိုးဖွတင်လိုက်ရင်း ဆိုဖာဆီလျှောက်သွားသည်။

"ဘာလို့မဟုတ်ရမှာလဲသမီးရယ်..ဖြစ်ဖို့ပဲ တွေးစမ်းပါ၊ သမီးနေရာအပျောက်ခံဖို့ လုံးဝမစဉ်းစားနဲ့.."

"သမီးက လက်ထပ်ပွဲကျင်းပခဲ့တဲ့အတွက် အရာမြောက်ခဲ့တာ ဖြစ်ချင်ဖြစ်မယ်..သူက.."





"သူ့ကိုထည့်မတွက်နဲ့..နာရီ့မိန်းမဆိုတာလည်း ဘယ်လိုဖြစ်ပျက် ပေါင်းသင်းခဲ့တာလဲ၊ ကလေးကတကယ်ဟုတ်လား..မဟုတ်လား..ဒါလည်း ဘယ်သူမှသေချာမသိဘူး၊ ကုန်ကုန်ပြောမယ်ကွယ်၊ အပြိုင်အဆိုင်ဖြစ်လာပေ့စေ..သမီးမှာ အခွင့်အရေးအပြည့်ရှိတယ်.."

ဝိုင့်မျက်နှာလေး တင်းသလိုဖြစ်လာလိုက်၊ စိတ်ပျက်သလိုလေး ညိုးငယ်ကျသွားလိုက်နှင့် ဆိုဖာမှာထိုင်ချလိုက်ပြီး ပစ်စလက်ခတ်မှီရင်း..၊

"သမီးက မဟေသီနေရာကိုပဲ လိုချင်တာမဟုတ်ဘူး..သူ့ရင်ထဲ နှလုံးသားထဲမှာ ဘယ်သူမှထပ်မရနိုင်တော့တဲ့ နေရာမျိုးကို ပိုင်ချင်တာ.."

"မိန်းမပဲအေ..ယောကျ်ားတစ်ယောက်ကို စည်းရုံးနိုင်ရမှာပေါ့.."

"မေမေတို့က သူ့ကိုလက်မလွှတ်နိုင်ဖြစ်နေတာ ဘာဖြစ်လို့လဲ သမီးတို့လည်း သူတို့လောက်တော့ ချမ်းသာတာပဲ.."

"သူတို့ချမ်းသာတာကို ထပ်ရလိုက်ရင် ပိုပြီးဖိတ်လျှံမသွားဘူးလား သမီးရယ်..၊ ပြီးတော့ ဥစ္စာပေါ ရုပ်ချောနဲ့ နာရီ့လိုတည်တံ့တဲ့ယောကျ်ားမျိုးနဲ့မှ သမီးဘဝအတွက် တစ်သက်လုံးစိတ်ချရမှာ.."

"လိုရင်းကိုပြောလိုက်တော့ မကြီး..သမီးတို့ လက်ထပ်ခဲ့ပြီးပြီ၊ နှစ်ယောက်အတွက် လက်ဖွဲ့ထားတဲ့တိုက်မှာ သမီးသွားနေရမယ်"

ဒေါ်ခင်မမက အစ်မဖြစ်သူကိုတိုင်တည်ပြီး ဝိုင့်ကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ခါတည်း အမိန့်ပေးသည်။

ဝိုင်က မျက်နှာလေးပျက်သွားခဲ့လျက်..၊

"သတို့သားမရှိဘဲနဲ့..သမီးက အိမ်ကြီးထဲမှာ ဟုတ်လား"

"သတို့သားမဟုတ်ဘူး..သူက သမီးခင်ပွန်း၊ သမီးက အဲဒီအိမ်မှာ စိုးစံရမယ့် အိမ်ရှင်မပဲ.."

ကိုယ့်ပိုင်နေရာတွေ ကိုယ်တိုင်သတ်မှတ်လို့ပါလား..၊

ဝိုင် စိတ်ညစ်သွားမိသည်။ ညက ဖုန်းခေါ်တော့လည်း ဒီကိစ္စတွေ ရှင်းပြမှာပဲလို့ ထင်ခဲ့မိတာအလကား..၊

"ကိုယ့်ကြောင့် မင်းဂုဏ်သိက္ခာ ထိခိုက်သွားတာကို တောင်းပန်ပါတယ်..မင်းကြိုက်သလို ဆုံးဖြတ်ပါ..၊ အဲဒီအတွက် ကိုလည်း ကြိုက်သလောက် အချိန်ယူပါ.."တဲ့..၊

ဒါပဲဖြစ်သည်။

အခြေအနေအရ ဘဝင်ဆိုတာ သူ့ဇနီးဟောင်းဖြစ်ဖို့က သေချာနေပါပြီ၊ မေမေတို့ သွားတော့လည်းသူမကို ကလေးနဲ့ မြင်ခဲ့ရသည်ဆိုတော့ ပြီးပြီ..၊

ရှေ့ဆက်ဖို့ ဘယ်လိုကြိုးစားရမှာလဲ၊ သူကကြိုးစားလာရင်တော့ ကိုယ့်ဘက်က မတတ်သာသည့် လိုက်လျောပုံမျိုးနဲ့ ခေါင်းညိတ်လိုက်ရုံ..၊

ခုတော့..၊







# အခန်း (၇)

"မင်းငါ့ကို ဘာဖြစ်လို့ ခေါင်းညိတ်ခဲ့တာလဲဘဝင်..ပြောစမ်းပါ၊ ငါနဲ့လက်ထပ်ပြီးရင် ရွှေဘုံပေါ်စံရမှာပဲလို့ ထင်နေတာလား..ယောကျ်ားတစ်ယောက် ယူလိုက်တာနဲ့ ကျွဲကျောင်းနွားကျောင်းသမား တစ်ယောက်လည်းရ..ပဒေသာပင်ကြီးလည်း ပေါက်မယ်..ဒီလို ထင်နေတာလား.."

"ကိုကို ဘဝင့်ကိုမစော်ကားနဲ့နော်..ကိုကို့ကို ဘဝင် ချစ်လို့လက်ထပ်ခဲ့တာ.."

"ချစ်လို့ ဟုတ်လား.."

သူမရဲ့ပခုံးလေးကို ဆောင့်ခနဲဆွဲယူလိုက်တော့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းက နီးကပ်သွားသည်။ မျက်တောင်စပ်လေးတွေပေါ်မှာ အရစ်လိုက်တင်ထားသော ကာလာဖျော့ဖျော့လေးတွေနဲ့ ပြူပြင်စရာမလိုအောင်လှနေသည့် မျက်ခုံးတန်းလေးတွေကို ပင်ခြေလေးတွေထိ တစ်ပင်ချင်း မြင်နေရ၏။ ပြီးတော့ လုံးစင်းကော့ထင်းနေသော နှာတံလေးနဲ့ နုရဲနေသော နှုတ်ခမ်းလွှာလေးတွေ..၊

"ဟိုတယ်လ်မှာ စာရေးမလုပ်နေတာ မင်းဒီလောက်ထိ ပြင်နေဖို့ မလိုဘူး.."

"ကိုကိုနဲ့ လက်ထပ်ပြီးမှ ပြင်တာမှမဟုတ်ဘဲ.."

"အခု မပြင်ရဘူးလို့ ငါကပြောရင်ရော.."

"မပြင်ဘဲမှ မနေနိုင်တာ..ဘဝင်က ရောက်တဲ့နေရာမှာ အားလုံးထက် ထင်းနေမှ ကြိုက်တာ..ကိုယ့်ကိုကျော်ပြီး သူများကို ငေးသွားတယ်ဆိုတာ မရှိရဘူး.."

"အဲ့ဒီတော့ မင်းကိုယ်မင်း ဘာထင်နေတာလဲ.."

"ဘဝင်ပဲလေ ကိုကိုရဲ့..ကိုကို့လို မာနမင်းသားကြီးအတွက် ဘဝင်က ဘာမှမဟုတ်ပေမယ့် ဒီရွာတစ်ဝိုက်မှာ ဘဝင့်ကို လူတိုင်းသိတယ်.."

"လှလွန်းလို့ ဘဝင်မြင့်နေတာ..၊ ဘဝင်မြင့်လောက်အောင်လည်း မိဘက 'ဘဝင်'လို့ပေးခဲ့တာ.."တဲ့..၊

သူမရဲ့သတင်းတွေ သူကြားခဲ့သည်။

ဒါတောင် သူမကမြို့လယ်ခေါင်က တိုက်ကြီးကြီးပေါ်က သူဌေးသမီး မဟုတ်ခဲ့လို့..၊

"ကိုကို့ကိုယူပြီး ပဒေသာပင်ကြီး ပေါက်လာမယ်ထင်ရအောင် ကိုကို့ကို မြင်ဖူးတည်းက မက်စရာဘာများရှိခဲ့လို့လဲ.."





သူ့အတွေးတွေက ရင့်သီးသောမေးခွန်းတစ်ခုမှာ တုံးခနဲ ရပ်တန့်သွားခဲ့သည်။

"ကိုကို့မျက်လုံးထဲမှာ ဘဝင်က ဆတ်ကော့လက်ကော့ ကာရိုက်တာပျက်.."

"တိတ်စမ်း.."

"ဘာလို့တိတ်ရမှာလဲ..ကိုကိုပြောချင်တာ ပြောလို့ရရင် ဘဝင်လည်း ပြောလို့ရရမှာပေါ့..ဟုတ်တယ်၊ ဟောဒီရွာလေးမှာ ကြီးပြင်းခဲ့တဲ့..ဆယ်တန်းလည်း မအောင်ဘဲ..မလိုအပ်ဘဲ အလွန်အမင်း လှအောင်ပြင်နေတဲ့မိန်းမက ဘဝင်.."

"ဘဝင်..မင်းကိုငါပြောနေတာ အဲ့ဒါတွေမဟုတ်ဘူး.."

"မပြောဘဲ စာတွေပေါ်နေတာ ကိုကို့မျက်လုံးတွေ.."

"ဒါကျတော့ မင်းသိပ်တော်ပါလား..လက်ထပ်ပြီးတည်းက ငါမင်းကို ဘယ်လိုဖြစ်စေချင်တယ်..ဘယ်လိုနေကြဖို့ ငါကြိုးစားနေတယ်ဆိုတာ.."

"ကိုကိုမကြိုးစားပါဘူး..ကိုကိုအချိန်တန်ရင် ကျောင်းသွားမယ်၊ ပြန်လာရင် စာဖတ်မယ်..ဒါပဲ၊ ကိုကို့ကို ဟိုတယ်လ်မှာ မန်နေဂျာရာထူးရအောင် ဘဝင်ပြောပေးနိုင်တယ်..ဝေးဖို့လည်း ဟိုက်ဆန္ဒရှိနေတယ်၊ အဲ့ဒါ ကိုကို့ကို ဘဝင် ဘယ်လိုမှ စည်းရုံးလို့မရခဲ့ဘူး.."

"ဟုတ်တယ်..အဲ့ဒါ ငါ့စိတ်ကို မင်းမပိုင်သေးဘူးဆိုတာပဲ"

သူပြောလိုက်တော့ ဘဝင် နှုတ်ခမ်းသားလေးဖွင့်ဟလျက် ငေးခနဲဖြစ်သွားသည်။ ပြီးတော့ ပါးပြင်လေးတွေ တ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းရဲတက်လာလျှင်..၊

"ငါပြောလို့မပြီးသေးဘူး.."

သူမ ပခုံးလေးကိုဖိဆုပ်လိုက်တော့ အတင်းပြန်ရုန်းကာ..၊

"မပြောနဲ့တော့ လွှတ်..ကိုကိုက ဘဝင့်ကို အဲ့ဒီလို အထင်အမြင်သေးပြီး ချိုးဖဲ့ပြောနေချင်လို့ လက်ထပ်ခဲ့တာ၊ နင် ဘယ်လောက်လှလှ အထင်မကြီးဘူးဆိုတဲ့ စတိုင်လ်မျိုးနေပြခဲ့တာ.."

"ဟုတ်တယ်..မိန်းမတစ်ယောက်ရဲ့တန်ဖိုးက အလှတစ်ခုတည်းမှာ ရှိတာမဟုတ်ဘူး.."

"ကိုကိုက အလှထက်မက လောဘကြီးနေတာကိုး.. ကိုကိုအများကြီး လိုချင်နေတိုင်း ဘဝင့်ကို ဒေါသထွက်နေတာ.. ကိုကို့ကို မုန်းတယ်၊ အရမ်းမုန်းတယ်.."

ဟင်..၊

နားထဲမှာ ရူးရူးဝါးဝါးဆူညံသွားသဖြင့် မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားခဲ့သည်။ သူမအကြောင်းတွေးရင်း စီးကရက် ထိုင်သောက်နေခဲ့တာ အိပ်ပျော်သွားမှန်းတောင် မသိလိုက်..။

ဒါပေမယ့် စီးကရက်မီးကတော့ လက်ကိုထိလုနေပြီဖြစ်သည်။ မှိန်နေရာကနေ မတ်မတ်ပြင်ထိုင်လိုက်ရင်း စီးကရက်ကို နံရံနဲ့ ဖိကပ်ချေပစ်လိုက်သည်။

ပြီးတော့ နှစ်ကြိမ်မြောက် ဆူညံသံပေးလာသည့် ဖုန်းကို ကောက်ဖွင့်လိုက်ကာ..၊

"ဟလို.."





"အခု မင်းဘယ်မှာလဲနာရီ.."

"ဟိုတယ်လ်မှာ.."

"ဘာ.."

'ဘာ'သံရဲ့ နောက်ဆက်တွဲမေးခွန်းကိုစောင့်ရင်း သူ နေရာမှ ထရပ်လိုက်သည်။ ညဦးဝေလပြည်နဲ့အတူ အင်းယားကန် ရေပြင်၏အလှတို့က မီးပွင့်မီးချောင်းတို့၏ အလင်းရောင်လေး တွေနဲ့ သိုသိပ်စွာ ဖွဲ့စည်းနေကြ၏။

ဝရန်တာတန်းမှာ လက်တစ်ဖက်တင်လိုက်ရင်း ထိုဆီကို ငေးနေမိကာ..၊

"ပြော..ဘာပြောလိုက်တာလဲ.."

"ငါအံ့ဩလို့ပါ..မင်းတို့ပွဲ ပျက်သွားတာလား၊ ဒါမှမ ဟုတ် ဝိုင့်ကိုခေါ်ပြီး ဟိုတယ်လ်မှာ သွားနေတာလား.."

"သူပါတယ်လို့ ဘာဖြစ်လို့ထင်တာလဲ.."

"သိဘူးလေ..မင်းက ရှေးဟောင်းနှောင်းဖြစ်တွေလည်း မပြောခဲ့ဘူးတော့ ကျန်ခဲ့တဲ့တစ်ယောက်ကို delete လုပ်ပြီးပြီ ထင်တာပေါ့..ခုမှ ပွဲလာဖျက်နေလို့ မင်းပတ်ပြေးနေရတာတော့ မဟုတ်ဘူးမလား.."

"မိုးကောင်း.."

"ဘာလဲ..ငါထင်တာလွဲနေလို့လား၊ ကိုယ့်မိန်းမကိုယ် ဟို တယ်လ်ခေါ်ထုတ်သွားတယ်ဆိုတော့.."

"လျှောက်ပြောမနေနဲ့..ဘယ်သူမှမပါဘူး.."

"ဟုတ်လား..ငါထင်ပါတယ်၊ တမင်တကာ ဒေါသ ထွက်ပြီး ပြောထွက်လာမလားလို့ အစ်ကြည့်တာ..အဟွန်း၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ယောက်တည်းသော ငယ်သူငယ်ချင်းဟောင်းလေးကို ရင်ဖွင့်သင့်ပါပြီကွာ..ဟိုတုန်းက ဇာတ်လမ်းလေးတွေကို မပြောပြချင်ရင်တောင် အခု မင်းဆုံးဖြတ်ရခက်နေတာနဲ့ ပတ်သက်ပြီး"

"ဘာမှမပြောချင်ဘူး.."

"လုပ်ပါ..မင်းကလည်း၊ အဲ့ဒီကောင်မလေးကို ငါသေချာ မမြင်လိုက်ရဘူး..ပြဿနာတက်နေတော့ ငါကအပြင်မှာ ကန့်ထရိုက်တာဦးဘောဂတို့နဲ့ စကားပြောနေတာ..သို့လို့ဝင်လာတော့ မင်းမရှိတော့ဘူး၊ ကောင်မလေးကို လှစ်ခနဲပဲ တွေ့လိုက်ရတာ..ဂါဝန်စလေး'မပြီး ဒေါက်ဖိနပ်ကြီးနဲ့ လျှောက်သွားတာ အသည်းယား စရာကွာ..ဒါပေမယ့်..အဲ..တော်တော်လှတယ်ကွ"

လှလွန်းလို့ ခက်နေတာလို့ ပြောလိုက်ချင်ပါသည်။

"မင်းကွာ..ဒါလေးကို ပါးစပ်ထဲတောင် ထည့်မပြောဖြစ်အောင် မေ့လိုက်နိုင်တာ အံ့သြတယ်..၊ ငါသိတယ် ဝိုင့်ကိုလည်း မင်းမချစ်ပါဘူး.."

"စကားတွေနှိုက်မနေနဲ့ မိုးကောင်း..ငါအဲ့ဒါတွေကြောင့် ရူးချင်နေတာ.."

"မင်းအိမ်ထောင်ကျခဲ့ဖူးတာ သူတို့သိပြီးသားပဲကွာ..ခုလည်း သူတို့ဘက်က ကွန်ပလိန်းတက်တာ ရှိလို့လား.."

"သူတို့မတက်လည်း ငါလိပ်ပြာမသန့်တော့ဘူး.."

"အဲ့ဒီတော့ ဘာဆက်လုပ်မှာလဲ.."

"သူတို့ဖြစ်ချင်တဲ့အတိုင်းပဲ.."

"သူတို့ဆိုတာ.."

"ဘယ်သူတွေရှိသေးလို့လဲ.."





"အေးနော်..ဘဝင်ဆိုတာလေးက တစ်ယောက်တည်း လာချဲတာ.."

ကြက်သီးထသံနှင့်ပြောတော့ ဘဝင့်မျက်ဝန်းစူးစူးလေးတွေကို မြင်ယောင်သွားသည်။ အဲ့ဒီကောင်မလေး မပြောရဲတာမရှိ၊ မှန်တယ်ထင်ရင် မလုပ်ရဲဘူးဆိုတာလည်း မရှိခဲ့..၊

သူမှန်တယ်ထင်နေသည့် တစ်ခုခုကို မှားပါတယ်လို့ ဘယ်လိုသက်သေသာဓကနဲ့ပြောပြ ရေပက်မဝင်အောင်ငြင်းသည်။ အားလုံး နောက်ဆုတ်သွားလောက်အောင် ပြောတတ်သည်။

လှတာကျတော့ မြို့ကမော်ဒယ်လ်တွေ ရှုံးအောင် ပြင်ဆင်တတ်ပေမယ့် ကာရိုက်တာကျတော့ တောအထာ တောစရိုက်တွေနဲ့၊

"နာရီ..ဘာလို့ငြိမ်သွားတာလဲ၊ ဒီထိဖုန်းကိုင်ထားပုံထောက်ရင် မင်းလည်း ရင်ဖွင့်ချင်နေပါတယ်..မဟုတ်ရင် မင်းဘယ်တုန်းက ဖုန်းကြာကြာပြောဖူးလို့လဲ.."

"မိုးကောင်း.."

"ဟေ.."

"မိန်းကလေးတစ်ယောက်ကို လက်ထပ်ပေါင်းသင်းပြီးဒီတိုင်းထားပြီးထွက်ခဲ့တာ ဘယ်လောက်ထိအပြစ်ကြီးနိုင်လဲ.."

မိုးကောင်းအသံ ရုတ်တရက်တိတ်သွားသည်။ ပြီးမှ..

"မင်းမှာ အကြောင်းရင်းမရှိဘဲနဲ့လား.."

နာရီကလည်း မဖြေ..၊

"ကောင်မလေး..အဲ..ဘဝင့်မှာ ဘာပြစ်ချက်မှ မရှိဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာလား..”

“ငါမသိဘူး..ဒါပေမယ့် ငါသူ့ကို ပြန်မကြည့်ချင်လောက်အောင် စိတ်ပျက်ခဲ့တယ်..”

“အေး..စိတ်ပျက်တာက စိတ်ဆိုးတာထက် အများကြီးဆိုးတယ်ကွ..၊ ဒါဆိုလည်း ရှင်းနေပြီပဲ မင်းပြတ်သားလိုက်လေ..ဝိုင့်ကိုပဲ..”

“ပြဿနာတွေ ရှုပ်သွားတဲ့အချိန်မှာ အိမ်ထောင်ရေးကို ချက်ချင်းကြီး စိတ်ကုန်သွားတယ်..”

“ဟင်..”

“ငါ့ကိုငါလည်း မသိတော့ဘူး..”

“ဝိုင့်ကို မင်းပဲလက်ထပ်ခွင့်တောင်းခဲ့တာဆို..”

“ဟုတ်တယ်..”

“မင်း လက်ခံနိုင်လို့မဟုတ်ဘူးလား..မိန်းကလေးက မိီးစိမ်းပြလို့ အားနာတယ်ဆိုတာ မင်းရဲ့ကာရိုက်တာမှ မဟုတ်တာ”

ဝိုင့်ကို အားနာလို့လက်ထပ်ခွင့်တောင်းခဲ့တာ မဟုတ်ပါ၊ ဒါပေမယ့် သူနဲ့ဝိုင် အလုပ်ကိစ္စခရီးလွန်ခဲ့သည့်ညက ဝိုင့်ကို အိမ်တိုင်ရာရောက် လိုက်ပို့ခဲ့ပေမယ့်..၊

“အောင်မလေး..ညည်းက ခုမှပြန်လာတယ်ပေါ့..”

“သူဌေးနဲ့တစ်ညလုံး အချိန်ဖြုန်းနေတဲ့ မိန်းကလေးဆိုပြီး ညည်းကိုဘာတွေပြောကြမလဲ..”

“ညတုန်းက မမဝိုင် ဘယ်အချိန်ပြန်ရောက်တာလဲ..ငါတို့ဘုရားဖူးကားပြန်လာတော့ သူဌေးကားနဲ့ အမြန်လမ်းပေါ်မှာ တွေ့ခဲ့လို့..”





“တစ်နာရီကျော်နေပြီဟုတ်လား..”

“သူဌေးနဲ့လား..နှစ်ယောက်တည်းလားဟင်..”

စသဖြင့်သော မိသားစုထဲကမေးခွန်းတွေ ကုမ္ပဏီကဝန်ထမ်းတွေရဲ့ တီးတိုးမေးမြန်းသံတွေအရ ‘တာဝန်’ဆိုသည့် သတိပေးခေါင်းလောင်းက မြည်လာခဲ့သည်။

ကိုယ့်ကြောင့် မိန်းကလေးတစ်ယောက် နစ်နာမှုရှိလာခဲ့ပြီဆိုလျှင် တာဝန်ယူနိုင်ရမည်။ ထို့ကြောင့်..၊

“နာရီ..”

“ပြော..”

“ငါထင်သားပဲ..မင်းကုမ္ပဏီမှာ ဝိုင်နဲ့ ဟိုသတင်းဒီသတင်း ထွက်လာလို့ သူ့အတွက်..”

“အကြောင်းရင်းက အရေးမကြီးပါဘူး..ငါလက်ထပ်ခွင့်တောင်းခဲ့တယ်..သူခွင့်ပြုခဲ့တယ်၊ ဖြစ်ခဲ့တာက အဲ့ဒါပဲ..ဒီတိုင်းပြီးသွားရင်လည်း ကောင်းပေမယ့်..အခု..”

“မင်းက ပြီးသွားပြီဆိုရင် ခေါင်းရှုပ်ခံဖို့ မလိုပါဘူးကွာ..ဟိုကောင်မလေးနဲ့က သုံးလေးနှစ်ကြာပြီမို့လား..”

“သူ့ကိုမြင်လိုက်ကာမှ ငါ့ကိုယ်ငါ ဘာကောင်ဖြစ်နေမှန်းကို မသိတော့ဘူး..ဟိုမှာလည်း ငါ့ဆုံးဖြတ်ချက်ကြောင့်..ဒီမှာလည်း ငါပဲ..”

“မင်းက ရှင်းနေတာကို ရှုပ်အောင်လုပ်နေတာကိုးကွ..မင်းပြောသလို အကြောင်းအရင်းကို ဖယ်လိုက်ရင် အိမ်ထောင်ကျဖူးတာတွေ ကွဲဖူးတာတွေ မဆန်းပါဘူး..ဝိုင့်ကိုလည်း မင်းစော်ကားခဲ့တာမှ မဟုတ်တာ..အခု ငါအကြံပေးချင်တာက..”



www.burmeseclassic.com

www.burmeseclassic.com



"မပေးနဲ့.."

"ဟော့ကောင်ရ..တိုင်ပင်တယ်ဆိုတာ အကြံပြုတာပါရတာပဲ.."

"မင်းကို ငါဘာလုပ်ရမလဲတိုင်ပင်တာမဟုတ်ဘူး..စိတ်အိုက်နေလို့ ပြောပြတာ.."

"သိသားပဲ.."

"ဒီမှာ ဖုန်းတစ်လုံးဝင်လာလို့..ဆောရီး.."

"နေပါဦး..ငါ့ကိုတစ်ခုတော့ ဖြေစမ်းပါ၊ ဘဝင့်ကို မင်းချစ်လို့.."

မေးခွန်းမဆုံးခင် သူချပစ်လိုက်သည်။ ပြီးတော့ အိမ်ကဖုန်းကို နားထောင်လိုက်လျှင်..၊

"သား..မင်းဘယ်မှာဖြစ်ဖြစ် အခုပြန်လာမှဖြစ်မယ်.."

"ဘာဖြစ်လို့လဲ..ကျွန်တော်.."

"မင်းမိန်းမနဲ့သား အိမ်ရောက်နေတယ်.."

"ဗျာ..ဘာ့ယ်လို.."

"ခုပြန်လာနော်..မေမေတို့စောင့်နေမယ်.."

'မင့်သား'ဆိုသည့် စကားကြောင့် ဖုန်းကိုင်ရင်း နားကြားမှားသွားသလားလို့ တွေးမိသေးသည်။ ပြန်ကြည့်လိုက်တော့ မေမေက ဖုန်းချသွားပြီဖြစ်သည်။

ဘဝင် ဘာတွေလျှောက်ထွင်နေတာလဲ..၊

✻ ✻ ✻







# အခန်း (၈)

"မေမေ..ဘဝင်တို့က ကိုကို့အခန်းမှာနေလို့ မရဘူးလား"

အခန်းဝကနေ မသိမသာကြည့်ပြီး ဆက်လျှောက်သွားဖို့ပြင်လိုက်ပေမယ့် အမေလို့ခေါ်ပြီး ထွက်လာသည့်မေးခွန်းကြောင့် ကိုယ့်ကိုတိုက်ရိုက်ဖြစ်နေရာ..၊

"ဟင်လို့.."

ဘဝင်က အခန်းဝထိ ခပ်သုတ်သုတ်ထွက်လာပြီး အနားကို ရောက်လာခဲ့လျက်..၊

"ဒါ ညည်းသည်အခန်းကြီးဆို.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းသီရိ သူမနဲ့မျက်နှာချင်းဆိုင် ပြန်ရပ်လိုက်ပြီး အထဲကိုလှမ်းကြည့်မိသည်။ မိကျော့က အိပ်ရာပြင်ပေးနေလျက် သူမ ထွက်လာတော့ ဘာဆက်လုပ်ရမလဲဆိုသည့် အကြည့်နှင့် အိပ်ရာခင်းကိုဖြန့်လျက်သားကိုင်ရင်း ရပ်ကြည့်နေသည်။

ဒေါ်ပန်းသီရိက ဘဝင့်မျက်နှာလေးကို စေ့စေ့ကြည့်ကာ..၊

"ရနေတဲ့အခွင့်အရေးကိုပဲ ရောင့်ရဲနေလိုက်ဦးဘဝင်.. ဒီည သားပြန်လာလိမ့်မယ်၊ မင်းကိုဒီမှာ ဘယ်လိုပုံစံလက်ခံရမလဲ ဆိုတာ သူဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်တယ်..အခု မင်းကို သားနဲ့ပတ်သက်ဖူးတဲ့ မိန်းကလေးဖြစ်နေလို့၊ ပြီးတော့ ကလေး ပါနေလို့.."

"ဘယ်လိုပတ်သက်သလဲဆိုတာ ကိုကို့မိန်းမဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို မေးနေဖို့မလိုတဲ့ မေးခွန်းပဲအမေ.. ပြီးတော့ ကလေးက အမေ့မြေး.."

"အဲ့ဒါကြောင့် သားရဲ့ဆုံးဖြတ်ချက်လိုတာ.."

"သူ ဘာမှသိမသွားခဲ့ဘူး..အဲ့ဒါကြောင့် 'ဟင့်အင်း'လို့ ငြင်းလိုက်နိုင်တယ်..ဒါပေမယ့် ဘဝင်က လှည့်ပြန်သွားမှာမဟုတ် ဘူး အမေ.."

ဒေါ်ပန်းသီရိ မျက်မှောင်ကုတ်သွားသည်။ သူမလေးက လည်း မျက်မှောင်ကုတ်ထားသော ဒေါသမျက်နှာလေးနဲ့ ရှိနေ ကာ၊ ဒေါ်ပန်းသီရိဆိုတာ ကိုယ့်ယောက္ခမပါလားဆိုတဲ့ ရိုသေ ကြောက်ရွံ့မှုလည်း မရှိ.. ၊

တစ်ဖက်သားနားဝင်သာအောင် စကားလုံးရွေးနေမယ့်ပုံ





လည်း မရှိပေ၊ ဒါပေမယ့် သူမမျက်ဝန်းလေးတွေက ကောက် ကျစ်လိမ်ညာနေတာ မဟုတ်မှန်း မသိစိတ်က ခံစားမိနေခဲ့၏။

ထိုစဉ် ကလေးက လေယာဉ်ပျံရုပ်လေးကိုင်လျက် အပြင်ထွက်လိုက်လာသည်။ လူကြီးတွေ စကားများနေကြတာ သတိထားမိပြီး မျက်လုံးဝိုင်းလေးတွေနဲ့ မော့ငေးလာ၏။

ဒေါ်ပန်းသီ မျက်မှောင်ကုတ်ထားခြင်းကို ဖြည်ချသည်။ ကလေးရဲ့မျက်ဝန်းလေးတွေက လွတ်အောင်လွှဲလိုက်မိရင်း..၊

"အဲ့ဒါတွေ သားပြန်လာမှ ပြောမယ်.."

စကားဖြတ်၍ ထွက်ခွာဖို့ကြိုးစားသော်လည်း..၊

"အမေ့.."

ကလေးလက်ကိုဆွဲ၍ ဘဝင်က အတင်းလိုက်တာကာ..၊

"ဘဝင် ကိုကိုနဲ့ပဲ အိပ်မှာနော်.."

"အို..မင်းဘယ်လိုဖြစ်နေတာတုံး.."

"ဒီနေ့ ကိုကိုငယ့်ကို သူ့အဖေနဲ့တွေ့ရမှာလို့ ပြောထားခဲ့ တာ ပြီးတော့.."

"နေပါဦး..နေပါဦး.."

ဒေါ်ပန်းသီရိ မပြောချင်ပေမယ့် စိတ်ကတော့ တိုနေပြီ ဖြစ်ကာ..၊

"ကျွတ်..ခက်တော့တာပဲ.."

ကလေးရှေ့မှာ မပြောဖို့သတိရကာ..၊ မပြောလို့လည်း မဖြစ်..၊

"ဘာဖြစ်လို့ တစ်ဖက်သတ်သေချာနေတာလဲဘဝင်.. မင်း ရဲတင်းလှချေလား.."



www.burmeseclassic.com

www.burmeseclassic.com



ဘဝင့်မျက်နှာလေးနား ကပ်ပြောလိုက်ရင်း..၊

"မင်းနဲ့ကလေးကို ငါတို့က.."

"အဲ့ဒီသံသယတွေထားနေတဲ့အတွက် အမေတို့နောင်တရသွားလိမ့်မယ်သိလား.."

ကိုယ်ကတိုးတိုးပြောပေမယ့် သင်းလေးကကျယ်ကျယ်၊

"ဘဝင့်ကို ကိုကိုကထားသွားခဲ့တာ..ကိုယ်စန့်ရှိနေပါတယ်လို့တောင် ပြောခွင့်မရလိုက်အောင် အစဖျောက်သွားတာ.."

ဘုရားရေ..၊

ဒေါ်ပန်းသီရီ မျက်လုံးပြူး၏။

"ဒါပေမယ့် ဘဝင်ကအခြေမဲ့ အနေမဲ့မှမဟုတ်တာ..အုပ်ထိန်းသူတွေ ရှိတယ်၊ စိတ်အကြိုက်အိတ်နှိုက် သုံးလို့ရတယ်..ပြီးတော့ ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာတတ်တယ်..အဲ့ဒါကြောင့် ဒီကလေးကို အမေတို့လူလူသူသူ မြင်ရတာ.."

"ဟဲ့..စကားကို တိုးတိုးမပြောတတ်ဘူးလား၊ ညကြီးအချိန်မတော်.."

"ဒေါသထွက်နေတာကို တိုးတိုးပြောနိုင်ပါ့မလားအမေရယ်"

"ဩော်..မင်းက ငါ့ကို.."

"ဟုတ်တယ်..အမေပဲ ဘဝင့်ကိုခုချိန်ထိ မယုံကြည်တာလေ၊ ကိုယ့်သားနဲ့ ချွတ်စွတ်တူနေတဲ့ ကလေးမျက်နှာကို မြင်နေရတာတောင် ဟိုမိန်းမကြီးတွေလို မျက်လုံးမှိုးကြီးနဲ့ ကြည့်နေတုန်း"

ကလေးမျက်နှာကြောင့် ဒေါ်ပန်းသီရီမျိုသိပ်နေသမျှ





ဘဝင်က မပြီးနိုင်..၊

"အခန်းလုပ်ပေးလိမ့်မယ်..လိုက်သွား.."လို့ မိကျော့ကို ခိုင်းပြီး တစ်ခါတည်း ထည့်လွှတ်လိုက်တုန်းကတော့ ထလိုက်သွားခဲ့တာအေးဆေး..။

"ရန်ကုန်မြို့ကြီးကလူတွေ ဘယ်လိုလည်ဝယ်ပြီး ဘယ်လောက်တောင် ကြုံဖူးထားသလဲတော့မသိဘူး..မိန်းမတွေလည်း မိန်းမသားချင်း မစာနာကြဘူး.."

အလိုတော်..၊

"ယောကျ်ားတွေကလည်း.."

"ဘဝင်.."

ဆက်လက်သည်းခံနေလို့ မရတော့သည့်အဆုံး..၊

"ဘယ့်နှယ်မြို့နဲ့လူထုနဲ့ချီပြီး ပတ်စော်ကားနေတာလဲ..ငါ မင်းကို တော်တော့လို့တားနေတာ ကလေးရှေ့မှာ မပြောအပ်တာတွေ မပြောစေချင်လို့.."

"ကလေးက ဘာမှမသိတဲ့ကလေးမဟုတ်ဘူးအမေ..သူ့အမေငိုတာ ရယ်တာ ရန်ဖြစ်နေရတာတွေ သူအားလုံးမြင်တယ်..သိတယ်.."

ကြည့်စမ်း..၊

"ကလေးဆိုတာ မိဘသင်တဲ့အတိုင်း ခေါင်းခါးခြေလက်မြှောက်တတ်လာကြတာ..မိဘရဲ့အသံနဲ့ ဟန်ချက်ညီခဲ့တာ.."

ဒီမိန်းကလေး မတန်မရာစကားတွေလည်း ပြောတတ်နေသေးသည်။ ဒါဆို တစ်ချက်တစ်ချက် စိတ်ဖောက်သွားတာလား..၊



www.burmeseclassic.com

www.burmeseclassic.com



"ဘဝင့်မှာဒီသားလေးပဲ တိုးတိုးဖော်ရှိတာ..သူ့နားလည်လည် မလည်လည်၊ သူ့ဘာမှပြန်ပြောဖော် ရရမရရ..သူ့အဖေရက်ရက်စက်စက် ပစ်ထားခဲ့တုန်းက ဘဝင်ခံစားခဲ့ရတာတွေကို.."

"သိပြီ..မင်းအိတ်သွန်ဖာမှောက် ပြောပြပြီး မိခင်ကောင်းပီသခဲ့တာတွေ ငါတွေးမိပြီ..အဲ့ဒါဆိုရင်လည်း.."

တစ်ဆုံးပြောဖို့ ပြင်ပြီးမှ ငေးကြည့်နေသည့်မျက်နှာလေးကို ငုံ့ကြည့်မိကာ..၊

"မိကျော့.."

"ရှင် မေမေကြီး.."

"လာစမ်း..ကလေးကို အပေါ်ဝရန်တာမှာ ကစားဖို့ခေါ်သွား.."

ကိုယ့်ဘာသာပဲ ကလေးကိုခေါ်သွားစေခဲ့လျက်..၊

"ကလေးကို သူ့အဖေမကောင်းကြောင်းတွေ ခေါင်းထဲရောက်အောင် ဒီလောက်ရိုက်သွင်းလာခဲ့ပြီးမှ ဒီယောကျ်ားနောက်ကို ဘာဖြစ်လို့ လိုက်နေသေးတာလဲ..ပြော.."

ကလေးမရှိတာနှင့် ဒေါသကလွှတ်လပ်စွာ ခုန်ပေါက်ထွက်လေသည်။ ထို့ကြောင့် ဘဝင့်လက်မောင်းတစ်ဖက်ကို ဆတ်ခနဲ ဆွဲခါပစ်မိကာ..၊

"အိမ်ထောင်ရေးကို မင်းဘာထင်နေသလဲ..မိသားစုဘဝဆိုတာကိုရော နားလည်ရဲ့လား..ဒီကလေးက ဖအေကိုမှ အကောင်းမမြင်ဘဲ ရှိသေလေး စားသမှုမရှိတော့ရင် ပြည့်စုံနွေးထွေးတဲ့ မိသားစုဘဝ ဘယ်လိုဖြစ်လာနိုင်မလဲ.."

"အမေပဲပြောတော့ ကိုကိုဆုံးဖြတ်မှအတည်ဆို ခုကျ





တော့ ဖအေတွေ သားတွေ ဖြစ်ကုန်ပြီလား.."

ဒေါ်ပန်းသီရိ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဘဝင်က သူ့မလက်ကို အလောတကြီးပြန်ဆုပ်ကိုင်လိုက်မိကာ..၊

"အမေ့မသိစိတ်က ကိုကိုငယ်ကို အမေ့မြေးပဲဆိုတာလက်ခံနေတာမလား.."

ဒေါ်ပန်းသီရိ နေရခက်သည့်မျက်နှာကြီးနှင့် လက်ကိုပြန်ရုန်း၏။ ဘဝင်က လက်ဆွဲထားရင်း လက်မောင်းထိ တိုးဖက်ထားလိုက်ကာ..၊

"ဘဝင် နားမလည်ဘူး မှန်ပါတယ်..မိသားစုဘဝ မပြောနဲ့ အဖေအမေ မျက်နှာတောင် ဘဝင် ဝအောင်မကြည့်ခဲ့ရဘူး.."

မျက်လုံးချင်း ဖျတ်ခနဲဆုံသွားခဲ့ကြသည်။ သတ္တိမနည်းသော ဘဝင့် မျက်ဝန်းလေးတွေ စူးစူးလက်လက်ဖြစ်နေတာကို ဒေါ်ပန်းသီရိ ကြည့်မိတာက ကရုဏာမျက်ဝန်းတို့နှင့်..၊

"အမေသနားအောင် ပြောနေတာမဟုတ်ပါဘူး..တစ်ခါတစ်ခါ ဘဝင်ပြောတာတွေ ရိုင်းသွားတတ်တယ်..ဒါပေမယ့် ဘဝင့်စိတ်က အဲ့လိုရိုင်းရတာကို ကျေနပ်အားရလွန်းလို့ မဟုတ်ပါဘူး.."

ဒေါ်ပန်းသီရိ လက်ကိုရုန်းဖို့မေ့နေမိကာ ဘဝင်က မျက်နှာရှေ့မှာ လာရပ်ပြီး သူ့မခါးနှစ်ဖက်ကိုဖက်လိုက်တော့မလို တရင်းတနှီး ကိုင်လိုက်ကာ..၊

"ဘဝင့်စကားတွေ ရိုင်းသွားရင်ခွင့်လွှတ်ပါနော်..အမေ့ကို ဘဝင် မြင်မြင်ချင်း ရင်းနှီးမိတာပါ..ကိုကို့အမေဆိုတဲ့ အသိနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့အုပ်ထိန်းသူမိဘလို သဘောထားပြီး ပြောဆိုမိတာတွေမှာ ရိုင်းသွားရင် တောင်းပန်ပါတယ်..”

“မင်းမှာအုပ်ထိန်းသူ မရှိဘူးလား..”

“ဦးလေးလင်မယားရှိတယ်..ဘဝင့်ကိုလည်း အရမ်းချစ်တယ်၊ အမေတို့ကျန်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းလေးတွေ လက်ငုတ်လက်ရင်းလေးတွေကို ဦးလေးတို့ပဲ ထိန်းသိမ်းပေးခဲ့တာ..ကိုကို့ကိုလည်း ဦးလေးတို့က ချစ်ပါတယ်..ဒါပေမယ့်လေ..”

ဒါပေမယ့်ဆိုပြီး ဆက်မပြောတော့ နှားထောင်နေမိသည်။

“ကိုကိုက ဘဝင့်ကိုအလိုမလိုက်ဘူး..သူတို့အမြင်မှာ ဘဝင် စိတ်ဆင်းရဲနေ့ရတယ်ပဲ မြင်နေတော့ ကိုကိုနဲ့သိပ်မတည့်ဘူး..”

ဒီလိုတွေ ဖြစ်ခဲ့တာလား..၊ ဒါဆို ဒီမိန်းကလေးက သားရဲ့ဇနီး အသေအချာပဲဖြစ်နေပါပြီ၊

“ကျွန်တော့်ကို အိမ်ထောင်ချပေးဖို့ မစဉ်းစားပါနဲ့အမေ၊ ကျွန်တော် လက်ထပ်ခဲ့ပြီးပြီး ဒါပေမယ့် အဲ့ဒါတွေကို အားလုံးမေ့ပစ်လိုက်ချင်တယ်..ဘာမှထပ်မမေးပါနဲ့လို့ တောင်းပန်ပါတယ်”..တဲ့..၊

သားပြန်ရောက်လာတော့ ဒါပဲပြောသည်။ ခင်ပွန်းသည်လည်း မရှိတော့တာမို့ သားရဲ့အိမ်ထောင်ရေးကို နောက်ထပ်မေးမြန်းဖို့လည်း မကြိုးစားမိခဲ့ပေ..၊

ဖအေလုပ်ကိုင်ခဲ့တဲ့ စီးပွားရေးတွေကို ဒီသားကမှ ဦးမဆောင်နိုင်ဘူးဆိုရင် မတွေးရဲစရာဖြစ်နေရသည့် အခြေအနေ





ကြောင့် ‘အရင်းစစ်တော့ အမြစ်ကမြေ’ ဆိုသလိုပင်..၊

ဆန်းစစ်ကြည့်တော့ ဒီအိမ်ထောင်ရေးကိစ္စကြီးကို ခရီးသွားမှတ်တမ်းတစ်ခုသဖွယ် ဝန်ခံစကားတစ်ခုပြောခဲ့သည်မှလွဲ၍ နောက်ထပ်တစ်စွန်းတစ်စ တစ်ခွန်းတစ်လေမှ ထပ်မဟခဲ့သော သားရဲ့ပြတ်တောက်စွာနေနိုင်ခဲ့ခြင်းကသာ တရားခံဖြစ်၏။

အိမ်ထောင်တစ်ခု တည်ဆောက်ခဲ့တာက အိမ်မက်လိုလို..၊ တကယ်တော့ ဟိုဘက်မှာ မိသားစုအသိုက်အမြုံတစ်ခုအစ ပျိုးတည်ဆောက်ခဲ့သည်။ ပြည့်စုံပြီးစီးလုကာမှ ပြိုကွဲပျက်စီးခဲ့ရ၏။ တရားခံက ဘယ်သူလဲ..၊

“အမေ့သားလေ..ကိုကိုက ဘဝင့်ကိုထားပစ်ခဲ့တာသိလား၊ ကိုကိုလာချော့မှာပဲထင်ပြီး ဘဝင်စောင့်နေခဲ့တာ..ပြီးတော့ ကိုကိုမရှိတော့ဘူးဆိုတာပဲ ကြားလိုက်ရတယ်..”

“အဲ့ဒီတည်းက လိုက်ခေါ်ဖို့ ဘာလို့မကြိုးစားတာလဲ..”

“ကိုကိုက ရန်ကုန်ကဆိုတာပဲသိတာ..အမေရယ် ဦးလေးရယ်ပဲရှိတယ် တာဝန်ကျလို့ တောင်ကြီးကိုရောက်လာတယ် ကိုကိုပြောခဲ့တာ ဒါပဲ..”

သား ဘယ်လိုတွေ လုပ်နေတာလဲ..၊

စာနာစိတ်အရင်းခံ ရှိနေခဲ့သည့်ရင်ထဲမှာ သားကိုပဲနားမလည်နိုင် ဖြစ်လာမိသည်။ ဒါပေမယ့် သားကဒီလိုယောကျ်ားမျိုး မဖြစ်နိုင်ဘူးလို့လည်း ယုံကြည့်နေပြန်သည။

ဘဝင့်မျက်နှာလေးကို စူးစိုက်ကြည့်မိရင်း ‘ဒီမိန်းကလေးကရော အမှန်တိုင်းပြောတာ ဖြစ်နိုင်လို့လား’ လို့ တွေးမိစဉ်..၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကိုယ်တိုင်က ခြေရာဖျောက်သွားခဲ့တာပါ..၊ ကျောင်းမှာသွားစုံစမ်းတာတောင် ဘာမှမသိအောင်အကုန်လုံး ဖျောက်ဖျက်ခဲ့တယ်..အားလုံးက ကိုကို့ကို လူလိမ်လို့ပြောကြတာ တောင် ဘဝင်သိတယ်..ကိုကိုစိတ်ဆိုးလို့ လုပ်သွားတယ်ဆိုတာ.."

"အဲ့လောက်ထိ မင်းကိုမုန်းမေ့ချင်အောင် ဖြစ်သွားတာ ဘာကြောင့်လဲလို့မေးရင် မင်းအမှန်အတိုင်း ဖြေနိုင်လား.."

"ဟင်.."

"သားက အဲ့လိုယောကျ်ားမျိုးမဟုတ်ဘူး..မင်းမှာ ဘာ အပြစ်မှမရှိဘဲ.."

"ဟင့်အင်း..ဘဝင် ဘာမှမလုပ်ခဲ့ဘူး.."

ဒါတော့ မဖြစ်နိုင်ဘူးလို့ချက်ချင်းတွေးမိ၏။ ဘဝင်က ဒေါ်ပန်းသီရိ လက်တစ်ဖက်ကို ဆွဲ၍လက်ဖဝါးချင်း ထပ်ဆုပ် ကိုင်ထားလိုက်ရင်း..၊

"ဘဝင်က ကိုကိုမကြိုက်တာဆို နားမထောင်ဘဲဖွတ် လုပ်မိတယ်..အဲ့ဒါက ထားပစ်ခဲ့လောက်အောင် အပြစ်ကြီးသွား နိုင်လို့လား အမေပဲပြောပါ.."

"သူက ဘာတွေမကြိုက်တာလဲ.."

"သူက အားလုံးမကြိုက်နေတာပဲ.."

"ဟင်.."

"အလှပြင်ရင်ဆူတယ်..သူမဝတ်ရဘူး ပြောထားတာ တွေ ဝတ်ထွက်လာရင်လည်း ဆူတယ်..သူငယ်ချင်းများများထား တာလည်း မကြိုက်ဘူး၊ သူကသူငယ်ချင်းတစ်ယောက်တည်းနဲ့ နေတတ်ပေမယ့် ဘဝင်မှမနေတတ်တာ..၊





ပြီးတော့ ဘဝင် ထမင်းဟင်း မချက်တတ်တာလည်း ကဲ့ရဲ့တာပဲ..ဟင်းမချက်တတ်တော့ အသုံးမကျဘူးတဲ့၊ အမေပဲ စဉ်းစားကြည့်ပါဦး..ဘဝင်ငယ်ငယ်တည်းက တစ်ခါမှမလုပ်ဖူး တာတွေကို ယောကျ်ားရတာနဲ့ လုပ်တတ်နေပါ့မလား.."

"လုပ်တတ်အောင်ရော ကြိုးစားလုပ်ကြည့်ဖူးလား.."

"လုပ်ကြည့်ရင် ခိုက်မိကုန်မှာပေါ့အမေရဲ့..မီးဖိုချောင် ဝင်တာ ဘယ်လောက်ခက်ခဲလဲ ယောကျ်ားတွေ ဘာမှမသိဘူး၊ ဓားကိုင်တာ မကိုင်တတ်ရင် လက်ရှနိုင်တယ်..မီးသုံးတာမသုံး တတ်ရင် မီးလောင်မယ်၊ အိမ်ရှေ့က ရေတုံကင်နှိပ်ပြီး ရေလေး တစ်ပုံး အိမ်ထဲဆွဲတာတောင် တဖျန်းဖျန်းဖိတ်ပြီး လက်ကချ လိုက်တော့ ရေမပါတော့ဘူး.."

ဖြစ်ရလေ..၊

"နောက်ပြီး မလုပ်တတ်မကိုင်တတ်တာတွေကြောင့် ပစ္စည်းကုန် လူပမ်းတဲ့အပြင် ထိမိရှမိရာတွေက အသားမှာ အ သားမာဖြစ်ကျန်ခဲ့တာသိလား..မိန်းမလှတစ်ယောက်ဖြစ်ဖို့ အ သားအရေကို ဘယ်လောက်ထိန်းသိမ်းကြရသလဲ..အဲ့ဒါလည်း မစာနာဘူး.."

"ဒါပဲလား.."

"ဟုတ်တယ်..ဒါပေမယ့် ကိုကိုကအမြဲတမ်းဆူနေတာ၊ ဘာ အကြောင်းတွေပဲ ပေါ်လာလာ အဆုံးကျတော့ ဘဝင်က အိမ်ထောင်ရှင်မ မပီသဘူးဆိုတာချည်းပဲ..ဘဝင်မှာ အပြစ်ရှိ တယ်ဆိုရင်လည်း အလှအပကြိုက်တတ်တာပဲ ရှိတာပါ..ဒါပေ မယ့် ဘဝင့်အတွက် ဘယ်သူ့ဆီကမှ လက်ဝါးမဖြန့်ခဲ့ဘူး..ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း မကောင်းဘူး"

"ဘယ်ကရနေတာလဲ.."

"ဘဝင်က ဟိုတယ်လ်မှာ အလုပ်လုပ်တာလေ..အလုပ်ကတော့ ရီဆက်ရှင်မှာထိုင်ရုံပဲ..ဒါပေမယ့် ဖော်ရိန်နာတွေလာရင် ဂိုက်ဒ်လုပ်သေးတယ်..ပြင်ဦးလွင်ဆို ခဏခဏသွားရတယ်၊ ပြီးတော့ အထက်ပိုင်းဆို ရှမ်းပြည်ဘက်တွေ.."

"အိမ်ထောင်ကျမှ ခရီးထွက်နေတာလား.."

"ဟုတ်တယ်..ကိုကိုနဲ့စကားများနေရပေမယ့်.."

"ရပြီ..တော်ပြီ.."

ဒေါ်ပန်းသီရိ နားလည်သွားသည်။ ကိုကိုမကြိုက်တာဆို နားမထောင်ဘဲ ဇွတ်လုပ်မိတာယ် ဆိုသည့်စကား ဘယ်ကလာသလဲဆိုတာ တွေးမိလိုက်တာနှင့် ခြုံငုံနားလည်သွားရကာ..၊

"သားကို မင်းပြန်ရမှာမဟုတ်ဘူးဘဝင်..အဲဒီတော့ လက်လျှော့လိုက်တော့.."

ဟင်..၊

"ဘယ်လို.."

ဒါတွေ ရှင်းပြနေရမယ့် အချိန်လည်းမဟုတ်၊ ဒေါ်ပန်းသီရိ ရှင်းပြချင်စိတ်လည်း မဖြစ်တော့ပေ၊ ကိုယ့်ထက်အသက်ငယ်ရွယ်ပြီး လုချင်တိုင်းလုနေသည့် မိန်းကလေးဟာ စကားပြောနေသည့် အမူအရာလေးတွေကအစ ဆွဲဆောင်မှုရှိနေသည်။

ပြီးတော့..လှနေတာကို ထပ်လှအောင်ပြင်ဆင်နေတတ်သော..၊ ကိုယ့်ခင်ပွန်းစကားကို မနာခံဘဲ လူအများနဲ့ဆက်ဆံရသည့်အလုပ်တွေမှာမှ ပျော်မွေ့ခဲ့သော..၊





ဘဝင်ဆိုသည့်မိန်းကလေးနှင့် နူးညံ့သိမ်မွေ့စွာ နေထိုင်တတ်သည့် နေနာရီဆိုသော ယောကျ်ားတစ်ယောက် ရေရှည်လက်တွဲသွားဖို့က ဘယ်လိုမှမဖြစ်နိုင်..၊

ဒါပေမယ့် သူမမှာ သားလေးတစ်ယောက်နှင့်..၊

"ဘယ်လိုပြောလိုက်တာအမေ.."

"မင်းကြားချင်သေးရင်လည်း ဒါ ထပ်ပြောလို့ကောင်းတဲ့စကား မဟုတ်ဘူး.."

"အမေ့.."

ဘဝင်က ဒေါ်ပန်းသီရိမျက်နှာတည်နေတာကို စိုးရိမ်တကြီး လိုက်ကြည့်ကာ..၊

"ကိုကိုက ဘဝင့်ကိုခွင့်လွှတ်မှာ မဟုတ်ဘူးလို့ပြောလိုက်တာလားဟင်..ဘဝင်က ထားခဲ့ခံရတဲ့သူပါအမေရယ်..ပြီးတော့လေ ကိုကို့ရင်သွေးကို ဘဝင်တစ်ယောက်တည်းမွေးခဲ့ရတာ.."

မျက်နှာလွှဲဖို့ပြင်လိုက်ကာမှ ဒေါ်ပန်းသီရိ ငိုင်သွားပြန်သည်။ ကလေးက သားနဲ့တထေရာတည်း..၊

"ကိုကို့ကို ဘဝင်ဘယ်လောက်ချစ်တယ်ဆိုတာ.."

"ဟော့..အပိုတွေ လျှောက်ပြောမနေနဲ့.."

စကားသံက ဟိန်းထွက်လာသည်။ လူရိပ်ကပါ ချက်ချင်းအနားရောက်လာခဲ့ပြီး..၊

"မင်းကဒီထိလိုက်လာပြီး ငါကထားခဲ့တာပါလို့ ကြော်ငြာဝင်နေတယ် ဟုတ်လား.."

ညှို့ခန်းမှာ စကားမပြောမည်ထင်ပေမယ့် အခြေဘက်ခေါင်းရင်းထိ ဆွဲခေါ်လာပြီးမှ မေးခွန်းထွက်လာသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပခုံးမှာ ဖိညှစ်ဆုပ်ကိုင်ထားလျက်..၊

"အိမ်ထဲမှာ ကျန်နေခဲ့တိုင်း ထားခဲ့ခံရသူဖြစ်သွားတာလား"

"ဟုတ်တယ်..ကိုကိုနဲ့ကွဲဖို့ ဘဝင်ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး.."

"ငါကထားခဲ့ပြီး ထွက်သွားတယ်ပေါ့.."

"ကိုကိုမဟုတ်လို့လား.."

"တောက်.."

ဘဝင် သူ့လက်တွေကို စိတ်လိုက်မာန်ပါ ဖယ်ချပစ်သည်။ ပြီးမှ..၊

"ကိုကို့ကို ဘဝင်အရမ်းချစ်ခဲ့တာ..ခုထိလည်း.."

"တော်စမ်း.."

"ဘာလို့တော်ရမှာလဲ.."

ဒေါ်ပန်းသီရိ စိုးရိမ်စိတ်နှင့်လိုက်လာမိခဲ့ရင်း စကားသံတွေကြောင့် နေရာမှာတင် ရပ်နေလိုက်မိသည်။

"ကိုကို့အပေါ်မှာ ဘဝင်ထိန်ချန်ထားခဲ့တာ ဘာမှမရှိဘူး ကိုကိုကသာ ကိုကိုရဲ့ နောက်ကြောင်းရှေ့ကြောင်းဘာတစ်ခုမှ မပြောခဲ့ဘဲ.."

"အဲ့ဒီတော့ ငါကမင်းကိုထိုင်ကန်တော့ရဲ့ဖို့ပဲ သိတဲ့ကောင်.. မင်းလိုသမျှ ဘာမှမဖြည့်ဆည်းပေးနိုင်တဲ့ ငတုံး.."

"ကိုကို့ဘာသာပြောနေတာပါ.."

"ဟုတ်တယ်..မင်းအဲ့လိုပြောထွက်လာတဲ့အထိ ငါစောင့်နားမထောင်ခဲ့တာများတယ်..စကားတစ်ခွန်းရဲ့ အတိမ်အနက်ကို





နားမလည် တန်ဖိုးမထားတတ်တဲ့ မင်းလိုမိန်းမက ဆုပ်ဖမ်းမပြရင် နားလည်မှာမှမဟုတ်တာ.."

"နားမလည်တာမဟုတ်ဘူးကိုကို..ကိုကို့ကိုချစ်လို့ အမှတ်မထားခဲ့တာ.."

"ဟား.."

"သူများပြောတော့ အသေမှတ်ထားတယ်..ကိုယ်ပြောတာကျတော့ အားလုံးအမှန်..ကိုကိုပြောသွားတဲ့စကားတွေကရော ပန်းနဲ့ပေါက်သွားတာတွေလား.."

စကားသံတွေ စူးဝါးထွင်းဖောက်လာတော့ ဒေါ်ပန်းသီရိ နောက်ကို ခြေလှမ်းထပ်ဆုတ်၏။ ဘဝင်နဲ့နာရီ ဘယ်လိုပြဿနာတွေ ဖြစ်ခဲ့သလဲဆိုတာ နှစ်ယောက်စလုံးဆီကနေ ကြားနေရပြီဖြစ်လျက်..၊

"ပြီးတော့ ကိုကိုပြောသွားတာတွေ တကယ်ဟုတ်နေရင် ခုလောက်ဆို ကိုကို့သားလေး ပတွေးကိုအဖေခေါ်နေရပြီ.."

"ဘယ်သားလဲ..မင်းနဲ့ငါ.."

"ကိုကိုထွက်သွားမှ..သားလေးကိုယ်ဝန်ရှိနေတာကို သိခဲ့တာ.."

တင်းမာခက်ထန်နေသည့် နာရီ့မျက်နှာသည် အံ့သြ၍ မယုံနိုင်ခြင်းတွေ ပြည့်နှက်လာခဲ့၏။

ဒါတကယ်ဖြစ်နေတာလား..၊

မင်္ဂလာပွဲမှာလည်း သူမပြောခဲ့သည်။ မေမေ့လည်း ပြောခဲ့သေးသည်။ ဒါပေမယ့် ဘဝင်တမင်လုပ်နေတယ်ပဲ ထင်ခဲ့တာမို့..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်း..မင်းဒါ.."

"ကိုကို့ကို ဘဝင်ဆုံရှုံးမခံနိုင်ဘူး..ကိုကို့ကိုဆုံးရှုံးလိုက်ရရင် သားလေးလည်း သူ့အဖေကို အဖေခေါ်ခွင့်ရလိုက်မှာမဟုတ်ဘူး.."

စကားသံ တိတ်ကျသွားသည့်နာရီ့မျက်နှာက တင်းမာနေဆဲရှိလျက် အိမ်ထဲကို လှည့်ကြည့်လိုက်တော့ သားလေးကိုရှာတာမှန်း သိလိုက်ကာ..၊

"သားလေးက ကိုကိုနဲ့တူတယ်..ကိုကိုပြောသလို ဘဝင်အလုအပကြိုက်တာ တရားလွန်တာမှန်တယ်..ဒါပေမယ့် သားလေးကိုလွယ်ခဲ့တယ်၊ ဘဝင် တစ်ယောက်တည်းဖြစ်အောင် မွေးခဲ့တယ်..အဲ့ဒါကိုကို့ကို လွမ်းလွန်းလို့ သိရဲ့လား..၊ ဘယ်ကလာပြီး ဘယ်ထွက်သွားမှန်းမသိတဲ့ယောကျ်ားကို ဘယ်တော့မှပြန်လာမလဲလည်းမသိ၊ ပြန်မလာနိုင်ဘူးလို့လည်း တွေးမိနေသားနဲ့ သားလေးကို ဘဝင် မွေးခဲ့တာ.."

နာရီ မျက်နှာခပ်လွဲလွဲနှင့် ငြိမ်သွားသည်။

"ကိုကို ဘဝင့်ကိုချစ်သေးတယ်မို့လားဟင်..ဟိုမင်္ဂလာပွဲက လူကြီးချင်းသဘောတူလို့ ပေးစားခဲ့တာမို့လား.."

"မဟုတ်ဘူး.."

နာရီ ဘဝင့်ပခုံးလေးကို ကိုင်၍ရင်ခွင်ထဲက ခွာထုတ်ဖို့ပြင်သည်။ ဘဝင်က အတင်းအကျပ်ဖက်ထားကာ ရင်ဘတ်တစ်ပြင်လုံးကို မျက်နှာလေးနဲ့ ကပ်လိုမ့်ရင်း တမ်းတမြတ်နိုးစွာနမ်း၏။ နာရီငြိမ်သက်နေခဲ့ပြီးမှ ဘဝင့်အနမ်းတွေကို သတိထားမိကာ...၊





"ငါ လက်ထပ်ခဲ့ပြီးပြီဘဝင်..မင်းနဲ့ငါ ဘာတွေရှိခဲ့ရှိခဲ့ အားလုံးပြီးသွားပြီ.."

"ဘာလို့ပြီးရမှာလဲ..ကိုကို့ပွဲကို ဘဝင်ဖျက်ခဲ့ပြီးပြီ၊ ပွဲမပြီးခင် ကိုကိုထွက်သွားတာလည်း အားလုံးသိတာပဲ..ကိုကိုက ဘဝင့်ယောကျ်ား ဘဝင်ကလွဲပြီး ကိုကို့ကိုဘယ်သူမှမပိုင်ရဘူး.."

ထိုစဉ် ခြံထဲဝင်လာသည့် ကားမီးရောင်က ဝင်းခနဲတစ်ချက် ဝေ့သွားပြီး ချက်ချင်းဆိုသလို ပေါ်တီကိုအောက်မှာ ထိုးရပ်လာ၏။

မီးထိုးထားသည့် အလင်းရောင်ထဲမှာ နာရီနဲ့ဘဝင် တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြသည့်အတိုင်း ထင်းလင်းပီပြင်နေခဲ့လျက်..၊

"ဂျိမ်း.."

အနက်ရောင်စကကက်ရှည်သည် ဘေးတစ်ဖက်မှာဒူးဆစ်နားထိ ကွဲနေလျက် ရင်ညွန့်ထိဟိုက်ထားသည့် အကျႌပေါ်မှာ ဓာလက်ရှည်နှင့် အပေါ်ထပ် တိုတိုလေးကို ထပ်ဝတ်ထားသည်။

သံမံတလင်းပေါ်မှာ ခြေချရပ်လိုက်တာနှင့် တံခါးပိတ်လိုက်သံမှာ ဒေါသတွေကို တစ်ခါတည်းပို့လွှတ်ပြီးဖြစ်ကာ..၊

"ယောကျ်ားတစ်ယောက်ကို ဦးရာလူစနစ်နဲ့ ပြေးဆွဲထားရမယ့် အဖြစ်မျိုးပါလား.."

မီးမပိတ်ဘဲ ဒီတိုင်းထွက်လာပြီး နာရီနဲ့ဘဝင့်ရှေ့မှာ ရပ်လိုက်သည်။ မျက်ဝန်းတို့သည် ဒေါသတို့ဖြင့်စူးရဲနေကာ..၊

"ကို.."

"အထဲကိုသွားနှင့်ပါ..ကိုယ်ဝင်လာခဲ့မယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုက အိမ်ရှင်လေ..ဝိုင်က တစ်ယောက်တည်းဝင်သွားရမှာလား.."

အဝတ်အစားသေတ္တာကြီးနှစ်လုံးကို ဒရိုင်ဘာက ကားထဲကထုတ်ပြီး လှေကားထစ်တွေပေါ်ထိ ဂရုတစိုက်လာထားပေးကာ..၊

"မမဝိုင် အိမ်ထဲထိပို့ပေးခဲ့ရမလား.."

ဝိုင်က အိမ်ထဲကိုလှမ်းကြည့်လိုက်ပြီးမှ..၊

"ခဏလေး.."လို့ ပြောလိုက်ပြီး နာရီ့ဘက်လှည့်ကာ ဘဝင့်ကိုလည်း ကြည့်သည်။

"သူနဲ့ပတ်သက်ပြီး ဝိုင်နဲ့အရင်ဆွေးနွေးသင့်တာ မဟုတ်ဘူးလားကို.. ခုလို ပုံစံမြင်နေရတာ ဝိုင်ကသည်းခံနိုင်သေးပေမယ့် ကို့ရဲ့ဂုဏ်သိက္ခာ ရှိသေးတယ်.."

"ကိုကို့ဂုဏ်သိက္ခာ ဘာဖြစ်သွားနိုင်သလဲပြောပါဦး ဒေါ်အချစ်ဝိုင်..ဒီက ကိုကို့ဇနီး၊ အိမ်ထဲမှာ ကိုကို့သားလေးလည်း ရှိတယ် ကိုယ့်သားနဲ့မယားနဲ့ အတူတူရှိနေတာ ဘယ်လိုသရုပ်ပျက်မှုတွေ ရှိနေလို့ ဂုဏ်သိက္ခာထိခိုက်နိုင်တာလဲ.."

ဝိုင်က မျက်နှာတင်းတင်းနှင့် လှည့်ကြည့်သည်။

သို့သော် ရုတ်တရက် ဘာပြောရမှန်းလည်းမသိ..၊

"ပြီးတော့ ဘဝင်တို့စကားပြောနေတာ အိမ်ရှေ့တံခါးဘေးမှာပါ..အိပ်ခန်းထဲမှာ မဟုတ်ဘူး.."

"နင့်ကိုဘယ်သူက ဇွပ်ဖွဲနေလို့ အရှက်မရှိ လာရှင်းပြနေတာလဲ.."

"ရှင်းပြတာအရှက်မရှိတာ မဟုတ်ဘူး..မရှင်းရဲတာကမှ





အရှက်မရှိတာ၊ နင်ကလက်ထပ်ထားသလို ငါလည်း ကိုကို့မိန်းမပဲ..ပြောချင်တာက ငါတို့ နှစ်ယောက်စလုံး ကိုကိုနဲ့ပတ်သက်နေတဲ့သူတွေပဲ..နင်ပြောမယ့်စကားက ကိုကိုနဲ့ပတ်သက်နေရင် ငါနဲ့လည်း ကင်းလို့မရဘူး.."

"မိုက်ရိုင်းလိုက်တာ..လူကိုများ နင်တွေငါတွေနဲ့.."

ဝိုင်က လက်သီးလေးနှစ်ဖက်ဆုပ်ပြီး အံ့ကြိတ်ပြော၏။ သူမက မီးရောင်ကို ကျောပေးထားပေမယ့် ဖွေးဖွေးနုန်ဒေါသဖြစ်သွားတာ ကိုအမှုအရာအားဖြင့် ပေါ်လွင်အောင်ပြသလိုရှိရာ..

"ဟုတ်လား..နင်တွေ ငါတွေနဲ့မပြောရဘူးလား.."

ဘဝင်ကလည်း တစ်ချက်မှမတွန့်..၊

"မှန်တာပေါ့..နင်ကအငယ် ငါကအကြီး.."

"ဘာ.."

"ဘဝင် မင်းတော်တော့.."

"ဘာလို့တော်ရမှာလဲကိုကို..သူပြောနေတာကျတော့ ကိုကိုနားထောင်နေတယ်.."

"ထောင်မှာပေါ့..ငါက လူပီပီသသပြောနေတာ.."

"လူမပီသတဲ့ စကားပြောနေတာဆိုလည်း လူမပီသတဲ့လူချင်းမို့ နားလည်တာပဲ.."

"နင်.."

"ဒီမှာ အချစ်ဝိုင်..လွန်ခဲ့တဲ့ လေးနှစ်လောက်တည်းက ကိုကိုက ငါ့ယောကျ်ား..နင်လက်ထပ်ခဲ့တာ နာရီနဲ့တွက်ကြည့်ရင် လေးဆယ့်ရှစ်နာရီတောင် မပြည့်သေးဘူး.."

"တောက်.."



www.burmeseclassic.com

www.burmeseclassic.com



ဝိုင့်ဆီက ခပ်ကြိတ်ကြိတ်တက်ခေါက်သံကြောင့် ဘဝင်က လက်လေးပိုက်လိုက်ပြီး မဲ့ကာ..၊

"နင်ကလက်ထပ်ပြီးတာတောင် ယောက်ျားပြန်မလာလို့ သူရှိတဲ့ဆီ မောကြီးပန်းကြီးလိုက်လာရတာလေ..၊ ဟွန်း..ငါကဲ ကိုကို့ကလေးကို မွေးထားရတဲ့ ကိုကို့ဇနီး.."

"ဘဝင်..မင်းကိုငါ.."

"ဟင့်အင်း..ပြောမှာပဲ.."

"တောက်.."

နာရီတက်တစ်ချက်ခေါက်လိုက်ရင်း ဘဝင့်လက်မောင်းလေးကို ဆွဲကိုင်လိုက်လျှင် ဘဝင်ကရုန်းပစ်လိုက်ပြီး နောက်ထပ်မဆွဲနိုင်အောင် ထပ်ဆုပ်ရှောင်လိုက်ကာ..၊

"လူပါးဝလို့..'နင်နဲ့ငါနဲ့' ပြောတာကိုများ နာနေသေးတယ်၊ ကိုကို့ကိုသာ မင်္ဂလာရင်အဲ့ဒီစကားတွေကို ဒိဂ်ရီထပ်ထည့်ပြီး ပြောပေးလိုက်လို့ရသေးတယ် သိလား..ငါဘာလဲဆိုတာပေါ်သွားရင် နင်ဘာလဲဆိုတာ မပြောဘဲ သဘောပေါက်သွားလိမ့်မယ်.."

"နင်..နင် မိုက်ရိုင်းလိုက်တာ.."

"နေကြပါဦး..တော်ကြတော့..ဟဲ့.."

ဒေါ်ပန်းသီရိရဲ့ မိကျောင်းတို့အပြေးအလွှား ထွက်လာကြရင်း၊

"သား ကောင်မလေးကိုခေါ်သွား.."

"အန်တီသိ..သူ သူအရမ်းမိုက်ရိုင်းတယ်သိလား.."

"ဟုတ်တယ်..အိမ်ရှေ့မှာ အချေအတင်တွေ များနေကြတာကိုက မှားနေတာ..လာ..လာ..အထဲဝင်.."





ဒေါ်ပန်းသီရိ အိမ်ထဲလှည့်ဝင်သွားခဲ့တာ ထိုင်တောင်မထိုင်ရသေးပါ၊ ကားမီးရောင် မြင်လိုက်သဖြင့် တစ်ယောက်ယောက်လာတာလားလို့ တွေးပြီး အထဲဝင်လာနိုးနဲ့ စောင့်ကြည့်နေမိတာဖြစ်သည်။

တကယ်ပါ၊ ဒီအရွယ် ဒီအခြေအနေတွေနဲ့ ခုလောက်ထိဖြစ်ကုန်ကြလိမ့်မယ်လို့ ထင်ကိုမထင်ခဲ့မိတာအမှန်..၊

"သူက ဒီမှာနေမှာလား..ပြဿနာရှာဖို့ ရောက်လာတာလားဟင်.."

အထဲကိုဝင်လာတော့ နာရီနဲ့ဟိုတစ်ယောက်ကို မမြင်..၊ ဝိုင့်မျက်နှာလေး ဒေါသကြောင့်ပို၍ ရဲတွတ်သွားခဲ့၏။

ခေါ်သွားလို့ မအေက ခိုင်းလိုက်တာဘာယ်ထိ ခေါ်သွားတာမို့လို့ မရှိရတာလဲ..၊

"ထိုင်..သမီး.."

ဒေါ်ပန်းသီရိကလည်း တံခါးဝမှာ ရှိနေသေးသည့် အဝတ်အစားသေတ္တာတွေကို မြင်ယောင်ကာ အခြေအနေကိုရိပ်မိလျက်..၊

"ဒီလိုရင်ဆိုင်လာရတာတွေကို လောလောဆယ် ရှင်းမပေးနိုင်သေးတဲ့အတွက် အန်တီတောင်းပန်ပါတယ်သမီးရယ်.."

ထိုစဉ် ဒီထိရပ်စောင့်ပေးနေခဲ့သည့် ဝိုင်တို့ရဲ့ဒရိုင်ဘာက သေတ္တာတွေကို ဧည့်ခန်းထဲထိ လာပို့သောကြောင့်..၊

"ရပြီ..အဲ့မှာပဲ ထားခဲ့တော့..ပြီးမှ သယ်ခိုင်းလိုက်ပါ့မယ်"

လို့ လှည့်ပြောလိုက်ပြီး ဝိုင့်ကိုကြည့်၍..၊

"ဘဝင့်ကို သမီးမြင်တဲ့အတိုင်းပဲလေ..သူ့မှာ ကလေးက



www.burmeseclassic.com

www.burmeseclassic.com



လည်းပါလာတယ်၊ သားအိမ်ထောင်ကျခဲ့ဖူးတာကိုလည်း အန်တီတို့အပြင် တခြားလူတွေက သိပ်မသိကြတော့ ခုနေ သူနဲ့ပဋိပက္ခဖြစ်ဖို့တွေ ရှိလာခဲ့ရင် ဘာမှသိမထားကြတဲ့ ပတ်ဝန်းကျင်မှာ..”

“အဲ့ဒီအတွက် ဝိုင်တို့ပဲသိက္ခာကျ အရှက်ရခဲ့တာအန်တီသိ၊ အဲ့ဒါထက်ဆိုးတာက သူဒီမှာရှိနေမယ့်အဖြစ်ပဲ..”

ဝိုင်က မျက်ရည်ကြည်တွေ ဝေ့တက်လာခဲ့လျက်.. ၊

“ကိုက ဝိုင့်ရဲ့သူဌေးပါ..ဝိုင်တို့လက်ထပ်ကြတည်းက အားလုံးက ချစ်လို့ယူကြတာလားလို့ တွေးတာမဟုတ်ဘူး..”

“ဒါကတော့ ဘယ်သူတွေဘယ်လိုတွေးတွေး သားကိုယ်တိုင် စုံမက်လို့ လက်ထပ်ခွင့်တောင်းခဲ့တာအန်တီတို့ သိတာပဲကွယ်..”

ဝိုင်က မျက်လွှာချထားရာမှ ငြိမ်သက်နေခဲ့၏။ ကုမ္ပဏီမှာ အတွင်းရေးမှူးရာထူးရအောင် ကြိုးစားခဲ့ရတာလည်း ကို့ကိုသဘောကျနေမိလို့ဖြစ်သည်။

လက်ထပ်ဖို့ထိအခြေအနေတွေ ဖြစ်လာတာလည်း ကိုယ်ဖန်တီးခဲ့တာ မဟုတ်ပေ၊ သို့သော် နာရီနဲ့လက်ထပ်ရမည့်အရေးအတွက် သူမ ကြည်နူးရင်ခုန်ခဲ့ရသည်။

မေမေတို့က အင်တိုက်အားတိုက် လက်ခံခေါင်းညိတ်ခဲ့ကြသ ဖြင့် မင်္ဂလာပွဲမှာ သူမလောက်ကျေနပ်ပျော်ရွှင်ရသည့်သူ ရှိမည်တောင်မထင်ခဲ့..၊

ခုတော့ ဒါတွေအားလုံး ပျောက်ဆုံးခဲ့ပါပြီ၊ ကိုယ့်ဘက်က ပို၍အားနည်းခဲ့ရခြင်းသည် နာရီကချစ်ခင်မြတ်နိုးလို့ လက်ထပ်ခွင့်တောင်းယူခဲ့တာ မဟုတ်ဘဲ အခြေအနေတစ်ရပ်ကြောင့်





သာဖြစ်ရာ..၊

“ဘာပဲဖြစ်ဖြစ် သမီးကသာပါတယ်ကွယ်..”

ဟင်..။

ဘယ်သူသာတယ်ဆိုတာ သူမတွေးနေတုန်း ဒေါ်ပန်းသီရိက ပြောလိုက်သဖြင့်..၊

“သမီးတို့က အလုပ်တစ်ခုတည်းမှာ အမြဲအတူရှိနေကြမှာ..ပြီးတော့..”

“အန်တီသိ..”

“အင်း..ပြောလေ..”

“စကားဖြတ်ပြောရတာ တောင်းပန်ပါတယ်နော်..”

“သြော်..ကိစ္စမရှိပါဘူး၊ ပြောလေ..ပြော..”

“သမီးတစ်ခုလောက် တောင်းဆိုပါရစေ..”

“ဘာလဲ..ပြော..”

ဘယ်သူသာတာ နာတာတွက်ပြီး ထိုင်နေလို့မရသည့်ကိုယ့်ဘက်ကအခြေအနေမှာ ဒီကိုထွက်လာတည်းက မာန်မာနတို့ကို ဘေးချိတ်ထားခဲ့ရသည်။

နာရီ အိမ်ထောင်ကျခဲ့ဖူးတာကိုရော မကွဲရှင်းရသေးတာကိုရော သူမ သိထားခဲ့တာမို့ ဖြစ်လာသည့်အခြေအနေကို နှစ်ယောက် အတူရင်ဆိုင်ရမည်လို့တွက်ပြီး သတ္တိမွေးထားခဲ့၏။

တကယ်တမ်းကျတော့ ကလေးတစ်ယောက်လက်ဆွဲပြီး ရောက်လာခဲ့သည့် ဇနီးဟောင်းဆိုသည့် မိန်းမရဲ့ဘေးမှာ သူမ ကိုယ်သူမ ဘယ်လိုမှမာန်တင်းပြီး ရပ်တည်နေနိုင်ဖို့မလွယ်ဆေ..၊

“ဘာပြောမလို့လဲ..ပြောလေ..”



www.burmeseclassic.com

www.burmeseclassic.com



ဒေါပန်းသီရိက ပြန်စပေးလိုက်မှ..၊

"သူ့ကိုဒီမှာ လက်ခံထားမှာလားဆိုတာ အန်တီမဖြေသေးဘူးနော်.."

"ဖြေပြီးပါပြီ..ဒါပေမယ့် အန်တီတို့လည်း ဘာမှမဆုံးဖြတ်ရသေးတော့ ခုချိန်မှာအတိအကျတော့ မပြောနိုင်သေးဘူး..ကလေးလေးနဲ့ ရောက်လာတော့ ပိုဆိုးတာပေါ့.."

ပိုဆိုးတာလား..ပိုကောင်းသွားတာလား..၊

ရင်နင့်သွားခြင်းက ခံရခက်တာလားတော့ မသိပေမယ့် ဒေါသဖက်သွားတာက အမှန်ပဲဖြစ်သည်။ မင်္ဂလာစင်မြင့်ထက်ကို ဘဝင်တက်လာစဉ်က ဒေါပန်းသီရိရဲ့ အမူအရာတွေ စကားလုံးတွေက ရင့်သည်။

ဒီနေ့ မြင်လိုက်ကြားလိုက်ရတာတွေကျတော့ ထိုစဉ်ကနဲ့ မတူတော့သလိုပင်..၊

"အန်တီသိဘာပြောတာလဲဟင်..ကလေးနဲ့မို့လို့ သူ့ကိုလက်ခံထားရတော့မှာလို့ ဆိုလိုတာလား.."

ဒေါပန်းသီရိ မျက်နှာတစ်ချက်ပျက်၏။

သို့သော် တည်ငြိမ်စွာမော့လာရင်း..၊

"အဲ့ဒါကတော့ သားရဲ့ဆုံးဖြတ်ချက်က အဓိကပဲလို့ပြောရလိမ့်မယ်.."

"သမီးကတော့ ဘယ်သူ့ဆုံးဖြတ်ချက်မှ မသိရသေးခင် သမီးဆန္ဒအရ ပြောချင်တာရှိတယ်.."

"ပြောလေ.."

"သူ့ကိုကျေနပ်လောက်အောင်ပေးပြီး ကွာရှင်းလိုက်ဖို့





ပါ.."

ပြောပြီး ဒေါပန်းသီရိကို ကြည့်မိသည်။ တည်ငြိမ်နေသည့်မျက်နှာပေါ်မှာ ဘယ်လိုပြောင်းလဲသွားသည်ကို ဖတ်လို့မရ..၊

"သမီးရဲ့ဂုဏ်သိက္ခာ..ကိုရဲ့ပတ်ဝန်းကျင်အတွက် ဒါက အမည်းစက်တစ်ခု ဖြစ်လာခဲ့ရင်.."

"စာမျက်နှာတိုင်းမှာ ဖျက်ရာပြင်ရာဆိုတာတော့ ရှိတတ်ကြတာပါပဲ.."

ကိုယ့်စကားကို သရော်လိုက်တာလားလို့ ထင်ရပေမယ့် သေချာကြည့်တော့ ဒေါပန်းသီရိအပြုံးက လှို့ဝှက်ခြင်းကင်းနေသည်ဟု ထင်ရပြန်ကာ..၊

"ပြင်ရာဖျက်ရာမရှိရင်တောင် ရေးခြစ်လိုက်ပြီဆိုတည်းက စွန်းထင်းသွားတာပဲလေ..ဘာမှ မစွန်းထင်းဘူးဆိုရင် အဲ့ဒါ ဘာမှ ရေးခြစ်မထားလို့ပဲ..၊ တို့တွေကို အလင်းရောင်ပေးနေတဲ့ လမင်းကြီးတောင်မှ သူ့ကိုယ့်မှာ စွန်းထင်းဒဏ်ရာတွေ ဗလပွနဲ့လဲ.."

သူဘာပြောချင်တာလဲလို့တွေးရင်း ဝိုင့်မျက်နှာလေး တင်းမာစပြုလာခဲ့သည်။

"အန်တီကတော့ သားရဲ့အိမ်ထောင်ရေးကို ဘာမှဝင်စွက်ချင်ဘူး..သမီးကိုလက်ထပ်ချင်ပါတယ်လို့ ခွင့်တောင်းလို့ အန်တီကိုယ်တိုင် စေ့စပ်ပေးတယ်..ချက်ချင်းလက်ထပ်ပေးဖို့ စီစဉ်ခဲ့တယ်၊ ခုဖြစ်လာတဲ့အခြေအနေကလည်း.."

"သမီးကတော့ အန်တီရှင်းပေးသင့်တယ်ထင်လို့ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပါ..ကိုရဲ့မိဘအနေနဲ့ အန်တီစီစဉ်ပေးလို့ရပါတယ်.."

"လက်ဆောင်ပို့လိုက်တဲ့ ပစ္စည်းတစ်ခုဆိုရင်တော့ ဟုတ်တာပေါ့ကွယ်..အန်တီတခြားလူကို တစ်ဆင့်ပြန်ပေးရင်လည်း ဖြစ်တယ်..ဘယ်နေရာသွားထားထား ဘယ်မှာသိမ်းသိမ်း.."

"ဒါဆို သမီးကလက်ထပ်ခဲ့ရပြီး လိမ်ညာခံရသလို ဖြစ်မနေဘူးလား အန်တီ.."

"သမီးတို့ချင်း နားလည်မှုယူခဲ့ပြီးပြီဆို.."

မဟုတ်ဘူးလို့ ပေါ်ပေါ်တင်တင် ငြင်းလိုက်ချင်သည်။ ဒါပေမယ့် တစ်မျိုးပြီးတစ်မျိုးပြော၍ ကိုယ့်စကားကို တန်ဖိုးမမဲ့စေချင်..၊

"အဲ့ဒါ သမီးတို့နှစ်ယောက်အပြင် ဘယ်သူသိလို့လဲ အန်တီသိ၊ ကိုကို သမီးက နားလည်ဖို့ကြိုးစားနေတဲ့အချိန်မှာ လိမ်ညာဖျက်စီးမှုနဲ့ တရားစွဲလိုက်ပါလားလို့ အကြံပေးတဲ့လူတွေတောင် ရှိခဲ့တာ.."

ဒေါ်ပန်းသီရီ မျက်နှာတင်းခနဲဖြစ်သွားသည်။

ဒါခြိမ်းခြောက်တဲ့စကားဆိုတာ နားလည်လိုက်၏။

"သမီးက အနေအထားတွေရှိနေတာကို ပြောပြတာပါ"

"လိမ်ညာဖျက်ဆီးမှုမြောက်ရအောင် သမီးတို့လက်ထပ်ပွဲတောင် မပြီးသေးဘူးလေ..ပေါင်းဖက်ကြတဲ့ အဆင့်ကိုလည်းမရောက်ခဲ့သေးဘူး၊ အဲ့ဒီလို ဟိုဘက်ဒီဘက်စကားတွေ ပို့တဲ့လူတွေကို 'ရှာသူ'လို့ ခေါ်တယ်သမီး.."

ဒေါ်ပန်းသီရီက ဒီလိုကိစ္စကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ သိထားသည့် အကြည့်တို့နှင့် တည်ငြိမ်စွာရှိနေလျက်..၊





"ဒီလို သွေးထိုးစကားတွေပေါ်မှာ နားမယောင်နဲ့..စာနာထောက်ထားခြင်းတွေ လူမှုဆက်ဆံရေးတွေနဲ့ တစ်ယောက်အပေါ်တစ်ယောက် အမှားမပြုမိအောင် ဆက်ဆံဆုံးဖြတ်ကြဖို့ဆိုတာ သိပ်ကိုခက်ခဲတယ်.."

ထိုစကား ဘယ်ကိုဦးတည်နေမှန်း ဝိုင်နားမလည်သေးပေ..၊

"ပြောချင်တာက မေတ္တာစေတနာနဲ့ ဆုံးဖြတ်နေတာကို ဥပဒေနဲ့ ဘယ်လိုအကျုံးဝင်တယ်ဆိုတာ ထည့်မတွေးမိဖို့ပဲ.. အန်တီ ကြောက်လို့ပြောတာ မဟုတ်ဘူးနော်၊ သမီးနစ်နာသွားမှာ စိုးလို့.."

ဟင်..၊

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားသည်။ တစ်ဆက်တည်း 'ငါက ဘာလို့ နစ်နာရမှာလဲ..' ဆိုသည့်မာနနှင့် မျက်မှာကပါ တင်းသွားခဲ့လျက်..၊

"ဒါဆိုရင်လည်း သမီးချင်းစာနာတဲ့မေတ္တာစိတ်နဲ့ပဲ အန်တီ စဉ်းစားကြည့်ပါဦး..၊ လူလွတ်ဆိုပြီး လက်ထပ်ခဲ့ပြီးမှ သားကြီးမယားကြီးက အိမ်ပေါ်ရောက်ပြီး မပြတ်မသားဖြစ်နေခဲ့ရင် သမီးဘက်က အမေအဖြစ် အန်တီဘယ်လိုခံစားရမလဲ.."

"မပြတ်မသားဖြစ်တယ် မဖြစ်ဘူးဆိုတာ အဖြေမပေါ်သေးဘူးလေ.."

"သမီးကတော့ အဖြေပေါ်နေပြီလို့ထင်တယ်အန်တီ.."

ဝိုင်က အိမ်ထဲကိုတစ်ချက်လှမ်းကြည့်ကာ နောက်မှခပ်ဖြည်းဖြည်း ထရပ်လိုက်ပြီး..၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မကဘူး..အန်တီသိကိုယ်တိုင်.."

"မဟုတ်ဘူး..မဟုတ်ဘူး အဲ့လောက်ထိအဖြေက မရှင်းသေးဘူး၊ အန်တီဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာ အန်တီကိုယ်တိုင် မသိသေးတဲ့အတွက် ဒါကိုတော့ သမီးဘာသာအဖြေရှင်းနေလို့ မရဘူး..ပြောနိုင်တာက လောလောဆယ်သမီးသည်းခံပေးပါ အချိန်တန်ရင် ဖြစ်သင့်တဲ့အတိုင်း.."

"ဒါဆိုလည်း သမီး အိမ်ကပဲစောင့်ပါမယ်.."

ဝိုင်က အိတ်ကိုကောက်ကိုင်ပြီးမှ တွေခနဲဖြစ်သွားပြီး ဒီတိုင်းပြန်ရပ်သည်။ ပြီးမှ..၊

"မနက်မှ ယူခိုင်းတော့မယ်.."

သူမဘာသာပြောပြီး အိမ်ပြင်ကိုခြေလှမ်း၏။

ဒေါ်ပန်းသီရိ ကမန်းကတန်း ထရပ်လိုက်ရင်း..၊

"သမီးနေဦးလေ..သားနဲ့ပြောပြီးမှ.."

"ဟိုတစ်ယောက်နဲ့ ပြောဆိုပြီးတဲ့အထိ သမီးမစောင့်နိုင်တော့ဘူးအန်တီ..သမီးရတဲ့နေရာက အဲ့လိုနေရမျိုးလည်း မဖြစ်သင့်ဘူးမို့လား..အဲ့ဒီတော့ ကိုက လိုလားတယ်ဆိုရင် သူကိုယ်တိုင် လာပြောပါစေပေါ့.."

သူမ လှည့်ထွက်သွားတော့ ဒေါ်ပန်းသီရိဘာမှ ဆက်မပြောတော့ဘဲ ရပ်ကြည့်နေခဲ့၏။ သို့သော် အိမ်ပေါ်တက်လာကြသည့် အရိပ်တွေကြောင့် ဝိုင် တုံ့ခနဲဖြစ်သွားသည်။

ဒေါ်မြမှုံးနဲ့ ဒေါ်ခင်မမ..၊ နှစ်ယောက်စလုံးသည် အမောတကောပုံစံတွေ ဖြစ်နေကြပြီး..၊

"ငါထင်သားပဲ..ဒီလိုဖြစ်မှာပဲဆိုတာ.."





ဒေါ်ခင်မမက စိတ်ပျက်သံနှင့်ရေရွတ်၏။

ဒေါ်မြမှုံးက လျှောက်ဝင်လာကာ..၊

"ဒီနားကပ်နေမှ ကားပျက်သွားလို့ ခြံထဲကိုဆင်းလျှောက်ခဲ့ရတယ်..၊ ဘယ်လိုဖြစ်ရတာလဲ မပန်းသီ..ကလေးတွေကို ဖြစ်ချင်ရာ ဖြစ်ခွင့် ပေးတော့မလို့လား.."

သူမဘာသာပြောရင်း ဆိုဖာမှာလာထိုင်၏။ ဒေါ်ခင်မမကတော့ ဝိုင့်လက်ကို မိမိရရဆွဲကိုင်ပြီးမှ ပြန်လာထိုင်ကာ..၊

"ပြန်လာထိုင်စမ်း..လူကြီးတွေ စကားပြောမယ်.."

ဟု အမိန့်ပေး၏။ သူတို့အားလုံးလှုပ်ရှားနေသမျှကို ဒေါ်ပန်းသီရိက နှုတ်ဆိတ်ကြည့်နေခဲ့၏။

"ဟဲ့..ထိုင်လေ.."

"သမီးပြန်တော့မလို့.."

"ပြန်စရာလား..ဒါအိမ်ထောင်ရေးနော်ဝိုင်၊ အခု ကောင်လေးဘယ်မှာလဲ.."

သမီးကိုမေးပေမယ့် အကြည့်က ဒေါ်ပန်းသီရိထံရောက်၏။

"နာရီ ဘယ်မှာလဲ.."

ဒေါ်ခင်မမက ထပ်မေးသည်။ လူစုံအောင်မေးပြီးမှ ဒေါ်ပန်းသီရိက..၊

"သားက အိမ်ထဲမှာ.."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

"အို..မသိဘူး..သူက နောက်လူပဲ..၊ နောက်မှယူရင်.. မယား.."

"တော်တော့ဆို.."

"ကိုကိုလည်း မပြောနဲ့တော့ပေါ့..သူများကို မယားငယ် လိုလို ကလိန်ကကျစ်လိုလို အဲ့ဒီမိန်းမပြောနေတာ.."

"အဲ့ဒါတွေ မင်းထပ်ပြောကြည့်စမ်း.."

ဆောင့်ခနဲ ဆွဲခါလိုက်တော့ ဘဝင့်အသံတိတ်သည်။ သို့သော် တခြားစကားကို လမ်းကြောင်းပြောင်း၍..၊

"ကိုကို့ကို ဘဝင်ချစ်တယ်.."





"သိတယ်..ချစ်တယ်လို့ပြောရမလား၊ မုန်းတယ်လို့ပြောရမလား ဘာဖြစ်ဖြစ် မင်းပြောဖို့ဝန်မလေးဘူး.."

"ကိုကိုပဲ ဘဝင့်ကိုအမြဲအထင်သေးနေတာ.."

"ကြီးစရာမှမရှိဘဲ.."

"အဲ့ဒီမိန်းမကရော ဘာကြီးစရာရှိလို့လဲ.."

"မင်းမှာမရှိတဲ့ ကောင်းခြင်းအားလုံး သူ့မှာရှိတယ်.."

ဘဝင့်မျက်နှာ ဖွေးခနဲဖြစ်သွားသည်။ မီးရောင်အောက်မှာ သူမမြင်နေရတာ ဟိုအရင်က နေနာရီဆိုတဲ့ယောကျ်ားပဲဖြစ်သည်။ ဒါပေမယ့် သူမကတော့ ဟိုတုန်းကဘဝင် မဟုတ်တော့ပေ၊

ကိုကိုမရှိတော့မှ ကိုကို့ကိုမခွဲနိုင်မုန်းသိသည်။ သောကဗျာပါဒကို ကြာကြာမခံစားတတ်သည့်အကျင့်ကြောင့် အလုပ်လုပ်ရင်း ဖြေဖျောက်နိုင်ခဲ့ပေမယ့် မီးပွားတစ်စက စိတ်ကိုအမြဲတမ်း နှောက်ကျိနေစေခဲ့၏။

ထိုမီးပွားစသည် ကိုကို့ကိုသတိရတမ်းတမိခြင်းပဲဖြစ်ကာ ချစ်သူတွေကို မြင်တိုင်းလွမ်း၊ မိသားစုတွေ အေးချမ်းပျော်ရွှင်နေကြတာ မြင်တိုင်းလွမ်း..၊

လစ်ဟာနေသော ကွက်လပ်တစ်ခုဟာ ဘယ်လိုပြည့်စုံခြင်းတွေ ရှိနေလို့မှ မပျော်ရွှင်နိုင်ခဲ့ဘဲ ဘယ်သောအခါမှလည်း ပြည့်စုံသည်လို့ မထင်မိတော့ပေ..၊

အဲ့ဒီလောက်ထိ ကိုကို့ကိုချစ်နေခဲ့တာ ကိုယ့်ကိုယ်ကိုတောင် မသိခဲ့..၊ ပို၍သေချာတာက ကိုကို့နေရာကို တခြားဘယ်ယောကျ်ားနဲ့မှ အစားမထိုးနိုင်ခြင်းပင်..၊

ဘဝင် ကိုကို့မျက်နှာကို စူးစိုက်ငေးနေခဲ့မိသည်၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



သူမကို တကယ်မချစ်ခဲ့တာလား၊ ဒါမှမဟုတ် ဟိုတုန်းကစိတ်ပျက်ခဲ့ခြင်းတွေနဲ့ တကယ်မေ့ပစ်ခဲ့တာလား.. ၊

"ကိုကိုက ဘဝင့်ကို မချစ်တော့ဘူးပေါ့ ဟုတ်လားကိုကို"

နာရီက စိုက်ကြည့်နေ၏။ ပြီးမှ..၊

"ဟုတ်တယ်.."

"ဒါ ဟိုအရင်က ကိုကိုပြောခဲ့တဲ့အချစ်တွေပေါ့.."

ပြောပြီး ဘဝင်ကမဲ့သည်။

"ကိုကိုပဲချစ်တတ်တယ်..ကိုကိုပဲ စော်ကားခံရတယ်၊ ဘဝင် ကတော့ ဘာကိုမှ မလေးနက်..မချစ်တတ်တဲ့ ခပ်ပေါ့ပေါ့ မိန်းမ မပီသခဲ့တဲ့ မိန်းမတဲ့.."

သူမဘာသာရေရွတ်၍ မျက်တောင်တွေအတင်း ဖိခတ်ပစ်မိ၏။ ငိုချင်လာလည်း မျက်ရည်ကမကျ၊ ငိုသံတွေပါလာလည်း မျက်ရည်ကတော့ မပါပေ..၊ သူမကို အမေမွေးတည်းက မျက်ရည်အိတ် ပါမလာခဲ့တာလား ..၊

ငယ်ငယ်တည်းက သူမရဲ့မျက်ရည်မပါဘဲ အာခေါင်ခြစ်အော်ပြီး ငိုတတ်သည့်အကျင့်က လူကြီးတွေပါးစပ်ဖျားမှာ ရာဇဝင်တွင်ခဲ့တာဖြစ်သည်။

ဒါကို သူမကိုယ်တိုင် ဂုဏ်ယူနေတတ်ခဲ့ပြီး မျက်ရည်လွယ်တဲ့သူတွေကိုလည်း လှောင်ပြောင်ရယ်မောခဲ့ဖူးသည်။ ခုတော့ မငိုတတ်တဲ့ သူမအတွက် သူများသနားလာအောင် လွမ်းပြဖို့တောင် မျက်ရည်လက်နက်က မရှိ၊

စူးစိုက်ကြည့်နေသည့် နာရီ့မျက်လုံးတွေက မျက်ရည်ကြောင့် စူးလက်နေသည့် ဘဝင့်မျက်ဝန်းလေးတွေမှာ ငြိတွယ်နေ





ခဲ့ပြီး..၊

"မင်းပြောလို့ပြီးပြီလား..ပြီးရင် အခန်းတစ်ခုခုထဲမှာ သွားဝင်နေ ဒီကိစ္စ မင်းနဲ့ မိုးလင်းမှဆက်ပြောမယ်.."

"မပြောဘူးကိုကို..ပြောစရာရော လုပ်စရာရော ဘဝင့်အတွက်ရော သားလေးအတွက်ပါ အများကြီးရှိသေးတယ်..အဲ့ဒါတွေက ဒီအိမ်မှာပဲ၊ ဒီမှာပဲ ဘဝင်တို့နေမယ်..ကိုကို့နားက တစ်ဖဝါးမှ မခွာဘဲနေမယ်၊ အဲ့ဒါ ကိုကိုငြင်းခွင့် မရှိဘူး..ဘာဖြစ်လို့လဲဆိုတော့ ကိုကိုနဲ့ဘဝင်က လင်မယားတွေ.."

"မဟုတ်ဘူး.."

"ဟုတ်တယ်..နှစ်တွေဘယ်လောက်ကြာကြာ ကိုကိုမေ့မေ့ မမေ့မေ့..ကိုကို မုန်းမုန်း မမုန်းမုန်း ဘဝင်ကိုကို့ကို ဘယ်တုန်းကမှ မမေ့ခဲ့ဘူး..မုန်းလည်း မမုန်းခဲ့တဲ့အတွက် ကွဲကွာခဲ့တဲ့နှစ်တွေနဲ့ မဆိုင်ဘဲနဲ့ပြောနေတာ ကိုကိုက အမြဲတမ်း ဘဝင့်ယောကျ်ားပဲ.."

ပြောချလိုက်တာ အသက်မှရှူရဲ့လားမသိ..၊

ပြီးတော့ မျက်ရည်သုတ်သလို ပါးကိုပွတ်နေသေးသည်။ သူမ ဘယ်တုန်းက မျက်ရည်ကျတတ်လို့လဲ၊ ငိုရလောက်အောင်ရော လွမ်းတတ်ခဲ့လို့လား..၊

မမဲ့ပေမယ့် မဲ့သယောင်ဖြစ်သွားသည့်မျက်နှာက မီးရောင်အောက်မှာ သိသာနေ၏။ ဘဝင်ကလည်း ရင်ထဲမှာ ခံစားလိုက်ရတာသပ်သပ်..သူမခြေထစ်လှမ်းမှ နောက်ကျကျန်ခဲ့လို့ မဖြစ်ဘူးဆိုတာလည်း သိနေကာ..၊

"ကိုကို့ကို ဘဝင်မေးမယ်..လုံးဝမညာဘဲပြော ဟိုတုန်း



www.burmeseclassic.com

www.burmeseclassic.com



တည်းက ဘဝင့်ကို ကိုကိုနည်းနည်းမှ မေတ္တာမရှိခဲ့တာလား.."

နာရီ အသံတိတ်နေ၏။

"ပြောစမ်းပါကိုကို..မင်းကိုဘယ်တုန်းကမှ မချစ်ခဲ့ဘူးလို့ ကိုကိုပြောလိုက်ပါ.."

"ပြောလိုက်ရင် မင်းထွက်သွားမယ်ပေါ့.."

"ဘာလို့သွားရမှာလဲ..ဘဝင်ထွက်သွားအောင် ပြောလိုက်ဖို့ စိတ်ကူးရင်တော့ မပြောနဲ့တော့.."

"ဟော့..ဘယ်ကိုလဲ မင်း.."

သူမ ခြေလှမ်းလိုက်တာနှင့် နာရီကရှေ့က ပိတ်ကာထားလိုက်ကာ..၊

"မင်းကိုငါပြောနေတာ ခေါင်းထဲမရောက်ဘူးလား.."

"ကိုကိုပဲ အခန်းတစ်ခုထဲမှာ သွားနေဆို.."

သူ ငိုင်သွားပြီးမှ သူမလက်ကို ဖမ်းဆွဲထားလိုက်ကာ..၊

"မင်းထင်တိုင်း သွားလာနေလို့မရဘူး..ငါထွက်သွားပြီးရင် မိကျော့လာခေါ်လိမ့်မယ်၊ သူပြတဲ့အခန်းမှာပဲ.."

"မလိုပါဘူး..ဘဝင်က ကိုကို့အခန်းမှာ နေရာယူပြီးသား"

"ဘာ.."

"ကိုကိုနော်..ဘဝင့်ကို အတင်းချုပ်မထားနဲ့ ဖယ်ပေး.."

"ချုပ်မထားလို့ရမလား..ငါလက်ထပ်ပြီးပြီလို့ မင်းကိုပြောနေတာ..ဘာတွေလျှောက်လုပ်နေတာလဲ.."

"ဘဝင့်ကိုလည်း ကိုကိုလက်ထပ်ထားတာပဲ.."

"မင်း.."

"ကိုကိုက မိကောင်းဖခင်သားသမီးနော်.."





"ဘာပြောတယ်.."

"ဘဝင့်ကို အပျော်ကြံပြီး ကလေးတစ်ယောက်နဲ့ထားခဲ့တဲ့ ယောကျ်ားမျိုးဖြစ်အောင် ကိုယ့်ကိုယ်ကို ဆေးမခြယ်ဖို့သတိပေးတာ"

ကြည့်စမ်း ဒီကောင်မလေး..၊

ပြောပြီး အခန်းတံခါးဖွင့်ပြီး ဖွတ်ထွက်သွားသည်။ သူ ဒီတိုင်းကျန်ခဲ့ပြီးမှ နောက်ကလိုက်ရပြန်ကာ..၊

"ဘဝင်..ဟော့.."

သူမ ပခုံးလေးကိုဆွဲလှည့်ပြီး လက်မောင်းနှစ်ဖက်ကို ဖိဆုပ်ထားမိလျက်..၊

"အခုလောလောဆယ် မင်းနဲ့ငါရဲ့အိမ်ထောင်ရေး ဘယ်လိုရှိခဲ့တာတွေ မပြောဘဲ နေပေးစမ်းပါ..၊ မင်းနဲ့ငါ ဘာတွေဖြစ်ခဲ့တာ ငါတို့ချင်းသိတယ်၊ လူကြားမကောင်းအောင် လျှောက်ပြောပြီး မင်းကိုယ်မင်း သိက္ခာချမနေနဲ့.."

"အဲ့လိုဖြစ်နေလည်း မတတ်နိုင်ဘူး..ဘဝင်ပြောနေသမျှ မဟုတ်တာ ဘာမှမပါဘူး၊ ဘယ်သူတွေအထင်ကြီးတာ သေးတာလည်း ဂရုမစိုက်ဘူး..၊ ကိုယ့်ယောကျ်ားကတောင် အထင်မကြီးတာ ဘယ်သူကကြီးမှာလဲ..ဒီမှာ ကိုကို.."

ဘဝင်က နာရီ့အကျီကို ပိုင်စိုးပိုင်နင်း ဆုပ်ဆွဲထားလိုက်ပြီး မျက်နှာကို သေချာစူးစိုက်ငေး၏။ ပြီးတော့..၊

"ဘဝင် ကိုကို့ကိုအရမ်းချစ်တယ်..အဲ့ဒါကြောင့်ဆုံးရှုံးမခံနိုင်ဘူး၊ သားသားလေးကိုလည်း သူ့အဖေပြန်ခေါ်ပေးမယ်လို့ ကတိပေးထားတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကတီ..ဟုတ်လား.."

မပြောချင်တော့ဘူးထင်ခဲ့ပေမယ့် ဒီစကားကြောင့် နာရီ့နှုတ်ခမ်းမှာ မဲ့ပြုံးတွေပါထင်၏။ ထို့ပြင် ဘဝင့်ရဲ့ နုရဲနေသည့် ပါးပြင်လေးတွေနဲ့ မျက်တောင်ကော့ကော့လေးတွေကို မှေ့စေ့စပ်စပ်ကြည့်၍ အံကြိတ်မိကာ..၊

"ကတီဆိုတဲ့စကားကို လိပ်ပြာသန့်သန့်နဲ့ မင်းပြောရဲသေးတယ်..ဒါပေမယ့် ငါကတော့ ဂရုမစိုက်ဘူး..မင်းအတွက်လည်း ဘာမှပေးဖို့မရှိတော့ဘူး..အဲ့ဒီတော့ မင်းဒီမှာနေချင်ရင်.."

"ဟာ..ဖေဖေ.."

စကားသည်ရှေ့မဆက်နိုင်တော့ဘဲ မျက်နှာရှေ့မှာ ဘွားခနဲ ပေါ်လာသည့် ကလေးငယ်ရဲ့မျက်နှာလေးကြောင့် နာရီ ငေးငိုင်သွားခဲ့၏။

"တီလေး..ဒါသားသားလေးရဲ့ ဖေဖေနော်..ဟုတ်လားလို့.."

ဦးတင်ထွတ်ဆွဲထားသည့်လက်ကို ဆတ်ခနဲဖြုတ်ချပြီး ပြေးလာသည်။ သူ့ရှေ့မှာခြေစုံရပ်ပြီး မော့ကြည့်၏။ ပြီးတော့ ဘဝင့်လက်ကို လှည့်မကြည့်ဘဲ ခပ်စမ်းစမ်းလေးပြန်ဆွဲကာ..၊

"တီလေး..ပြောလေ.."

"ဟုတ်တယ်..အဲ့ဒါ သားသားလေးအဖေ.."

တီလေးဆိုသည့် ခေါ်သံကြောင့် ကလေးကို ငေးစိုက်ကြည့်နေသည့် နာရီအာရုံတွေ သူမဆီပြန်ရောက်လာ၏။ ဘဝင်က မလုံ့ မလဲလေးဖြစ်သွားပြီး လည်ပင်းတစ်ချက်ပွတ်၏။ ပြီးမှ..၊

"အဲ့ဒါ ကိုကိုနဲ့ဘဝင့်သားလေးပါ၊ စက်နာရီတဲ့.."





စက်နာရီဆိုတဲ့နာမည်ကို စိတ်ဝင်စားဟန်မပြဘဲ သူမမျက်နှာကြည့်ပြီး ရှေ့တိုးလာတော့ ဘဝင်သက်ပြင်းခိုးရှိုက်၍ အသက်အောင့်ထားလိုက်၏။ နာရီ့ရဲ့ ဒေါသမုန်တိုင်းဘယ်ကို ဗဟိုပြုနေပြီကို သိလိုက်သည်။ သူမ သိလိုက်တဲ့အတိုင်း.. ၊

"တီလေး..ဟုတ်လား.."

ဟု သွားကြားစေ့သံနှင့် တိုးတိုးကပ်မေးသည်။

ဘဝင်က မျက်နှာလွှဲထားလိုက်ပြီးမှ..၊

"ဟို အဲ့ဒါက.."

"တောက်.."

ခပ်ကြိတ်ကြိတ် တက်ခေါက်သံက မျက်နှာကိုအနီးကပ်ပစ် မှန်သွားသည့်နှယ်..၊

ပြီးတော့ ချာခနဲလှည့်ထွက်သွားလျှင်..၊

"ကိုကို.."

"မင်း ဖယ်.."

ဖယ်စမ်းဆိုသည့် စကားကိုဆုံးအောင်မပြောလိုက်နိုင်..၊

ပြေးဆွဲလိုက်သည့် သူမလက်ကိုခါချပစ်ဖို့ လွှဲလိုက်ပေမယ့် သူ့မျက်နှာအောက်မှာ မော့ငေးနေသော မျက်ဝန်းလေးတစ်စုံကြောင့် မခါဖြစ်ခဲ့..၊

ခပ်လှမ်းလှမ်းကနေ ရပ်ကြည့်နေသည့်ဦးတင်ထွတ် သက်ပြင်းချလိုက်ရင်း ခေါင်းတစ်ချက်ခါ၏။

ဘယ်လို ရှေ့ဆက်ကြမှာလဲ..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

"ဘဝင် ကိုကိုနဲ့ ဒီမှာပဲနေမယ်.."

ဒီစကားတစ်ခွန်းကိုပဲ နှုတ်ငုံဆောင်နေသည့် ဘဝင့်ထံ မျက်လုံးတွေ စုပြုံရောက်သွားကြသည်။

'ကလေးမဟုတ် ချွေးမဟုတ် ဒီကောင်မ ဒါကိုပဲနှုတ် တိုက်ရွတ်နေတာ သိက္ခာမဲ့လှချေလား..'လို့တွေးရင်း ဝိုင်အသည်း တွေယားနေမိသည်။

'ငိုတတ်တဲ့ကလေး နို့သောက်ရသည်' တဲ့.. ।

သူမတစ်ခွန်းပြောလိုက်တိုင်း အားလုံးရဲ့အာရုံတွေက သူမရဲ့တောင်းဆိုချက်ဆီမှာပဲ အလုပ်များသွားတတ်ကာ တစ်ခွန်းမှမပြောဆိုဘဲ ထိုင်နေသည့် ကိုယ့်မှာသာ..।





"အိမ်ထဲမှာမဟုတ်ပေမယ့် တစ်ခြံတည်းမှာပဲလေ.."

"ဒါပေမယ့်အမေရယ်..ခုမှ လက်ထပ်ထားတဲ့သူကိုတော့ အနားမှာထားပြီး ကလေးနဲ့ဇနီးကို ရှာပြင်ထုတ်သလို ဖြစ်နေတာ ကြီးက.."

"တစ်ခြံဝင်းထဲမှာပဲ ဘာကွာလို့လဲဘဝင်.."

ဒေါ်ပန်းသီရိကလည်း ဒီတိုင်းမှအဆင်ပြေမှာမို့ မဖြစ်မနေ ပြောနေရတာဖြစ်ကာ..।

"ခုမှလက်ထပ်ထားတာပေမယ့်..အဲ့ဒါကြောင့်ပဲ သူ့ကို"

"ခုမှလက်ထပ်ထားလို့ ဦးစားပေးရတာဆိုရင် ဘဝင်ကတော့ အဟောင်းကြီးမို့လို့လား.."

ဘာမှမပြောဘဲ နှုတ်ဆိတ်နေသည့် နာရီ့မျက်နှာ ရဲခနဲဖြစ်သွားသည်။ ဘဝင်က သူမကိုယ်သူမငုံ့ကြည့်ပြီး နားမလည်နိုင်သည့် မျက်နှာလေးနှင့် ပြန်မော့လာကာ..।

"ကိုကိုက ဘဝင့်ကို.."

"ဟိတ်..တော်တော့.."

တိုက်ရိုက်မေးခွန်းထုတ်လာတော့ နာရီ့အသံထွက်လာသည်။ သို့သော် ကျွတ်ခနဲ မျက်နှာမဲ့သွားလျက် နေရာမှထထွက်သွားလေသည်။

"ကိုကို.."

ဘဝင် ကမန်းကတန်းထရပ်လိုက်တာနှင့် ဝိုင်ကစော့ကြည့်ကာ..।

"မျက်စိကိုနောက်နေတာပဲ.."

ဟု ပေါ်တင်ပြော၍ မျက်နှာလွှဲမဲ့သည်။ ပြီးတော့..।



www.burmeseclassic.com

www.burmeseclassic.com



"ဆပ်ပြာသည် လင်ပျောက်ဆိုတာမျိုး ခုမှပဲတကယ် တွေ့ဖူးတော့တယ်.."

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်လိုက်သော်ငြား..၊

"ဘယ်လို..ဘယ်လို.."

နာရီနောက်လိုက်မည့် ခြေလှမ်းတွေက သူမဘက်ကို ချာခနဲ ပြန်လှည့်၍..၊

"ဆပ်ပြာသည်လင်ပျောက် ဟုတ်လား.."

"ဘဝင်.."

ဒေါ်ပန်းသီရိက ဘာမှမကြားလိုက်သဖြင့် ဘဝင်ပြော လိုက်ကာမှ စကားများကုန်ကြမှာစိုးကာ..၊

"ပြန်ထိုင်စမ်း..ဘဝင်.."

ပြောရင်း နေရာမှထရပ်လိုက်ပြီး..၊

"ဒီလို မျက်နှာချင်းဆိုင်တိုင်း စကားများနေကြရင် ပြဿနာကို ဘယ်လိုဖြေရှင်းကြမှာလဲ.."

"စကားများနေတာမဟုတ်ဘူး အမေ..မကြားတကြား လက်သီးပုန်း စကားပြောနေလို့ စိတ်တိုတာ.."

"ဒါကတော့ သူများဘာပြောနေသလဲ..ငါ့ကိုများလား လို့ နင့်ဘာသာ မလုံမလဲ လိုက်ကြည့်နေလို့ပါ.."

"ဘာ.."

"ဟုတ်တယ်.."

ဝိုင့်မျက်နှာလေး တည်ငြိမ်နေကာ ဘဝင့်ကိုမျက်လွှာပင့် ကြည့်ပြီး ပြုံး၏။

"ငါဘာပြောသလဲဆိုတာ သေချာကြားလောက်တဲ့အ





ထိ နင်နဲ့ငါ မနီးဘူး..အဲ့လိုကြီး ကြားလိုက်တယ်ဆိုတော့.."

ကြည့်စမ်း..ငြင်းပစ်လိုက်တာ ပေါ်တင်ကြီး..၊

"ဟုတ်တယ်..ငါက ဆပ်ပြာသည်လင်ပျောက်သလိုဖြစ် နေတာလေ..ပြောရရင် အဲ့ဒီထက်ကို ပိုသေးတယ်..ကောက်ရတဲ့ သူက ပိုင်ရှင်ပေါ်နေတာတောင် ပြန်မပေးဘဲ မျက်နှာပြောင်တိုက် နေတော့.."

ဝိုင် ဆတ်ခနဲထရပ်လိုက်ပြီး..၊

"နင် ဘာစကားပြောတာလဲ.."

"သြော်..သြော် သိသွားပြီ၊ ဟိုမှာ နင့်အရိပ်ပေါ်နေတယ် ကြည့်ကြည့်လိုက်..မလုံမလဲ ထဖြစ်တဲ့မျက်နှာဆိုတာ အဲ့လိုမျိုး.."

"တောက်.."

"တော်ကြတော့လို့ လူကြီးကပြောနေတာ ဘာဖြစ်လို့ မရပ်ကြသေးတာလဲ.."

"သမီးဘာပြောလဲ အန်တီမြင်ပါတယ်..သိပ်ကိုအောက် တန်းကျတာပဲ၊ အရမ်း စိတ်ပျက်ဖို့ကောင်းတယ်.."

"ဘာ.."

"ဟော့..ဟော့ တော်ပြီ.."

ဦးတင်ထွတ် ခြေလှမ်းကျဲကြီးများနှင့် ရောက်ချလာကာ၊

"ကြားလို့လည်းမကောင်းဘူးလေ ညည်းတို့နှစ်ယောက် က.."

"သမီးတို့ကလည်း ရန်ဖြစ်ရတာကို ဂုဏ်သိက္ခာမရှိတဲ့ အလုပ်လို့ပဲ မြင်တာပါ..ဘယ်တုန်းကမှလည်း ရန်မဖြစ်ခဲ့ဖူးဘူး"

"ဟုတ်မှာပေါ့..လက်သီးပုန်းထိုးတဲ့ နင့်စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြားတဲ့လူ မရှိခဲ့ဘူးကိုး၊ ငါကတော့ ရန်ဖြစ်ရတာ ဝါသနာပါတယ်..သတ္တိမရှိရင် ငါ့ရှေ့မှာ အတင်းလာမတုတ်နဲ့၊ လိုအပ်ရင် ဘယ်သူ့နဖူးကိုဖြစ်ဖြစ် ဖနောင့်နဲ့တက်ပေါက်ပစ်မှာ.."

အမလေး..ဘုရား..ဘုရား..၊

ဒေါပန်းသီရိ မျက်လုံးအဝိုင်းသားနှင့် ဘုရားတမိလေသည်။ တောင်ကြီးမြို့ရဲ့ ရှာနီးချုပ်စပ်ကတဲ့..၊

ဖွေးအုနုရဲနေအောင် ပုံစံက နုနုနယ်နယ်လေး..၊

ဝတ်စားနေထိုင်ပုံကအစ မြို့ကြီးသူတွေတောင် လိုက်လို့မီပါ့မလား..၊ ဒါကြောင့် သူမကိုကြည့်ပြီး အံ့ဩခဲ့မိသည်။

ခုတော့ 'ထောပတ်ထမင်းနဲ့ ဒိန်ခဲကိုစားပါသည်ဆိုပြီး ပါးစပ်က လေဂျင်တက်လိုက်တော့ ဖွဲဆုပ်နံ့ ဖြစ်နေသည်'ဆိုသော ပုံပြင်ထဲကလို..၊

သူမရဲ့ စိတ်ဓာတ်စရိုက်ကတော့..၊

"ခက်တယ်..ညည်းတို့အဲ့လိုပုံစံနဲ့ဆို နှစ်ဖက်လူကြီးတွေအားလုံး သိက္ခာကျ အရှိက်ရ ကုန်တော့မှာပဲ.."

ထိန်းသင့်တာက 'နင်'လို့ ပြောချင်တာလား..၊

ဦးတင်ထွတ်ရဲ့စကားကြောင့် ဝိုင်ကစပြီး မျက်နှာပျက်၏။ ဘဝင်ကတော့ ဒီစကားကို ပန်းနဲ့ပေါက်နေသည် ထင်နေသလားမသိ၊

ဟုတ်လိမ့်မည်၊ သူမက မိဘမဲ့ ပိုင်ဆိုင်မှုမဲ့စွာ အရှက်မရှိရောက်လာတဲ့ မိန်းမဆိုတော့ ဘယ်ဂရုစိုက်မှာလဲ..၊

ကိုယ့်မှာ မိဘအသိုင်းအဝိုင်း ရှိသေးသည်။

ပြီးတော့ နာရီကကိုယ်နဲ့လက်ထပ်ခဲ့တာ တိုင်းသိပြည်





သိ..၊

ကိုယ့်နေရာနဲ့တန်အောင် တခမ်းတနားနေစမ်းဝိုင်၊ ဒီလိုအဆင့်မရှိတဲ့ မိန်းမမျိုးနဲ့ ဘယ်တော့မှ ဖက်မဖြစ်နဲ့..၊

ဝိုင် ကိုယ့်ကိုယ်ကို သံပတ်တင်းလိုက်ပြီး မျက်နှာလွှဲမိသည်။

ဒီနေ့ နေရာထိုင်ခင်းကိစ္စကို ဘယ်လိုအဆုံးသတ်မှာလဲ..၊



www.burmeseclassic.com



# အခန်း (၁၁)

"မိကျော့..ဘာတွေချက်ပြီးပြီလဲ.."

"ရှင်.."

နောက်ကို လှည့်ကြည့်လိုက်တော့ ဝိုင့်ကို လှလှပပလေး မြင်လိုက်ရသဖြင့် မိကျော့အံ့သြသွားသည်။ ပြီးမှ ပျာပျာသလဲ ဖယ်ပေးလိုက်ရင်း..၊

"မမ အစောကြီးနိုးနေတာလား..ဘုရားဆွမ်းတော်ကပ်ဖို့ ချက်နေတာလေ..ဆွမ်းကျက်ရင်ပြီးပြီ.."

"ဘာနဲ့ကပ်နေကျလဲဟင်.."

မေးရင်းနဲ့ဝင်လာပြီး အိုးခွက်ပုလင်းတွေ အကုန် လျှောက်လှန်သည်။ ဘယ်ပစ္စည်း ဘယ်မှာထားတယ်ဆိုတာ





လိုက်မှတ်ပြီး ဘယ်သူဘယ်လိုကြိုက်တယ်ဆိုတာ မေးနေခဲ့၏။

သူမက အဖြူရောင်မှာ အစိမ်းရောင်ဒွေးရိုက်လေးပါသော မြန်မာဝတ်စုံနှင့် ဖြစ်ကာ၊ အကျီကရင်ဘက်နဲ့ပခုံးတွေမှာ အပါးသားလေးနဲ့ခံထားသည်။

ထို့ပြင် အစိမ်းရောင်ပန်းပွင့်လေးတွေကို ပခုံးတစ်ခြမ်းမှာ ကပ်ထားသဖြင့် ရိုင်းသလိုထင်ရပေမယ့် လှနေ၏။ မနက်ငါးနာရီတောင် မထိုးသေးဘဲ ဝတ်စုံလေးကပ်ချပ်သေသပ်စွာ ဆင်မြန်းကာ ဖွေးဖွေးနုနုလေး လှနေသောဝိုင့်ကို မိကျော့က မကြာမကြာခိုးကြည့်၏။

ထို့ထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာက သူမရဲ့ ဆံပင်ရှည်တွေပဲဖြစ်သည်။ ခါးအောက်မကျတကျထိရှည်ကာ ဖြောင့်စင်း အိစ္စနေကြ၏။ ကုမ္ပဏီကိစ္စနဲ့ အိမ်ကိုတစ်ခါတစ်ခါ ရောက်လာတုန်းကလည်း ဆံပင်ကိုဒီတိုင်းပဲ ချထားကာ၊ ဝတ်စားပုံကတော့ စကပ်ကျပ်ကျပ် အတိုအရှည် ကုတ်အကျီတွေနဲ့ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မြန်မာဝတ်စုံလေးနဲ့လည်း လှသည်။ ကုမ္ပဏီကနေလာတဲ့ ပုံစံလေးနဲ့လည်း လိုက်ဖက်၏။

"ဒုတ်.."

"အမေ့.."

နောက်ကနေ ခလုတ်တိုက်တော့ ဝိုင်ကလှည့်ကြည့်သည်။

"အဟီး..ဘာမှမဖြစ်ဘူး၊ ကော်ဇောနဲ့ငြိမိတာ.."

"ဘာတွေငေးနေလို့လဲ..ဆွမ်းတော်ပန်းကန်တွေ ကျမကွဲကောင်းဘူးနော်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ.."

မနက်အရုဏ်တက်မှာ ဆွမ်းတော်ကပ်ဘုရားရှိခိုးသည်။ ပြီးတော့ မိကျော့နဲ့အတူ မီးဖိုချောင်မှာလိုက်ဝင်ပြီး ဘရိတ်ဖက်စ်အတွက် ပြင်ဆင်ချက်ပြုတ်ရင်း..။

"အန်တီက ဆွမ်းတော်ထမကပ်ဘူးလား.."

"အမြဲတမ်းကပ်တယ်..ဒါပေမယ့် ဒူးမကောင်းကာမှ အထိုင်အထမ လွယ်လို့ မကပ်တာတစ်လလောက်ရှိပြီ၊ ဒူးက အိပ်ရာထကာစနဲ့ ရေချိုးပြီးစဆို ပိုဆိုးတယ်တဲ့..အထူးသဖြင့် ကျုံ့ကျုံ့ထိုင်လို့မရတာ.."

"အင်း နောက်နေ့တွေမှာ ငါပဲကပ်တော့မယ်..ညဘက်ကနေ ငါစီစဉ်ပေးတဲ့အတိုင်း အရုဏ်တက်ဆွမ်းချက်ရမယ် နားလည်လား.."

"ဟုတ်ကဲ့.."

"ကြက်သွန်ဖြူအခွံနွှာပြီး ခေါင်းလေးတွေလှီးထုတ်လိုက်.."

စကားပြောနေရင်း ဘရိတ်ဖက်စ်အတွက် စီစဉ်နေကာ၊ မိကျော့ကို တစ်ခုပြီးတစ်ခု ခိုင်းနေတာ ထောင့်စေ့နေတော့သည်။

"အဲ့ဒါပြီးရင် ငြုတ်ပွနှစ်လုံးကို အရှည်လိုက်ရှစ်စိတ်လောက် လှလှလေးလှီးထား.."

မိုးလင်းလာတော့ ထမင်းကြော်ရော ကော်ဖီပွဲအတွက်ပါ အားလုံးစီစဉ်ပြီး ဖြစ်နေကာ..၊

"အရုဏ်ဆွမ်းပေမယ့် သစ်သီးနဲ့သကြားပေါက်ပေါက်တွေနဲ့ပဲ မကပ်ဘူး..ဘရိတ်ဖက်စ်အတွက် ငါတို့စားဖို့စီစဉ်သလို





ပဲ ချက်ပြုတ်ပြီးကပ်မယ်.."

"ဟုတ်ကဲ့ပါ..ဟိုလေ မမကြီးကတော့ မနက်အတွက် အရုဏ်ဆွမ်းမို့လို့ ဆွမ်းဖြူဖြူမှာ သကြားဖြူးပြီး သစ်သီးပွဲနဲ့ ကပ်ရတာကိုပဲ ကြည်ညို.."

"ခု အန်တီနေမကောင်းသေးဘူးဆိုတော့ ငါခိုင်းတဲ့အတိုင်းပဲ လုပ်ပါ.."

စကားဖြတ်၍ အမိန့်ပေးကာ ထမင်းစားပွဲမှာ ချခင်းထားပြီးသည့် အရံပွဲလေးတွေကို သေချာကြည့်သည်။

ကြည့်နေရင်း..၊

"နောက်ကိုခိုင်းတာပဲလုပ်ပါ..ပြန်မမေးနဲ့၊ ကြားလား မိကျော့.."

"ဟုတ်ကဲ့ပါ.."

တည်တင်းနေသည့် မျက်နှာကို မရဲတရဲကြည့်မိပြီး နောက်ထပ်မကြည့်မိအောင်နေဖို့ ဆုံးဖြတ်မိ၏။ မမကြီးတောင် မီးဖိုချောင်ထဲဝင်လာပြီဆို ဒီလိုတည်တည်တင်းတင်းကြီးနဲ့ ခိုင်းခဲ့တာမဟုတ်ပေ၊

ထိုစဉ် ရင်ထဲမှာမကျေလည်သည့် အခံရှိနှင့်နေသော ဝိုင်ကလည်း ဘဝင့်မျက်နှာကို မြင်ယောင်ကာ..၊

"တို့အထင်တော့ ဒီအိမ်မှာ လူမှန်နေရာမှန်သိပ်မရှိသေးဘူး"

ဟင်..၊

"အလုပ်သမားက အလုပ်လုပ်နေရမယ်..စီစဉ်ညွှန်ကြားသူကလည်း ညွှန်ကြားနိုင်ရမယ်.."



www.burmeseclassic.com

www.burmeseclassic.com



မေမကြီးတို့ကိုများ ဝေဖန်နေတာလား..၊

မရဲတရဲတွေးရင်း တုံတွေးမျိုချမိသည်။

"ဘယ်နေရာမှာမဆို အဆင့်အတန်းဆိုတာရှိတယ်.. စည်းကမ်းကဲ့လနားကို ကျော်လို့မရဘူး.."

ဝိုင်က မီးဖိုချောင်ထဲမှာ မြင်မြင်သမျှကို ပြောင်းလဲနေရာချနေရင်း မိကျော့ကိုမကြည့်ဘဲ စက်သေနတ်ပစ်သလို ပြောနေတာဖြစ်ကာ..၊

"ဒီလိုသောင်းပြောင်းရောယှက်နေတဲ့အိမ်က ဘာနဲ့တူနေသလဲဆိုတော့ ခိုင်ခံ့မှုမရှိတဲ့ဝါးဖောင်လိုပဲ ဝါးတွေကို စနစ်တကျ နိုင်နိုင်နင်းနင်း စည်းနှောင်ထိန်းချုပ်နိုင်ရင် လိုရာခရီးကို အေးဆေးရောက်တယ်..ရေပေါ်မှာလည်း ကိုယ့်အတွက်အများကြီး အသုံးဝင်သေးတယ်..မဟုတ်ရင်တော့ ခရီးဆုံးမှာမဟုတ်တဲ့အပြင် ဘယ်လိုမှ ထိန်းချုပ်ထားနိုင်မှာ မဟုတ်ဘဲ.."

"ဟော..သမီးနိုးနေပြီလား.."

ဒေါ်ပန်းသီရိက အံ့သြသည်မျက်လုံးတွေနှင့် ရောက်လာကာ..၊

"မွေးနေတာပဲ..ဘာတွေကြော်လှော်နေတာလဲ.."

"ဟို..မမက.."

မိကျော့ကပြောမလို့ပေမယ့် မဖြေရဲဘဲ ထစ်ငေါ့နေ၏။ ဝိုင်က ဒေါ်ပန်းသီရိအတွက် ခုံဆွဲပေးလိုက်ရင်း..၊

"သမီး စီစဉ်ထားတာပါအန်တီ..ဘရိတ်ဖက်စ်အတွက် အားလုံးအကြိုက်ဖြစ်အောင် မိကျော့ကိုမေးပြီးတော့လေ.."

"ဟုတ်လား.."





ဒေါ်ပန်းသီရိမျက်နှာမှာ အားနာပြုံးတို့ဖြစ်လာခဲ့လျက်..၊

"ပင်ပန်းပါတယ်သမီးရယ်..မိကျော့ကို စားချင်တာပြောထားလိုက်ရင် ရတာကို.."

"ပင်ပန်းတယ် ဘယ်ဟုတ်မလဲအန်တီရယ်..ကိုယ်တိုင်ချက်ပြုတ်လိုက်မှ ကိုယ့်အကြိုက်ဘယ်လိုဆိုတာလည်း သူ့ကိုပြောပြီးသား ဖြစ်မှာလေ တစ်ပတ်နှစ်ပတ်လောက်တော့ ကိုယ်တိုင်ပဲစီစဉ်ပါ့မယ်"

"အင်း..အင်း..ကောင်းတယ်..အန်တီက သမီးပင်ပန်းမှာစိုးလို့ပါ..သားနဲ့အတူတူ ကုမ္ပဏီလည်း လိုက်ရဦးမှာမို့လား.."

"နေပေ့စေမေမေ..ကျွန်တော်တစ်ယောက်ပဲသွားမှာ" ဟင်..၊

"ကို ဘယ်လိုပြောလိုက်တာလဲ...အလုပ်တွေရှုပ်နေတဲ့အချိန်မှာမှ.."

"ဟုတ်တယ်..ဒါပေမယ့် လက်ထပ်ပြီးစဆိုတော့ မင်းကိုနားစေချင်လို့ပါ.."

နားစေချင်တာမဟုတ်မှန်း ဝိုင်အတပ်သိနေသည်။ မနေ့တစ်နေ့က သူဌေးရဲ့အတွင်းရေးမှူး၊ ဒီနေ့တော့ သူဌေးကတော်၊ ဒီပြောင်းလဲမှုနဲ့ ဆက်စပ်ပါလာမည့် အတင်းစကားတွေကို သူရင်မဆိုင်ချင်တာဖြစ်သည်။

တကယ်ဆို ဒီလိုဖြစ်ရမှာက သူမပါ..၊

ကိုယ်တောင်ဂရုမစိုက်သေးတာ နာရီဘာဖြစ်တာလဲ..၊

သူဌေးကတော် တက်ခုန်ဖြစ်သွားရခြင်းကအစ သူမအတွက် ဘာများထူးခြားနေလို့လဲ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်ကို ပိုက်ဆံလိုလို့ လုပ်ခဲ့တာလည်းမဟုတ်၊ သူမတို့အတွက် စည်းစိမ်ချမ်းသာနောက်ကို လိုက်ရလောက်အောင်လည်း မချို့တဲ့သေးပါ..၊

အားလုံးရဲ့အမြင်မှာ သူမချမ်းသာသွားပြီလို့ ထင်နိုင်ပေမယ့် သူမအတွက် ဒီလိုမဟုတ်တာ နာရီသိသည်။ ဒါနဲ့တောင်မှ..၊

"ထိုင် သား..ထိုင်.."

ဒေါ်ပန်းသီရိက နာရီထိုင်ပြီးကာမှ..၊

"အလုပ်ကို နှစ်ရက်သုံးရက်ဖြစ်ဖြစ် တစ်ပတ်ဖြစ်ဖြစ် ဦးမင်းမောင်နဲ့ လွှဲလိုက်ပါလားသား.."

"ဘာအတွက်လဲမေမေ.."

မေးလိုက်တော့ ဖြေရခက်သွားသည်။ လက်ထပ်ပွဲသည် အများအမြင်မှာ ပြီးမြောက်သွားခဲ့သည် ထင်စရာရှိပေမယ့် တကယ်က ပြီးမြောက်ခဲ့တာမဟုတ်..၊

ဝိုင်ဒီအိမ်ရောက်နေလို့ သူတို့တွေ ပေါင်းသင်းနေကြပြီလို့ ထင်ဖွယ်ရှိသော်လည်း..၊

"မဟုတ်ဘူး..မေမေပြောချင်တာက နားရင်လည်း နှစ်ယောက်အတူ နားလိုက်ဖို့ပါ..သားတစ်ယောက်တည်းဆိုရင်.."

"ရပါတယ်.."

စကားမဆုံးခင်ပြောလိုက်ပြီး ကော်ဖီကရားကိုကိုင်လိုက်တော့ ဝိုင်က ကရားပေါ်မှာ ဦးအောင်လက်တင်ပြီး နေရာရွှေ့လိုက်၏။ ပြီးတော့..၊

"ထမင်းကြော်ရှိတယ်..ပေါင်မုန့်ကြက်အူချောင်းလိပ်ရှိတယ်၊ တစ်ခုခု အရင်စားလေ ကို.."





နာရီက လက်ပြန်ရုတ်လိုက်ပြီး သူမမျက်နှာကိုကြည့်ကာ..၊

"အိမ်မှာ ဘရိတ်ဖက်စ် ငါဒီလိုပဲစားနေကျပါ.."

"ဒါပေမယ့် ကုမ္ပဏီရောက်ရင် မနက်ကိုးနာရီခွဲတာနဲ့ ထမင်းပေါင်းနဲ့ ထမင်းကြော်တစ်ခုခု ကိုမှာစားနေကျလေ.."

အဲ့ဒီတော့ ဘာဖြစ်လဲဆိုသည့် မျက်ဝန်းတွေကစူးရဲကျဉ်းမြောင်းသွားခဲ့၏။

"ပြီးရင် ကိုကနေ့လည်စာမစားတော့ဘူး.."

"ငါ့အတွက် အဲ့ဒါနေ့လည်စာပဲ.."

"အဲ့ဒါက ကိုယ့်ဘာသာသတ်မှတ်တာလေကိုရဲ့..အလုပ်ရှုပ်နေတတ်တာတွေ အကျင့်ဖြစ်နေတာတွေကို ကိုယ်ခန္ဓာကနားလည်မှာမဟုတ်ဘူး..ကြာရင် အစာအိမ်ထိလာမှာ.."

စိတ်မရှည်သည့် အကြည့်တစ်ချက်နှင့် နာရီမျက်နှာလွှဲသည်။ ဒေါ်ပန်းသီရိကတော့ ဘာမှမပြောပေ၊ ဘာချပေး ညာချပေးဆိုပြီး တစ်ဆင့်ပြန်ခိုင်းနေသည့် ဝိုင်စီစဉ်ပေးသော ဘရိတ်ဖက်စ်ကိုပဲ တိတ်ဆိတ်စွာစားနေမိ၏။

သူမ၏ စီစဉ်တတ်မှုကို သဘောကျသည်။ အိမ်ထောင်ရှင်မပီသသည့် မိန်းကလေးပါလားဆိုတာ သိလိုက်ရသည့်အတွက် ကျေနပ်ခြင်းနှင့်အတူ အံ့လည်းအံ့သြမိသည်။

သူမ၏အဆင့်အတန်းနှင့် နေထိုင်သည့်ပုံစံအရ ဒီလိုအရည်အချင်းကောင်းတွေ ရှိနေလိမ့်မည်လို့ ထင်စရာကိုမရှိခဲ့တာဖြစ်သည်။ ဒါပေမယ့် သူမအပေါ် ဘာမှမျှော်လင့်မထားခဲ့သည့် အဖြစ်ကြောင့် ချွေးမကောင်းလေးရပြီဆိုသော ကြည်နူးပီတိများ



www.burmeseclassic.com

www.burmeseclassic.com



လည်းမဖြစ်..၊

သားဖြစ်သူအိမ်ထောင်ရေးအတွက် ရင်လေးနေမိသည်။ ဇနီးဟောင်းနဲ့ သားကတစ်ဖက် ပူပူနွေးနွေးလက်ထပ်ခဲ့သည့် ဇနီးကတစ်ဖက်..၊

ထို့ပြင် ဘယ်ဘက်ကို ကိုယ့်သားယိမ်းယိုင်နေသလဲဆိုတာလည်း အကဲခတ်လို့ မရပေ..၊

"စားလေကို..ဘာလိုလို့လဲဟင်၊ ကိုစားတတ်တဲ့ ထမင်းပေါင်းအတိုင်း လုပ်ပေးထားတာပါ.."

"ကောင်းပါတယ်..မင်းလုပ်ထားတာပိုကောင်းတယ်"

ကောင်းပါတယ်ပြောသည့် မျက်နှာကမှုန်ကုတ်ကုတ် မလျှော့မတင်းနှင့်..၊

"မနက်စောစော ဒါစားနေမကျလို့ဖြစ်မယ်.."

နောက်ဆုံး နှစ်သိမ့်ခြင်းနှင့် ပါးစပ်သုတ်သည်။

ပြီးတော့..၊

"ရတယ်..နေနေ.."

ဂျော်ဖီကရားကို ဝိုင်လက်လှမ်းလိုက်တော့ သူ့ဘာသာဆွဲယူလိုက်ပြီး ထည့်သောက်သည်။ ဝိုင့်မျက်နှာလေးပျက်နေကာ ကိုယ်တိုင်တောင် မစားနိုင်အောင် ဖြစ်နေရှာသည်။

ဒေါ်ပန်းသီရိ စိတ်မကောင်းပေမယ့် မသိချင်ယောင်ဆောင်နေလိုက်သည်။ စိတ်ထဲမှာတော့ တွေးနေမိခဲ့၏။

'ဒီကောင်မလေးကို တောင်းပေးပါ'လို့ပြောခဲ့တာ ချစ်ခင်မြတ်နိုးလို့ မဟုတ်ဘူးလား..၊

"ဖေဖေ.."





ခေါ်သံလေးတစ်သံ နားထဲဝင်လာသည်။ စက်လေးကအဝါရောင်တီရှပ် စင်းကျားလေးနှင့် လက်ထဲမှာ ရိန်းဂျားစက်ရုပ်ကြီး ကိုင်ထား၏။

ဒေါ်ပန်းသီရိ စိုးရိမ်သွားဟန်နှင့် နာရီမျက်နှာကို ကြည့်လိုက်မိသည်။ ပြီးတော့ ဝိုင်..၊

"မိကျော့.."

"ရှင်.."

မိကျော့ကို ဝိုင်ကလှည့်မကြည့်ဘဲ ခေါ်ကာ..၊

"ကလေးကိုခေါ်သွားပြီး သူ့အမေဆီပို့ပေးလိုက်.."

"သားသားလေး တီလေးက မနိုးသေးဘူး.."

ဒေါ်ပန်းသီရိက "ခုံတစ်လုံးကို အနားမှာဆွဲကပ်လိုက်ကာ..၊

"မြေး ဗိုက်ဆာလို့လား..လာ ဒီမှာလာထိုင်.."

သူမ ဖြေရှင်းနေကာမှ ဒေါ်ပန်းသီရိခေါ်လိုက်တော့ ဝိုင့်မျက်ဝန်းတွေ စူးခနဲတစ်ချက် ဖြစ်၏။

"သွား..သူ့အမေကိုသွားနှိုးလိုက်.."

"ဟုတ်ကဲ့ မေမေကြီး.."

ဝိုင်က ကလေးနဲ့ဒေါ်ပန်းသီရိကိုကြည့်ရင်း စားသောက်လက်စကို ချထားလိုက်ပြီး ပါးစပ်သုတ်သည်။

"အန်တီဘာလိုသေးလဲဟင်..သမီးသွားတော့မလို.."

"ရပါတယ်ကွယ်..ကလေးကျွေးရုံပဲ၊ အန်တီကပြီးနေပါပြီ"

"အဟွန်း..ကလေးကျွေးတာတော့ မကူညီတတ်ဘူး

www.burmeseclassic.com



သမီးက ပွဲတက်ရင်တောင် မိသားစုအလှူအတန်းပွဲတွေဆို ဘယ်တော့မှ မတက်ဘူးအန်တီရဲ့..၊ ကလေးတွေနဲ့ ဝိုင်းဖွဲ့စားသောက်ရတာကို စိတ်ပျက်လို့..ဩော် ဆောရီးနော် အန်တီ..တခြားမှာပြောတာပါ"

ပြောချင်တာကိုပြောခဲ့ဖို့အတွက် 'ဘာလိုသေးလဲ'လို့ တာဝန်ကျေလိုက်တာ ဖြစ်မည်။ ဒေါ်ပန်းသီရိ ခေါင်းညိတ်ရင်း ခပ်သဲ့သဲ့ ပြုံးကာ..၊

"တစ်ယောက်တစ်မျိုးပါလား.."လို့ ရေရွတ်၏။

"ဘွားဘွား..ဖေဖေက သားသားလေးကိုမခေါ်ချင်ဘူးလားဟင်.."

ကော်ဖီသောက်နေသည့် နာရီ့လက်က တုံ့ခနဲဖြစ်သွားသည်။ ငုံ့ကြည့်လိုက်တော့ ကလေးကသူ့မျက်နှာကို လှည့်ကြည့်နေကာ..နှုတ်ခမ်းလေး ဖိပိတ်ထား၏။

"ဒီမှာကြည့်စမ်းမြေး..မြေးကိုဘွားမေးစရာရှိတယ်.."

ဒေါ်ပန်းသီရိက စက်လေးရဲ့မေးဖျားလေးကို ဆွဲလှည့်ပြီး မျက်နှာချင်းဆိုင်ကြည့်ကာ..၊

"မြေးက သူ့ကိုမြင်လိုက်တာနဲ့ ဖေဖေ့လို့ဘာလို့ တန်းသိတာလဲ.."

ဒါကိုမနေ့တည်းက မေးချင်နေတာဖြစ်သည်။ သားကိုမြင်လိုက်တာနှင့် ဖေဖေဆိုပြီးပြေးသွားတာက ရင်ထဲကို နွေးထွေးသွားစေခဲ့ပြီး သံသယတွေကြောင့် တင်းကျပ်ခဲ့ရသည်။

"ပြောလေမြေး.."

"ဟင်.."





"မြေးလေးက သူ့ကို ဖေဖေလို့တန်းခေါ်လိုက်တာလေ..သားမေမေက သင်ထားတာလား.."

ဒါမဖြစ်နိုင်ဘူးဆိုတာ တွေးထားပြီးသားပါ..အိမ်မှာ သားရဲ့ဓာတ်ပုံ ချိတ်ထားတာလည်း မရှိ၊ ကြိုတင်ပြီးပြထားတာလည်း မဖြစ်နိုင်..၊

"သားသားလေးတို့အိမ်မှာ..ဖေဖေ့ဓာတ်ပုံတွေ ရှိတယ်"

"ဟုတ်လား.."

"ဟုတ်..အကြီးကြီးလည်းရှိတယ်..အယ်လ်ဘန်တွေထဲမှာလည်း ရှိတယ်.."

"အင်း..အင်း မြေးလေးက မေမေနဲ့ပဲနေတာလား.."

"ဘိုးဘိုးရယ်..ဘွားဘွားရယ် ဘဘစံရယ် ကြီးကြီးဝဝရယ်၊ တီလေးရယ်..သားသားလေးရယ်.."

"ဟင်..အများကြီးပဲပေါ့.."

"ဟုတ်.."

ကိတ်ခြောက်လေးနဲ့ ကော်ဖီကိုနှစ်ပြီး သေချာခွံ့ကျွေးတော့ စားလည်းစားသည်။ မေးသမျှလည်းဖြေနိုင်၏။ ဖေဖေက သားသားလေးကို မခေါ်ချင်ဘူးလားလို့ မေးထားတာကိုလည်း သတိမရတော့ပေ..၊

"တီလေးလို့ ဘာလို့ခေါ်တာလဲမြေးရယ်..မေမေလို့ ခေါ်ပါလား.."

"တီလေးလို့ ဘယ်သူခေါ်ခိုင်းတာလဲ.."

နာရီကမေးလိုက်တော့ စက်လေး ချာခနဲလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တီးလေးခေါ်ခိုင်းတာ.."

ဒါပဲရှိတာကိုသိလျက်နဲ့ ဘာလို့မေးလိုက်မိမှန်းမသိ..၊

နာရီ့မျက်နှာတင်းနေကာ မေးခွန်းထုတ်မိပြီးမှ ကိုယ့်ကိုယ်ကို မကျေနပ်ဖြစ်သွားပြီး ထရပ်လိုက်သည်။

"သား.."

"ဒီည ကျွန်တော်ပြန်မလာဘူးမေမေ.."

"ဟင်..ဘာဖြစ်လို့လဲသားရယ်၊ အိမ်မှာ စိတ်ရှုပ်စရာတွေ ဖြစ်နေတာ မေမေနားလည်ပါတယ်..ဒါပေမယ့် အားလုံးက သားနဲ့ပဲသက်ဆိုင်တာလေ.."

နာရီကကြည့်တော့ ဒေါ်ပန်းသီရိခေါင်းခါလိုက်ရင်း..၊

"ကိုယ့်ပြဿနာကိုယ်ရှင်းဖို့ မေမေပြောတာမဟုတ်ပါဘူး..ဒါပေမယ့် ဒါကို သားပဲဖြေရှင်းရမှာကအမှန်ပဲ.."

"မေမေ့စိတ်ထဲမှာရော တစ်ခုခုဘက်ကို စောင်းပေးပြီး စဉ်းစားမိတာ ရှိသလား..ကျွန်တော့်ကိုပြောပါ.."

"ရှိရှိမရှိရှိ အဲ့ဒါတွေကိုဆုံးဖြတ်ရမှာက သားပဲ..အခုကတော့ သားနဲ့ဘဝင့်မှာ ကလေးရှိနေပြီ.."

နာရီ့အကြည့်တွေ စက်လေးဆီရောက်လာသည်။ စက်လေးက မျက်တောင်ကော့ကော့လေးတွေကို စိုက်ချငေးရင်း ရိန်းဂျားရုပ်လေးကိုပဲ အာရုံစိုက်နေ၏။

"မေမေထင်တာကို အရင်ပြောကြည့်ရမလားသား.."

ဒေါ်ပန်းသီရိက မေးလိုက်ပြီးသည်နှင့်..၊

"ဝိုင့်ကိုသားလက်ထပ်ခဲ့တာ မေမေပြောတာတော့ပေမယ့် ဘဝင့်ကို လက်ထပ်ခဲ့တာကတော့ သားကိုယ်တိုင်မြတ်နိုးခဲ့တာပဲ၊





ဟုတ်တယ်မလား သား.."

နာရီကမဖြေဘဲ ဒီတိုင်းရပ်နေ၏။

"သူနဲ့ဘာဖြစ်လို့ ကွဲကြတာလဲဆိုတာတော့ သားပြောပြချင်လာတဲ့အထိ မေမေစောင့်မှာပါ..အခုဝိုင်ကလည်း နောက်မဆုတ်ဘူး၊ ဘဝင်ကလည်း လက်လျှော့မှာ မဟုတ်ဘူး..အဲ့ဒါကို သား ဘယ်လိုဆုံးဖြတ်မှာလဲ.."

"ဆုံးဖြတ်ချက်ချဖို့ တွေဝေနေတာမဟုတ်ဘူးမေမေ..ဒါပေမယ့် ကျွန်တော့်ဆုံးဖြတ်ချက်က မိန်းမသားနှစ်ယောက်အတွက် ပြင်းထန်နေမှာကို သိနေလို့.."

"ဒါဆိုသားက နှစ်ယောက်စလုံးကို.."

"ဟုတ်တယ်..ကျွန်တော် မတရားဘူးဆိုတာသိပေမယ့်"

"ဒါဖြင့် ဝိုင့်ကိုဘာလို့ လက်ထပ်ခဲ့တာလဲ..",

နာရီက အကြာကြီးမဖြေဘဲနေ၏။ ဒေါ်ပန်းသီရိကလည်း ကလေးကို မိကျော့လက်ထဲ ထည့်လိုက်ပြီး..၊

"ကလေးကို ဂရုစိုက်နော်.."

ဟု ထပ်မှာသေးသည်။ နာရီက နေရာမှာပြန်ထိုင်ချလိုက်ပြီး..၊

"ကျွန်တော်ရှောင်ထွက်သွားချင်တဲ့အထိ စိတ်တွေရှုပ်နေတာ အမှန်ပဲမေမေ..ဒါပေမယ့်အများအမြင်မှာ ကျွန်တော်က ယောကျ်ားမဆန်တဲ့ကောင် ဖြစ်သွားမှာပဲ.."

"သားပြောတာက သားကိုယ်သားတော့ အပြစ်မရှိဘူးလို့ ယုံကြည်နေတာပဲ.."

"ယုံကြည်တယ်..ကျွန်တော်ဘယ်သူ့ကိုမှ မတရားအနိုင်



www.burmeseclassic.com

www.burmeseclassic.com



မယူခဲ့ဘူး..အဲ့ဒါကြောင့် ကိုယ့်လိပ်ပြာကိုယ်သန့်တယ်..”

“လူဆိုတာ မိမိတစ်ဦးတည်း ရပ်တည်နေတာ မဟုတ်ဘူး သား..မိမိကိုယ်ကို ယုံကြည်တာကောင်းပေမယ့် သူများဘက်ကမြင်ရင် ဘယ်လိုမြင်မလဲဆိုတာကို ထည့်မတွေးရင်တော့ ဒါကအတ္တမာန တွေဖက်နေတာပဲ..၊ ကိုယ်ကမမှားဘူးထင်နေပြီး သူများကမှားတယ်လို့ ပြောနေရင်ကိုယ်ဘာလုပ်ခဲ့သလဲ ပြန်သုံးသပ်ဖို့တော့ လိုတယ်..”

ဒေါ်ပန်းသီရိက စကားအများကြီးပြောပြီးမှ သက်ပြင်းချကာ၊

“မင်းရဲ့လေးလေးလည်း..အလုပ်တွေရှုပ်နေလို့ အိမ်မကပ်ပေမယ့် ဒီကိစ္စကြောင့် မင်းထပ်ပြီးစိတ်လေမှာ တော်တော်စိုးရိမ်နေတာ..”

“မလေပါဘူးမေမေ..ပထမတစ်ခါ ကျွန်တော်ထင်ရာလုပ်ခဲ့တဲ့အတွက် ဖေဖေရဲ့နောက်ဆုံးထွက်သက်ကိုတောင် မမီခဲ့ဘူး..ဒါမျိုးထပ်မဖြစ်စရာဘူးလို့ ကျွန်တော်မေမေ့ကို ကတိပေးခဲ့တာပဲ..မပျက်စေရပါဘူး..”

ကျေနပ်သည့်အပြုံးနှင့် ခေါင်းညိတ်ရင်း သားဖြစ်သူရဲ့လက်ကို ဆုပ်ကိုင်လိုက်မိသည်။ ပြီးတော့..၊

“မင်းမေမေ့ကို မေးခဲ့တယ်နော်..မေမေ့စိတ်ထဲမှာ ဘာကိုစောင်းပေးပြီး စဉ်းစားမိတယ်ဆိုတာ ပြောပြမယ်..အဲ့ဒါက မေမေ့မြေးကို မွေးထားတဲ့ ဘဝင်က..”

“အဲ့ဒီကောင်မလေး သိပ်ဆိုးတယ်မေမေ..”

ပထမဆုံးနာရီ့ဆီက ပွင့်ထွက်လာသည့် ခံစားချက်တွေ





ဖြစ်သည်။ အဲ့ဒီလို တစ်ခုခုကိုပဲ ဒေါ်ပန်းသီရိသိချင်နေတာ ဖြစ်သည်မို့..၊

“ဘယ်လိုဆိုးတာလဲသား..မေမေသိချင်တာက သူ့အရွယ် သူ့လို သွက်သွက်လက်လက် ချစ်စရာလေးကို သားကမေ့ထားခဲ့တာ ဘယ်လိုပြစ်ချက်မျိုး ရှိခဲ့လို့လဲ..မေမေပွင့်ပွင့်လင်းလင်း သိခွင့်ရှိရင် ပြောပြပါလား..”

နာရီက ခံစားချက်တွေ ပြန်လည်ဆူပွက်လာသည့်မျက်နှာနှင့် တိတ်ဆိတ်စွာ ထိုင်နေဆဲရှိလျှင်..၊

“မေမေပြောတာက ဟို..ဒီကောင်မလေးရဲ့ ကာရိုက်တာနဲ့ ပတ်သက်ပြီး..”

“အဲ့ဒါတွေမဟုတ်ဘူးမေမေ..ဒါပေမယ့် ဘာဆိုတာလည်း ပြစရာမရှိဘူး..ဒါပေမယ့်ကျွန်တော် ဘယ်လိုမှခွင့်လွှတ်ပေးလို့ မရဘူး ဖြစ်နေတယ်..”

သူမအလှအပကြိုက်လွန်းတာ..ပြောရင် မနာခံတတ်တာ၊

ပြီးတော့ သူမစိတ်က လိုလားပြီဆိုရင် ယောကျ်ားမိန်းမ မခွဲခြားတော့သလို အပြောအဆိုလည်းမဆင်ခြင်၊ သွားတာလာတာကအစ ဘယ်သူ့အမြင် တော်တော်မတော်တော် ဂရုမစိုက်..

ထမင်းစားခန်းသည် စကားပြောဖို့နေရာ မဟုတ်ပေမယ့် ပြောလက်စက ချည်ငင်ထွေး၏ အစတစ်ဖက်လိုပေါ်လာခဲ့သဖြင့်..၊

“သူ့အလှအပနဲ့ပတ်သက်ရင် ထင်ရာလုပ်နေရမှာကြိုက်တယ်၊ သူ့ဘာလုပ်လုပ် ဝေဖန်ရင်မကြိုက်ဘူး..”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ပြောပါရစေ..သူက သူများပြောစရာမရှိအောင် တော်တတ်နေတဲ့ လူမျိုးမို့လို့လား.."

"ဘာသာစကားတွေ တော်တော်များများ သူတတ်တယ်၊ သုံးလေးမျိုးလောက်ကို ကျွမ်းကျင်တယ်.."

ရှာသူဆိုသည့် မိန်းကလေးတစ်ယောက်က ဒီလိုတော်နေတာလား..၊

"သူ့မိဘတွေက ပြည့်ပြည့်စုံစုံတွေပဲ..သူ့ကိုမွေးတော့ မြို့မှာလုပ်ငန်းတွေတိုးချဲ့တယ်၊ စာသင်ရမယ့်အရွယ်တည်းက 4 skills နဲ့ စသင်ခဲ့ရတာ.."

ဒါနဲ့တောင် သူမလေးကို အလိုလိုက်လွန်းပြီး ဆယ်တန်းအောင်အောင် မဖြေနိုင်ခဲ့တာတွေ ရှိသေးသည်။

ပြောရရင်တော့ ထိုအချိန်မှာ မိဘတွေ မရှိကြတော့တာလည်း ပါပါလိမ့်မည်။ သူမရဲ့ကံကောင်းခြင်းတွေက မိဘကိုယ်စား အုပ်ထိန်းမယ့်သူတွေကလည်း သစ္စာမေတ္တာမှန်နှင့် သူမကို စောင့်ရှောက်ခဲ့ကြသည်။ မိဘစီးပွားတွေကို သူတို့အင်အားနဲ့ မယိုမဖိတ်အောင်တောင် ထိန်းသိမ်းထားခဲ့ကြ၏။

"ဒါကြောင့် ကလေးကလူတွေအများကြီးနဲ့ နေခဲ့ရတာကို ရွတ်ပြနေတာကိုး..ဒါလည်း ကလေးရဲ့ကံပဲလေ၊ မေမေတို့ကတော့ မြေးကိုမြင်လိုက်တည်းက ယုံကြည်ခဲ့တာ..မယုံနိုင်အောင် အံ့ဩမိတာက ဘဝင်နဲ့ပတ်သက်တဲ့အကြောင်း သားဘာမှမပဟာဘဲ နေနိုင်ခဲ့တာကိုလေ.."

"ကျွန်တော်မေ့ချင်တယ်မေမေ.."

"မေ့မရခဲ့ဘူးမို့လား.."





နာရီ အသံတိတ်သွားသည်။

"သားဒီနေ့ထိ ဒါတွေကိုမျိုသိပ်နေခဲ့တယ်..ဖွင့်ထုတ်ရှင်းပစ်သင့်တဲ့ အရာဆိုရင် အမှိုက်သရိုက်ပဲဖြစ်ဖြစ်..ရင်ထဲကခံစားချက်တွေဖြစ်ဖြစ် ထုတ်ကိုထုတ်ပစ်ရမယ်သား.."

"အဲ့ဒါတွေကိုဘယ်သူ့ဆီမှာမှ ကျွန်တော်ရင်မဖွင့်ချင်ဘူး ဘာဖြစ်လို့လဲဆိုတော့ နေနာရီဆိုတဲ့ကောင်က ဘဝင်ဆိုတဲ့မိန်းမတစ်ယောက်ကိုတောင် ဦးမဆောင်နိုင် ချုပ်ကိုင်နိုင်စွမ်းမရှိတဲ့.."

"အဲ့လို ဘယ်သူပြောတာလဲ.."

"သူပဲ.."

ဒေါ်ပန်းသီရိ ဟင်ခနဲဖြစ်သွားသည်။

"သူ့ကိုယ်သူကလွဲရင် ဘယ်သူ့ကိုမှ အထင်မကြီးတတ်တဲ့ မိန်းမ.."

"သားရယ်..သားကလည်း သူ့အထင်မကြီးလောက်စရာနေခဲ့တာကိုး..သားကိုယ့်ကိုယ်ကို ဘယ်သူဘယ်ဝါဆိုတာ ဘာဖြစ်လို့ မျိုသိပ်ထားခဲ့ရတာလဲ.."

"အဲ့ဒါကြောင့် သူ့စိတ်ရင်းမှန်တွေ ပေါ်လာတော့ပေါ့ မေမေ"

ပြောပြရင်း အခြေအနေတွေကို ဒေါ်ပန်းသီရိအားလုံးသိသွားခဲ့သည်။ နာရီ့မျက်နှာကတော့ ရှုပ်ထွေးမှုတွေနဲ့သာ..၊

"ဒါပေမယ့် သားသူ့ကိုမမုန်းနိုင် မမေ့နိုင် ဖြစ်နေဆဲပဲသား"

"အဲ့လိုမဟုတ်ဘူး.."

"ဟုတ်တယ်..မေမေနားလည်နေပြီ၊ လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မမုန်းနိုင်ဘဲ မေ့ဖို့မလွယ်ဘူးသားရဲ့..အဲဒီတော့ ကိုယ့်စိတ်က စေခိုင်းတဲ့အတိုင်း ဆုံးဖြတ်မှ သားစိတ်ချမ်းသာမှာ၊ လွမ်းတာရှိရင် နာတာနဲ့ ဖြေဆိုတာ နှစ်သိမ့်စကားတစ်ခုပဲ..နာကျင်နေတာကိုက ချစ်နေတာဖြစ်တဲ့အတွက် ဖြေသိမ့်ဖို့မလွယ်ပါဘူး.."

"အဲ့လိုလည်းမဟုတ်ဘူးမေမေ..သူ အရမ်းလှနေတာကို မကြိုက်ဘူး၊ အဲဒီစိတ်ကနေ သူ့ကိုကြောက်လာတာ သူနဲ့နီးနီးနေပြီး မျိုသိပ်ခံစားနေရတဲ့ နာကျင်မှုကို မခံစားနိုင်တော့ဘူး..ပြီးတော့ စိတ်နာလာတယ်၊ ခုကိုယ့်ရှေ့ပြန် ရောက်လာတော့လည်း ဒေါသဖြစ်နေတာကလွဲပြီး.."

"အဲ့ဒီဒေါသစိတ်တွေနဲ့ပဲ သားရဲ့အချိန်တိုင်း မွန်းကြပ်နေတယ်မို့လား.."

သူမဖြေနိုင်..၊

"အဲ့ဒီခံစားချက်တွေထဲမှာ ဝိုင့်ကိုထည့်တွေးနေမိတဲ့ အချိန်ရော ပါရဲ့လား.."

သူမဖြေနိုင်တော့ ဒေါ်ပန်းသီရိကပြုံးကာ..၊

"သားလည်း ဆုံးဖြတ်ရခက်နေတယ်..သူတို့နှစ်ယောက်လုံးကလည်း နောက်ဆုတ်ကြမှာမဟုတ်ဘူး..အဲ့ဒီတော့ သားကိုယ်တိုင် ခံစားနားလည်ပြီး ဆုံးဖြတ်နိုင်အောင်ကြိုးစား..ဒီအခြေအနေနဲ့ ကြာကြာဆက်သွားဖို့ မဖြစ်နိုင်ဘူးဆိုတာတော့ မမေ့နဲ့.."

"မေမေ ဘယ်သူ့ကိုဘယ်လိုစဉ်းစားထားသလဲဆိုတာ မဖြေရသေးဘူးထင်တယ်.."

"အားမနာတမ်းပြောရရင်တော့ မေမေ့မြေးလေးမျက်နှာ





ကိုပဲ ကြည့်ရမှာပေါ့..အဲ့ဒါက ဝိုင့်အပေါ်မှာသားဘက်က ပြတ်သားလို့ဖြစ်နိုင်တဲ့ အကျိုးအကြောင်းတွေ ရှိနေခဲ့ရင်ပြောတာ..ဝိုင့်ဘက်က အလေးတင်းရတဲ့အဖြစ်နဲ့ ညီမျှနေရင်တော့ မသိဘူး၊ ဖြစ်သင့်တဲ့အတိုင်းကတော့ ဘဝင်နဲ့ကလေးကိုပဲ.."

ဒေါ်ပန်းသီရိ ကိုယ့်စကားကိုအဆုံးသတ်ဖို့ခက်ကာ ဒီမှာတင် ရပ်သွားခဲ့သည်။ ထိုစဉ် ဝိုင်ကလည်း ကုမ္ပဏီသွားမည့်ပုံစံနှင့် သူတို့ရှိရာကို ပြန်ရောက်လာခဲ့လျက်..၊

"ကို့အတွက်လည်း ပြင်ထားပြီးပြီ..ကိုပြီးရင် သွားမယ်လေ"

"ပြီးပြီ.."

နာရီက နေရာမှထရပ်လိုက်သည်။

ပြီးတော့ သူမကိုကြည့်၍..၊

"မင်းလိုက်ဖို့မလိုပါဘူးဝိုင်..ဒီနေ့အတွက် ကိုယ်တို့နှစ်ယောက်စလုံး ရင်ဆိုင်ဖို့ အဆင်ပြေမှာမဟုတ်ဘူး.."

"ဝိုင်တောင်မှ.."

"မင်းအတွက်ပဲပြောတာပါ..မလိုက်ပါနဲ့.."

ဒါပဲပြောပြီး သူထွက်လာခဲ့သည်။ ဝိုင့်မျက်နှာလေးကတင်းနေသည်။ ပြီးတော့ ကိုယ့်ရဲ့ဝတ်စုံကို ပြန်ကြည့်၍ မျက်နှာမော့လာကာ..။

"သမီးလိုက်သွားမယ်.."

ဟင်..၊

ကိုယ်ပဲကျန်ခဲ့တာမို့ ကိုယ့်ကိုပြောသွားတာမှန်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခွင့်တောင်းတာမဟုတ်..၊

ဒေါ်ပန်းသီရိစိတ်ပူပြီး ထရပ်လိုက်မိသည်။

ကိုယ့်သားရဲ့စိတ်ကို သိနေလို့ပါ..၊

သို့သော် နာရီကထွက်သွားပြီဖြစ်ဟော၊ ဝိုင်ကလည်း ကားစက်နှိုးနေပြီ ဖြစ်လျက်..၊







# အခန်း (၁၂)

"ဒီနေ့လည်း နောက်ကျသွားပြန်ပြီ.."

ထမင်းစားခန်းထဲ ဝင်လိုက်တာနှင့် ဘဝင်စိတ်ဆင်းရဲသွားသည်။

"မမ ဘာစားမှာလဲဟင်.."

"ဘာမှမစားချင်တော့ဘူး.."

မနေ့ကလည်း သူမအိပ်ရာထတော့ ကိုကိုနဲ့ဝိုင် ထွက်သွားကြပြီဖြစ်သည်။ အိပ်ရာထလာပြီး မျက်နှာကမန်းကတန်း ခြေသစ်ကာ ရေတောင်အေးဆေးမသုတ်နိုင်ဘဲ ထွက်လာခဲ့တာ.. လက်ထဲမှာ မျက်နှာသုတ်ပုဝါတစ်ဖက်နှင့်..၊



www.burmeseclassic.com

www.burmeseclassic.com



"တီလေး..ကော်ဖီမသောက်ဘူးလား၊ သားသားလေးက ကိတ်မုန့်လည်းစားပြီးပြီ..နို့လည်းသောက်ပြီးပြီ.."

စက်လေးက ဘောလုံးလေးပိုက်၍ ဝင်လိုက်လာရင်း တီတီတာတာတွေပြောနေသည်။

ဒါပေမယ့် ဘဝင့်မျက်နှာက ပို၍ညိုမှောင်လာရကာ..၊

"သားသားဖေဖေ ဘယ်သူနဲ့သွားတာလဲ.."

"တစ်ယောက်တည်း.."

"ဟုတ်လား.."

"အဲ..ဟုတ်ဘူး တီတီဝိုင်နဲ့.."

ဝိုင်..၊

မျက်နှာက ပိုပြီးအိုစာသွားသည်။ ထိုစဉ် မိကျော့က ထမင်းကြော်ပန်းကန်လေး လာချပေးကာ..၊

"သမီးက မမကိုစောင့်နေတာ..မမထမင်းကြော် ကြိုက်မလားလို့.."

"မကြိုက်ပါဘူး..ဘယ်တုန်းကပြောဖူးလို့လဲ.."

"မနေ့တုန်းက မမထမင်းကြော်စားပြီး ပြန်ထွက်သွားတော့"

"အဲ့ဒါက ဘာမှမတွေ့လို့ ရှိတာပဲစားမယ်ဆိုပြီးတော့.."

"ဒါဆို အခုသမီးဘာလုပ်ပေးရမလဲဟင်.."

"ဘာရှိလို့လဲ.."

"ရှိပါတယ်မမရဲ့..ထမင်းပေါင်းစားချင်လည်း ရတယ်.. ပေါင်မုန့်.."

"ကောင်းတယ် ထမင်းပေါင်းလုပ်ပေး.."





ဘဝင်နေရာမှ တက်ကြွစွာရှေ့တိုးဝင်သွားခဲ့ပြီး..၊

"မိကျော့.."

"ရှင်မမ.."

"မနေ့တုန်းက ဝိုင် မီးဖိုချောင် ဝင်သွားတာဆို.."

"ဟုတ်တယ်မမ..ချက်ပြုတ်တာတော်သလားမမေးနဲ့၊ နေ့လည်စာတောင် စီစဉ်ပေးသွားသေးတယ်.."

'ဟုတ်လား'လို့ တီးတိုးရေရွတ်ပြီး ဘဝင်ငိုင်သွားပြန်သည်။ ခက်တာက သူမဘာမှမချက်တတ်ပေ..၊

"တီလေး..တီလေး.."

"ဟင် ဘာလဲလို့..စိတ်ညစ်ရတဲ့အထဲ.."

ကလေးက လက်ကိုကိုင်လှုပ်ပြီးခေါ်သည်။ ဘဝင်က ခါချပစ်ပြီး ရှုံ့မဲ့ညည်းကာ..၊

"သွားဆော့ပါသားသားရာ..တီလေးဘာမှတောင် မစားရသေးဘူး.."

"ဒါဆိုစားပြီးရင် လိုက်ခဲ့မှာလား.."

"ဘယ်ကိုလဲ.."

"သားသားလေးနဲ့ ဆော့မယ်လေ.."

"ဟာ တီလေးမှ..အင်း ဟုတ်ပြီ၊ ခြံထဲမှာသွားဆော့သွား တီလေးလိုက်ခဲ့မယ်.."

လောလောဆယ် နားပူနေတာအေးဖို့ ပြောလွှတ်လိုက်ပြီး..။

"ဒီတိုင်းဆိုရင်တော့ ကိုကိုနဲ့ပိုနီးစပ်သွားမှာပဲ.."

ကြက်သားကို နှပ်နှပ်စင်းနေရင်း မိကျော့ကလှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စားပွဲခုံမှာ ခုံဆွဲထိုင်လိုက်ရင်း ရွှံ့မဲ့ညည်းညူနေသော ဘဝင့်မျက်နှာလေးကို မြင်တော့ ရယ်ချင်သွား၏။

ပန်းနုရောင် ညဝတ်ဘောင်းဘီပွပွဒူးကျလေးနှင့် ကော်လံပါသော အင်္ကျီလက်ရှည်ပွပွလေးကိုဝတ်ထားသည့် တစ်ခေါင်းလုံး လှိုင်းထကောက်ကွေ့နေသော ပခုံးသာသာဆံပင်တွေက မဖြီးသင်ရသေးသဖြင့် ဖရိုဖရဲပွယောင်းနေသည်။

ရေမခြောက်တခြောက် မျက်တောင်ဖျားလေးတွေကလည်း ကော့နေသည်။ နှုတ်ခမ်းသားလေးတွေကလည်း တင်းကပ်ခြောက်သွေ့နေတာမဟုတ်ဘဲ နုနုရဲရဲလေးနဲ့ ထောင့်ချိုးလေး ပွ ပေါ်နေ၏။ သူမကိုမြင်လိုက်ရတာ ဝိုင့်ကိုကြည့်ရသလို မဖြစ်ဘဲ ခင်မင်ဖွယ်ကောင်းသူအဖြစ် တန်းခနဲတွေးမိကာ..၊

"မမက အိပ်ရာစောစောမထတတ်ဘူးလားဟင်.."

"ခက်နေတာအဲ့ဒါပဲ.."

မေးကြည့်လိုက်တာနှင့် ခေါင်းရောလက်ရောခါပြီး အဖြေထွက်လာကာ..၊

"ညကလည်း မနက်စောစောထမယ်..မနက်ငါးနာရီနိုးရမယ်လို့ ရွတ်ဖတ်ပြီး ပီမိုးနင်းထုံး နှလုံးမူပြီး အိပ်တာပဲ..ငါကို ပီမိုးနင်းလည်း မကယ်နိုင်တော့ဘူးထင်တယ်.."

လေသံလေးပျော့ကျသွားပုံက ခြေကုန်လက်ပန်းကျသွားတာမျိုး..၊

"အဲ့ဒါကြောင့်ဦးကပြောတာ..ဘာဖြစ်ဖြစ် အကျင့်လုပ်ရတယ်တဲ့..အဲ့ဒီအချိန်ကျရင် အဲ့လိုနေမှာပေါ့ ဆိုပြီး ပေါ့ပေါ့နေရင် ယဉ်ကျင့်ဆိုတာ ပျောက်ရခက်တယ်တဲ့..ငါကို မိန်းမပီ





သလို ဆူပဲဆူနေတာ.."

ညည်းညူနေရင်း ထမင်းပေါင်းပြင်နေတော့ နှုတ်ခမ်းလေး ရှုံ့မှုရှုံ့မှု ဖြစ်လာ၏။ ပြီးတော့ ထသွားပြီးမီကျော့ဘေးမှာ ရပ်ကာ..၊

"မွှေးလိုက်တာ..ငါကို အဲ့ဒါသင်ပေးပါလားဟင်.."

"သင်ပေးမှာပေါ့..သမီးတောင်အစက သိပ်မလုပ်တတ်ဘူး၊ မနေ့ကမှ မမဝိုင် လုပ်ပြသွားလို့.."

"ဟုတ်လား..သူသင်ပေးတာလား.."

"စိတ်ခတ်မကျပါနဲ့မမရယ်..ကြိုးစားရင် ဖြစ်တာပဲဟာ၊ အိမ်မှာနိုင်ငံပေါင်းစုံ ဟင်းချက်နည်းတွေ စာအုပ်ပေါင်းစုံရှိတယ်.."

"တင်.."

နှုတ်ခမ်းလေးမဲ့သွားကာ..။

"ငါက အင်္ဂလိပ်စာပဲကျက်ချင်တာ..မြန်မာစာဆို အရမ်းပျင်းတာပဲ.."

"အလွတ်မကျက်ရပါဘူး..ကိုယ့်ဘာသာ ကြည့်ချက်ရင် ရတာပဲဥစ္စာ.."

"အေး..ဟုတ်သား.."

ထမင်းပေါင်းထည့်ထားသည့် ကျောက်ဖြူပန်းကန်ပြားထိုကိုင်ကာ မတ်တပ်ရပ်ရင်းစားသည်။ စကားပြောနေရင်း မီးဖိုခင်ကို နောက်ပြန်မှီ၏။

"မီကျော့.."

"ရှင်.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ဝိုင် ဒီမှာ ဘရိတ်ဖက်စ်တူတူစားကြတာလား.."

"ဟုတ်တယ်..မေမေကြီးရော စက်လေးနဲ့ရော.."

"ဟုတ်လား..သားသားက သူ့အဖေနဲ့ အဆင်ပြေလား ဟင်"

"အဲ..အဲ့ဒါတော့.."

"ငါသိပါတယ်..ကိုကိုက သားသားကိုခေါ်မှာမဟုတ်ဘူး"

"အဲ့ဒါ..အဲ့ဒါ ဘာဖြစ်လို့လဲဟင်မမ.."

မေးပြီးမှ ဝိုင့်လိုမျက်နှာထိမျက်နှာထားနဲ့ လှည့်အဆူခံရမှာ တွေးမိပြီး မိကျော့ထိတ်လန့်သွားသည်။ သို့သော်..၊

"ကိုကိုက ငါ့ကိုစိတ်ဆိုးနေလို့လေ..ငါကလည်းငါပါပဲ"

ပန်းကန်လေးကိုကိုင်ပြီး ထမင်းစားပွဲမှာ သွားထိုင်ခြင်းသို့ ရောက်လျက်..၊

"ကိုကို့ကို ပြန်ပြန်အော်မိတာ ခဏခဏပဲ..ကိုကို မကြိုက်ဘူးဆိုတာတွေလည်း လုပ်မိတယ်၊ ကိုကိုထွက်သွားတုန်းကလည်း တကယ်ဆို ငိုယိုတောင်းပန်ပြီး တားရမှာကို.."

"မမက မတားခဲ့ဖူးလား.."

"တားတော့တားချင်တာပေါ့..ဒါပေမယ့် တကယ်ထွက်သွားပြီလို့မှ မထင်တာ၊ ပြန်မလာတော့ဘူးဆိုတာ တွေးတောင်မတွေးမိဘူး...နောက်ပြီး.."

နောက်ပြီးဆိုပြီး ထမင်းကိုပဲ မွှေနှောက်နေကာ..၊

"ငါကမငိုတတ်တော့ ငိုနေလည်း မျက်ရည်မကျဘဲ ဟန်ဆောင်လွမ်းပြနေတယ်ပဲ ထင်မှာ.."

"မမက မငိုတတ်ဘူး.."





"ငိုချင်တာပေါ့..ငိုလိုက်ပြီပဲထင်ပေမယ့် စမ်းကြည့်ရင် မျက်ရည်က ဘယ်တော့မှ မကျဘူး.."

"အဟိ.."

ရယ်ချင်တာကို မထိန်းနိုင်ဘဲ အသံထွက်သွားမိသည်၊ ဘဝင် စိတ်တိုသွားမှာပဲထင်ပေမယ့် ထမင်းပန်းကန်ကို စားပွဲပေါ်မှာ ချထားလိုက်ပြီး လှည့်ကြည့်ကာ..၊

"ငိုပြီး မျက်ရည်မကျဘူးဆိုတာ နင်လည်းမယုံဘူးမလား"

"မ..မဟုတ်ပါဘူးမမရဲ့..သမီးက..အဟိး မမပြောနေတဲ့ ပုံစံကို ရယ်တာပါ.."

ရယ်စရာဟာသဖြစ်နေခဲ့တာလား..၊

ဘဝင်ကတော့ စိတ်ထိခိုက်နေတာပါ..၊

မျက်ရည်ကျပြမှ တကယ်လွမ်းပါသည်ဆိုတာကို ယုံမှာလား ဒါမှမဟုတ် ကိုကိုပြောခဲ့ဖူးသလို..၊

"မင်းမျက်ရည်ကျအောင် မလွမ်းတတ်သေးလို့ပါ.."တဲ့..၊

မဟုတ်ဘူး၊ သူမ ကိုကို့ကိုလွမ်းခဲ့သည်။ မျက်ရည်တွေ မျက်ဝန်းအိမ်မှာ ဝေ့သီတက်လာတဲ့အထိ ငိုခဲ့ဖူးသည်။

ဒါပေမယ့် ခေါင်းအုံပေါက်အောင် လူးလှိမ့်ငိုကြွေးတြသည့် အဖြစ်မျိုးတော့ မရှိခဲ့ပေ..။

ဒါဆို ငိုကြွေးတတ်သူတွေပဲ လွမ်းခွင့်ရှိတာလား..၊

ဒါတော့ မတရားဘူးထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

"ကျွန်တော့်ကို မတရားဘူးလို့ပြောလိုက်တာလား.."

"မပြောချင်ပါဘူး..ဒါပေမယ့် မင်းတို့က ဇနီးမောင်နှံ ဖြစ်နေပြီလေ.."

ဒေါ်မြမှုူး မျက်နှာတင်းနေသည်။ ဒေါ်ခင်မမက ခပ်တည်တည် စူးစိုက်ကြည့်သည်။ ဘယ်သွားသွား ညီအစ်မနှစ်ယောက်က တတွဲတွဲဖြစ်နေခဲ့လျက် နာရီ့ရုံးခန်းကို ချီတက်လာကြတာလည်း ဒေါ်သခဲတွေထမ်းပိုးရင်း..၊

"မလိုက်စေချင်တာကိုပဲ အန်တီတို့ကသိချင်တာ..ဘာဖြစ်လို့လဲ၊ အစက မင်းရဲ့အတွင်းရေးမှူး..အခု ဇနီးဖြစ်သွားတယ်၊ ဒါဘာများဆန်းကြယ်နေလို့လဲ..ဆန်းကြယ်နေရင်တောင်





မျက်နှာပူ ရှက်ရွံ့ရမှာက ဝိုင်ပါ.."

"အဲဒါ အန်တီတို့ဘက်ကတွေးကြည့်တော့ ဘဝင်ဆိုတဲ့ ကောင်မလေး ရောက်လာကာမှ မင်းဘက်ကပြောင်းလဲသွားတာလို့ အဖြေထွက်လာတာပေါ့..မင်းကိုလက်ထပ်ခဲ့ရတဲ့ ဝိုင့်အတွက် တရားသဖြင့် စဉ်းစားပေးဖို့ပြောတာပါ.."

စားပွဲနောက်မှာ ထိုင်နေသည့်နာရီက သူမတို့နှစ်ယောက် ပြောသမျှကို နားထောင်နေကာ၊ နှစ်ယောက်စလုံး အသံတိတ်သွားကာမှ..၊

"သူ့အပေါ် ကျွန်တော်မတရားဘူးထင်ရင် သူကိုယ်တိုင်ပြောပါလိမ့်မယ်အန်တီ..နောက်ပြီး ဒါအလုပ်ရုံးခန်းပါ.."

"သူကလည်း ပြောမှာမဟုတ်ဘူး.."

"အန်တီတို့ကလည်း မင်းအိမ်ကိုလိုက်မပြောနိုင်ဘူးလေ ပိုပြီးစိတ်ရှုပ်ဖွယ်တွေ မြင်လာရရင် စကားတွေက ပိုမှားကုန်ကြဖို့ပဲရှိတာ..ဒါကြောင့်.."

"ကျွန်တော်မနက်က သူ့ကိုအကျိုးအကြောင်းပြောပြီးမှ.."

"အဲဒါကြောင့် သူထပ်လိုက်လာဖို့ ကြိုးစားမှာမဟုတ်ဘူးလို့ပြောတာ..မင်းကမခေါ်ဘဲ သူ့ဘာသာလိုက်လာတာတောင်မှ.."

"အန်တီ..သူနဲ့ကျွန်တော် လက်ထပ်ထားခဲ့တာမှန်တယ် ဒါပေမယ့် ဇနီးမောင်နှံအဖြစ် မခွဲအတူရှိနေဖို့ထိ မလိုသေးပါဘူး ဘာဖြစ်လို့လဲဆိုတော့.."

"နေနာရီ.."

ဒေါ်မြမှုူးက တအံ့တသြပုံစံနှင့် စားပွဲကိုပါပုတ်ခေါ်အ



www.burmeseclassic.com

www.burmeseclassic.com



နာရီ့အကြည့်တွေ ဒေါ်မြမှူးရဲ့လက်ဆီ ဖျတ်ခနဲရောက်သွားပြီးမှ မျက်နှာဆီပြန်ရောက်၏။

"လက်ထပ်ပြီးတာကို ဇနီးမောင်နှံမဖြစ်သေးဘူးလို့ မင်းပြောတယ်ပေါ့.."

"အံ့ပါရဲ့ကွာ..မင်းကိုကြည့်ရတာ မိန်းမယူတမ်း ကစားနေသလိုပဲ.."

နာရီ့မျက်နှာ ရဲတက်သွားသည်။

"မိန်းကလေးတွေ အပြိုင်အဆိုင်အလုခံနေရတာကို သဘောကျနေရင်လည်း နှစ်ယောက်ဆို တော်သင့်ပါပြီကွယ်.."

"အန်တီ စကားကို ဆင်ခြင်ပြောပါ.."

"မင်းလုပ်ပုံကိုပဲ ပြန်ဆင်ခြင်ကြည့်စမ်းပါ..သူက အစတည်းက ဒီကုမ္ပဏီက စက္ကူထရီ..အခု လက်ထပ်ပြီးတဲ့အချိန်မှာလည်း အငယ်အနှောင်းကိစ္စက အိမ်မှာသပွတ်အူကြီးဖြစ်နေသေးတယ်..မင်းနဲ့အလုပ်အတူ လိုက်မလုပ်ဘဲ အိမ်မှာဘယ်လိုလုပ်နေနိုင်မှာလဲ.."

"အေးလေ..ဒီကြားထဲ မင်္ဂလာဆောင်ပြီးစမို့ ခဏနားခိုင်းတာဆို တော်သေးတယ်၊ အခု ငါတို့အပြင်မှာ အင်တာဗျူးနေတာတွေ့ခဲ့တယ်..အတွင်းရေးမှူးခန့်ဖို့တဲ့ အဲ့ဒါကဘာလဲ.."

"ဟျွန်တော် ဘာတွေလုပ်နေသလဲဆိုတာ အန်တီတို့သိနေဖို့ မလိုဘူးထင်တယ်.."

"အခု ဝိုင်နဲ့ပတ်သက်နေလို့ မပြောချင်ဘဲ.."

"မပြောချင်ရင် ဘယ်တော့မှ ဘာစကားမှပြောစရာမလိုတော့အောင် ကြိုက်သလို ဆုံးဖြတ်လို့ရတယ်..သူ့ကိုလည်း





ဒီတိုင်းပြောထားပြီးသား.."

"ဘယ်လို.."

"ပြဿနာက အဖြေထွက်ပြီးသားပဲ..လိုချင်တဲ့အဖြေရဖို့ကြိုးစားနေရင်တော့ ဒီ့ထက်ပိုရှုပ်ကုန်မှာပဲ၊ ဒီမှာကျွန်တော့် အတွင်းရေးမှူးပြန်လုပ်ခွင့်ရရေးနဲ့ ပတ်သက်နေတာဆိုရင် ခုတစ်ခါတည်း ပြောပေးလိုက်လို့ရတယ်..သူ့ကို အတွင်းရေးမှူးရာထူးကနေ ထုတ်ပယ်လိုက်ပြီ..အဲ့ဒါ မနက်ဖြန်ကနေစမယ်.."

ဒေါ်မြမှူးတို့ ဒေါ်သတွေမာနတွေနဲ့ ဆို့နင့်သွားခဲ့လျက်နေရာမှ ထရပ်လိုက်ကြ၏။ ထိုစဉ် အထဲကိုတစ်လှမ်းချင်းဝင်လာသူက ဝိုင်ပဲဖြစ်ကာ..၊

"နောက်တစ်ခေါက်လောက် ထပ်ပြောပါဦးကို..ဝိုင် အဲ့ဒီလို တကယ်မထင်ခဲ့လို့ပါ.."

"ဝိုင်.."

ဒေါ်မြမှူးက ဒီတိုင်းရပ်နေဆဲရှိကာ ဒေါ်ခင်မမက တူမဖြစ်သူဆီ ရောက်သွားကာ..။

"ညည်း အကုန်လုံးကြားလိုက်တယ်မို့လားဝိုင်.."

"ကြားတယ်..ဒါပေမယ့်ဒီကိစ္စက သမီးနဲ့ပဲဆိုင်ပါတယ်၊ မေမေနဲ့ဒေါ်လေးတို့ ကျေးဇူးပြုပြီး ပြန်ကြပါတော့.."

ဝိုင်စိတ်လိုက်မာန်ပါ ပြောနေမှန်းသိကာ ဒေါ်မြမှူးနဲ့ ဒေါ်ခင်မမတို့ မျက်လုံးချင်းဆုံသွားကြသည်။ ပြီးတော့ ဒေါ်မြမှူးက နာရီ့ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ပြီး..၊

"တစ်ခုခုပြောမယ်ဆိုရင်တော့ လူကြီးမိဘတွေနဲ့ ကိုယ့်ဂုဏ်သိက္ခာကို မမေ့ကြနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှထွက်သွားလေသည်။ ဝိုင်က ပန်းနုရောင်ပြောင်အိနေသော နှုတ်ခမ်းသားတို့ကို တင်းတင်းစေ့ထားရင်း ရှေ့ကိုလျှောက်လာသည်။ ပြီးတော့ သူမထိုင်သည့် အလုပ်စားပွဲကို လှမ်းကြည့်ရင်း နာရီရှေ့မှာ ခပ်ဖြည်းဖြည်းထိုင်ချလိုက်ကာ၊

"ကို ဘာသဘောနဲ့ ဝိုင့်ကိုအလုပ်ဖြုတ်လိုက်တာလဲဟင်"

"အလုပ်ထဲမှာ စိတ်နှစ်ထားလို့ရအောင်ပါ.."

"ဝိုင်ရှိနေတဲ့အတွက်.."

"ဟုတ်တယ်ဝိုင်..ဖြစ်လာတဲ့အခြေအနေတွေကြောင့် ကိုယ်တို့အိမ်ထောင်ရေးက မစခင်တည်းက ပိုပြီးရှုပ်ထွေးနေပြီ.."

"ပိုရှုပ်တယ်ဆိုတာက အစတည်းက ရှုပ်နေခဲ့တယ်လို့ ပြောလိုက်တာလား.."

နာရီ နောက်မှာပက်ခနဲမှီလိုက်ရင်း ပြောရခက်သည့်စကားတစ်ခွန်းကို အစခက်နေသလိုရှိလျှင်.. ၊

"ပြောပါကို..လက်ထပ်ခွင့်တောင်းကတည်းက ကိုတစ်ခုခုပြောချင်ခဲ့တာ ဝိုင်ရိပ်မိတယ်..အဲ့ဒါကို သိလည်းသိချင်မိတယ်"

"တစ်ချို့ကိစ္စတွေက တိတ်ဆိတ်စွာကျော်ဖြတ်ဖို့ မခဲယဉ်းပေမယ့် တစ်စုံတစ်ရာနဲ့သိသာ ထင်ရှားစေလိုတဲ့အခါမှာ ကြောက်စရာကောင်းတဲ့ ပုံသဏ္ဍာန်တစ်ခုခု ပေါ်လာတတ်တယ်"

"ဘာကိုဆိုလိုတာလဲ.."

"အခု မင်းနဲ့ကိုယ်လက်ထပ်ကြတာမှာ ဘာဝင်ပါလာတဲ့အတွက် သိသာထင်ရှားသွားခဲ့တယ်..အဲ့ဒါကြောင့် မင်းမိဘတွေရော မင်းရော ငါ့ရှေ့ရောက်လာပြီး မေးခွန်းတွေထုတ်တဲ့အထိ ဖြစ်လာခဲ့တာ.."





"မေမေနဲ့ဒေါ်လေးအတွက် ဝိုင်ကတောင်းပန်ဖို့လာခဲ့တာပါ၊ သူတို့ ဒီကိုလာကြတယ်ဆိုတာလည်း ထွက်သွားပြီးမှသိခဲ့ရတာ.."

နာရီက လက်ကာလိုက်ပြီး..၊

"ကိုယ်ပြောချင်တာက မင်းနဲ့ကိုယ်ကြားမှာဖြစ်လာမယ့်အမေးအဖြေတွေက ဘယ်လိုမှလှပနိုင်မှာ မဟုတ်ဘူးဆိုတာပဲ.. ထပ်ပြောဖို့ရှိတာက မင်းမေးတဲ့ မေးခွန်းတွေကို ဖြစ်နိုင်ရင် ကိုယ်မဖြေချင်ဘူး.."

"ဒါပေမယ့် ဖြေပေးပါကို..ဝိုင့်ကို လက်ထပ်ခွင့်တောင်းခဲ့တုန်းက 'မင်းအတွက် ကိုယ်လိုက်လျောချင်တာ'လို့ ကိုပြောခဲ့တယ်.."

ပြီးတော့ ရှိပါသေးသည်။

"မင်္ဂလာပွဲအတွက် မင်းသဘောကျစီစဉ်ပါ..ကိုယ့်စိတ်ကူးစိတ်သန်းတွေ ထည့်မတွေးနဲ့.."တဲ့..၊

"ခမ်းနားတာဖြစ်ဖြစ်..အကျဉ်းချုံးစီစဉ်တာဖြစ်ဖြစ် လက်ထပ်ပွဲဆိုတာ ဖနိးမောင်နှံဖြစ်တဲ့အကြောင်း လူသိထင်ရှား ကြေငြာတာပါပဲ၊ ကိုယ်ဖြစ်စေချင်တာလဲ အဲ့ဒါပဲ..မင်းက ကိုယ့်ဇနီးကိုယ်က မင်းခင်ပွန်း.."လို့ ဆိုတာတွေ..၊

သူပြောခဲ့တဲ့ စကားတွေက ဘယ်လိုဦးတည်နေခဲ့သလဲ၊

နာရီနဲ့သူမ လူတွေပြောလာလောက်တဲ့အထိ တွဲသွားတွဲလာတွေ များခဲ့သည်။ ဒါပေမယ့် မရိုးသားတဲ့ခြေလှမ်းမျိုး မရှိခဲ့ပေ၊ လက်မထပ်ဖြစ်ကြရင် သူမအတွက် ဂုဏ်သိက္ခာကျဆင်းရဖို့ ရှိလာခဲ့အထိ ခရီးလွန်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အလုပ်ကိစ္စနဲ့ခရီးသာဖြစ်လေသည်။ ကိုယ့်ဘက်က သူ့အတွက် ဘာမဆိုဖြစ်ခဲ့ရသလောက် နာရီက ရေခဲမျက်နှာနှင့် ရှိနေခဲ့တာပါ၊ ဒါပေမယ့် လက်ထပ်ခွင့်တောင်းခဲ့သည်။ သူမလည်း ဝမ်းသာအားရ ခေါင်းညိတ်ခဲ့၏။

ဒီဖြစ်ရပ်တွေအထိ အားလုံးက ရိုးစင်းစွာ ရှိနေခဲ့သေးသည်။ သူပြောသလို လက်ထပ်ပွဲက အေးချမ်းစွာပြီးဆုံးသွားခဲ့ရင် ဒါက တိတ်ဆိတ်စွာ ကျော်ဖြတ်သွားခြင်းသာ.. ၊

"အခုဝိုင်တို့ရဲ့ လက်ထပ်ပွဲက တိတ်ဆိတ်စွာမပြီးဆုံးခဲ့ဘူးဆိုတော့ ဘယ်လိုကြောက်စရာကောင်းတဲ့ပုံသဏ္ဌာန်မျိုး ပေါ်လာနေပြီလဲ.."

ဝိုင့်အသံလေး ပြန်ထွက်လာတော့ တကယ်ပဲဖြေရခက်သော ပဟေဠိတစ်ခုကို မေးနေသကဲ့သို့..၊

"ဒီအိမ်ထောင်ရေးပေါ်မှာ ကိုအစတည်းကသမားရိုးကျတည်ဆောက်ခဲ့တာ မဟုတ်ဘူးဆိုတာ ဝိုင်ခံစားမိတယ်.."

နာရီက မြည်သံပေးလာသည့်ဖုန်းကို ကိုင်မည်ပြင်ပြီးမှ ပြန်ကျသွားသဖြင့် လက်ပြန်ရုတ်လိုက်ကာ..၊

"သမားရိုးကျတည်ဆောက်ဖို့ မဖြစ်နိုင်ဘူးဆိုတာ ကိုယ့်ဘက်က ချို့ယွင်းချက်ကြောင့်ပါ..မင်းက သန့်စင်ရိုးသားတဲ့မိန်းမပျိုလေး တစ်ယောက်ပေမယ့် ကိုယ်ကမပြတ်စဲရသေးတဲ့ အိမ်ထောင်သည်"

"မဟုတ်ဘူး..ကို အဲ့ဒါတွေအားလုံးကို ဖွင့်ပြောခဲ့ပြီးမှ လက်ထပ်ခွင့်တောင်းခဲ့တာ အားလုံးကိုသိပေမယ့် ဝိုင်ကလည်း ခေါင်းညိတ်ခဲ့တာပဲ၊ အဲ့ဒါတွေက လက်ထပ်ပွဲမစခင် ဟိုဘက်မှာ





တည်းက ပြီးခဲ့တာတွေပါ.."

"စကားနဲ့ပြီးခဲ့ပေမယ့် လက်တွေ့မှာမပြီးဘူးဝိုင်၊ အဲ့ဒါကြောင့် ခုလိုတွေဖြစ်ကုန်တာ.."

"အဲ့ဒါလည်း မဟုတ်သေးဘူးကို..ပြီးခြင်းမပြီးခြင်းက ကိုနဲ့ပဲသက်ဆိုင်တာ၊ မေမေတို့ရောက်လာခဲ့တာရော ဝိုင်တောင်းဆိုချင်တာရော အဲ့ဒါပဲ..ကိုပြတ်သားပေးပါ.."

နာရီက စူးစိုက်ကြည့်နေပြီး စကားမပြန်..၊

"သုံးလေးနှစ်ကျော် ပြတ်စဲနေခဲ့ပြီးမှ သူပြန်ရောက်လာပြီး ဝင်ရှုပ်နေတာ ဘာအတွက်ပဲဖြစ်ဖြစ် သူကျေနပ်လောက်အောင် ပုံပေးလိုက်ပါ..အဲ့ဒီအတွက် ဘယ်လောက်ကုန်ကုန် သူဘယ်လောက်ပဲ တောင်းဆိုပါစေ..ဝိုင့်ဘက်က အပိုဆောင်းပြီးပေးလျှော်ရပါစေ ကို့ကိုပဲ ဝိုင်လိုချင်တာ.."

နာရီက မျက်နှာလွှဲလိုက်ပြီး စားပွဲပေါ်မှာလက်တစ်ဖက်ဆန့်တင်၏။ ပြီးတော့ နေရာမှထရပ်ကာ ပြတင်းတံခါးဆီ လျှောက်သွားသည်။

သူ့ခြေလှမ်းတွေကို လိုက်ကြည့်နေပြီးမှ ဝိုင် သူ့နားကိုထ လျှောက်သွားမိကာ..၊

"ဝိုင့်ကို..ဝိုင့်ကို ကိုမချစ်ဘူးဆိုတာ ဝိုင်သိတယ်.."

သူ့ကျောပြင်ကိုကြည့်၍ ဝိုင်တစ်ခွန်းချင်း ညှစ်ထုတ်ပြောနေမိသည်။ အချစ်နဲ့ ပတ်သက်လာပြီဆို လူတွေဟာ အရှုံးနဲ့တူတတ်ကြပြီး ဆုံးရှုံးရဖို့ ဖြစ်လာပြီဆိုရင်တော့ အရှုံးမီးဖိုင်းသလို..၊

"ကိုဖြေရခက်နေပေမယ့် ဝိုင်သိပါတယ်..ဝိုင်တို့ကို လူ



www.burmeseclassic.com

www.burmeseclassic.com



တွေမတရားသဖြင့် ဝေဖန်လာကြလို့ ဂုဏ်သိက္ခာအတွက် ဒီ လက်ထပ်ပွဲနဲ့ ကာကွယ်ပေးဖို့ ကြိုးစားခဲ့တာ..”

“ဟုတ်တယ်..”

သူ့ဆီက အားနာခြင်းရောသော ဝန်ခံသံကြောင့် ရင်ထဲမှာ နင့်သွားသည်။ ထိုစဉ် ဖုန်းသံမြည်လာလျှင် ဝိုင်ကလှည့်ကြည့်ပြီး ခြေလှမ်းပြင်သည်။ နာရီ့မျက်နှာတစောင်းငဲ့လာကာ..၊

“ထားလိုက်ပါ..တစ်ယောက်ယောက်လာလိမ့်မယ်..”

တကယ်ပဲ အပြင်ကတစ်ယောက်ဝင်လာပြီး ဖြေနေတော့ ဝိုင်မျက်ရည်ဝေ့၏။ ဒီအလုပ်တွေနဲ့ သူ့ကိုစည်းခြားလိုက်ပြီဆိုတာ သိလိုက်ရသဖြင့် နာကျင်သည့်မဲ့ပြုံးသည်..၊

“ကိုက ဇာတ်လမ်းဆန်ဆန်တွေ လုပ်ခဲ့ပေမယ့် ဝိုင်ကတော့ တစ်နေ့သာယာလာမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ကို့ကို လက်ခံခဲ့တာ..တကယ်လို့ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းလေးမှလက်ခံနိုင်ဖွယ် မရှိဘူးဆိုရင် လက်ထပ်ဖို့ထိ ဆုံးဖြတ်ဖို့မလိုပါဘူး..ဝိုင်တို့က အတူအလုပ်လုပ်နေကြတာ၊ ဘယ်သူဘယ်လိုထင်ထင် ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပဲ..”

နာရီက အပြင်ကိုငေးနေရင်းကနေ သူမဘက်ကိုငဲ့ကြည့်၏။ ဝိုင်က ရှေ့ထပ်တိုးလိုက်တော့ သူ့မျက်နှာနဲ့ပိုနီးသွားကာ..၊

“ဝိုင်မျှော်လင့်ခဲ့တာ ကို့ဆီကတာဝန်သိတတ်မှုမှ မဟုတ်တာ..”

“မျှော်လင့်တိုင်း ရမလာနိုင်ဘူးဆိုတာ မင်းနားလည်မှာပါ..”

သူက ဝိုင်နဲ့မျက်နှာချင်းဆိုင် ရပ်လိုက်ကာ..၊





“ကိုယ်တစ်ဖက်သတ်ချစ်ခဲ့ဖူးတယ်..သူကလည်း ချစ်နေတယ်လို့ထင်ခဲ့မိတယ်၊ မချစ်ဘူးဆိုတာသိလာပေမယ့် ချစ်လာမှာပဲ လို့လည်း မျှော်လင့်ခဲ့တယ်..ဒါပေမယ့်..”

“ဘဝင်လား..”

နာရီက မဖြေတဲ့ပြတင်းဘက် ပြန်လှည့်သွားသည်။ ခဏကြာမှ..၊

“ကိုယ်က ယောကျာ်းကောင်းတစ်ယောက် မဟုတ်ဘူး ဝိုင်”

“ဝိုင့်ကို ပစ်ခွာနိုင်ရေးအတွက်ကိုယ့်ကိုယ်ကို ပုဒ်မတွေတိုးမနေပါနဲ့..ဖြစ်လာတာဖြစ်မလာတာတွေထားပြီး ဝိုင်နဲ့ကို ဆုံးဖြတ်ကြ ဖို့တစ်ခုပဲရှိတယ်..အဲ့ဒါက ဝိုင်မေးတာကို ကိုဖြေပေးပါ၊ ဖြေရခက်လည်း ဖြေပါ..မဖြေချင်လည်း ဖြေပေးပါ၊ ဘဝင့်ကိုပဲ ထိုစိတ်ပြန်လည်နေတာလား..”

“မဟုတ်ဘူး..”

ဝိုင့်မျက်နှာလေးမှာ ကြည်လင်သည့်အပြုံးလေး ဖြစ်သွားသည်။

“သူ့ကိုပြန်ဆက်ဖို့အတွက် ဝိုင်တို့မင်္ဂလာပွဲ မဖြစ်ခဲ့ဘူးလို့သတ်မှတ်လိုက်တာ မဟုတ်ဘူးဆိုရင် ဝိုင်ဂရုမစိုက်ဘူး..”

“မဟုတ်သေးဘူးဝိုင်..မင်းတစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ကိုယ်တို့ရှေ့ဆက်လို့မဖြစ်ဘူး..”

“ဝိုင်ခေါင်းညိတ်ခဲ့လို့ ဒီလက်ထပ်ပွဲဖြစ်ခဲ့တာပဲကို.. ဝိုင်က လက်ခံတယ်ဆိုရင် ဘာလို့မဖြစ်ရမှာလဲ..ဘဝင်လက်ခံလာတဲ့အထိ ပံ့ပေးပြီး..”



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး..မင်းရယ် ကိုယ်ရယ် သူတို့သားအမိရယ်.. ဒီတိုင်းသွားလို့ ဘယ်လိုမှမဖြစ်ဘူး.."

"ဒါဖြင့် ဝိုင်ကနောက်ဆုတ်ရမယ်..သူကတော့ ကလေးရှိနေလို့ ကို့ဘေးမှာ နေခွင့်ရှိတယ်..အဲ့လိုဖြစ်သင့်တာလား.."

"သူ့ကိုလက်တွဲဖို့ စဉ်းစားတာမဟုတ်ဘူး.."

"ဝိုင်ကလည်း နောက်မဆုတ်နိုင်ဘူးကို..မင်္ဂလာပွဲမပြီးဘူး ဆိုတဲ့အဖြစ်ကို ပွဲပျက်သွားတည်းက ကြေငြာခဲ့ရင် တော်နှုးတယ် အခုမရတော့ဘူး၊ ဆက်မိတဲ့ခရီးကို ဆုံးအောင်လျှောက်ရမှာပဲ.."

"ဒါခရီးတစ်ခုမဟုတ်ဘူးဆိုတာ မင်းမမေ့သင့်ဘူးဝိုင်.. အိမ်ထောင်ရေးဘဝခရီးလမ်းဆိုတာ.."

"မှန်တာပေါ့..ဒါကြောင့်လည်း ဝိုင်က လက်ထပ်ဖူးတဲ့ မိန်းမအဖြစ် တစ်ခုလပ်ဘဝ အရောက်မခံနိုင်တာ.."

နာရီက ခေါင်းညိတ်လိုက်သည်။ ပြီးတော့ သူမဘက်ကို လှည့်ရပ်လိုက်ရင်း လက်ပိုက်၍..၊

"မင်းသဘောပါ..တစ်ခုရှိတာက မင်းနဲ့ကိုယ်အိမ်ထောင်ရေး သာယာဖို့အတွက် ကိုယ့်ဘက်မှာလည်း တာဝန်ရှိတာတွေ ရှုတ်ဖတ်မလာပါနဲ့..ဘဝင်နဲ့ပတ်သက်ပြီး ဖြေရှင်းရဖို့တွေရှိလာရင်.."

"သူ့ကိုလည်း အိမ်ပေါ်တင်ထားမှာပဲလို့ ကိုပြောလိုက်တာလား.."

"အိမ်က ထွက်သွားဖို့မသွားဖို့ကို သူ့မှာဆုံးဖြတ်ခွင့်ရှိတယ်..ဘာဖြစ်လို့လဲဆိုတော့.."





"ရပြီကို..သူ့မှာအခွင့်အရေးရှိနေတာတွေ ထပ်မပြောပါနဲ့တော့၊ ကို့ကိုမကွာရှင်းရသေးတဲ့ ယောကျ်ားလို့ပဲမြင်ခဲ့တာ ဝိုင့်ဘက်က မှားခဲ့တာပါ..သုံးနှစ်ကျော် လေးနှစ်တာထိ ဇနီးဟောင်းကို စိတ်မကုန်နိုင်စွာရှိနေတဲ့ယောကျ်ားလို့ ယောင်လို့တောင်မတွေးခဲ့မိတာလေ"

ကိုယ့်ကိုယ်ကို ရင့်ထုပြီးငိုချလိုက်ချင်သည်။ အစကတည်းက ကြွေးသိက္ခာတွေနဲ့ သိုသိပ်စွာတည်ရှိနေသော အချစ်စိတ်တို့က ပြိုင်သူရှိလာတဲ့အချိန်မှာ ဖိတ်ဖိတ်စင်စင် လဲလဲပြိုပြိုနှင့် သူ့ရှေ့မှာ ဒူးထောက်ကျခဲ့သည်။

'ရှင့်ကိုချစ်လို့ပါ'ဆိုသည့် စကားတစ်ခွန်းမှလွဲ၍ သူမနှုတ်ဖျားမှ သိက္ခာမဲ့စွာ ခယနေမိပါပြီ..၊

"မှားပြီဆိုရင် နောက်ဆုတ်လို့ရတယ်လို့ ကိုကလည်း ပြောနေပေမယ့် ပြိုင်ပြီဆိုရင်တော့ နိုင်ချင်တယ်.."

သူမငိုသံလေးပါလာသည်။ ပြီးတော့ မျက်နှာငုံ့လိုက်သည်နှင့် လက်ခနဲကြွေဆင်းသွားသည့် မျက်ရည်စက်က နာရီ့ခြေထောက်နားထိ ခုန်လွှားခစားခဲ့လေသလား..၊

မာနတော့ ရှိပေမယ့် ချစ်နေမိသည်။ သူ့ရင်ထဲမှာကျန်ရှိနေသည့် တစ်စိုးတစ်စိသော အချစ်ဟာ ကိုယ့်အတွက်ဖြစ်လာဖို့အတွက်..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

"နှင့်ဘက်က အရမ်းနစ်နာပါတယ်ဝိုင်ရယ်..ယောကျ်ား တစ်ယောက်အတွက်နဲ့ နှင့်အရည်အချင်းတွေ ငုတ်ကုန်ပြီ.."

"ငါ သူ့ကိုချစ်တယ်.."

"သူက မချစ်ဘူးဆိုတာ သိနေသားနဲ့.."

"ဘဝင့်ကိုလည်း သူမချစ်ပါဘူး.."

သူငယ်ချင်းရင်းတွေကိုပဲ ကိုယ့်သိက္ခာအတွက် တစ်ကွက်ချန်ပြီး မှသားပြောလိုက်မိသည်။ ဘဝင့်ကိုနှာရီချစ်နေသေးတာ မနေတာကို ဘယ်လိုတိုင်းတာကြည့်နိုင်မှာလဲ..၊

"ဟဲ့..အဲ့ဒီတစ်ယောက် တောသူဆိုပြီးလန်းလှချေလား" ခြံထဲမှာစကားထိုင်ပြောနေကြရင်း အိမ်ထဲမှာမြင်လာခဲ့





သည့် ဘဝင့်ကို မြင်ယောင်ကာ သန္တာရီက ရှုံ့မဲ့ချိုးမွမ်းရင်း..၊

"ကိုယ့်သူငယ်ချင်းကိုကျော်ပြီး မချီးမွမ်းချင်ပါဘူး..ဒါပေမယ့် သူကလည်း ဂိုက်ဒ်လုပ်ဂနေတာဆို.."

"ဟုတ်တယ်..တိုးရစ်ဂိုက်ဒ်လုပ်နေတာ.."

"တောသူက ဘယ့်နှယ်.."

"တောသူမဟုတ်လို့ပေါ့..သူက မြို့ပေါ်မှာ ကြီးတာလို့ ပြောတာပဲ.."

ထိုစဉ် ကလေးနဲ့ဘဝင် အိမ်ထဲက ထွက်လာကြသဖြင့် သူမတို့စကားသံတွေ တိတ်သွားကြ၏။ အနားကွတ်ထားသော ပန်းနုရောင်ဇာပါးလေးနှင့် ဂါဝန်က ရင်ညွန့်နားကနေ အကျစ်စည်းလေးမို့ အမှတ်တမဲ့ဆို အရုပ်မလေးနဲ့တူ၏။

ဆံပင်ကောက်ကောက်ကို အမြီးတမ်းလိုလို နေစက်မှာ စည်းတင်ထားတတ်ကာ ရိုးရိုးအိမ်စီးဖိနပ်လေး စီးထားတာတောင် အရုပ်အမြင့်က အနေတော်ပင်..၊

"ကလေးအမေလို့ တစ်စက်လေးမှ ထင်စရာမရှိဘူးဝိုင်.. မချီးမွမ်းချင်ပေမယ့် နင်သတိမေ့နေမှာစိုးလို့ ပြောပြတာပါ.."

"ဒီလောက်လည်းမဟုတ်ပါဘူး အရီရယ်..ဝိုင် စိတ်ဆင်းရဲအောင် ပြောမနေစမ်းပါနဲ့..အရမ်းကြီးပြင်ဆင်ထားတော့ လှနေတာပေါ့၊ ခုခေတ်မှာ မိန်းကလေးတွေ ဖြူတဲ့သူမည်းလို့ရတယ်.. မည်းတဲ့သူလည်းဖြူလို့ရတယ်၊ မလှလှအောင် ပြင်လို့ရနေတာကို"

သက်လယ်က ဝိုင့်မျက်နှာလေးကိုကြည့်ပြီး ဖေးဖေးမမ ပြောပေးရှာသည်။

"ဘာပဲဖြစ်ဖြစ် သူက တောမှာညားလာခဲ့တာ..နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကလေးရှိခဲ့တာက ရုပ်လေးဆင်နေလို့သာ..မဟုတ်ရင် ဒါ လုပ်ကြံဇာတ်ကြီးလို့ အေးဆေးတွေးလို့ရတယ်..နင့်ဘက်ကသာ ပြီးသား"

"အေးလေဟာ..ကိုယ်ကလိုချင်ပြီဆိုရင်တော့ ရယူနိုင်ဖို့ ကြိုးစားရမှာပဲ..ဒီပတ်ဝန်းကျင်မှာ နင်ကသာ နေနာရှိရဲ့ဇနီးပါ.."

"ဘုတ်.."

"အား..သေပြီ.."

စကားပြောလို့ကောင်းနေတုန်း ဘောလုံးတစ်လုံးက သန္တာရှိ၏ကျောပြင်ကို ခပ်ပြင်းပြင်းလေး မိတ်ဆက်သွားခဲ့၏။ လှ ကိုမှန်သွားပြီး ပြန်ကန်လိမ့်သွားသည့် ဘောလုံးကိုစက်လေးက ပြေးကောက်လျှင်..၊

"ဟဲ့.."

"နင်ကလည်း ကလေးလေးကို.."

သက်လယ်က ခပ်ကြိတ်ကြိတ်အော်လျှင် သန္တာရှိက ကျောပြင်ကို မမှိတမိခါချရင်း တား၏။

စက်လေးက ဘောလုံးလေးပိုက်ထားကာ..၊

"so sorry တီတီ.."

"အံမယ်.."

"very sorry.."

"အယ်.."

စက်လေးက သူမတို့ကိုတစ်ယောက်စီကြည့်၍ တောင်း ပန်စကားတွေ တစ်ခုပြီးတစ်ခုပြောရင်း..၊

"I beg your pardon.."





"အောင်မလေးဟယ်.."

သက်လယ် မျက်လုံးလေးပြူးပြီခုန်ထွက်မတတ်နှင့်..၊

"သွားပါ..သွားပါ..၊ နောက်ထပ်ဘယ်နှစ်မျိုးလောက် ထပ်ထွက်လာဦးမလဲမသိဘူး.."

"ဟီးဟီး..ချစ်စရာလေးဟဲ့.."

သန္တာရှိက ပခုံးလေးတွန့်၍ပြောရင်း..၊

"ဒီတော့သူမက ရှယ်ပါလား.."

"ဟွန်း..အဲ့ဒါပေါ့ မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်တယ် ဆိုတာ..ငါသိပြီးပြီ၊ အဲ့တစ်ယောက်က ဆယ်တန်းတောင်မအောင် ဘူး"

"ဟုတ်လား.."

ဝိုင်က ခရမ်းချဉ်သီးသုပ်ကို လှလှပပလေးခပ်ယူရင်း မဲ့ကာ..၊

"အပျော်အပါးမက်တဲ့လူတွေက ဒီတိုင်းပဲ..သူတို့ကဲလို့ရ မယ့် နည်းလမ်းတွေအတွက် အပင်ပန်းခံတယ်..စာသာမကြိုးစား ချင်တာ.."

"ဒါပေမယ့် ဘွဲ့ရပြီး လူတောမတိုးစွာ ငုတ်တုတ်ထိုင်နေ ရတဲ့လူတွေမှ အများကြီးပဲရယ်၊ သူ့အမေက ဂိုက်ဒ်လုပ်နေတယ် ဆိုတော့ မဆိုးဘူး၊ နင် ပြိုင်ဘက်ကို အထင်မသေးနဲ့ဝိုင်..အ ရေးကြီးဆုံးက အဲ့ကောင်မလေးကလှတယ် နင့်ထက်လည်း အ သက်ငယ်နေသေးတယ်.."

"သူ့ဟာသူမွေးကင်းစပဲဖြစ်ဖြစ်..ကို့ဘေးမှာ ငါရှိနေ သမျှ သင်းလုံးဝကပ်ခွင့်မရစေရဘူး.."



www.burmeseclassic.com

www.burmeseclassic.com



သန္တာရီနဲ့သက်လယ် မျက်လုံးချင်းဆုံသွားကြသည်။

"နင်အခု အတွင်းရေးမှူး မလုပ်ရတော့ဘူးဆို.."

"ဒါများသက်လယ်ရယ်..သူဌေးကတော်ရာထူး ပြောင်းပေးချင်လို့ ဟိုရာထူးဖြုတ်လိုက်တာပေါ့..ဘာမှဝါရီတွေများမနေနဲ့ဝိုင်၊ နင်အခု သူ့ဘေးမှာ တစ်နေကုန်ထိုင်နေခွင့်မရလည်း ကုမ္ပဏီရဲ့ဘေးက ကော်ဖီဆိုင်ကို နင်ပြန်ဝယ်မှာမို့လား.."

"အဲဒါက ရမှာသေချာလို့လား.."

"အဲဒီဆိုင်က တင်မောင်ထွန်းတို့ဆိုင်ပါ..ဝိုင်ပိုင်ပါတယ်ဟုတ်တယ်မို့လားဝိုင်.."

ဝိုင်က ခပ်မိန့်မိန့်အပြုံးနှင့် ခေါင်းညိတ်၏။ အသုတ်ကို ဝါးနေရင်း အအေးဘူးကို ဖောက်လိုက်ပြီး ထိုင်ခုံမှာမှီကာ..၊

"တင်မောင်ထွန်းကလည်းပေးတယ်..သူ့ဦးလေးကလည်း သဘောတူတယ်၊ ဒါပေမယ့် အပိုင်တော့မရောင်းဘူးတဲ့"

"ဟင်.."

"ငါကလည်း မလိုချင်ပါဘူး..အဲဒီအလုပ်တွေ ငါလည်း သိပ်မကျွမ်းဘူးလေ.."

"ဒါပေမယ့် သူတို့ကော်ဖီဆိုင်က နာမည်ကောင်းနဲ့ သတင်းမွှေးနေတာနော်.."

"ငါကလည်း တိုးတက်စေရပါ့မယ်လို့ တာဝန်ခံပြီး တစ်နှစ်စာချုပ်နဲ့ လွှဲပြောင်းယူမှာ.."

"အေးပါ..ဘာပဲဖြစ်ဖြစ် နင်အဲလောက်ပိုင်တာပဲ ချီးမွမ်းထိုက်နေပါပြီ..တင်မောင်ထွန်း ႏွံ့ကိုခင်တာလည်း..အင်း..ရိုးမှရိုးရဲ့လားပဲ.."





"ရိုးတယ်ပဲထားလိုက်ပါဟာ..ဝိုင်က ယောကျ်ားပဲရနေပြီဥစ္စာ..ခုထိ သူ ဖြူစင်လို့ ခင်မင်မပျက်ကူညီတာပေါ့.."

"ဝိုင်ရယ်..နင်ကလည်း ဒီလောက်ချစ်သူခင်သူများနေတာတောင် ခက်ခဲတာကိုမှ..နော်.."

သက်လယ်က အားမလိုအားမရခေါင်းခါ၏။

သန္တာရီက ရယ်ကာ..၊

"ခိုးစားတဲ့အသီးက ပိုချိုတယ်ဟ.."

"ဘာဆိုင်လို့လဲ.."

"မဟုတ်ဘူးဟာ..ငါပြောချင်တာက အပြိုင်အဆိုင်ဖြစ်လာပြီဆိုရင် အဲဒါက ပိုပြီးတန်ဖိုးကြီးသွားတာပဲလေ.."

"မဟုတ်သေးဘူး..ဝိုင် အစတည်းကချစ်နေတာ ငါတို့အားလုံးသိတယ်၊ နေနာရီဆိုတဲ့ နာမည်ကြားတည်းက ဟိုကချောင်း ဒီကချောင်းနဲ့ လိုက်ချောင်းကြည့်ခဲ့တာ..ပြီးတော့ အလုပ်ရဖို့ ကြိုးစားပါရော..အဲ..လက်ထပ်တဲ့အထိ အဆင်ပြေသွားတာကတော့ လူမစွမ်းလို့ နတ်'မ'တာပေါ့နော်.."

ဝိုင်က ရယ်နေသည်။

"နတ်ကလည်း မ,ပြီးမှ ပြန်ဆွဲချတာတော်တော်လွန်တယ်နော်..အဲဒီသားအမိကို တွန်းလှတ်လိုက်တာ ဘာလုပ်တာလဲမသိဘူး.."

"ဘာလုပ်လုပ် ဝိုင့်ဘက်ကအသာချည်းပဲ..လက်မထပ်ခင်ကတောင် သူနဲ့သွားပုတ်လေလွင့် ပြောခံရမှာစိုးလို့ လက်ထပ်ယူတဲ့အထိ တာဝန်ယူခဲ့သေးတာ..အခု လက်ထပ်ပြီးကာမှ သူ့လိုလူက စပြီးခွာထုတ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး..တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်ရှိတဲ့ ယောကျ်ားတွေက..”

“သက်လယ်ရယ်..နင်တွေးသလိုဆိုရင် သူ့မိန်းမ..အဲ”

ပြောပြီးမှ သန္တာရီက ဝိုင့်ကိုအားနာသလို တစ်ချက်ကြည့်၏။ ပြီးမှ ရယ်ကာ..၊

“သတိထားဖို့လိုနေတာတွေ ငါကပြောချင်တာပါ..သူက တာဝန်ယူတတ်ရင်လည်း ကလေးနဲ့ရောက်လာတဲ့မိန်းမကိုရော သူဘယ်လိုသဘောထားလဲလို့..”

ဝိုင့်မျက်နှာပျက်သွားသည်။ ပြီးတော့ ကြားယောင်သွားခဲ့၏။

“ကိုယ်တစ်ဖက်သတ်ချစ်ခဲ့ဖူးတယ်..”

“ဘဝင်လား..”

“မျှော်လင့်တိုင်း ရမလာနိုင်ဘူးဆိုတာ မင်းနားလည်မှာပါ..”တဲ့..၊ သူမက မရနိုင်တာကို မျှော်လင့်နေမိတာလား..၊

သူမ ခေါင်းတစ်ချက်ခါလိုက်ပြီး ဆံပင်တွေကိုသပ်သည်။

အချစ်မှာ တစ်ခုတည်းသောမက်သတ်ဆိုတာ မရှိ..၊

မယိုင်မလဲ ခိုင်မြဲနေတတ်သလို မြန်ဆန်လွန်းသည့် ပြောင်းလဲမှုတွေနဲ့ လှည့်စားတတ်တာလည်း အချစ်ပဲဖြစ်သည်။

ကိုယ်က ချစ်နေပြီးသည့်နောက်မှာ သူ့အချစ်ကိုရယူနိုင်ဖို့အတွက် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကြိုးစားရမည်..၊

မျှော်လင့်ခွင့်ရှိရှိ မရှိရှိ..၊





# အခန်း (၁၅)

“မမ..”

“ဟင်..”

အမှောင်လောကထဲကို ခဏလေးရောက်သွားတုန်း ခေါ်သံကြောင့် လူက ငိုက်ခနဲဖြစ်၏။

“ဟင်..ဘာလဲ..”

“ခစ်..ခစ်..”

ဘဝင် ငိုက်ခနဲဖြစ်သွားတာကို မိကျော့ကရယ်ကာ..၊

“မမ အစိမ်းကြော်ကြော်မလို့ဆို ဒီမှာအားလုံးလှီးပြီးသင့်ပြီးပြီ”

“ဟင်..အင်း..”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ရပေမယ့် မီးဖိုးချောင်မြင်ကွင်းက မသဲကွဲသေးပေ၊ ပြီးတော့ မျက်လုံးတွေကို ပြူးပြဲကြည်လေ ကျိန်းစပ်နေလေ..၊

"မမ.."

"ဟင်.."

"မမ အိပ်ငိုက်မနေနဲ့ ခုံပေါ်ကစိုက်ကျသွားလိမ့်မယ်.."

"ဟာ..မကျပါဘူး.."

ဒီစကားကြားမှ သူမခေါင်းနဲ့ခါးကို မတ်၍အသက်ဝဝရှူကာ စားပွဲဘေးမှာ ထိုင်ရာကနေ ထရပ်လိုက်သည်။ ဟန်ကျပန်ကျ ရပ်လိုက်ပေမယ့် ခေါင်းတွေက ဝေတေတေ..၊

မျက်လုံးတွေကို ခဏလောက်ပိတ်ချလိုက်လျှင် တုံးခနဲပစ်လဲပြီး အိပ်ပျော်သွားနိုင်သည့် အနေအထားဖြင့်..၊

"ဘယ်မှာလဲ..ကြော်မယ်လေ.."

ဟင်းရွက်ဇကာကို မြင်သည်နှင့် ထိုဆီသွားမိလျှင်..၊

"မမ အဲ့ဒါလွှတ်ပစ်မယ့် အကြမ်းဖက်ခွေ.."

ဟင်..၊

နောက်ပြန်ဆုတ်၍ နောက်ထပ်အသက်ဝဝ ထပ်ရှူလိုက်သည်။ စိတ်အလိုမလိုက်နဲ့ဘဝင်..၊

နှင်မနေ့ကလည်း 'ငါမရတော့ဘူး..'ဆိုပြီး ပြန်ဝင်အိပ်တာ၊ မဝင်မိစေနဲ့..ရအောင်လုပ်..၊

"မမ..ခစ်ခစ် ဒီမှာကြက်သွန်ခွဲခြမ်းလုပ်ထားတာတွေ.."

"သိပါတယ်..နှင်က ဘာလို့ရယ်နေတာလဲ.."

"ရယ်မှာပေါ့..မမက မျက်စိမှိတ်ပြီး လမ်းလျှောက်နေ





တာ"

"ဘယ်မှာမှိတ်လို့လဲ.."

သူမ မြင်နေသားနဲ့ မှိတ်တယ်ဆိုတော့ ကိုယ့်ဘာသာ မျက်လုံးကို ပြန်စမ်းကြည့်မိသည်။ ပြီးတော့ မျက်နှာလေးမဲ့သွားမိလျက်..၊

"နေဦး..ငါမျက်နှာထပ်သစ်လိုက်ဦးမယ်.."

ချာခနဲလှည့်ထွက်ခဲ့ပြီးမှ တံခါးနားရောက်တော့ ပြန်ပြေးလာကာ..၊

"နေဦး..ဘယ်နှနာရီရှိပြီလဲ.."

"လေးနာရီဆယ့်ငါးရှိပြီ.."

"ဗိုင်ဘယ်အချိန်ထွက်လာတတ်လဲဟင်.."

"လေးနာရီခွဲရင် သူရောက်လာမှာ.."

"အင်း ငါမြန်မြန်လုပ်ခဲ့မယ်၊ အဲ့ဒီမှာလက်စတွေလုပ်ထားပေးနော်..ပြီးရင် ငါလုပ်ထားတာလို့ပြောပြီး ငါပဲချက်မှာလို့ပြောလိုက်..သိလား.."

မှာခဲ့ပြီး ရေချိုးခန်းဘက်ထွက်လာခဲ့သည်။

"ညက ငါအိပ်တာ ဆယ်နာရီခွဲမှပါ..ဆယ်နာရီဆိုတော့ ဆယ်တစ်နာရီ ဆယ့်နှစ်နာရီ.."

လမ်းလျှောက်နေရင်း သူမဘယ်နှနာရီအိပ်လိုက်သလဲဆိုတာ တွက်ကြည့်နေမိသည်။ ပြီးတော့ မျက်တောင်တွေဖိခတ်နေမိလျက်..၊

"သုံးနာရီခွဲထလိုက်ရတော့ ငါအိပ်ရတာ ငါးနာရီခွဲပဲရှိတာ ဟုတ်တယ်..ခါတိုင်းဆို ငါအိပ်ရာကထရင်အ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ.."

"အယ်..ဆောရီး..အဲ ကန်တော့ပါ..ကန်တော့ပါအမေ ရယ်.."

ပစ်စလက်ခတ် ဝင်တိုက်ထည့်လိုက်တော့ ဒေါ်ပန်းသီရိ နံရံပေါ်မှာ ကျောကပ်လျက် လန့်ထွက်သွားခဲ့တဲ့အထိ..၊

"ဘဝင်တွေးရင်းနဲ့ လျှောက်လာလို့ပါ.."

တောင်းပန်ရင်း ကမန်းကတန်းပြေးထူကာ ပခုံးပေါ်က လျောကျသွားသည့် မျက်နှာသုတ်ပဝါလေးကိုလည်း ကောက်ပေးရင်း..၊

"အမေက ဘာလုပ်ဖို့ထလာတာလဲဟင်.."

"ငါက ဒီအချိန်ထနေကျပါ..မင်းကရော ဘာထလုပ်တာလဲ"

"အပွန်း..ဟိုလေ ဘုရားဆွမ်းတော်ကပ်ဖို့ ထချက်တာ"

ဘဝင့်ကိုကြည့်ပြီး ဒေါ်ပန်းသီရိ အထူးအဆန်းဖြစ်သွားသည်။ ခါတိုင်းဆို ရှစ်နာရီလောက်မှထပြီး 'အခုစောကြီးထတတ်နေပြီ'လို့ ကြွားနေသေးသည်။

ပြီးတော့ စားသောက်ပြီးတာနှင့် အိမ်မှာရှိတဲ့လူတွေ နောက်လိုက်ပြီး စကားပြောကာ တစ်အောင့်ကြာတာနှင့် မရှိတော့ပေ..၊ ဘယ်ရောက်သွားတာလဲ လိုက်ကြည့်..၊

'ခဏပြန်အိပ်ဦးမယ်ဆိုပြီး အခန်းထဲဝင်သွားတယ် မေမေကြီး'လို့ ကြားရတတ်လေသည်။ ထို့ကြောင့် ဒီအချိန်ထနေတာမြင်တော့ ခေါင်းခါလိုက်မိ၏။

"အမေ့.."





လှည့်ထွက်လာခဲ့တော့ သူမကလက်ကို လိုက်ဆွဲထားကာ..၊

"အမေ ကိုကိုက ဒီနေ့ မော်လမြိုင်သွားမှာဆို.."

"ဟုတ်တယ်ထင်တယ်.."

"အဲ့ဒါ ဘဝင်လိုက်သွားလို့ မရဘူးလားဟင်.."

"ဘယ်သူ့ကိုမှ ခေါ်မှာမဟုတ်ဘူး.."

ဘဝင် တုံ့ဆိုင်းဆိုင်းလေးဖြစ်သွားသည်။

"ဝိုင့်ကိုရော.."

"မပါဘူးထင်တာပဲ..သားက အလုပ်ကိစ္စတွေကို အိမ်မှာ သိပ်ပြောတာ မဟုတ်ဘူး.."

"ဒါဆို ဘဝင်လိုက်လို့ရတာပဲ..အမေပြောပေးပါလား ဟင်"

"ပြောလည်း ရမှာမဟုတ်ဘူးဘဝင်..ဘာလုပ်ဖို့လဲ ကလေးနဲ့အိမ်မှာပဲနေပြီး အိမ်မှုကိစ္စစိတ်ဝင်စားရင်လည်း လေ့လာပေါ့.."

"စိတ်မဝင်စားဘူးအမေရဲ့.."

"ဘာ.."

"အဲ..မဟုတ်ပါဘူး ဟိုလေ.."

စိတ်ထဲရှိတဲ့အတိုင်း ပြောတတ်တဲ့အကျင့်က အရင်ဖြစ်သွားတတ်ကာ စကားမှားသွားပြီဆိုရင်လည်း သူမချက်ချင်းမပြေ ရှင်းတတ်၏။

ဘဝင် ခေါင်းကိုင်ခါးကိုင်နဲ့ ဖြစ်သွားခဲ့လျက်..၊

"ဘဝင်ကလေ အိမ်မှာဆိုလည်း အပြင်မှာအလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲများတော့..ဟို..မီးဖိုချောင်ဝင်တာလည်းမရှိ၊ အဲ..မသိ.. ဟိုလေ မလုပ်တတ်မကိုင်တတ်နဲ့.."

"အခု ဆွမ်းတော်ထချက်တာကရော.."

"အဲ့ဒါက ချက်ချင်လို့လေ.."

"ဘယ်လို.."

"ချက်ချင်လာလို့..အဟွန်း ကိုကိုကမိန်းမနှစ်ယောက် ရနေပြီဆိုတော့ ဘဝင်ကမချက်တတ်ရင် ကျန်ခဲ့မှာပေါ့အမေရဲ့"

"ဒါကြောင့် မလုပ်ချင်ဘဲ ထလုပ်နေရတာလား.."

"ဟုတ်..အဲ.."

မြန်မြန်ဆန်ဆန်ခေါင်းညိတ်လိုက်ပြီးမှ ဆတ်ခနဲပြန် မတ်သွားကာ၊

"မဟုတ်ပါဘူး..ဒီလိုပါ.."

"ဒီမှာဘဝင်.."

"ရှင်.."

ဒေါ်ပန်းသီရီ မီးရောင်အောက်မှာ ပန်းနုရောင်သမ်းနေ သော ဘဝင့်မျက်နှာလေးကို စိုက်ကြည့်ကာ..၊

"အချက်အပြုတ်ပညာဆိုတာ လွယ်လွယ်လေးမဟုတ် ဘူး"

"အဲ့ဒါကြောင့် စိတ်ညစ်တာပေါ့.."

"သြော်.."

"မဟုတ်ဘူး မဟုတ်ဘူး..တတ်ချင်တာလေ၊ ခက်လည်း ခက်နေတော့ စိတ်ညစ်တာပေါ့လို့ ပြောတာ.."

"ဒါပေမယ့် မိန်းမချင်းယှဉ်လာတော့ မင်းဘာလိုနေ





သလဲဆိုတာ ကိုယ့်ကိုယ်ကို သိလာပြီမို့လား..မိန်းကလေးတစ် ယောက်က လှနေတိုင်း တန်ဖိုးရှိတာ မဟုတ်ဘူး.."

"ဟုတ်ပါတယ်..ဘဝင်လှချင်တဲ့စိတ်ကို ဘယ်လိုဖျောက် လို့မှ မရပေမယ့် အဲ့ဒါကိုတော့သိပါတယ်..ဒါပေမယ့် အမေရယ် အိမ်ဖော်တစ်ယောက်ငှားလိုက်ရင် မီးဖိုချောင်ကိစ္စက ပြီးရော လေ၊ စားချင်တာလေး မှာထားလိုက်ရုံပဲ..အရည်အဖတ် အသုတ် အစပ် ဘာဖြစ်ဖြစ် အဆင်သင့်ပြင်ပြီးသား.."

ဒေါ်ပန်းသီရီ မျက်နှာမသာမယာနဲ့ ခေါင်းခါတော့.. လက်လေးကာမိကာ..၊

"ဘဝင်ပြောချင်တာက မီးဖိုချောင်မှာ အချိန်ကုန်မယ့်အ စား အဲ့ဒီမိန်းမက အလုပ်ထွက်လုပ်မယ်ဆိုရင် နာရီနဲ့အမျှပိုက်ဆံ တွေဖြစ်လာမှာလေ..ဘဝင်ဆိုရင် ငယ်ငယ်တည်းက ကျောင်းနဲ့ သင်တန်းနဲ့ အချိန်ကုန်နေတာ ဆယ်တန်းအောင်ဖို့ မျှော်လင့်ချက် လည်းမရှိရော တတ်သည့်ပညာမနေသာဆိုသလို ဟိုတယ်လိမ်မှာ တိုးရစ်ဂိုက်ဒ်ဝင် လုပ်တယ်.."

သူမအကြောင်းလေးပြောပြနေတာ မျက်နှာတစ်ပြင်လုံး ချိုသိနေလျက် တက်ကြွရွှင်မြူးစွာဖြင့်..၊

"ရှိဆက်ရင်မှာထိုင်တယ်..ဂိုက်ဒ်လုပ်တယ်၊ ခဏခဏ ခရီးထွက်တယ်.."

"ကလေးကိုရော.."

"ကလေးက ကိုကိုနဲ့လက်ထပ်မှရတာလေ..အပျိုတည်း က ဘဝင်က..အဲ..ဘဝင်ဆယ်ခြောက်နှစ်သမီးတည်းက ဂိုက်ဒ် လုပ်လာတာ..နိုင်ငံခြားဘာသာတွေကလွဲရင် ဘာပညာရေးမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားတော့ ဦးလေးတို့ကလည်း စိတ်ဝင်စားလုပ်ဆိုပြီး.."

ပြောနေရင်း သူမမျက်လုံးထဲမှာ နာရီ့ကို လှစ်ခနဲမြင်လိုက်ကာ၊

"ကိုကို့.."

နာရီ့နောက်ကို ပြေးလိုက်သည်။

ပြီးတော့ ပြန်လှည့်ကြည့်၍..၊

"ကိုကို့ကို ပြောစရာရှိလို့နော်အမေ.."

စောစောစီးစီး ဘဝင့်အသံက တစ်အိမ်လုံးလွှမ်း၏။ ဒီအိမ်နဲ့ ဒီမိသားစုက သူမနဲ့ပတ်သက်ရင်းနှီးခဲ့ဖူးသလို ဘာပြောပြော ဘာလုပ်လုပ် ရင်းနှီးမှုတွေအပြည့်နဲ့ ဖြစ်သည်။

အိမ်မှာ ဝင်ထွက်သွားလာဖူးနေသော ဝိုင်တောင်မှ သူမလိုမဟုတ်ခဲ့ဘဲ..၊

"ကိုကို့.."

"ဟာ.."

တံခါးလှည့်ပိတ်လိုက်ကာမှ သူမကဆွဲထားလိုက်သဖြင့် ဖြုန်းခနဲ လှည့်ကြည့်မိကာ..၊

"ဘာလဲ စောစောစီးစီး.."

"စောစောစီးစီးထနေလို့ ကိုကို့ရှေ့ရောက်လာတာပေါ့"

"မင်း.."

နာရီ့မျက်နှာ မီးရောင်အောက်မှာ ရဲခနဲဖြစ်သွားသည်။

ပြောပြီးမှ ဘဝင်,ကိုယ့်ပါးစပ်ကို လက်နဲ့ပြန်ကပ်ဖိမိကာ..၊

"အိပ်..အိပ်ရာထနေတာကိုပြောတာပါ..အဟွန်း ကိုကို့





ကို ပြောစရာရှိလို့.."

"မနက်မှပြော..ဖယ်.."

"ကိုကိုကလည်း ဝိုင်ကကိုကို့ဘေးမှာ တစ်ချိန်လုံးရှိနေတာ ဘယ်လိုလုပ်ပြောလို့ရမှာလဲ..အဲ့ဒါကြောင့် ကိုကိုမော်လမြိုင်သွားရင်.."

"မလိုက်ရဘူး..."

ဟင်..၊

"ဖယ်..လွှတ်လိုက်.."

"ပြောတောင်မပြောရသေးဘူး ဘယ်လိုဖြစ်တာလဲ.."

"ပြောမှာကိုသိနေလို့ပေါ့..ဒီမှာဘဝင် မင်းကို ကလေးမျက်နှာနဲ့ မေမေတို့က လက်ခံထားတာ.."

"ဘယ်သူ့မျက်နှာနဲ့ပဲခံခံ အဲ့ဒါလေးက ကိုကို့သား မဟုတ်ရင် ဘဝင်ကလည်း ကိုကို့မိန်းမမဟုတ်ဘူးဆိုရင် ဘယ်သူတလက်ခံမှာလဲ၊ အဲ့ဒါကြောင့် ဘဝင်ကလည်း ပြောထားလိုက်မယ် ကိုကို့နားကို ဘဝင်မကပ်ရရင် ဘယ်သူမှ ကပ်ခွင့်မရှိဘူးနော်..ဒါပဲ.."

ခါးထောက်ပြီး ပိုင်စိုးပိုင်နင်း ကြိမ်းဝါးနေသဖြင့် နာရီက မျက်မှောင်ကုတ်ကြည့်သည်။

"ကိုကို့ကို ဘဝင်က လွန်ကြူးအောင် ပြောဆိုခဲ့မိတဲ့အဖြစ်တွေရှိလို့ ဘဝင်က လိမ္မာချင်ယောင်ဆောင်နေတာ.."

"ဟွန်း..မသိဘူးမှတ်လို့ လာပြောနေတာလား..မင်းအကြောင်း မင်းထက်ငါပိုသိတယ်.."

"တကယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်နေပါတယ်ဆိုမှ သူမကဝမ်းသာအားရ..၊

"ဒါဆို ကိုကိုက ဘဝင့်ကိုချစ်ခဲ့တယ်ဆိုတာ မှန်တာပေါ့"

ပြောပြီး တံခါးမှာကိုင်ထားသည့် နှာရီ့လက်ကိုကိုင်သည်။ လက်ကို ဖြုတ်ချလိုက်တော့ အထဲလိုက်ဝင်လာကာ..၊

"ကိုကို့ကို ဘဝင်ကလည်းလွှမ်း.."

"ဘာဝင်လုပ်တာလဲ..သွား..ထွက်.."

"ကိုကိုကလည်း.."

"ရန်ကုန်ပြန်ရောက်လာတည်းက..ငါ မင်းနှာမည်ကို အိပ်မက်ထဲမှာ ယောင်အော်မိရင်တောင် မျက်နှာထသံစိပစ်ခဲ့တာ"

"အိပ်ရင်မျက်နှာက သစ်ရမှာပဲဟာ..ဘဝင့်ကို အိမ်မက်ထဲမှာတောင် ယောင်ခေါ်တယ်ဆိုတော့.."

"ဘဝင် မင်းမလိမ်မိုးမလိမ္မာပုံလေး လာချိုးမနေနဲ့..မင်းမျက်နှာမြင်တိုင်း ငါဒေါသထွက်တယ် နားလည်လား.."

"ဘဝင်မှားပါတယ်လို့ တောင်းပန်နေကာမှ ကိုကိုကလည်း"

"မင်းတောင်းပန်ရဲတာ ငါသိတယ်..မင်းရဲ့တောင်းပန်မှုတစ်ခါရတိုင်း ကျေနပ်နေခဲ့တဲ့ငါက မြှောက်ပေးရင် ကွေးအောင်ကတတ်တဲ့ကောင်.."

"အောင်မလေးကိုကိုရယ်..သူများကြားရင်တော့ ဒီကောင် မိန်းမလုပ်တိုင်း ခံနေရတဲ့ ခပ်ပေါပေါ ခပ်ညံ့ညံ့ နှာဘူးငတုံးကောင်လို့ ထင်သွားကြတော့မှာပဲ.."

ကြည့်စမ်း..၊

"တကယ်က ကိုကိုကလည်း မာနမင်းသားကြီးပါ..





သူများမှာ အပြစ်ရှိရင် မကျေနပ်တာ မကျေနပ်သလိုပြောပေါ့.. မပြောဘဲနဲ့ မျိုသိပ်ကြိတ်ခံတယ်၊ သူများ မထင်မှတ်တဲ့အချိန်ကျမှ မာနတွေပြပြီး တစ်ခုဆိုတစ်ခါ လှည့်မကြည့်စတမ်း ထွက်သွားတာလေ.."

"မင်းက ကင်ဆာရောဂါဆိုရင် အမြစ်ပါမကျန်အောင် လှီးထုတ်ပစ်ခဲ့မှာ.."

"ဘာပဲဖြစ်ဖြစ် ဘဝင်ဘယ်လောက်ပဲဆိုးဆိုး ကိုယ်ဝန်ရှိနေကာမှ ထားပစ်ခဲ့တဲ့ကိုကို့ကို ပတ်ဝန်းကျင်က ဘယ်လိုပြောနေခဲ့သလဲ ကိုကိုသိလား.."

နှာရီ ငိုင်သွားသည်။ မလုံမလဲတစ်ဖက်လှည့်ပစ်၏။

"ကိုကို့အတွက် ဘဝင် အားလုံးနဲ့ ရင်ဆိုင်နေခဲ့ရတာ.."

လှည့်နေသည့် မျက်နှာကိုစေ့စေ့ကြည့်၍ ခံစားချက်တွေ ရှုန်းကြွရင့်သန့်လာခဲ့၏။ ပြီးတော့ ဝမ်းနည်းလာခဲ့သည်။ ဒါပေမယ့် စိတ်က ဖျတ်ခနဲ ပြောင်းသွားခဲ့လျက်..၊

"ကိုကို..ကိုကို့သားလေးကို ချစ်တယ်မို့လားဟင်.."

"........... ......."

"ကိုကို့.."

"မချစ်ဘူး.."

ဘဝင် ငိုင်ငိုင်လေးဖြစ်သွားလျှင် နှာရီက သူမလက်ကောက်ဝတ်လေးကိုဖိဆွဲ၍ အခန်းပြင်ကို တွန်းထုတ်လိုက်ကာ..၊

"ဂျိမ်း.."

"ကိုကို့.."

ဘဝင်စိတ်တိုသွားသည်။ ပြီးတော့ တံခါးကိုလက်သီး



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်လေးနဲ့ ထုပစ်မိကာ..၊

"ကိုကို အရမ်းရက်စက်တယ်သိလား.."

"ဒုန်း..ဒုန်း.."

"ဘဝင့်ကိုပြောတာ ခံနိုင်တယ်..သားသားကို ကိုကိုရက်စက်လို့မရဘူး..အဲ့ဒါကိုကို့သား၊ ကိုကို့ကို ဘဝင်ချစ်လွန်းလို့သားလေးနဲ့.."

"ဟဲ့..ဒီမှာ.."

ဘဝင့်စကားသံလေး ရပ်သွားသည်။ သူမနောက်မှာ ဝိုင်ကရပ်နေလျက်...၊

"နင့် အချိန်အခါရော သိရဲ့လား ဘဝင်.."

"မသိဘူး..သိချင်ရင် နာရီသွားကြည့်လိုက်.."

"သွားကြည့်ဖို့မလိုပါဘူး..အပြင်ကိုတစ်ချက်လောက်ကြည့်လိုက်တာနဲ့ သိတယ်..ရောင်နီမပျို့သေးဘူး၊ နင့်အသံကတစ်အိမ်လုံး ဆူညံနေတာ.."

"ရောင်နီပျို့မှ အသံထွက်ရမယ်လို့ ဘယ်သူတားထားလို့လဲ"

ပြောပြီးတာနှင့် တံခါးကိုပြန်ထုနေကာ..၊

"ကိုကိုနော်..သားသားကိစ္စနောက်မှပြောမယ်၊ မော်လမြိုင်ကို ဘဝင်လိုက်မှာ..ဒါပဲ.."

ဒီဘက်လှည့်လိုက်တော့ ဝိုင်က အေးစက်စက်ကြည့်နေခဲ့လျက်..၊

"ကို့အနားကပ်ဖို့အတွက် အိပ်မှန်စုံမွှား လူးလဲထလာရတဲ့ပုံပဲ.."





"နင်ရော ငါ့ကိုအမီလိုက်ဖို့ ကျော်ခွခုန်ချပြီး ပြေးလိုက်လာရတာ ဒီနားမရောက်ခင် ဘယ်နှခါလောက် ခလုတ်တိုက်ခဲ့သေးလဲ"

"ဘဝင်တော်တော့..တိတ်ကြစမ်း.."

ဒေါ်ပန်းသီရိက အသံကိုအရင်ပို့လွှတ်ခဲ့ပြီး ရောက်လာတော့ ဦးတင်ထွတ်ကအရင်..၊

"ညည်းတို့တော်တော်ခက်ပါလားဟေ..ဟင် ကလေးတွေလည်းမဟုတ်ဘူး.."

"ကလေးမဟုတ်လို့ပေါ့လေးလေးရယ်..ဘဝင် ကလေးတုန်းကဆိုရင် ဒီလိုပုံစံလာကိုက်လို့ကတော့ ပါးစောင်နှစ်ဖက်ဆွဲဖြဲပြီး ထောင်းပြီးသား မိုးမျှော်ငရုတ်သီး အတောင့်သုံးဆယ်လောက် ထိုးသိပ်ထည့်ပေးလိုက်မှာ.."

သေပါပြီဟဲ့..၊

နောက်က အကုန်လုံးကြားကာ ဒေါ်ပန်းသီရိ ရင်ဘက်ဖိလေသည်။

"ဟွန်း..လူကြီးတွေလာလို့ လျှော့ပေးလိုက်တယ်မှတ်.."

ကြိမ်းဝါးသံလည်း ကြားလိုက်သေးသည်။ ပြီးတော့ ဝိုင်ပခုံးတစ်ဖက်ကို တိုးတိုက်ထွက်သွားတာ ယိမ်းယိုင်ကျန်ရစ်ခဲ့၏။ ဒေါ်ပန်းသီရိ ရှေ့ဆက်မတိုးတော့ဘဲ နေရာမှာတင် ရပ်နေလိုက်မိ၏။

ဝိုင်က မတ်မတ်ပြန်ရပ်ရင်း သူမရဲ့အင်္ကျီအဝတ်အစားတွေကို ပြေပြစ်အောင် ဆွဲဆန့်ပြုပြင်၍ ဦးတင်ထွတ်နှင့် ဒေါ်ပန်းသီရိကို လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွတ်က မျက်နှာလွှဲ၍ ထွက်ခွာသွားကာ ဒေါ်ပန်းသီရိ သက်ပြင်းချ၏။

ဒါတော့ ကိုယ်လည်းမတတ်နိုင်ဘူး၊

✻ ✻ ✻







# အခန်း (၁၆)

"ဟင်.."

'နှစ်ယောက်စလုံးပါလား'လို့ တွေးလိုက်မိရင်း မောင်နှမနှစ်ယောက် မျက်လုံးချင်းဆုံသွားကြသည်။

ထမင်းစားခန်း တံခါးပိတ်မထားလျှင် အပေါ်ထပ်က ဆင်းလာသည့် လှေကားရင်းကို မြင်နေရသလို ဧည့်ခန်းကိုဘယ်သူဝင်ထွက်လာသလဲဆိုတာပါ မြင်ရတာဖြစ်သည်။

ဘဝင်က အပေါ်ထပ်ကနေ ကလေးလက်ဆွဲပြီး ခြေချော်ကျမတတ် ပြေးဆင်းလာကာ သူမရှေ့လေးကပဲ ဝိုင်တအကျအနပြင်ဆင်ပြီး ထွက်သွားခဲ့သည်။

"ဝိုင့်ကို သားကခေါ်တာဖြစ်မယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေးက ကျန်ခဲ့မှာမဟုတ်ဘူး..လိုက်ဦးမမ"

'အေး'ဆိုတဲ့စကားက နောက်မှာကျန်ခဲ့ကာ ဒေါ်ပန်းသီရိ ကမန်းကတန်း ထွက်လိုက်ခဲ့သည်။ အပြင်ကိုရောက်လာတော့ ထင်ထားသည့်အတိုင်းပင်..၊

"သူလိုက်လို့ရရင် ဘဝင်ကဘာဖြစ်လို့ လိုက်လို့မရရမှာလဲ.. ကိုကို့ကို အစောကြီးတည်းက ကြိုပြောပြီးသား.."

"ဟွန်း..."

ဘဝင့်စကားကြားတော့ ဝိုင်ကခပ်မဲ့မဲ့ပြုံးကာ..၊

"ပြောပုံကတော့ နေရာတကာတန်းစီတိုးဖူးနေတာ သိသာနေတာပဲ.."

"ဟုတ်တယ်..ဒါပေမယ့် ကြားဖြတ်ပြီး ရှေ့ရောက်အောင်တော့ မညစ်ပတ်ဖူးဘူး.."

"ဟော့..တော်တော့.."

နာရီက ဖိုင်တစ်ထပ်ကို ဒီတိုင်းကိုင်လျက် ဒေါ်ပန်းသီရိတို့ရဲ့ နောက်ကနေ ကျော်တက်လာကာ..၊

"အလုပ်ကိစ္စနဲ့သွားမှာ အပျော်ခရီးမဟုတ်ဘူး.."

"အပျော်ခရီးမှတ်ပြီး လိုက်ချင်နေရအောင် ဘဝင်က ကိုကို့သမီး မဟုတ်ဘူး.."

"အဟွန်း.."

"နင်က ဘာရယ်တာလဲ.."

ဘဝင် ဒေါသထွက်ပြီး လှည့်ပတ်ရမ်းနေသလို ဖြစ်နေကာ၊ ဝိုင်က ဘဝင့်ဒေါသတွေကို ကြောင်နဲ့ကြွက် ကစားသလို ချောင်းရယ်လျက်..၊





"ဘာဖြစ်လို့ရယ်ရယ်ပေါ့..မင်းလည်းရယ်နိုင်ရင် ရယ်လို့ရတယ်.."

ကိုယ့်မှာတော့ မရယ်နိုင်ရှာဘူးလို့ ရီလိုက်တာမှန်းသိသည်။ ဒါပေမယ့် ဟုတ်လည်းဟုတ်နေသည်ဖြစ်ရာ..၊

"ကိုကို့.."

"မင်းလိုက်လို့မရဘူး.."

"သူကျတော့ရော.."

"ကလေးဆန်မနေနဲ့ဘဝင်..မင်းကိုငါပြောပြီးပြီ.."

"ဟင့်အင်း သူပါတယ်ဆိုရင် ဘဝင်လိုက်မှာပဲ.."

ဘဝင်ခြေဆောင့်အော်နေစဉ် ဖုန်းသံမြည်လာသည်။ အားလုံးတိတ် သွားကြပြီး ဘဝင်ကသူမရဲ့ ဆလင်းဘက်ခ်အိတ်ကို ဖိကိုင်လိုက်မှ သူမဆီကမှန်းသိကာ..၊

"ကိုကို့.."

ဘဝင်က ဖုန်းမကိုင်ဘဲ တံခါးဖွင့်လိုက်သည့် နာရီ့လက်ကို လှမ်းဆွဲ၏။ မမိလိုက်တော့ ကလေးကိုဆွဲထားရင်း အတင်းရှေ့တိုးပြီး လိုက်၏။

"ကိုကိုနော်..သားသားနဲ့ဘဝင်လိုက်မှာ.."

"ကဲပါသွားရယ်..ကလေးကို အမေတို့ခေါ်ထားလိုက်ပါ့မယ်၊ ဝိုင်က သူ့ဆိုင်မှာ ဆင်းနေခဲ့မှာမဟုတ်ဘူးလား.."

ဟင်..ဝိုင်က မော်လမြိုင်ထိလိုက်မှာ မဟုတ်ဘူးလား..၊

ပြန်ကြည့်လိုက်တော့ ဝိုင့်နှုတ်ခမ်းခပ်မဲ့မဲ့က မျက်လုံးတွေနဲ့ပေါင်းပြီး ကြည့်ပုံက ဘဝင်ကပဲ အရှုံးလိုလို..၊

"ဂျိမ်း..."



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမရှေ့မှာပဲ ကြွကြွရွရွလေး ဆင်းလျှောက်သွားပြီး ဟိုဘက်ကနေ ဝင်ထိုင်သည်။ တံခါးကို တမင်အသံမြည်အောင် ပိတ်ပစ်၏။ ဘဝင်လိုက်ခွင့်ရခဲ့ရင်တောင် နောက်ကပဲထိုင်ရတော့မှာ ဖြစ်သည်။ သို့သော်..၊

"မခေါ်နိုင်ဘူးမေမေ..ကလေးနဲ့လည်း မဆိုင်ဘူး.."

ဒေါ်ပန်းသီရိကို ပြောသောစကားတို့နှင့်အတူ မျက်လုံးစိမ်းတွေက ဘဝင့်မျက်နှာလေးပေါ်မှာ စူးစိုက်လာကာ..၊

"မင်းမှာ ဒီလိုတောင်းဆိုခွင့်လည်း မရှိဘူးဘဝင်..မင်းကိုယ်တိုင် ငါ့ကိုအလိုမရှိခဲ့တာ.."

"ကိုကိုက အဲ့ဒါတွေကို တစ်ခုချင်းပြန်ရေပြီး.."

"မင်းမကြားချင်ရင် ငါနဲ့ဝေးဝေးနေလေ.."

"ကိုကို.."

ဘဝင်က လက်ကိုမလွှတ်တမ်းဆွဲထားကာ ကလေးကိုလည်း တစ်ဖက်ကမလွှတ်..၊

ဒေါ်ပန်းသီရိ ဘဝင်ဖြစ်နေသည့်ပုံကို တအံ့တသြကြည့်နေမိကာ နာရီနဲ့ပြောသော စကားတွေကိုလည်း စိတ်ဝင်စားမိသည်။ သားကိုမပေါင်းချင်ပါဘူး စဖြစ်ခဲ့တာက ဘဝင့်ဘက်ကလား..၊

သူမတို့ထင်သလို ဘဝင်က အထင်မြင်သေးသည့်စကားတွေ နစ်ကျွံအောင် ပြောခဲ့လို့သာ သားကစိတ်နာပြီးစွန့်ခွာလာခဲ့တာ မဟုတ်ဘူးပေါ့..၊

"အားလုံးပြောင်းလဲခဲ့ပါပြီ ကိုကိုရယ်..ဘဝင် ကိုကို့ရင်သွေးကိုမွေးပြီး သက်သေပြခဲ့တာတောင်.."





"တော်ပြီ ဘဝင်..မင်းနဲ့ အဲ့ဒါတွေပြောပြီး ငါ့အချိန်တွေကို အလကားမဖြုန်းချင်ဘူး.."

"မပြောဘဲနေဆို နေပါ့မယ်..မော်လမြိုင်ရောက်ရင်လည်း ကိုကို့အလုပ်ကို မရှုပ်ဘူး..သားသားကိုချစ်တဲ့ ဘဝင့်သူငယ်ချင်းတွေ ရှိတယ်..ဘဝင် သူတို့နဲ့.."

"မင်းနဲ့သွားဖို့ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ငါလက်မခံဘူး.."

"ဟင့်အင်း ဟင့်အင်း.."

"တီလေး ဖေဖေစိတ်ဆိုးနေရင် သားသားလေးမလိုက်ချင်တော့ဘူး.."

ဘဝင်က မလွှတ်တမ်းဆုပ်ကိုင်ထားသမျှ ကလေးက စတင် ငြင်းဆိုလာခဲ့၏။ ပြီးတော့..၊

"ဖေဖေ..သားသားလေးမလိုက်ဘူး.."

"ဘာလို့မလိုက်ရမှာလဲ..လိုက်မှာပဲ.."

"တီ.."

ထိုစဉ် ကားတစ်စီးခြံထဲဝင်လာခဲ့လျက် ကားပေါ်ကဆင်းလာသူတွေကို ဘယ်သူမှမသိ..၊

"မမ.."

အသားဖြူဖြူအရပ်အနေတော်နှင့် ခပ်ချောချောလူရွယ်တစ်ယောက်က ကတိုက်ကရိုက်ဆင်းလာကာ..၊

"မမ ဘယ်သွားမလို့လဲ.."

"မောင်.."

"ဟုတ်တယ်..မမက လာမယ်မလာဘူးလည်းမပြောဘူး၊ ဖုန်းလည်းမကိုင်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ကယ်လေး.."

လူရှယ်ကိုမြင်လိုက်တာနှင့် စက်လေးကလည်း လက်ကို ပြေးဆွဲ၏။ လူရှယ်က စက်လေးကို ခေါင်းလေးပွတ်၍နှုတ်ဆက် ကာ..၊

"ဟုတ်တယ်..ညီမရေ.."

နောက်ထပ် အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီး တစ်ယောက် ဆင်းလိုက်လာကာ အားလုံးကိုပြုံးပြ၏။ အထူး သဖြင့် နာရီ့ကို စိုက်ကြည့်သည်။ ပြီးမှ ဒေါ်ပန်းသီရိနဲ့ ဦးတင် ထွတ်ကို ကြည့်၍..၊

"ဘဝင်က ကျွန်မတို့နဲ့ ရုပ်ဆွေရုပ်မျိုးပါရှင်..ခုတော့ ကျွန်မမောင်လေးရဲ့ စပါယ်ရှယ်ဂိုက်ဒ်ပေါ့နော်.."

ဘယ်သူစိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ သူများခြံဝင်းထဲထိ လာခေါ်ရတာမို့ သေချာရှင်းပြနေရကာ..၊

"အပြင်သွားကြမလို့ထင်တယ် မောင်မောင်ရယ်..လာ ပါ၊ အဲ့ဒါကြောင့်ပြောသားပဲ..ဒီကလူကြီးတွေ အားနာလိုက်တာ"

"ဂျိမ်း.."

တံခါးပိတ်သံက ကြမ်းသည်။ ကြည့်လိုက်တော့ နာရီ ကားပေါ်ရောက်သွားပြီဖြစ်ကာ..၊

ဘုရား..၊

ခြံထဲကနေ ဝိုက်ကွေ့သွားသည့် အရှိန်ကြောင့် ဒေါ်ပန်း သီရိ ရင်ထဲမှာ လှပ်ခနဲဖြစ်သွား၏။

"မမက ဘယ်မှမသွားဘူးမို့လား..ဒီနေ့ကျမှဗျာ.."

အို..ဘယ့်နှယ်ဟာတုံး..၊





ပြန်ကြည့်လိုက်တော့လည်း ဒီဘက်မှာ မထိတ်သာ မ လန့်သာ၊

မောင်ဆိုတဲ့ကောင်လေးက ဘဝင့်ပခုံးတစ်ဖက်ကိုကိုင်၍ မျက်နှာကို ငုံ့ကြည့်နေတာ ကပ်ကပ်လေး.. ၊

သားများမြင်သွားသေးလား လို့တွေးလိုက်မိကာ ခရီး ဝေးမောင်းရမည့်အရေးကို စိတ်ပူသွားမိသည်။

"တီတီ..သားသားလေးတို့ ကယ်လေးတို့အိမ်လိုက်သွား မယ်လေ..ဟိုမှာ ဂျက်စမင်တို့ အိန်ဂျယ်လ်တို့နဲ့ ဘောလုံးလုတမ်း ကစားလို့ရတယ်.."

ကလေးကလည်း မောင့်လက်ကိုမလွှတ်တမ်း ဆွဲထား ပြီး မအေကို တတွတ်တွတ်ပူဆာ၏။

ဘာတွေဖြစ်ကုန်မှန်းလည်း မသိတော့ပါ..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

"ဟင် နှစ်ယောက်သွားကြတာလား.."

ကားသံကြားလို့ စင်္ကြံန်လျှောက်ပုတီးစိတ်နေရင်း ထွက်လာခဲ့မိလျှင် နှစ်ယောက်အတူ ဝင်လာကြတာ နာရီနဲ့ဝိုင်..၊

"သမီးက မော်လမြိုင်ထိ.."

"ဟုတ်တယ်အန်တီ..ကို့အလုပ်ကိစ္စကြောင့်ပါ၊ ဝိုင်နဲ့ဆက်နွယ်မှုရှိနေတဲ့ ဟိုဘက်ဓာကုန်သည်တစ်ယောက်ပါနေလို့"

"ဪ.."

ပြုံးနေသည့်အပြုံးမှာ ကျောက်တုံးကြီးတန်းလန်းနဲ့ ဖြစ်ခနမလားတောင်မသိပေ၊ ပြုံးလိုက်ရပေမယ့် ပြုံးမဲ့မဲ့ကြီးဖြစ်သွား





မှာ သေချာသည်။

ရင်ထဲမှာ ခဲ(ဂဲ)ဆွဲထားသလို လေးလံသွားမိတာလည်း မျက်နှာမှာပေါ်လွင်နေကာ..၊

"ဒါကြောင့် မနက်တုန်းက ဘဝင်ကစွတ်ဖြစ်နေတာကိုး.."

"အဲ့လိုမဟုတ်ပါဘူး.."

ဝိုင်နဲ့နာရီ ခြေလှမ်းတုံ့သွားကြပြီး နာရီက အိမ်ထဲကို လှည့်ပတ်ကြည့်ကာ ဝိုင်ကဖြေရှင်းဖို့ ပြန်လှည့်လာ၏။ နှုတ်ခမ်းတို့သည် ပြုံးယောင်သမ်းလျက်..၊

"ကုမ္ပဏီမှာ ကိုနဲ့ဝိုင်လက်တွဲလုပ်ခဲ့ကြတာ လပေါင်းများစွာ ရှိနေပြီပဲအန်တီ..ကိုရဲ့ကိုယ်စား ဝိုင်ဖြေရှင်းဆုံးဖြတ်ခဲ့ရတာတွေ အများကြီးပဲလေ.."

ပြောပြီး နာရီ့ကိုငဲ့ကြည့်လိုက်ကာ..၊

"ပုဂ္ဂိုလ်ရေးတွေ ဘယ်လိုပဲရှိရှိ စီးပွားလက်စ ရှိထားတဲ့ အလုပ်ကိစ္စတွေမှာတော့ ဝိုင့်ကိုချက်ချင်းဖယ်ထားလို့ ဘယ်လိုလုပ်ရမှာလဲ.."

သူမရဲ့အပြုံးသည် စကားလုံးတွေနောက်မှာ 'ဂုဏ်ယူဝင့်ကြွားစွာ ပြောသည်'လို့ armonise လိုက်ပေးဖို့တောင်မလို..၊

"အဟွန်း.."

နှုတ်ဆက်အပြုံးလေးနှင့် အိမ်ထဲကိုလှမ်းဝင်သွားတော့ ဦးတင်ထွတ်လည်း လှေကားကြီးပေါ်က ဆင်းလာတာမို့ မြင်ကွင်းကို စီးမိုးမြင်နေခဲ့၏။ ပြီးတော့ ခပ်သွက်သွက်ဆင်းလာတာ..၊



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလှချေလားသား.."

နာရီက အမေနဲ့ဦးလေးရဲ့အလယ်မှာ ဘယ်မေးခွန်းကိုမှ မဖြေခဲ့ဘဲ ခေါင်းပဲညိတ်ပြသည်။ မျက်နှာသည်မှုန်ကုတ်ကုတ် ညိုးနွမ်းနေသလိုရှိကာ ဝင်လာတည်းက အိမ်ထဲကိုဝေ့လိုက်သည့် အကြည့်တွေကြောင့် ဘဝင့်ကိုရှာနေတာမှန်း ဒေါပန်းသီရိက သိနေခဲ့လျက်..၊

"မြေးလေးနဲ့ဘဝင် ပြန်မလာသေးဘူး.."

သူ့မျက်ခုံးတွေ ပို၍စုကျုံ့သွားသည်။ ခြေလှမ်းတွေပိုမြန်သွားကာ အပေါ်ထပ်ကို တန်းတက်သွား၏။

"မမသားတော့ ဘာဖြစ်ချင်လို့ ဘာတွေလုပ်နေမှန်းကို မသိတော့ဘူး.."

ဦးတင်ထွတ်က ညည်းညူရင်း ဧည့်ခန်းမှာသွားထိုင်လိုက်သည်။ အချိန်က ညဆယ်နာရီထိုးတော့မည်ဖြစ်သည်။

"မမ သွားအိပ်လေ..ကျွန်တော်ဘောလုံးပွဲလေးဘာလေး ကြည့်ရင်း ကလေးတို့သားအမိကို စောင့်လိုက်မယ်.."

ထိုစဉ် မိကျော့ကလည်း လှုပ်လီလှုပ်လဲ့လေး ထွက်လာသဖြင့် လှည့်ကြည့်ကာ.. ၊

"ဟိုကောင်မလေးလည်း သွားအိပ်တော့သွား.."

"ရှင်.."

"သွားအိပ်လို့ပြောနေတာနင့်ကို.."

"ဟုတ်ကဲ့မေမေကြီး.."

ဒေါပန်းသီရိက ဝင်ပြောလိုက်ပြီး မောင်ဖြစ်သူဘက် လှည့်ကာ..၊





"ငါတော့ ဘယ်သူ့အပေါ်မှာမှ ဘဝင်မကျတော့ဘူး မောင်လေးရယ်.."

"ဘယ်သူတွေကိုပြောတာလဲ.."

"သုံးယောက်စလုံးပဲလေ၊ နင့်တူလုပ်ခဲ့တဲ့ တောက် လျှောက်ကိုပြန်ကြည့်ပါဦး၊ ဘဝင့်ကိုလက်ထပ်ခဲ့တယ်..တစ်နှစ် ကျော်ကြာမှ ကွဲသွားကြပြီး ပြန်ရောက်လာတယ်..မိန်းမရခဲ့တယ် သာသိရတယ်၊ သူ့မိန်းမ ဖြူသလား မည်းသလားလည်းမသိရ.. တကယ်ကွဲတာလား တကယ်လက်ထပ်ခဲ့တာ ဟုတ်ရဲ့လားနဲ့.."

ဘာမှတကယ်မဟုတ်ခဲ့ဘဲ ထိုအရပ်ဒေသကို ပြန်သွား ချင်လို့ တမင်ညာပြောခဲ့တာလား..၊ ဘာမှသေချာမသိခဲ့ရဘဲ ဖအေဖြစ် သူ့ရဲ့ချာပနာနဲ့ လုပ်ငန်းကိစ္စတွေကြားမှာ ဒီဖြစ်ရပ်က ဝေဝါးပြီးဆုံးသွားခဲ့သည်။ 'ဝိုင့်ကိုလက်ထပ်ချင်တယ်'လို့ ပြော လာတော့လည်း 'သားတကယ်မေတ္တာရှိနေလို့လား'လို့ မေးတော့ 'ကျွန်တော်သူ့ကိုပဲ ရွေးခြယ်သင့်တယ်ထင်လို့'လို့ဆို၏။

ဒီအဖြေကို ဘဝင်မကျပေမယ့် သားအပေါ် ယုံကြည် ပေးလိုက်သည်။ ဖအေနဲ့သား သဘောထားမညီညွတ်၍ မိသားစု တကွဲတပြား ဖြစ်ခဲ့ရသည့် သာဓကကြောင့် တော်ရုံဆို ဇွဲဇွဲ ပေါက်ပေါက်မမေးတော့ဘဲ သားသဘောကျ လိုက်လျောပေးခဲ့ သည်။

နောက်ထပ် ပဋိပက္ခဖြင်းခံဖွယ် ဖြစ်ရမည့်အရေးကို ရှောင်ရှား ရင်း သားအမိ တူဝရီးတွေ ပွင့်လင်းမှုမရှိကြတော့သလို ဖြစ်ခဲ့ရင်း ဒီနေ့လို ရှုပ်ထွေးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရခြင်းဖြစ်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်နဲ့ကျတော့လည်း သူ့ပုံစံကနှစ်သက်မြတ်နိုးတဲ့ပုံ သိပ်မရှိဘူးဆိုတာ ခံစားမိသားပဲ၊ ဒါပေမယ့် ကိုယ့်လည်း မြင်နေတဲ့မိန်းကလေး သူနဲ့နီးစပ်မှုရှိနေနိုင်တာလည်း တွေးပြီး လက်ထပ်ပေးခဲ့တယ် ခုတော့.."

ဒေါ်ပန်းသီရိစကားတွေက အဆက်ကြဲစွာ ထွက်ပေါ်လာခဲ့ပြီး ပြောနေရင်း နာရီကိုလည်း ခဏခဏ မျက်လုံးရောက်လျှက်..၊

"ကလေးရှိနေတဲ့ မိန်းမကိုလည်းမဟုတ်..အနားမှာရှိနေ့ဲ ပူပူနွေးနွေး ဇနီးမယားကိုလည်း မသာယာနိုင်.."

"ဟုတ်တယ်မမ..ကျွန်တော်သူနဲ့ သေချာဆွေးနွေးချင်ဘယ်၊ ဒီတိုင်းကြာကြာသွားလို့ ဘယ်လိုမှမဖြစ်နိုင်ဘူး..မနက်က ဘုမ္မဏီမှာ အလုပ်တွေပစ်ထားပြီး ခဏအချိန်ပေးလိုက်တာနဲ့ ဝန်ထမ်းတစ်ချို့ဆီက သိခဲ့ရတာရှိတယ်.."

"ဟင်..ဘာလဲ၊ ဝိုင်နဲ့ သူ့ကိစ္စလား.."

"ဟုတ်တယ်.."

"ဘယ်လိုတဲ့လဲ..မမတို့ထင်တဲ့အတိုင်းပဲမို့လား.."

ဦးတင်ထွတ်က ခေါင်းညိတ်၍..။

"ဟုတ်တယ်.."

"ဒါဆို သူတို့က ခရီးသွားရင်း လွန်ကျွံ.."

"အဲဒါတော့ မဟုတ်လောက်ဘူးထင်တယ်.."

"ဘာကိုသိလို့ မဟုတ်ဘူးပြောရတာလဲမောင်လေးရယ် ဒီလိုကိစ္စကို ဘယ်သူက လူသိရှင်ကြားကျူးလွန်မှာပဲ၊ ဟုတ်တာမဟုတ်တာ သူတို့ချင်းသိလို့ လက်ထပ်ခဲ့တာပေါ့.."





"မဖြစ်နိုင်ပါဘူး.."

ဦးတင်ထွတ်က လက်မခံဖြစ်နေကာ..၊

"ကောင်လေးက အဲဒီလောက်သွေးဆူလွယ်မယ့် လူစားမျိုးလို့ ကျွန်တော်မထင်ဘူး.."

"နီးစပ်မှုဆိုတာ ရှိသေးတယ်လေ..အခြေအနေအချိန်အခါက ဖြားယောင်းနိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ ဘယ်အရာမှမရှိဘူး အမှန်တရားကတော့ သူတို့မှပဲသိမှာ.."

"သိတယ်..သိလို့သာ ခုချိန်ထိ ကောင်လေးဆုံးဖြတ်ချက်က အရေးပါနေတာပေါ့..မဟုတ်ခဲ့ရင် ဝိုင်ဆိုတဲ့မိန်းကလေး ဒီလောက်ထိ အောက်ကျို့ခယ နေမှာမဟုတ်ဘူး..နောက်ပြီး ဘဝင်ပြောတဲ့ စကားတွေနဲ့ပတ်သက်ပြီး သူ့မှာ ဘာမှပြောစရာမရှိသလို့ ငြိမ်ခံနေမှာလည်းမဟုတ်ဘူး.."

"ဒီကိစ္စကြီးကို သူနိုင်ကိုယ်နိုင်အပြိုင်ကြဲပြီး ဘယ်မိန်းကလေးက ပြောရဲမှာလဲ..နင်ပြောတာလည်း အဖျားရှူးသွားပြန်ပြီ မောင်လေးရယ်.."

"မမက ဘာကိုမျှော်လင့်နေတာလဲ.."

ဒေါ်ပန်းသီရိ ကိုယ့်ကိုယ်ကိုတောင် နားမလည်သေးသလို ခဏတော့ ငိုင်သွားခဲ့သည်။ ပြီးမှ..၊

"မိန်းကလေးတွေကို သားဘယ်လိုရွေးခြယ်မလဲမသိဘူး..ဒါပေမယ့် မြေးလေးကို ငါပိုင်ပိုင်နိုင်နိုင် ချစ်ချင်တယ်.."

'ကျွန်တော်ရောပဲ'လို့ ပြောလိုက်သည့်နှယ် ဦးတင်ထွတ်မျက်နှာကြီးလည်း နွမ်းလျှပိုင်ဆင်းသွားလေသည်။ ထို့နောက်..၊

"ဘွားဘွားကြီး.."



www.burmeseclassic.com

www.burmeseclassic.com



ဟင်..၊

"မြေးပြန်လာပြီ.."

ဦးတင်ထွတ်ကတော့ ရေရွတ်လိုက်ရင်း ကမန်းကတန်း တံခါးသွားဖွင့်၏။ စက်လေးက ရှေ့ကဝင်လာကာ ဘဝင်က ဖိနပ်ချွတ် ကျန်ရစ်၏။

"ဘိုးဘိုး..သားသားလေး ဘိုးဘိုးအတွက် ပီဇာဝယ်လာတယ်.."

"ဟုတ်လား.."

ကလေးငယ်ငယ်နဲ့ ကျွတ်ကျွတ်အိတ်နဲ့ ထည့်ထားသည့် မုန့်ဘူးကြီးကို ပိုက်ထားကာ၊ ဒေါ်ပန်းသီရိထံ တန်းတန်းမတ်မတ် လျှောက်သွားသည်။

ပြီးတော့ လက်ကိုဆွဲ၍ ဆိုဖာနားထိသွားကာ..၊

"ဘွားဘွားကိုလည်း ကျွေးမှာ..ဘွားဘွားကြီးစားမယ်မို့ လားဟင်.."

"စားမှာပေါ့..ဒါပေမယ့် ညဥ့်နက်နေပြီမြေးရဲ့.."

"နည်းနည်းပဲစားမယ်လေ..သားသားလေးက ဘိုးဘိုး ဘွားဘွားတို့နဲ့ တူတူစားမို့ ဝယ်လာတာ.."

"အေးပါ..အေးပါ၊ မြေးကရော ဘာတွေစားခဲ့သေးလဲ.. အစားတွေစုံရင် ဗိုက်နာတတ်တယ်.."

"သားသားလေးသိပါတယ် ဘွားဘွားရဲ့..နည်းနည်းပဲ စားထားတာပါ၊ ဘိုးဘိုးလာလေ.."

တစ်အိမ်လုံး စက်လေးရဲ့အသံချည်းပဲဖြစ်နေသည်။

ဒေါ်ပန်းသီရိကလေးနဲ့ ချိုသာသောစကားတို့ကို ဆိုနေ



ပေမယ့် စိတ်ကဘဝင်ဆီပဲ ရောက်နေသည်။ ထွက်သွားတုန်းက ဝတ်ထားတာတစ်မျိုး..၊ ပြန်ရောက်လာတော့ တစ်မျိုး..၊

ရွှေအိုရောင်ပေါ်မှာ အဝါရောင်အပြောင်စက်ဖြောက် လေးတွေပါသည့် ပွဲတက်ဂါဝန်ရှည်သည် ပခုံးကြိုးသာသာလေး နှင့် ရင်ဘက်ပေါ်မှာချိတ်လျှက်၊ ရိုင်းတော့မရိုင်းပေမယ့် ပေါ်လွင် လွန်းတော့လည်း ရိုင်းသလိုဖြစ်နေ၏။

ပြီးတော့ ဆံပင်တွေကို ပွပွမို့မို့လေး သိမ်းတင်ထားကာ နောက်မှာ ကျစ်ဆံမြီးပုံစံ အလိမ်လေးပြန်လုပ်ပြီး ချထားသည်။ နားသယ်စပ်ကနေ ခပ်တွန့်တွန့် ဆံစလေးတွေ ကပိုကရိုပြန်ဆင်း လျက် မျက်နှာလေးက ပန်းနုရောင် ဖျော့ဖျော့လေး လက်နေ၏။

ဒီမိန်းကလေးကို ဘယ်လိုဆက်ဆံရမလဲ..၊

သားကလည်း စိတ်နာနေတာမို့ နေချင်သလိုနေ ဥပေက္ခာနှင့် ထားလိုက်ရမလား..၊

ဒါမှမဟုတ် 'ဒီလောက်လှအောင် မပြင်နဲ့ဟဲ့..မိန်းမပီသ စမ်းပါဟဲ့..'လို့ တုတ်တစ်ချောင်းကိုင်ပြီး ဆုံးမပဲ့ပြင်မှုတွေနဲ့ ထိန်း ချုပ်ပေးရမည်လား..၊

သူမလေးနဲ့ကလေးကိုမြင်တိုင်း ရင်းနှီးခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်နှင့် ရင်ထဲမှာမောနေခဲ့မိသည်။

'သူ့အရမ်းအလှအပကြိုက်တယ်..'

'အဲ့ဒါကို ကျွန်တော်မကြိုက်မှန်းသိရက်နဲ့ လှပြီးရင်းလှ အောင် ပြင်တယ်..'တဲ့..၊

သားပြောပြနေတုန်းကတော့ 'မိန်းကလေးတိုင်းလှချင် တာပဲ သားကတင်းကျပ်လွန်းတာလား'လို့ တွေးမိလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တမ်းကျတော့ မပြောဘဲမနေနိုင်လောက်အောင် သူမလေးက အရောင်တင်တိုင်း လက်နေတတ်တာပဲ..၊

နဂိုတည်းက လှသည်။ လှနေတာကို ထပ်ပြင်သည်။ ပြင်တိုင်းလည်း လှနေပြန်ကာ၊ သူမကိုက ပြင်ဆင်ခြယ်သသည့် ပညာကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တာလား၊ ကုသိုလ်ထူးပြီး အလှပေါ်အယဉ် ဆင့်နေတာလား..၊

ပိုဆိုးတာက ကလေးကို'တီလေး'လို့ ခေါ်ခိုင်းခဲ့ခြင်းပင်..၊

မြေးလေးကို သူမတို့ဆုံးရှုံးမခံနိုင်ဘူးဆိုရင်တော့ ကလေးရဲ့ အမေကိုပါ စည်းရုံးနိုင်မှ ဖြစ်ပေမည်။

စည်းရုံးဖို့အတွက် ပြုပြင်ခြင်းကစရမည်ဆိုလျှင် 'တီလေး'ကနေ 'မေမေ'လို့ခေါ်ရမည်ဆိုသော ပြောင်းလဲခြင်းက စရမည်ဖြစ်ကာ သူမလေးကို မီးဖိုချောင်မှာ ပျော်မွေ့တတ်ဖို့..၊

ဒါဆို ဝိုင့်ကိုဘယ်လိုအခန်းကဏ္ဍနဲ့ ထည့်တွက်ရမလဲ..၊

⁕ ⁕ ⁕







# အခန်း (၁၈)

"မမ ရရဲ့လားဟင်.."

"ရပါတယ်ဆိုမှ.."

"အဲ့ဒီအိုးက ဘေးအနားတွေက အရင်ကပ်ပြီး တူးနဲ့ ထွက်တတ်တာ.."

"အေးပါ..သိပြီ၊ သွား..သွား.."

မိကျော့ကို တွန်းလွှတ်နေပေမယ့် စိတ်မဖြောင့်သေးဘဲ ပြန်ကြည့်ကာ..၊

"ကျပ်ကျပ်ဆူလာရင် မီးတစ်ဝက်လောက် လျှော့လိုက်နော် မမ.."

"အေးပါ.."



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်' 'အေးပါ'နဲ့တွင်တွင် အာမခံနေသူက ကြမ်းပေါ်မှာထိုင်ပြီး ခြေသည်းနီဆိုးလို့...၊

"မမ.."

"မိကျော့ရယ်..သွားမှာသွားစမ်းပါ၊ ငါကအိပ်ရာထဆို မျက်လုံးက ဖွင့်လို့ရတာမဟုတ်ဘူး..ခုလို ကိုယ်စိတ်ဝင်စားတာလေး လုပ်နေရမှ.."

"ဟုတ်ကဲ့ပါ..ဒါဆိုသွားမယ်နော်.."

မိကျော့က မနက်ငါးနာရီ ဘူတာဆင်းပြီး ပြည်ထိပြန်ရမှာဖြစ်သည်။ သူမရဲ့အဘွားဖြစ်သူ နာမကျန်းဖြစ်နေသောကြောင့် ဒေါ်ပန်းသီရိတို့က ဆေးဝါးငွေကြေးတွေ သေချာစီစဉ်ပေးပြီး ပြန်ခိုင်းခဲ့သည်။

"ဟဲ့..နှင့်ကိစ္စပြီးရင်တော့ မြန်မြန်ပြန်လာနော်..ငါသင်ရမှာတွေ ရှိသေးတယ်.."

'မသေခင် စောင်းတီးလေးသင်ပေးခဲ့ပါဦး'ဆိုတာကို သတိရကာ၊ မိကျော့ကရယ်သည်။ ဘဝင်ကလည်း ရယ်ကာ..၊

"နေဦး နေဦး..ကြက်သားဆီသတ်ရင်ဘယ်လို.."

"လုပ်ပြီ.."

"ငါမေ့သွားပြန်ပြီ..လုပ်ပါ ပြောခဲ့ပါဦး၊ ဆီမသတ်ခင် တစ်ခါတည်း ထည့်မသတ်ရတာဘာလဲ.."

"ကြက်သားမဟုတ်ပါဘူး မမရယ်..ကြက်သားဝက်သားတွေကို ဆီသတ်ပြီးမချက်ရဘူးလေ..ခက်တော့တာပဲ၊ မမဘာမှလည်း မှတ်မိတဲ့ပုံမပေါ်ဘူး.."

"ဟုတ်လား..အဲ.."





သူတကယ် မတတ်သေးပါလားဆိုတာ သိလိုက်ကာ လက်သည်းနီဆိုးတဲ့ လက်ကလေး ရပ်တန့်သွားပြီး မော့ကြည့်သည်။ ပြီးမှ ဘူးပြန်ပိတ်ဖို့ သတိရသွားပြီး ကမန်းကတန်း ပြန်ငုံ့ပိတ်၍..၊

"နေပါဦး..နေပါဦး ခဏလေး.."

လက်သည်းနီဘူးကို ပြန်ပိတ်နေရင်း ဗျာယာခတ်သွားကာ..၊

"အဲ့ဒါမတတ်လို့မရဘူး..သေချာပြန်ပြော ဒီတစ်ခါက်ပဲ"

"ငါ့နယ်နော်.."

မိကျော့ရယ်လည်းရယ်ချင်သည် ရယ်လည်းမရယ်နိုင်၊ ရထားမမီမှာစိုးပေမယ့် ဘဝင့်ကိုလည်း ဒီတိုင်းထားမသွားနိုင်ဘဲရှိကာ သေချာပြန်ရှင်းပြရလေသည်။

ဝိုင်က မိန်းမပီသခြင်း အရည်အချင်းကောင်းများနှင့် ပြည့်စုံနေသော်လည်း ဘာမှမသိနားမလည်ထားသော ဘဝင့်ကိုပဲ သူမခင်နေမိသည်။

ဝိုင်က ပညာမာနနှင့် တည်ငြိမ်အေးစက်သော မျက်နှာရှိကာ၊ ဘဝင်က မာန်မာနကင်းစင်၏။ ရွှက်ကြမ်းရေကျို လူတာမျိုးထက် ဝိုင့်မျက်နှာက ပိုလှချင်လှလိမ့်မည်။ ဘဝင့်မျက်နှာနုနုငယ်ငယ် ချစ်စဖွယ်လေးကို ဘယ်လိုမှ မယှဉ်နိုင်..၊

သူမဘယ်လောက်ပဲ သာလွန်ကောင်းမွန်ပါစေ မိကျော့တို့က ဘဝင့်ဘက်ကပဲဖြစ်ကာ..၊

"ရပြီနော် မမ.."



www.burmeseclassic.com

www.burmeseclassic.com



"အေးရပြီ..ပြန်လာရင် လက်ဆောင်ကောင်းကောင်း ဝယ်လာခဲ့.."

"ဟင်..ဘာမှလည်းမဆိုင်ဘူး.."

"ခစ်..ခစ်.."

"ဒီကဆရာပါနော်..သင်လည်းပေးရသေးတယ်.."

"ဆရာကပဲ အပြင်ထွက်ခွင့်ရတာလေ..ဒီက စောင့်နေရ မယ့်သူ.."

မိကျော့ကို နှုတ်ဆက်ပြီးတစ်ယောက်တည်း ကျန်ရစ် ကာမှ ဘောင်းဘီရှည် အနားစကို ခြေသလုံးတစ်ဝက်ထိ လိပ် ထားလိုက်သည်။ ခြေချောင်းဆယ်ချောင်းမှာ ခြယ်သထားသော လက်သည်းနီတွေကို အပြန်ပြန်အလှန်လှန် ကြည့်ရင်း နှုတ်ခမ်း လေးလုံးနေအောင် တဖူးဖူးမှုတ်ပေးနေသေးသည်။

ပြီးမှ ဘူးလေးတွေကို ဘေးကပ်ထားလိုက်ကာ လုပ် လက်စအလုပ်တွေဘက် လှည့်၏။ နာရီကြည့်လိုက်တော့ လေး နာရီခွဲ..၊

ဒီအချိန်ဆိုတော့ သိပ်တော့မဆိုးသေး..၊

တစ်ယောက်တည်း ကြော်လှော်ချက်ပြုတ်နေရင်း ဟင်းတွေ ကျက်ဖို့ အရေးကိုပဲ အာရုံရောက်ကာ ဆွမ်းတော်ကပ်ဖို့ သတိမရ..၊

"ဘာတွေတူးကုန်ပြီလဲ.."

ဟင်..၊

ဝိုင့်အသံကို ကြားလိုက်သည်။ ဒါပေမယ့် ဝိုင်ဆိုတာကို မတွေ့နိုင်ဘဲ ဘာစင်မှာ ပန်းကန်တွေဆေးနေရင်း မီးဖိုဆီ ကမန်း





ကတန်း လှည့်ပြေးမိ၏။

ပုစွန်ထုပ်နဲ့ မှိုပဲပြားအချိုနှပ်အိုးက ဆူလာရင်မီးလျှော့ပြီး နှပ်ရမှာကို မေ့သွားခဲ့သဖြင့် ဘေးပတ်ပတ်လည်က တူးကပ်ပြီး နီရဲနေလေသည်။

"ဘာလုပ်နေတာလဲ..အို မီထည့်နဲ့လေ.."

"ရှဲ့"

"ကုန်ပါပြီ..မထည့်နဲ့ပြောနေတာကို.."

"ဒေါင်.."

"ချပ်.."

တူးသွားပြီဆိုသည့် အသိနှင့်ဘဝင်ကရေထည့်ဖို့ပဲ သတိ ရသည်။ ဝိုင်ကတားဆီးရင်း အပြေးတပိုင်းဝင်လာပေမယ့် မမီ လိုက်တော့ဘဲ ရေထည့်လက်စခွက်ကို လက်နဲ့ပုတ်ထုတ်ပစ်လိုက် ၏၊၊

ပြီးတော့ မီးပိတ်လိုက်ကာ..၊

"ဘာတွေ လျှောက်လုပ်နေတာလဲဘဝင်.."

ပြောပြီး ဟင်းအိုးတွေကို ငုံ့ကြည့်ကာ..၊

"ချက်ထားလိုက်တာ တစ်ခုမှလည်းကောင်းမယ့်ပုံမပေါ် ဘူး အရောင်မရှိ အဆင်းမရှိ.."

ဘဝင်က သူမရဲ့ဆုပ္ပမှုကို ဂရုမစိုက်နိုင်ဘဲ ဟင်းအိုးတွေ ကို နှမြောတသလိုက်ကြည့်၏။

"ဆီပြန်နှနှလေးချက်ရတဲ့ဟင်းကို ရေတွေထပ်ထည့်ရတယ်.."

"ဒါ တူးသွားတာလေ.."



www.burmeseclassic.com

www.burmeseclassic.com



"တူးကုန်တာလည်း ဘယ်သူ့ကြောင့်လဲ..တူးရင်ရေ ထည့်ရမယ်လို့ရော ဘယ်သူပြောတာလဲ၊ ဘာမှလည်းမလုပ် တတ်ဘဲနဲ့ အလကားလျှောက်လုပ်နေတာ ဟင်းတစ်အိုးလုံး ဘာမှသုံးစားမရတော့ဘူး.."

ဖွေးနုဝင်းထိန်နေသော ပုစွန်ထုပ်ကွေးကြီးတွေကို ကြည့်၍ 'တကယ်ပဲ သွားပြီလား' ဟုတွေးမိကာ ဘဝင်ခံစားလို့မဆုံး..၊

"မနက်စောစော အရုဏ်ဆွမ်းကပ်ဖို့ တာဝန်ယူပါ့မယ် ဆိုလို့ ကြည့်နေလိုက်တာ မီးဖိုချောင်ကို အလုပ်ပြင်ခန်းများမှတ်နေ သလား"

လက်သည်းနီဘူးတွေက တရားခံဖြစ်သွားပြန်သည်။ အပြာနုရောင် ညဝတ်အကျီပွပွ ဘောင်းဘီပွပွလေးနှင့် ကောက် နေသော ဆံပင်ပွပွလေး ဖို့ယို့ဖားလျားကို ကြည့်ပြီး ဝိုင်ကမဲ့လိုက် ရင်း..၊

"မိုးလင်းနေပြီ..ခုထိ အာရုဏ်ဆွမ်းမကပ်ရသေးဘူး၊ ဆွမ်းတော်ကျက်နေရင် ရပြီကို မကပ်ဘဲနဲ့ ဒါတွေလုပ်နေတယ်"

"ဘဝင် အလုပြင်နေတာမဟုတ်ပါဘူး.."

ဒီအချိန်ထိ ဘဝင်ဒေါသထွက်ဖို့ မတွေးနိုင်၊ လက်သည်း နီဘူးတွေကို ကြည့်ပြီး ပြောလာတော့ ကိုယ့်ခြေထောက်ကို ငုံ့ ကြည့်ပြီး ဖြေရှင်းနေမိကာ..၊

"ဒါ အစောကြီးတည်းက.."

"အပိုတွေပြောမနေပါနဲ့..နင် ငါ့နေရာကိုလုချင်လို့ ခြေ မကိုင်မိ လက်မကိုင်မိ ဖွတ်ဝင်လုပ်နေတာမှတ်လား.."

"ဘာ.."





"ဟွန်း..တစ်သက်လုံး 'ထမင်းဘယ်ကရ..ထမင်းအိုးထဲ ကရ' ဆိုတဲ့ အသိနဲ့နေလာပြီး..ခုမှ.."

"နေစမ်းပါဦး..နင်ကဘာပြောချင်တာလဲ၊ ဟင်းအိုးတူး သွားလို့ နမျောပြီး စိတ်တိုနေတာလား..ငါဒီထဲမှာ အလုပြင်နေ တယ် ထင်နေလို့လား..အဲ့ဒါတွေနဲ့ ငါငယ်ငယ်က ဘယ်လိုနေ ထိုင်လာတာနဲ့ ဘယ်လိုတွေပတ်သက်နေလို့လဲ..ဟင် ပြောစမ်း ပါ.."

"အားလုံးကို ပြောနေတာ.."

"သြော်..သြော်..နင်က ငါ့အမေဆိုတော့ ငါဟိုငယ်ငယ် တည်းက အပိုးမကျိုးလာတာကိုပါ ထည့်သွင်းဆုံးမနေတာကို.."

"ဘာပြောလိုက်တယ်.."

"ငါ့အဖေကို သေချာမေးကြည့်ဦးမှ..အမေက.."

"နင်..နင်မိုက်ရိုင်းဦး.."

"လုပ်ကြည့်စမ်း.."

"ဟဲ့..ဟဲ့.."

"အား.."

ရိုက်တော့ သူမက.. ၊

ဘဝင်ကရှောင်လိုက်ပြီး ပြန်ဆောင့်တွန်းလိုက်သဖြင့် အားတိုက်ယိုင် ထွက်သွားတာလည်း သူမပဲဖြစ်ကာ..၊

"တော်ကြစမ်း..တော်ကြစမ်း.."

ဒေါ်ပန်းသီရိ အထိတ်တလန့် ပြေးဝင်လာကာ အိမ် ဆောက်ကြားမှာ ဖျန်ဖြေဖို့ ကြိုးစားသည်။ သို့သော် လိုက်ထွက် လာသည့် လက်သည်းနီဘူးကို တက်နင်းမိကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး.."

"အမေ့.."

ဒေါ်ပန်းသီရိ ကိုယ့်ကိုယ်ကိုထိန်းနေရင်း ပက်လက်ကြီး လဲကျသွားလေသည်။ ပစ်စလက်ခတ်နာတော့မှာကို သိလိုက်သဖြင့် ဘဝင် မျက်လုံးပြူးသွားသည်။

ဒေါ်ပန်းသီရိကို အတင်းပြေးဖက်လိုက်သော်လည်း နှစ်ယောက်စလုံး အရှိန်မထိန်းနိုင်ဘဲ..।

"ဘုန်း.."

"သေပါပြီ.."

အခြေအနေတွေ ဆိုးရွားသွားခဲ့၏။ ဦးတင်ထွတ်နဲ့ နာရီတို့ ပြေးလာကြလျှင် ဖက်လျက်သားလဲကျနေသော ဘဝင်နဲ့ဒေါ်ပန်းသီရိတို့က ရှုံ့မဲ့ညည်းညူနေကြကာ..।







# အခန်း (၁၉)

ဒေါ်ပန်းသီရိက လူကြီးမို့ လက်မောင်းတစ်ဖက်ဒဏ်ဖြစ်သွားကာ ခါးဆစ်လွဲသွားသဖြင့် အနှိပ်ခံထားရသည်။ ဒါပေမယ့် ဆေးလိမ်းဆေးသောက် လုပ်နေရဦးမှာဖြစ်ကာ အကောင်းတိုင်း သွားလာနိုင်ဖို့ကတော့ ကြာဦးမှာဖြစ်၏။

"တောက်.."

ဆရာဝန်ပြန်လိုက်ပို့ပြီး ,အခန်းထဲဝင်လာတော့ နာရီ့ထံမှ တက်ခေါက်သံက လူထက်အရင်ရောက်၏။

"ဘဝင် မင်းကိုငါ ဘာဖြစ်လို့သဘောမကျခဲ့တာလဲဆိုတာ မင်းခုထိ နားမလည်သေးဘူးဟုတ်လား.."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ကဲ မင်းတို့လူမမာအလယ်မှာထားပြီး.."

"မဟုတ်ဘူးလေးလေး..မီးဖိုချောင်ထဲမှာ လက်သည်းနီဘူးတွေယူပြီး ချက်ပြုတ်ရင်းနဲ့ ဘာလုပ်တာလဲ.."

ပြောပြီး ထိုင်နေသည့်သူမရဲ့လက်တွေ ခြေတွေကိုကြည့်သည်။ ဘဝင် လက်သီးလေးတွေ ဆုပ်လိုက်မိကာ၊ ခြေချောင်းလေးတွေကိုပါ ချက်ချင်းကုတ်ထားလိုက်မိသည်။

ဒေါ်ပန်းသီရိ တားဆီးဖို့ပြင်ပေမယ့် ဒေါ်သနှင့်ခက်ထန်နေသော နာရီ့မျက်နှာက ပြောလေဆိုးလေဖြစ်လာဖွယ် ရှိသဖြင့် ပါးစပ်ပိတ်နေလိုက်ရ၏။

ဦးတင်ထွတ်ကလည်း ဘဝင်ခေါင်းလေးငုံ့နေတာကို လှမ်းကြည့်ပြီး ပင့်သက်ရှိုက်သည်။

"လူကြီးတစ်ယောက်က ဒဏ်ရာတစ်ခုခုရသွားရင် နာတာရှည်ဖြစ်တတ်တာ မင်းနားလည်လား.."

"ဘဝင်က.."

"မင်းအကြောင်းငါသိတယ်..မင်းရဲ့ခေါင်းထဲမှာ မင်းလှနေဖို့ကအဓိက..မင်းရဲ့အလှပြင်ဆင်ဖို့က ပထမ၊ ဒုတိယ၊ တတိယတွေ မှာလည်း မင်းရဲ့အလှအပတွေအပြင် ဘာမှမရှိဘူး"

"ဘဝင် အဲ့လောက်မဟုတ်ဘူးကိုကို.."

"ဟုတ်နေလို့ပဲ..မီးဖိုချောင်ထဲထိ မင်းပစ္စည်းတွေသယ်ပြီး အမေ့ကို ဒုက္ခပေးတာလေ.."

"အဲ့ဒါတွေကို ဘေးမှာကပ်ထားတာပါ..ဝိုင်နဲ့ဘဝင်နဲ့.."

"မင်းတော်တော့.."

"ကောင်မလေးရဲ့လက်က အပူလောင်ဒဏ်ရာရော





ဘယ်လိုနေလဲ.."

"သိပ်ဆိုးဝါးတာမဟုတ်ဘူးတဲ့..ဒါပေမယ့် ဒဏ်ရာထင်ကျန်ခဲ့မှာလို့ ပြောတယ်.."

ဘဝင်တွန့်ပစ်လိုက်သဖြင့် ချထားပြီးစ ဟင်းအိုးတွေကြားထဲ ဘေးတိုက်ယိုင်ကျသွားကာ လက်ဖျံပေါ်မှာ အိုးနှုတ်ခမ်းရာကြီး အစင်းလိုက်ထင်သွားခဲ့၏။

ကြာလာလေ ရဲညိုလာလေဖြစ်ကာ ဘေးသားတွေရဲ့နေတာ လျော့သွားတာတောင် အစင်းလိုက်ညိုမှောင်ကြီးကတော့ ဒီတိုင်းကျန်ရစ်၏။

"တောက်.."

"မတော်တဆ ဖြစ်ကုန်တာပဲကောင်လေးရာ..တော်တော့"

"တခြားနဲ့မတော်တဆဖြစ်ရင် ကျွန်တော်ဘာမှမပြောဘူး..ခုတော့ ကြားလို့တောင်မကောင်းဘူး.."

"ဒီလိုတွေမဖြစ်ခဲ့ရင်လည်း ဘယ်သူမှသိလိုက်မှာမဟုတ်ဝါဘူး..ဖြစ်သွားတော့ အဆင်ဆိုးသွားတာပေါ့၊ ကဲ..ကဲ..ကုမ္ပဏီသွားဖို့လုပ်တော့.."

ဦးတင်ထွတ်ကတော့ ဒေါ်ပန်းသီရိပြောပြလို့ အဖြစ်အပျက်ကိုသိပြီးဖြစ်ကာ ဘဝင့်မှာပဲ အပြစ်ရှိတာမဟုတ်မှန်း တွက်မိထားပြီး ဖြစ်သည်။

"မေမေဘယ်လိုနေသေးလဲ.."

"နေသာပါပြီသားရယ်..သူလည်းမေမေနဲ့အတူ လဲသွားခဲ့တာပဲ သူမဆွဲခဲ့ရင် မတွေ့ရဲဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"သူ့အပြစ်ကြီးသွားမှာသိလို့ ဆွဲခဲ့တာပဲမေမေ...မေမေ့အခြေအနေ ဒီထက် ပိုဆိုးသွားရင်လည်း ရိုက်သတ်ပစ်ဖို့ပဲ ရှိတော့တာ.."

ထိုစဉ် စက်လေးကပြေးဝင်လာကာ လူကြီးတွေရဲ့စကားသံတွေ တစ်စွန်းတစ်စကြားကာ ခြေလှမ်းလေးတုံ့သွားသည်။ ထို့ပြင် ရယ်နေသည့် မျက်နှာလေးပါ ငြိမ်သက်သွားခဲ့လျက်..၊

"တီတီ..ဘာဖြစ်လို့လဲ.."

မအေဆီတန်းဝင်သွားပြီး မျတ်နှာအောက်ကနေ သေချာမော့ကြည့်၍။

"တီလေး..တီတီ.."

"ဘာမှမဖြစ်ဘူး.."

ဘဝင်က စက်လေးကိုခေါင်းလေးပွတ်၍ ဖက်ထားလိုက်ကာ ငိုမဲ့မဲ့ ကိုယ့်မျက်နှာကို ကလေးမမြင်အောင်ကွယ်၏။

ဦးတင်ထွတ်က ကလေးရှေ့မှာမဆူတော့ဖို့ နာရီ့ကိုမျက်ရိပ်ပြ၍ ထထွက်သွားသည်။ နာရီကလည်း လှည့်ထွက်သွားလျှင် စက်လေးက နောက်လှည့်ကြည့်သည်။ ပြီးတော့ ဘဝင့်ပခုံးစွန်းမှာ ပွန်းရှထားသည့် အနီကွက်ကို လက်သေးသေးလေးနဲ့ပွတ်သပ်ကြည့်၍..၊

"တီလေးကို ဖေဖေရိုက်တာလားဟင်.."

ဘုရားရေ..၊

ဒေါ်ပန်းသီရိ မျက်လုံးပြူးသွားသည်။ ဘဝင်ကလည်း ကမန်းကတန်း ခေါင်းခါပြီး စက်လေးရဲ့လက်လေးကိုဖယ်ချကာ၊

'မဟုတ်ပါဘူးသားသားရယ်..တီလေးအလုပ်လုပ်ရင်း





ခိုက်မိတာပါ.."

"ဘွားဘွားကလည်း တီလေးကြောင့် ခါးနာသွားတာဆို.."

"ဟင်.."

"တီလေးက ဒုက္ခပေးနေတာဆို.."

"မဟုတ်ပါဘူးမြေးရဲ့..မြေးကိုဘယ်သူပြောတာလဲ.."

"တီတီဝိုင်က.."

ဘဝင့်မျက်နှာတင်းသွားသည်။ ဒေါ်ပန်းသီရိကတော့ စိတ်ညစ်သွားကာ..။

"မြေးက သူ့ဆီဘာသွားလုပ်တာလဲ.."

"ဆေးလိမ်းနေလို့ သားသားလေးကဝိုင်းကူပေးရမလားလို့ မေးတာ.."

ဘာမှနားမလည်သေးတဲ့ကလေးလေးကို ဒီမိန်းကလေးဘယ်လိုပြောလိုက်တာလဲ..၊

"သားသားကို သူအော်ငေါက်လွှတ်လိုက်တာလား..ပြောစမ်းသား.."

စက်လေးက ခေါင်းခါပြကာ..၊

"တီတီဝိုင်က ငိုနေတာ.."

ပြောကာမှ ဘဝင့်မျက်နှာ ပျော့ပျော့ပျောင်းပျောင်းဖြစ်သွားကာ..၊

"ဒဏ်ရာနာနေလို့ ပြောတာနေမှာပေါ့..နောက် သူ့[illegible]မသွားရဘူးနော်.."

"ဟုတ်.."



www.burmeseclassic.com

www.burmeseclassic.com



စက်လေးက ပါးနပ်သည့်ကလေးဖြစ်သည်။ မအေမျက်ရည်မကျတတ်ပေမယ့် မျက်ဝန်းမှာ မျက်ရည်စစ်ခင်းနေတာကို သေချာကြည့်နေလျက်..၊

"တီတီ.."

"..............."

"တီတို့ကို ဖေဖေရိုက်ထားတာလားဟင်..သားသားလေးကို မညာရဘူးလေ.."

"ဟင်.."

သားကြည့်နေသည့် ဒဏ်ရာကိုလက်တစ်ဖက်နဲ့ ဖိအုပ်ထားလိုက်မိကာ..၊

"မဟုတ်ပါဘူးသားရယ်..မတော်တဆ ဘွားဘွားကြီးကို တောင် ခိုက်မိသွားသေးတယ်.."

စက်လေးက မျက်လုံးစိမ်းလေးတွေနဲ့ ငေးကြည့်နေခဲ့ရင်း..၊

"သားသားလေးတို့ ကယ်လေးတို့အိမ်မှာပဲ ပြန်နေကြမယ်လေ.."

ဟင်..၊

ဒေါ်ပန်းသီရိ မျက်နှာပျက်သွားသည်။ ဘဝင်ကလည်း သားသားဘာကြောင့် ပြောမှန်းသိလိုက်ကာ ဆက်ပြောမလာအောင် တားဆီးဖို့ပြင်လိုက်သော်လည်း..၊

"သားသားလေး ဖေဖေ့ဆီသွားမယ်လို့ နောက်မပြောတော့ပါဘူး..ဘယ်တော့မှလည်း ပြန်မလာတော့ဘူးလေ၊ အဲ့ဒါဆို တီလေးကိုလည်း ဖေဖေရိုက်မှာ မဟုတ်တော့ဘူး..ဆူလည်းအဆူမခံရတော့ဘူး၊ သားသားလေးတို့ ဘိုးဘိုးကြီးတို့ဆီ ပြန်ရအောင်နော်.."

"မဟုတ်ဘူးလေမြေးရဲ့..အဲ့လိုမပြောရဘူး၊ မြေးလေးရဲ့ ဖေဖေက မြေးရဲ့မေမေ..အဲ..တီဆေးကိုမရိုက်ပါဘူး..နောက်ဆိုဆူလည်းဆူမှာမဟုတ်တော့ဘူး၊ ဘွားတို့က ပြောထားမှာပေါ့..နော် သူကစိတ်ဆိုးနေလို့ပါမြေးရယ်.."

"ဖေဖေကအမြဲတမ်း စိတ်ဆိုးနေတာလားဟင်.."

ဒေါ်ပန်းသီရိ ဘာပြေရမှန်းမသိ ဖြစ်သွားသည်။

ဝေဒနာခံစားနေရတာကို မေ့လျော့ကာ ပါးစပ်ကရှင်းမပြနိုင်ဘဲ ထထိုင်ဖို့ကြိုးစားလိုက်သဖြင့်..၊

"အား..သေပါပြီ သေပါပြီ.."

"အမေ့.."

ဘဝင် ကမန်းကတန်းထရပ်လိုက်ကာ ဒေါ်ပန်းသီရိကို ပွေ့ထူလိုက်ရသည်။ သက်တောင့်သက်သာပြန်လှဲလို့ရအောင် ကူညီနေရင်း..၊

"မြေး..မြေးကိုရှင်းပြစမ်း.."

"ဟုတ်ကဲ့ပါ.."

"ကလေး သူ့အဖေကိုအထင်မလွဲစေနဲ့.."

"ဟုတ်ကဲ့ပါအမေရယ် ဘဝင်ပြောပါ့မယ်၊ အမေသက်သက်သာသာနေပါ.."

သက်သက်သာသာ ဘယ်လိုနေရမလဲ..၊

ဒါ ကလေးနဲ့ဖအေကြားမှာ ကြီးမားစွာဖြစ်တည်လာမယ့် သဘောထားကွဲလွဲမှုကြီးပဲ..၊






www.burmeseclassic.com

www.burmeseclassic.com



ကလေးက သိတတ်နားလည်နေပြီ၊ ဖအေက ဒေါသတွေ နာကျင်မှုတွေနဲ့ အုံဖွဲ့နေတုန်း..၊

ဘယ်လိုလုပ်ရပါ့..၊

✻ ✻ ✻







# အခန်း (၂၀)

ဦးတင်ထွတ်နဲ့နာရီတို့ ဝင်လာတော့ ဒေါ်ပန်းသီရိရဲ့ဘေးမှာ ဘဝင်က မွေ့ရာပေါ်လက်လေးတွေ ထပ်တင်ပြီးမျက်နှာတပ်၍ အိပ်ပျော်နေတာ နှစ်နှစ်ခြိုက်ခြိုက်..၊

"မမ..ဘဝင်က ညတည်းကလား.."

"ဆွမ်းတော်ပြေးချက်သေးတယ်..အလုပ်လုပ်ရင်း လာကြည့်လိုက် မနက်စာလာပို့လိုက်နဲ့ မိုးလင်းမှပြန်ရောက်လာပြီးအိပ်နေတာ.."

"အော်..ပြန်ခိုင်းလိုက်ရောပေါ့..မမရယ်.."

"အိပ်နိုင်းတာပေါ့ဟယ်..ဒီမှာပဲနေမယ်ဆိုပြီး ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ အိပ်ပျော်သွားတော့လည်း သိတောင်မသိလိုက်ဘူး..”

“အင်း..”

ဦးတင်ထွတ်က ‘အင်း’သံရှည်ကြီးနှင့် ဘေးမှာထိုင်လိုက်သည်။

“သားက အစောကြီးသွားရမှာလား..”

နက်ပြာရောင် ရှပ်အင်္ကျီပေါ်မှာ ကုတ်အင်္ကျီအနက်ထပ်ဝတ်ထားကာ မတိုမရှည်ဆံပင်တွေကို သေသပ်စွာဖြီးထားသဖြင့် နာရီ့မျက်နှာက ဖြူဝင်းရှင်းသန့်နေသည်။ နာရီက ခေါင်းညိတ်ရင်း..၊

“ညှိသည်တွေပြန်ရင် ကျွန်တော်လိုက်သွားဖြစ်မလား မသိဘူး..”

“ဟင်.. ဘယ်ကိုလဲ..”

“စက်ဘုပါပဲ..ဒါပေမယ့် စာချုပ်ဖို့ကိစ္စနဲ့အစည်းအဝေးပြီးမှဆိုရင် တစ်လလောက်ကြာသွားနိုင်တယ်၊ ဒီမှာလေးလေး တစ်ယောက်တည်း ဖြစ်ပါ့မလားလို့..”

ပြောနေရင်း ဘဝင့်မျက်နှာလေးပေါ်ကို ထိုးကျနေသည့် နေရောင်ကို လှမ်းမြင်ကာ ခေါင်းရင်းပြတင်းပေါက်က တစ်ဝက်ပွင့်နေသော ခန်းဆီးစကို သွားဆွဲပိတ်လိုက်၏။

သူကစကားပြောရင်း အမှတ်တမဲ့ပေမယ့် ဦးတင်ထွတ်နဲ့ ဒေါ်ပန်းသီရိတို့ မျက်လုံးချင်းဆုံသွားကြသည်။ ထိုစဉ် အခန်းထဲကို ဝိုင်ရောက်လာကာ..၊

“အန်တီသီ သက်သာလားဟင်..”

“အေး..သက်သာတယ်သမီး ဆိုင်သွားတော့မလို့လား..”





“ဟုတ်ကဲ့..”

ကုမ္ပဏီမှာ အလုပ်မလုပ်ရပေမယ့် ကုမ္ပဏီနဲ့ကပ်လျက်လေးမှာ ကော်ဖီဆိုင် ဖွင့်လိုက်ပြီး နေ့စဉ်အိမ်ကနေ အတူတူထွက်ကြ အတူတူပြန်လာကြမို့ ဝိုင်တမင်ရွှဲ့နေတာက သူ့မအတွက် အလုပ်တော့ဖြစ်နေပုံပင်..။

“သမီးက လာကြည့်မလို့ပါ..လက်ကလည်း..”

“ခြေဘ် ရပါတယ်ကွယ်..သမီးမှာလည်း ဒဏ်ရာဖြစ်ထားတာပဲ..ဘယ်လိုလဲ လက်က..”

အင်္ကျီလက်ရှည်လေး ဝတ်ထားသဖြင့် ဝိုင်ကဒဏ်ရာပေါ်ကနေ ထပ်အုပ်ကိုင်လိုက်ရင်း..၊

“အနာတော့ပျောက်သွားပါပြီ..ဒဏ်ရာက အရောင်တောင်ဖျော့မသွားဘူး..နီညိုကနေ အညိုကြီးဖြစ်သွားပြီ၊ သေရာပါမှာပဲ ထင်တယ်..အဟွန်း..”

‘သူ့ကြောင့်’ဆိုသည့် အကြည့်တစ်ချက်ဘဝင့်ထံ ပို့ပြီးမှ ခပ်မဲ့မဲ့လေး ပြုံးသည်။

“မင်းဘာသာသွားနှင့်လိုက်တော့ ကိုယ်ဒီနေ့သွားစရာရှိတယ် ကုမ္ပဏီကို ဆယ်နာရီလောက်မှ ရောက်မှာ..”

“ဟင်..”

ဝိုင်က မျက်မှောင်လေးကုတ်သွားကာ..၊

“ဟုတ်လား..ဖြစ်ပါတယ်၊ ဝိုင်ကားကလည်း အချိန်မရွေး ထိုးပျက်သွားနိုင်တဲ့ ပုံစံဖြစ်နေလို့ ဒီနေ့မေမေ့ကိုဒရိုင်ဘာနဲ့ ကားလာယူပေးဖို့ စိတ်ကူးထားတာ..ကိုနဲ့ပဲလိုက်မယ်ဆိုလ ဘာဖြစ်လဲ၊ ကို့အလုပ်တွေက ဝိုင်နဲ့စိမ်းတာမှ မဟုတ်ဘဲ..”



www.burmeseclassic.com

www.burmeseclassic.com



နာရီက သူမမျက်နှာကို စိုက်ကြည့်၍..။

"ကုမ္ပဏီကိစ္စ မဟုတ်ဘူး.."

"ဘာကိစ္စပဲဖြစ်ဖြစ် ကိုကမလိုက်နဲ့ဆိုရင် ကားထဲကပဲ စောင့်မှာပါ.."

"ကဲကဲ..သွားကြ..နောက်ကျနေဦးမယ်.."

နာရီက ရှေ့ကနေဦးဆောင်ထွက်သွားပြီးမှ ပြန်ဝင်လာကာ၊

"မေမေ အဲ့ဒီကောင်မလေးကို မီးဖိုချောင်မှာစိတ်ချလက်ချ လွှဲမထားနဲ့နော်..တစ်အိမ်လုံး အန္တရာယ်ရှိတယ်.."

"အင်း..မေမေသိပါတယ်၊ သား လေးလေးလည်းရှိတာပဲဟာ.."

"ကျွန်တော်အိမ်အကူခေါ်လာပေးဖို့ ပွဲစားနှစ်ယောက်ကို ဖုန်းဆက်ထားတယ်.."

"ဟုတ်လား မေမေလည်း အသိတစ်ယောက်ကို ဖုန်းဆက်ထားတယ်..နှစ်ယောက်လောက် လိုချင်တယ်လို့.."

"အဲ့ဒါကောင်းတယ်မမ..မိကျော့လေးလည်း ပင်ပန်းရှာပါတယ်.."

ဦးတင်ထွတ်က စကားပြောရင်း နာရီ့ကြည့်သွားသည့်မျက်လုံးတွေနောက် ခြေရာခံလျှင်...ဘဝင်..၊

နာရီက တစ်ခုခုပြောတော့မလို စိုက်ကြည့်ပြီးမှ လှည့်ထွက်သွားသဖြင့်..၊

"မမ တွေ့လား.."

"အေး..တွေ့တယ်.."





"မမသား မီးဖိုချောင်ကို ဘဝင့်ကိုမဝင်ခိုင်းဖို့ ပြောသွားတာ တစ်အိမ်လုံးအန္တရာယ်ဖြစ်မှာစိုးလို့လား၊ သူ့မိန်းမကို စိတ်မချတာလားပဲ.."

ဒေါ်ပန်းသီရိက ပြုံးလိုက်ရင်း..၊

"မသိတော့ပါဘူးဟယ်.."

"ဒါမှမဟုတ် ဒီတိုင်းအိပ်ပျော်နေတာ ကြာပြီမို့လို့ ဇက်လေးနာနေမလားတွေးပြီး.."

"အား..ကျွတ်..ကျွတ်.."

စကားမဆုံးသေးခင် ဘဝင့်မျက်နှာလေးရှုံ့မဲ့သွားကာ ညည်းသံလေး ထွက်လာ၏။ ပြီးတော့ မျက်လုံးလေးပွင့်လာပြီး..၊

"ဟင်..နေမြင့်နေပြီလား..အား.."

"ဖြည်းဖြည်းထလေ..ဒီတိုင်းအိပ်ပျော်သွားတာ လက်ကျဉ်နေမှာပေါ့.."

ဘဝင်ဇက်ကြောတွေရော လက်တွေပါ ထုံကျဉ်နေကာ စိုးရိမ်ကြောင့်ကျလည်း ဖြစ်နေခဲ့လျက်..၊

"ဘာမှမဖြစ်ပါဘူး..ရပါတယ်၊ အမေသက်သာရဲ့လား ဟင် ဒီညတော့ ဒီမှာပဲ လာအိပ်တော့မယ်.."

ဒေါ်ပန်းသီရိ ပြုံးလိုက်မိသည်။ သူမ ဒီမှာလာအိပ်တော့ ဘာထူးမှာမို့လို့လဲ၊ ခေါင်းချလိုက်တာနဲ့ပျော်သည်။ အိပ်ပျော်ပြီဆို အနားမှာဘာတွေဖြစ်ဖြစ် ဘာသံကြားကြားဘာမှမသိ..၊

"အမေ ဆေးလိမ်းရတော့မှာနော်..ဘဝင်.."

"ရတယ်..ရတယ် ငါမင်းကိုပြောစရာတွေရှိတယ်၊ အဲ့ဒါကို သေချာနားထောင်.."



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်..' လို့ပြောလိုက်ပေမယ့် မျက်ဝန်းလေးတွေက စိုးရိမ်မကင်း ရှိနေခဲ့လျက်..၊

"ဘဝင်တို့ကို ပြန်ခိုင်းမလို့လားဟင်.."

"မပြန်ခိုင်းပါဘူး..ဒါပေမယ့် မင်းယောကျ်ားက ခိုင်းလာရင်တော့ တို့တွေလည်း ဘာမှတတ်နိုင်မှာ မဟုတ်ဘူး.."

"အဲ့ဒါ ဘဝင်ဘာလုပ်ရမှာလဲအမေ..ကိုကိုက ဘဝင့်ကို အသံမပေးဘာမပေးနဲ့ ထားပြီးထွက်သွားတာ..တစ်ယောက်နဲ့တစ်ယောက် ဖြစ်ပျက်ပြောဆိုနေကျအတိုင်း စကားများရန်ဖြစ်ကြတာပဲ သူထွက်သွားလောက်တဲ့.."

ဘဝင် စကားမဆက်နိုင်ဖြစ်သွားမှ ဦးတင်ထွတ်အကဲခတ်၍၊

"ပြောပါဦး..သူထွက်သွားလောက်တဲ့ စကားအမှား..ဒါမှမဟုတ် မင်းမှာ အပြစ်တစ်စုံတစ်ရာမရှိခဲ့ဘူးလား.."

ဘဝင်မျက်တောင်ခတ်သည့် အကြိမ်ရေတွေ များလာတတ်တိုင်း စဉ်းစားရခက်သော ရှုပ်ထွေးမှုတွေနဲ့သာ နစ်မွန်းနေရသည် ဖြစ်ရာ..၊

ကိုကို ဘာဖြစ်လို့မုန်းသွားတာလဲ..၊

မျက်တောင် တဖျတ်ဖျတ်ခတ်ရင်း စဉ်းစားရင်းနှင့်..။

"ကိုကိုက အိမ်မှာထိုင်ပြီး ဝါရီတွေများနေတာ..ဘဝင်လုချင်တာ ဘာမှအလေးအနက်မရှိတာတွေ ကိုကို့ဘက်ကကြည့်ရင် ဟုတ်တယ်၊ ဒါပေမယ့် ဘဝင်ပိုက်ဆံရှာနေတာလေ..ကိုယ်ဝါသနာ ပါတဲ့အလုပ်နဲ့ ဝင်ငွေရနေတာမို့လို့ ပိုပြီးကျေနပ်တယ်၊ ကိုကို့အလုပ်ကို ကိုကိုဂုဏ်ယူနေသလို ဘဝင်က ဂုဏ်ယူခွင့်မရှိ





ဘူးလား.."

"ကြားကောင်းအောင် ပြောမနေစမ်းပါနဲ့..ငါမင်းကိုပြောနေတာ အကန့်အသတ်ရှိတယ်၊ အလုပ်ကအလုပ် ထပ်ပိုပြီး ကျယ်ပြန့်လာလို့ မင်းကိုပတ်ဝန်းကျင်က ပုတ်ခတ်လာတာ..မင်းယောကျ်ားဖြစ်တဲ့ငါက ဘာမှမပြောဘဲ ငုတ်တုတ်ထိုင်ကြည့်နေရင်.."

"ကြည့်နေရမှာပ်လေ..ဘဝင့်အလုပ်ကို သူတို့ဘာမှနားမလည်လို့ပြောတာ ကိုကိုကနားလည်ဖို့ကြိုးစားပေါ့..အဲ့ဒီထိုင်းကဘဝင်နဲ့ရင်းနှီးနေတာ ခုမှမဟုတ်ဘူး.."

"ပြောပါဦး ဘယ်တုန်းကလဲ..၊ မင်းမှာအဲ့ဒီလိုရင်းနှီးတဲ့ယောကျ်ားတွေ ဘယ်နှစ်ယောက်တောင် ရှိခဲ့တာလဲ..ခုထိမပြတ်သားတာတွေရော ငါအပါအဝင် ဘယ်နှစ်ယောက်ရှိသေးသလဲ"

"ကိုကိုနော်..ကိုကိုပြောလို့ရတိုင်း မပြောနဲ့၊ ဘဝင်တို့ကရင်းနှီးတယ်..အလုပ်ကို အလုပ်ထက်ပိုပြီး စကားနဲ့တောင် မကျူးလွန်ဘူး.."

"အဲ့ဒါက.."

"ပုံကို လေယာဉ်ပေါ်တက်လိုက်တာနဲ့ ဖင်မပူခင်ရောက်တယ်..မင်းတို့နှစ်ယောက် ရထားတစ်လှည့် ကားတစ်လှည့်နဲ့.."

"ကိုကို..ကိုကိုမစော်ကားနဲ့..ဘဝင် ကိုယ့်ယောကျ်ားကို လေးစားယုံကြည်ချင်တယ်.."

"အဲ့ဒီတော့ ခု မလေးစားတော့ဘူးလို့ပြောတာလား.."

"လေးစားစေချင်ရင် လေးစားတတ်အောင်နေလေ..ကိုယ့်ယောကျ်ားကိုကျော်ပြီး တခြားယောကျ်ားကို အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အားကျလာအောင် ကိုကိုပဲ ကိုယ့်ကိုယ်ကိုသတ်မှတ်နေတာ..”

“ဘာပြောတယ်..”

“ကိုကိုပြောတဲ့စကားတွေက အဲ့ဒီလိုအဆင့်ပဲရှိတယ်.. သဘောထားသေးသိမ်ပြီး အရမ်းကိုအောက်တန်းကျလွန်းတယ်”

ရိုက်ချက်တစ်ချက် ပြင်းထန်စွာ ကျရောက်လာသည်။ အိမ်ရှိ လူအကုန် ပြေးဝင်လာကြပြီး ဘေးပတ်လည်မှာ ခြေလှမ်းတွေတုံ့သွားကြ၏။

“အဆင့်မရှိတဲ့လူ..ကိုကို့ကိုမုန်းတယ် မုန်းတယ်သိလား.. အရမ်းမုန်းတယ်..”

ဘဝင့်စိတ်တွေ အတိတ်က ပုံရိပ်တွေထဲ သေချာပြန်ရောက်သွားခဲ့လျက်..ကိုယ့်ပါးကို ပြန်ကိုင်လိုက်မိသည်။ ထိုအချိန်မှာ သူမပါးပြင်ထက်မှာ မျက်ရည်တွေ စိုနေခဲ့လျက်..၊

ဟင်..၊

ငါ မျက်ရည်ကျနေတာလား..၊

ကိုကိုနဲ့ရန်ဖြစ်ကြတုန်းကတောင် အရိုက်လည်းခံလိုက်ရပေမယ့် သူ့အော်ကိုယ်အော်နှင့် ငိုမိသလား မငိုမိသလား မသိခဲ့ပေ၊ ကိုကို့ကိုဆုံးရှုံးရပြီဆိုတာ သိရတော့လည်း မျက်ရည်တွေဝေခဲ့မိသည်။ ငိုချင်ခဲ့သည်။ ဒါပေမယ့်..၊

“လွမ်းတာကလည်း မျက်ရည်မပါ ဘာမပါ အခြောက်တိုက်ကြီးနော်..”

သူငယ်ချင်းတွေက လက်တို့ပြောရင်း အံ့သြနေကြသေးသည်။

ပြီးတော့..၊





“ကလေးစိတ်ရှိတာ လူတော့အထင်မကြီးပေမယ့် ကောင်း တယ်နော်..ဘဝင့်ကိုကြည့်ပါလား..ငိုလွယ်ရယ်လွယ် မေ့လွယ်ပျောက်လွယ်တဲ့..”

တကယ်တော့ သူမအဲ့ဒီလိုမဟုတ်ခဲ့ပါ၊ ပြန့်လာမှာပဲလို့ မျှော်လင့်နေခဲ့ခြင်းကြောင့် ငိုရမည့်အချိန်တွေဟာ ကုန်ဆုံးခဲ့ရသည်။ မျှော် လင့်ခြင်းနဲ့ ကိုကို့ကို ဘယ်တော့မှ မေ့လို့မရခဲ့သည့်အတွက် ကိုကို့ ရင်သွေးကို လွယ်ထားရပြီဆိုတာ သိတဲ့အချိန်မှာ ဝမ်းသာကြည်နူးခဲ့မိသည်။

ပြီးတော့ ကိုကို့ကို အမုန်းခံပြီး အတိုက်အခံလုပ်နေခဲ့မိသမျှ၊

“ကိုကိုတို့ ကလေးယူရအောင်လေ..ခုလို ခဏခဏ စကားများနေရတာတွေလည်း လျော့သွားတာပေါ့..”

“ဟာ..မလိုချင်သေးပါဘူး၊ ဗိုက်ကြီးပူလာရင် ဘဝင် အလှပျက်မှာပေါ့..”

“ဒါ သဘာဝပဲကွာ..တစ်သားမွေး တစ်မွေးလှဆိုတာ မကြားဖူးဘူးလား..”

“ဘဝင်တော့ မယုံပါဘူး..ဗိုက်ကြီးပူနေတာ ရှစ်လ ကိုးလ၊ ပြီးတော့ ပြန်ပိန်သွားမှာ၊ အဲ့ဒီဗိုက်ကြီးက သားရေဖက်ကြီးလို့ ဗလက်ဗလပ် ဖြစ်နေမှာပဲ..ပြီးတော့ ဘဝင်သိတယ်..ကလေးမွေးရင် ကိုကိုက နို့ဘူးတိုက်တာ ကြိုက်မှာမဟုတ်ဘူး..”

“ဟုတ်တယ်လေ..မိခင်နို့လောက် ကောင်းတဲ့အာဟာရရှိလား..”

“အဲ့ဒါကြောင့်မို့လို့ မမွေးချင်တာ..ကလေးယူဖို့ မစာ



www.burmeseclassic.com

www.burmeseclassic.com



မနှာ မပြောနဲ့နော်..လုံးဝမမွေးဘူး၊ အရမ်းလိုချင်နေရင် ကိုကိုပဲမွေး..ကိုကိုပဲ မီးနေသည်လုပ်၊ ကိုကိုက ယောကျ်ားပေမယ့် ဗိုင်းကောင်းကျောက်ဖိနေထိုင်မှုတွေကို ဆက်လက်ထိန်းသိမ်းတဲ့သူ..ပြီးတော့ ကျောင်းလေးနေ့တစ်ဝက်လောက်သွားပြီး ဘာအလုပ်မှမရှိတော့ဘူး၊ ကိုကိုက ကလေးမွေး..ဘဝင်က ရှာကျွေးမယ်.."

"မင်းက ကိုယ့်ကို အလုပ်အကိုင်မရှိတဲ့ယောကျ်ားဆိုပြီးပုတ်ခတ်လိုက်တာလား.."

"ပြောပြတာလေ..ကိုကိုက ဘဝင့်ကိုအိမ်ထဲမှာပဲ နေစေချင်တာ..ကိုကိုလည်း အိမ်ထဲကနေ အပြင်ထွက်တာဘယ်မှာရှိလို့လဲ..ကိုကိုကမိန်းမဖြစ်ပြီး ဘဝင်ကယောကျ်ားဖြစ်နေရတာလူတိုင်းသိတာပဲ.."

"တောက်.."

ကိုကို့ဆန္ဒတွေကို သူမအမြဲတမ်းပယ်ချခဲ့သည်။ ကိုကို့ဒေါသတွေ ဘယ်လောက်ဖြစ်သွားမလဲ၊ ဘယ်လိုမျိုးသိပ်ကြိတ်မှိတ်နေခဲ့သလဲ ဘာတစ်ခုမှ သူမဂရုမစိုက်မိခဲ့ပေ..၊

ဒါတွေဟာ အနည်ကျကျောက်တွေ ဖြစ်လာခဲ့တဲ့အထိ..တတိတိတိုက်စားပို့ချခဲ့ခြင်းတွေ ဖြစ်နေခဲ့မှန်း မသိခဲ့လေရာ..၊

"ဘဝင်မှားခဲ့ပါတယ်.."

သူမ လေးနက်သောဝန်ခံစကားကို ဆိုမိရင်း ဦးတင်ထွတ်တို့ကိုကြည့်၍..၊

"ကိုကိုက သည်းခံခဲ့တယ်..ဘဝင်ကိုကို့ကို နှုတ်နဲ့ရော အမူအရာနဲ့ရော စိတ်နာစရာကောင်းအောင် ပြုခဲ့ပြောခဲ့တယ်..ဒါပေမယ်လေ..ဒါပေမယ့် ဘဝင် ကိုကို့ကိုပဲချစ်ခဲ့တာပါ၊ ကိုကို





ကလွဲပြီး ဘယ်လောက်တော်တဲ့ ယောကျ်ားကိုမှ စိတ်နဲ့တောင်မဖောက်ပြန်ခဲ့ဖူးဘူး..အဲ့ဒါကို သစ္စာဆိုပြီးပြောရဲပါတယ်.."

"အခုမှတော့ သစ္စာဆိုပြလည်း မင်းရဲ့သစ္စာစကားကိုသူစောင့်ပြီး နားထောင်ချင်မှာ မဟုတ္တ်ဘူး..အဲ့ဒီတော့ လုပ်ရမှာတစ်ခုတည်းရှိတယ်.."

ဘဝင်က ခေါင်းလေးညိတ်ရင်း သေချာနားစွံ့ထား၏။

ဒေါ်ပန်းသီရိက ဦးတင်ထွတ်ကို ကြည့်လိုက်ပြီးမှ..၊

"မင်းအခု ဂိုက်ဒ်လုပ်နေရတာ ပျော်နေတုန်းပဲလား.."

"ဟင်.."

"ငါကြားတာတော့ မင်းမှာမိဘလုပ်ငန်းတွေနဲ့ ပြည့်ပြည့်စုံစုံပဲဆို..ခုရော.."

"ခုလည်း အဲ့ဒါတွေကို ဦးတို့လင်မယားစောင့်ရှောက်နေကြပါတယ်.."

"မင်းကတော့ ဂိုက်ဒ်လုပ်နေတာပဲပေါ့.."

ဘဝင် ခေါင်းညိတ်လိုက်ချင်ပေမယ့် ကိုယ့်ကိုယ်ကို အဖြစ်မကင်းမှန်း သိကာ..၊

"အဲ့ဒါကို ဝါသနာကြီးလွန်းလို့ ဘဝင်အရွယ်ရောက်လာတည်းက ဘာသာစကားတွေ ကျွမ်းကျင်အောင် အပတ်တကုတ်ကြိုးစားလိုက်စားခဲ့ရတာပါ.."

"ဒါကြောင့် ဝါသနာကိုတော့ မတားနဲ့ပေါ့.."

"အဲ့လိုလည်း မဟုတ်ပါဘူး..ကိုကိုက ဘဝင်အဲ့ဒါလုပ်နေရင် ဘယ်တော့မှ ပြန်မခေါ်တော့ဘူးလို့ ပြောလို့လားဟင်.."

ဒေါ်ပန်းသီရိက ခေါင်းခါသည်။ ပြီးတော့ လှဲနေရာက



www.burmeseclassic.com

www.burmeseclassic.com



နေ ထထိုင်ဖို့ ကြိုးစားသဖြင့် ဦးတင်ထွတ်နဲ့ဘဝင်တို့က တစ်ဖက်စီကနေ ဖေးမပေးလိုက်ကြ၏။

အိမ်မှာ နှစ်ယောက်စလုံးလာနေကြပေမယ့် ဘဝင်ကိုအားလုံးက ပိုရင်းနှီးနေခဲ့သည်။ တကယ်ဖနီးမယားအဖြစ် အတူနေဖူးခဲ့တာကြောင့် နာရီ့မိဘသဖွယ် ရင်းနှီးနေခဲ့တာလား..၊

ဝိုင်ကတော့ အရင်တည်းက အိမ်မှာဝင်ထွက်ဖူးခဲ့တာတောင် အလုပ်သဘောထက် ပိုမိုသောရင်းနှီးမှုလည်း မရှိခဲ့ပေ၊ ခုလည်း သူမဘက်က ရင်းနှီးမှုက တာဝန်ဝတ္တရားဆန်ဆန်တွေဖြစ်နေခဲ့၏။

ထို့ပြင် နာရီက အိမ်ကလူတွေအကြောင်း ဘာမှပြောပြမိတ်ဆက်ထားတာမရှိခဲ့ဘဲ ဦးတင်ထွတ်ကို မြင်လိုက်တာနှင့် 'လေးလေး'လို့ခေါ်လိုက်ခြင်းသည် နာရီခေါ်တာနှင့်တစ်ထပ်တည်း..၊

"လေးလေးလို့ ဘယ်သူခေါ်ခိုင်းတာလဲ..လေးလေးကလား"တဲ့..၊

သူမလေးရဲ့နှုတ်မှ လေးလေးလို့ခေါ်လိုက်တာကို နာရီတောင် အံ့ဩနေခဲ့သည့်အဖြစ်..၊

"ငါက ဘာလို့ခေါ်ခိုင်းရမှာလဲ..မင်းပြောထားလို့မဟုတ်ဘူးလား.."

"မဟုတ်ဘူး"လို့ဖြေသံက ဘဝင်နဲ့အိမ်သားတွေ ရင်းနှီးသွားမှာကို မလိုလားတာမှန်း ဦးတင်ထွတ်နားလည်ခဲ့သည်။ ထို့ကြောင့်လည်း ကလေးအပေါ် ဒီထက်ယုယနွေးထွေးလိုပေမယ့် မျိုသိပ်နေခဲ့ရတာဖြစ်သည်။





"သူနဲ့ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ လူလေးရာ..ကလေးကအပြစ်မဲ့ပါတယ်.."လို့ နားချကြည့်တော့လည်း လက်မခံ..၊

"လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို လွယ်လွယ်လေးချိုးဖဲ့စော်ကားရဲတဲ့ သူ့နှုတ်ခမ်းတွေကို ကျွန်တော်မုန်းတယ်..သူရဲ့စကားတွေကို မေ့လို့မရဘူး၊ ခုချိန်မှာ သူ့ကိုမြင်တိုင်း ကျွန်တော်ကြားယောင်နေတာ သူ့စကားသံတွေပဲ..သူ့ကြောင့် ကျွန်တော့်အာရုံတွေ ကန်းကုန်ပြီလေးလေး၊ ခံစားတတ်တဲ့ သွေးသားအစိတ်အပိုင်းတွေလည်း ထုံဆေးလွန်ပြီး အထုံအကျဉ်စွဲနေပြီ.."

နာရီကတော့ စိတ်နာနေဆဲသာ..၊

ကလေးကို တစ်ချက်တစ်ချက် စူးစိုက်ကြည့်နေတတ်ပေမယ့် မျက်နှာချင်းမဆိုင် ပတ်ဝန်းကျင်မှာရယ်မောပျော်ရွှင်ဖွယ်တွေနဲ့ ဘယ်လိုပဲစိုပြေနေပါစေ၊ သူ့မျက်နှာမှာ အပြုံးအရယ်မဲ့နေတတ်သည်။

အစတည်းက အနေတည်တာမှန်ပေမယ့် အိမ်ကိုပြန်ရောက်လာကာမှ အပြုံးအရယ်မဲ့သွားခဲ့ခြင်းသည်..၊

"ကောင်လေးရဲ့ခွင့်လွှတ်မှုကို ရချင်ရင်တော့..ညည်းရဲ့ဓါသနာတွေ အနေအထိုင်တွေကို ပြင်ရလိမ့်မယ်.."

ဦးတင်ထွတ်က ထိုမေးခွန်းကိုပြန်စကာ..၊

"အဲ့ဒီတော့ မင်းကိုမေးဖို့ရှိလာပြီ.."

"ဟုတ်ကဲ့ လေးလေး.."

"ညည်းက မြို့မှာ ကောင်လေးကိုလာရှာတာလား.."

"ရှာနေတာကတော့ ကိုကိုထွက်သွားတည်းက ဘဝင်သိမ်းပေါ်ရောက်တိုင်း နေရာသစ်တစ်ခုခုကိုရောက်တိုင်း ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ကိုရှာနေမိတာပါပဲ..”

“ဒါဖြင့် ရန်ကုန်ရောက်လာတာက..”

“ကိုကိုက ရန်ကုန်သားမှန်းသိလို့ တွေ့မလားလို့ပါ.. မတွေ့တွေ့အောင် ရှာမယ်ဆိုတာမျိုးတော့ မဟုတ်ဘူး..”

“ညည်းပြောပုံက သူထွက်သွားတည်းက ပြန်မလာတော့ဘူးဆိုတာ သိခဲ့တာမျိုးပေါ့..ဒီလိုလေ စောင့်နေရင်းနဲ့ပြန်မလာတော့ သူစိတ်နာသွားပြီဆိုတာ သိလိုက်လို့ မမျှော်လင့်တာမျိုးပေါ့..”

“ဘဝင်မပြောတတ်ဘူး..ဘဝင့်ဘက်ကတော့ ကိုကိုနဲ့ ဘဝင် အကြီးအကျယ် ကွဲလွဲခဲ့ကြတာမဟုတ်ဘူးလို့ပဲ အမြဲထင်နေခဲ့တာ..ကိုကိုဘယ်လောက်ထိ စိတ်နာသွားသလဲ..ပြန်လာချင်ရက်နဲ့ မဖြစ်တဲ့အကြောင်းတစ်ခုခုနဲ့ မလာဖြစ်တာလား၊ ဘယ်တော့မှ ပြန်မလာတော့ဘူးလား..အဲ့ဒါတွေတွေးရင်းနဲ့ ကိုကို့ကို ရောက်တဲ့နေရာတိုင်းမှာ ရှာနေခဲ့တာ..”

ပြောပြနေရင်း ဘဝင်ငိုင်ငိုင်လေး ဖြစ်သွားသည်။ ပြီးတော့ မျက်ရည်တွေ သွေ့သွားသည့်ပါးပြင်က တင်းကပ်ကပ်ကြီးကို မနေတတ်စွာ လက်ဖဝါးတစ်ဖက်နဲ့ မကြာမကြာပွတ်နေမိလျက်..၊

“ဘဝင်သိနေတာတစ်ခုပဲရှိတယ်..အဲ့ဒါက ဘဝင်ကိုကို့ကို အမြဲတမ်း မျှော်လင့်နေခဲ့တယ်ဆိုတာပဲ..ကိုကို့ကို ဘယ်တော့မှ မမုန်းဘူး..မေ့လည်းမမေ့ဘူး..”

“အေးလေ..ထားလိုက်ပါတော့၊ ကလေးကိုတော့ ဦးလေးတွေနဲ့ထားပြီး မင်းအလုပ်ဆက်လုပ်နေတာပဲမို့လား..”





“အဲ့လိုလုပ်နေရလို့ ဘဝင်ခံနိုင်ရည်ရှိခဲ့တာပါ..ကိုယ့်ကိုယ်ကို မပျော့ညံ့အောင် အလုပ်ထဲမှာစိတ်နှစ်ထားရတာ..”

“သားကတော့ ယုံမှာမဟုတ်ဘူး..”

ဟင်..၊

ဒေါ်ပန်းသီရိက စာနာစွာကြည့်လိုက်ပြီးမှ မျက်နှာလွှဲ၍..၊

“သူ့ရဲ့မင်္ဂလာပွဲကို ခရီးသွားဟန်လွှဲတွေ့ပြီး မင်းတမင်ဝင်ဖျက်တာလို့ သားကထင်နေတယ်..”

“ဟုတ်တယ်..ညည်းရဲ့ကာရိုက်တာပေါ်မှာ သူစိတ်ပျက်နေတာ သေချာတယ်..ညည်းက ကလေးဆန်တာ အလှအပကြိုက်တာတွေပေါ့..သူပြောတာတော့ အဲ့ဒါတွေပဲ၊ တခြားကြီးမားတဲ့အ ကြောင်းအရာတွေရှိမရှိတော့ ညည်းတို့ချင်းသိမှာပေါ့..”

ဘဝင်ငိုချင်လာခဲ့သည်။ အလှအပကြိုက်တယ်ဆိုတဲ့ မိန်းကလေးက ကိုကို့ကိုချစ်လွန်းလို့ ကိုကို့ရင်သွေးကို မွေးခဲ့တာတောင်..၊

“တစ်ခုတော့ ရှိတယ်ဘဝင်..ဒီအိမ်ထောင်ရေးကို ပြန်ထူထောင်ချင်တယ်ဆိုရင်တော့ သူမကြိုက်တဲ့ကာရိုက်တာတွေ မင်းပြင်ရမယ်..”

“ဒီလိုလေ ပြုပြင်တယ်ဆိုတာလည်း ဒါမျိုးက ကိုယ့်ကိုယ်ကိုပြုပြင်မှရတာ..”

နှစ်ယောက်စလုံးကိုကြည့်ပြီး ဘဝင်ခေါင်းညိတ်လိုက်မိသည်။

“မင်းတကယ်ပြုပြင်ချင်တယ်ဆိုရင် အရင်ဆုံး နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းစီ လျှော့ရမယ်..”

“ကိုယ့်ယောက်ျားကို ပြန်ရဖို့အတွက်တစ်ခုတည်း မဟုတ်ဘဲ ကလေးရဲ့ရှေ့ရေးအတွက် မင်းမှာတာဝန်ရှိတယ်ဘဝင်”

“ဘဝင်ကအိမ်ထဲမှာ ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေတုန်း ကိုကိုကတော့ ဝိုင်နဲ့အတူရှိနေမှာပဲ..တကယ်လို့..”

“အဲ့ဒါကိုမင်းစိုးရိမ်နေရမှာ မဟုတ်ဘူး..မိုးဘယ်အချိန်ရွာရွာ မိုးတွင်းမှာ အပြင်ထွက်ရင် ထီးယူသွားရမယ်၊ ငါပြောတာ မင်းနားလည်ရဲ့လား..”

ဘဝင်နားမလည်ပါ..၊

ဒါပေမယ့် ခေါင်းညိတ်လိုက်သည်။ ကိုကို့နားတောင်ကပ်ခွင့်မရသည့်အခြေအနေတစ်ခုမှာ ကိုကို့အရိပ်မှာ နေခွင့်ရဖို့ပဲ သူမကြိုးစားရဦးမှာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် လုပ်နိုင်ရမည်။ ကိုကို့ရင်ထဲမှာ ဘဝင်ဆိုတာ ရှိနေသေးတာမှန်ရင်..ကိုကိုပြောတဲ့ ဘဝင့်ကိုတကယ်ပဲ အလေးအနက်ချစ်ခဲ့တာမှန်ရင်..ဘဝင်ပြောင်းလဲဖို့ကြိုးစားနေတာတွေ ကိုကိုသိပါစေ..။







# အခန်း (၂၁)

“အမေအဆင်ပြေရဲ့လားဟင်..”

“ပြေတယ်..ပြေတယ်၊ အဲ့လောက်မြန်မြန် ပြန်ကောင်းသွားမယ်လို့ ထင်တောင်မထင်ဘူး..”

“ဟာ..ဘွားဘွား လမ်းလျှောက်နေတယ်..”

ဘဝင့်ကို တွဲထားရင်း လမ်းလျှောက်နေစဉ် ခြံထဲမှာ မာလီနဲ့အတူတူ ပန်းပင်စိုက်တာတွေကို လိုက်ကြည့်နေသည့် စက်လေးက ပြေးလာသည်။

“ဘွားဘွား နေကောင်းသွားပြီလားဟင်..”

“အေး..ကောင်းသွားပြီ၊ မြေးက ဘာလုပ်နေတာတုံး..”

“ဘဘလှိုင် ပန်းပင်တွေစိုက်နေတာ သားသားလေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာ..တီလေးဖယ်..ဘွားဘွားကို သားသားလေးတွဲနိုင်တယ်.."

"ကဲ..သားသားမနိုင်ပါဘူးသားရယ်..ဖယ်၊ ဒီတစ်ခါဘွားဘွားကြီးချော်လဲရင် သားသားဖေဖေ တီလေးကို ရိုက်မှာ.."

"ဟုတ်လား.."

"အိုကွယ် မဟုတ်ကဟုတ်က.."

ဒေါပန်းသီရိ စိုးရိမ်သည့်မျက်နှာနှင့် မြေးဖြစ်သူရဲ့ ခေါင်းလေး ကို ပွတ်သပ်ပြီး ရယ်လိုက်ကာ..၊

"ဘွားဘွားကကောင်းနေပြီ..ပြန်မလဲတော့ဘူး..မြေးသွားဆော့ချေ..သွား.."

စက်လေးက ဘဝင်ပြောလိုက်သည့်စကားကိုပဲ စိတ်ဝင်စားနေခဲ့လျက်..။

"ဘွားဘွား..အိမ်ထဲမှာ ဖေဖေရှိနေတာလားဟင်.."

"မရှိဘူးမြေး..မြေးရဲ့ဖေဖေက အလုပ်တွေများလို့ စိတ်တိုတတ်တာပါ ..ဘယ်သူ့ကိုမှ မရိုက်ဘူး.."

"သားသားလေးကိုရော.."

"ဘာလို့ရိုက်ရမှာလဲမြေးရယ်.."

"မချစ်လို့ မရိုက်တာလားဟင်.."

ဒေါပန်းသီရိ အံ့ဩသွားခဲ့ရင်း ဘာဖြေရမှန်းမသိ..၊

စက်လေးက ထွက်မသွားဘဲ ဒေါပန်းသီရိရဲ့ ဟိုဘက်လက်ကို လက်ဖဝါးချင်း ထပ်ဆုပ်ကိုင်ထားရင်း ဝိုင်းကူတွဲပေးသလို လျှောက်လိုက်လာကာ..၊

"ဖေဖေက မေမေ့ကိုလည်း မခေါ်ဘူး..သားသားလေးကို





လည်း မချစ်ဘူး.."

"မြေးရယ်..အဲ့ဒါက.."

"သားသား..ဟိုမှာ ညဲ့သည်လာတယ်ထင်တယ်..သွားကြည့်စမ်း၊ ဘယ်သူနဲ့တွေ့ချင်လို့လဲမေးနော်..ပြီးရင် ပြန်လာပြော"

ကလေးပီပီ အာရုံက ခြံတံခါးဆီ ရောက်သွားတာချက်ချင်း..၊

"သားသားလေး သွားမေးလိုက်မယ်.."

စက်လေးထွက်သွားတာနှင့် ဒေါပန်းသီရိက သက်ပြင်းချ၍၊

"ကလေးရှေ့မှာ ပြောတာဆိုတာတွေ ဆင်ခြင်ရမယ် ဘဝင်..ရန်ဖြစ်စကားများတာတွေရောပဲ၊ သူ့အဖေကို ရက်စက်တဲ့ အဖေလို့ ထင်မသွားအောင် သမီးက ပြောပြနိုင်ရမယ်..၊ မဟုတ်ရင် သားအဖကြားမှာ ဒီပြဿနာက တစ်ချိန်ချိန်ကြီးထွားလာမှာပဲ.."

"ဟုတ်ကဲ့ပါ..ဘဝင်ပြောပြပါ့မယ်.."

"ဘွားဘွားကြီး.."

စက်လေးက ခြံဝကနေ ပြန်လှည့်ပြေးလာကာ..။

"ဒေါ်ကျင်တဲ့..ဒေါ်စာဥလွှတ်လိုက်တာတဲ့.."

"ဪ..သိပြီ.."

"ဒေါ်စာဥက နောက်ကပါလာပြီတဲ့..ရွှေဂုံတိုင်အိမ်မှာ အလုပ်ကိစ္စဝင်ပြောနေလို့ပါတဲ့.."

"အေးပါ အေးပါ..ဟိုမှာခြံစောင့် သွားဖွင့်နေပါပြီ၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



ခြေးက ညဏ်ကောင်းလိုက်တာကွယ်..ပြောသမျှအကုန်လုံး မှတ်မိတယ်.."

စက်လေးက ချီးမွမ်းနေတာကို ဂရုမစိုက်ဘဲ ခြိဝကိုပြန်လှည့်ကြည့်ကာ..၊

"ခြံစောင့်ဘဘအောင် ရှိနေသားနဲ့ သားသားလေးကို တီလေးက ဘာဖြစ်လို့ သွားကြည့်ခိုင်းတာလဲ.."

"ဟင်.."

ကလေးငယ်လေးက ပြန်လှန်မေးခွန်းထုတ်လိုက်သဖြင့် ဒေါ်ပန်းသီရိ ပါးစပ်အဟောင်းသား ဖြစ်လေသည်။

ပြီးတော့ ဒါကချစ်သလား မချစ်ဘူးလားမေးသည့် မေးခွန်းမျိုးမဟုတ်..၊

"တီလေးပဲ သူ့နေရာနဲ့သူ တာဝန်ယူပြီးအလုပ်လုပ်ကြတာဆို၊ ကားပေါ်ကလူက တံခါးဆင်းမဖွင့်ဘူး..တံခါးစောင့်တဲ့လူကလည်း ကားတက်မမောင်းဘူးဆို..အမှိုက်လှဲနေကြတဲ့လူတွေက စည်ပင်အလုပ်သမားတွေ ဖိုင်ဘာဦးသုပ်နဲ့ စာအုပ်ကိုင်ထားတဲ့လူတွေက အင်ဂျင်နီယာတွေတဲ့..ကိုယ့်နေရာနဲ့ကိုယ် တာဝန်ယူပြီး လုပ်ကြတာဆို.."

ကြည့်စမ်း..၊

"သားသားလေးကို တီလေးက ခြံတံခါးသွားဖွင့်ခိုင်းတာမှ မဟုတ်တာ.."

"ဒါဆို သားသားလေးကအဲ့ဒီအန်တီကြီးကို သွားမေးပေးရတဲ့ တာဝန်ရှိတာလား.."

"တာဝန်တော့မဟုတ်ဘူးလေ..ဒါပေမယ့် သားသား





လေးက အိမ်ရှင်ဖြစ်နေတယ်၊ ပြီးတော့ အန်တီရပ်နေတာကိုလည်း လှမ်းမြင်နေရတယ်လေ..အန်တီကြီးကလည်း တီလေးတို့ကိုပဲလှမ်းကြည့်ပြီး ခြံစောင့်ကြားအောင် မခေါ်ဘူး.."

ဘဝင်ရှင်းပြတော့ သေချာနားထောင်နေကာ..၊

"အဲ့ဒါကြောင့် သားသားလေးကို သွားမေးခိုင်းတာလား"

"ဟုတ်တာပေါ့..တစ်ယောက်ယောက်က အကူအညီလိုနေရင် တလေးတစားပေးရတယ်လို့ တီလေးပြောထားတယ်လေ၊ အမေးရှိရင် အဖြေရှိရတယ်..ကိုယ့်အိမ်ရှေ့မှာရပ်နေတဲ့လူကို မြင်သားနဲ့ 'ဘာကိစ္စရှိလို့ပါလဲခင်ဗျာ' 'ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ'လို့ မေးမြန်းဖော်တောင် မရဘူးဆိုရင် ဒီအိမ်ရှင်တွေ သိပ်ရိုင်းတာပဲလို့ ညှဉ်သည်တွေကထင်သွားမှာပေါ့.."

"ဟုတ်.."

"သားသားလေးကို လမ်းပေါ်မှာသွားလာရင်း လူတွေကို မြင်တတ်အောင် ဘယ်လိုလူက ဘာလုပ်နေတဲ့လူ ဘယ်သူတွေက ဘယ်လိုပုံစံကအစ တီလေးသင်ပေးတာ..ဒါပေမယ့် ကိုယ့်အိမ်မှာကျတော့ ခုလိုကြုံလာရင် ငါ့အလုပ်မှ မဟုတ်တာဆိုပြီး မနေရဘူး.."

ဘဝင်ကရှင်းပြနေတော့ ခေါင်းညိတ်တာလေးက မြန်ဆန်လာကာ..၊

"သားသားလေးသိပြီ.."

"အိုခေ.."

သားအမိနှစ်ယောက်က ဟုတ်လို့ပါ..၊

ဒေါ်ပန်းသီရိပြုံးနေမိကာ ရှင်ထဲမှာမြင်ရသည့်ပီတိက



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့နှိုင်းရမှန်းတောင်မသိ၊ ပြီးတော့ ဘဝင်က သူမကိုပြန်ရှင်းပြနေသေးသည်။

"ဘဝင့်မှာ စကားပြောစရာ ဒီသားလေးပဲရှိတာ အမေရဲ့.. စိတ်ရှည်သည်းခံနိုင်လွန်းလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူမေးတာတွေကိုဖြေရင်းနဲ့ သားသားသိအောင် ပြောပြနေရတာကို ကျေနပ်လာတယ်.."

"အင်း.."

ထိုစဉ် ဒေါ်ကျင်ဆိုသည့် အမျိုးသမီးကြီးရောက်လာကာ ခြံစောင့်ပါလာပြီး..၊

"မမကြီး သူကဒီမှာအလုပ်လုပ်ဖို့ ပွဲစားလွှတ်လိုက်တာတဲ့"

"သိပြီ..အိမ်ထဲသွားနှင့်.."

"လာ..ကျုပ်လိုက်ပို့မယ်.."

ခြံစောင့်နဲ့ဒေါ်ကျင်တို့ ထွက်သွားမှ..၊

"ဒါနဲ့ကလေးကို ဘဝင့်ဦးလေးတွေနဲ့ထားခဲ့ပြီး အလုပ်လုပ်တာဆို.."

"အဲ့ဒါက ဘဝင်ခရီးသွားရမှပါ..ဟိုတယ်လ်မှာ ရှိနေတုန်းတော့ သား လေးနဲ့အမြဲအတူရှိတယ်..ဘယ်သွားသွား သားသားပါတယ်.."

"ဟိုတယ်လ်မှာ ဘာလုပ်တာလဲ.."

"အစက စာရေးမပဲ..သားသားတစ်နှစ်ပြည့်တော့ ဟိုတယ်လ်ကို ဘဝင်ရလိုက်တယ်.."

"ဘယ်လို..ဘယ်လို.."





ဒေါ်ပန်းသီရီ နားရှုပ်သွားတာလား..ထိတ်လန့်သွားတာလား ကိုယ့်ကိုယ်ကိုတောင် မသိလိုက်ပေ၊ စာရေးမဘဝကနေ ဟိုတယ်လ်ပိုင် ဖြစ်သွားခြင်းက ဘာလဲ..၊

"ဟိုတယ်လ်ပိုင်ရှင်အဘွားက သားအမိနှစ်ယောက်တည်းရှိတာလေ..ဆွေမျိုးသားချင်းလည်းမရှိဘူး၊ မမသုန္ဒရီ ရုတ်တရက်ဆုံးသွားတော့ ဘွားရိုလည်း အိပ်ရာထဲလဲတော့တာပဲ.. အဲ့ဒီအချိန်မှာ တခြားဝန်ထမ်းတွေကို အနားကပ်မခံဘူး..ဘွားရို ကို ဘဝင်ပဲပြုစုရတာ.."

"ဩော်.."

"အရင်တည်းက ဘွားကဘဝင့်ကိုချစ်တယ်..အားလုံးထက် အရေးပေးတယ်၊ စာရေးမပေမယ့် သူ့သမီးလိုအခွင့်အရေးတွေ ပေးခဲ့တာ.."

"အင်း..အင်း..ပဋ္ဌာန်းဆက်တွေ ရှိကြတာကိုး.."

"ဟုတ်တယ်အမေ..ဘဝင်နဲ့ သွေးသားဆွေမျိုးမဟုတ်ဘဲနဲ့ သားသားနာမည်နဲ့ ဟိုတယ်လ်တစ်ခုလုံး လွှဲပေးခဲ့တာ..ပြီးတော့"

ဘဝင်နည်းနည်းတော့ အားနာပေမယ့် အားယူပြုံးပြရင်း..၊

"ဘဝင့်ပတ်ဝန်းကျင်မှာ ကိုကိုက ထွက်သွားတယ်..ဘဝင် ကိုယ်ဝန်နဲ့ ကျန်ခဲ့တယ်လို့ပဲ ထင်ကြတာလေ..တကယ်တော့ ကိုယ်ဝန်ရှိနေတာသိရင် ကိုကိုထွက်သွားချင်မှ သွားမှာ..ဘယ်ကယ်ပြန်မလာချင်လောက်အောင် စိတ်နာသွားမှန်း သိရင် ဘဝင်လည်း ကိုကို့ကို အတင်းပြေးဆွဲထားမိမှာပါ.."



www.burmeseclassic.com

www.burmeseclassic.com



လိတ်ပတ်လည်လာတော့ သားနဲ့ဘဝင်ရဲ့အိမ်ထောင်ရေးက အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့တာမှန်း နားလည်လာခဲ့၏။

"ဘွားချိုက အဲ့ဒီကရုဏာလည်းရှိထားတော့ သားသားကို အရမ်းချစ်တာ အမေ့လိုပဲ သားသားကို မြေးလေးလို့ပဲ ခေါ်တာလေ၊ ဟိုတယ်လ်တစ်ခုလုံးနဲ့ သူပိုင်ပစ္စည်းတွေအားလုံး သားသားနဲ့ ဘဝင့်ကိုပဲလွှဲသွားတာ.."

"မြေးလေးက မွေးလာကာစမှာ ဖအေ့မျက်နှာမမြင်ခဲ့ရပေမယ့် ကံကောင်းခြင်းတွေနဲ့ မွေးခဲ့တာပဲ.."

"ပြီးတော့လေ သားသားကိုတီလေးလို့ ခေါ်ခိုင်းခဲ့တာက အလုပ်ကိစ္စတစ်ချို့နေရာတွေမှာ.."

"အဲ့ဒါထားလိုက်ပါတော့..သမီးက အကောင်းစားကြီး မဟုတ်ပေမယ့် တော်ပါတယ်.."

"တကယ်လားဟင်.."

ဘဝင်ပျော်သွားပုံလေးက ခုနပြောနေတဲ့ ရင်ကျက်မှုတွေ ဘာမှမပါတော့ဘဲ..၊

"ကိုကိုလည်း ဘဝင့်ကို အဲ့လိုနားလည်လာရင် သိပ်ကောင်းမှာပဲ..ဒါပေမယ့် ကိုကိုက ဘဝင်ဘာပြောပြော နားမထောင်ဘူး.."

"ပြောလို့မရရင် အပြုအမူနဲ့ပြရမှာပေါ့..အားမလျှော့နဲ့"

ဘဝင် ဝမ်းသာလွန်းလို့ သွားလေးတွေပေါ်အောင် ရယ်နေမိသည်။ ဒီနေ့ အမေ့နှုတ်ဖျားက 'သမီး'လို့ ခေါ်တာကိုကြားရကာ ပြုံးရယ်အားပေးခြင်းတွေကိုလည်း ရခဲ့၏။





ကိုကို ဘယ်တော့မှနားလည်လာမှာလဲ..၊

"ဟိုကားက ဘယ်သူ့ကားပါလိမ့်.."

ခပ်ဖြည်းဖြည်း ဆက်လျှောက်လာခဲ့ရင်း အနက်ရောင် SURF ကားတစ်စီး ခြံရှေ့ရောက်လာတာကို လှမ်းမြင်လိုက်ကာ၊

"ကျွန်တော်လာပြီမမကြီး.."

ဦးအောင်ဘက ဧည့်သည်လိုက်ပို့ပြီး ပြန်လာတာမို့ ခြံဝကို တဖားဖားပြေးသွား၏။ ကားဝင်လာတော့ ဒေါ်မြမှူးတို့ကား ဖြစ်နေကာ..၊

"နေမကောင်းဘူးဆိုလို့လေ..စိတ်ပူလို့လာကြည့်တာပါ၊ ခုတော့သက်သာနေတဲ့ပုံပဲ.."

"ကျွန်မတို့လည်း ခရီးလွန်နေလို့ သမီးကပြောပေမယ့် မလာနိုင်ခဲ့ဘူး.."

"ရပါတယ်..မတော်တဆ ချော်လဲသွားတာလေ၊ ကောင်းနေပါပြီ.."

"ကလေးအမေမ အလုပြင်တဲ့ပစ္စည်းတွေနဲ့ ချော်လဲသွားတာဆို.."

ဒေါ်မြမှူးရဲ့အကြည့်တွေက ပြင်းထန်သည်။ ဘဝင်ကသည်း စူးစူးရဲရဲပြန်ကြည့်၏။ ဒေါ်ပန်းသီရိက ဘဝင့်လက်ကို ဆွဲလိုက်ပြီး သတိပေးရင်း..၊

"ရပြီသမီး..မြေးလေးသွားခေါ်ပြီး ကိုယ်လက်သန့်စင်ပေးလိုက်ဦး၊ ညနေစာ နောက်ကျသွားဦးမယ်.."

ဘဝင့်ကို အနားမှာမနေစေဘဲ သူတို့တွေကိုလှည့်၍..၊

"လာပါ..အေးဆေးထိုင်ကြပါဦး၊ မမြတို့သမီးကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ပြန်မရောက်တတ်ဘူး..သူက.."

"သိပါတယ်..သူတို့လင်မယား ပြန်နေကျအချိန်ကို..၊ ကျွန်မတို့က မသိဆိပဲလာတာ.."

မျက်ဝန်းတို့သည် အိမ်ထဲမှာပဲဝေ့ပတ်လျက်..၊

"သူကဘယ်သူလဲ.."

ကြမ်းပေါ်မှာ ကျုံ့ကျုံ့လေးထိုင်နေသည့် ဒေါ်ကျင့်ကို မေးတော့..၊

"သူက..အား.."

"မမ.."

ဒေါ်ကျင်က ကမန်းကတန်းထလာပြီး တွဲကူလိုက်ပြီး..၊

"မမ ရရဲ့လားဟင်..ကျွန်မပခုံးပေါ် လက်တင်ပြီမှီလိုက်ပါ ရပါတယ်.."

"ရတယ်..ရတယ်၊ ကိုယ့်ဘာသာ စမ်းလျှောက်ချင်တာနဲ့ ဘဝင့်ကို လွှတ်လိုက်တာ..တော်သေးတယ် အိမ်ထဲရောက်မှနာလာလို့.."

"သွားတဲ့လူကလည်း သွားတော့ဆိုတိုင်း သွားရလား.. လူမမာ ဒီလောက်ဖြစ်နေတာကို.."

"မကြီးကလည်း မသိလည်း ကောင်းနေပါပြီတဲ့ဆို.."

ဝေဖန်ကဲ့ရယ်ရင်း လူမမာကိုတွဲကူဖို့တောင် သတိမရကြဘဲ ဒေါ်ကျင်သာရှိမနေရင် ရုတ်တရက်ပြေးဆွဲမယ့်လူမှ ရှိပါ့မလား..၊ လူတွေက ကိုယ့်မျက်ချေးတော့ ကိုယ့်မမြင်..၊







# အခန်း (၂၂)

"အင်္ဂလိပ်စကားပြောက နိုင်ငံတကာသုံးဘာသာစကား မောင်ရဲ့..နင် အဲ့ဒါကိုအရင်ကြိုးစားစမ်းပါ၊ လောဘကလည်း ကြီးလိုက်တာ.."

စာဖတ်နေရင်း အာရုံစုံစည်းလို့မရအောင် ဖုန်းပြောသံက နှောက်ယှက်နေသည်။ ကြားရရုံတင်မကဘဲ မြင်လည်းမြင်နေရသဖြင့် ပိုဆိုး၏။

ဂါဝန်တွေနဲ့ချည်း အနေများတတ်သောဘဝင်က ပန်းနုရောင် ဂါဝန်ခါးစည်းလေးနဲ့ဖြစ်ကာ၊ ဆံပင်တွေကို စည်းထားတာလည်းမဟုတ်ဘဲ အဖြူရောင်ပဝါပါးလေးနဲ့ ဆံပင်အောက်



www.burmeseclassic.com

www.burmeseclassic.com



ကနေသိုင်းပြီး ဘေးစောင်းမှာ ဖဲပွင့်လေးပေါ်အောင် ချည်ထားသည်။

အိမ်စီးဖိနပ်စီးတော့တောင် ကိုယ်ပေါ်မှာဆင်ထားသည့် အရောင်နှင့် အရောင်တူပန်းရောင်လေး၊ ဒီကောင်မလေးကို မြင်လိုက်ရလျှင် ဘယ်သောအခါမှ စုတ်ပြတ်နွမ်းဖတ်နေတာမမြင်..၊

မနက်စောစောထပြီး ချက်ပြုတ်ချိန်ခဏလေးမှာ မျက်နှာပြောင်လေးနဲ့ ဆံပင်ပွတတလေးရှိနေတတ်ပေမယ့် ပြီးတာနှင့် ပျောက်သွားသည်။

ပြန်ထွက်လာပြီဆို ခုချက်ချင်း အပြင်ထွက်တော့မယ့်အတိုင်း..၊

"ငါလား..အခုအိတ်ကြီးပျက်နေလို့ ပြန်တပ်နေတာဘာလုပ်မလို့လဲ..ဒီနေ့မလာသေးဘူးလို့ ပြောထားတယ်လေ.."

"........... ..........."

"ဟား..ဟား..လာသေးတယ်မောင်ရယ်၊ နင့်စာကိုပဲ နိုင်အောင်ကျက်စမ်းပါ..လေးတို့ပြန်မလာသေးဘူးလား.."

"ဟုတ်လား..အဲ့လောက်ကြာမယ်ဆိုတာ ငါ့ကိုတောင်ပြောမသွားဘူး..ဆိုင်ကိုဘယ်လိုထားခဲ့လဲ.."

"................. ..........."

"ဩော်..ဆောရီးဟာ၊ ငါလည်းမကူညီနိုင်ဘူး ဖြစ်နေတယ်"

"....... ..............."

"............. .........."

"ဟော့အေး..အဲ့ဒီဆိုင်မှာ မလုပ်ဖြစ်တော့ဘူး.."





"........... ............"

"သူ့အလုပ်မှမလုပ်တော့တာ ဘာလို့တွေ့ရမှာလဲ..အစတည်းက လုပ်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ငါမပြန်ချင်သေးတာနဲ့လေးနဲ့မမကို အားနာလို့ပါ.."

ထိုင်ခုံပုလေးမှာ ထိုင်ချလိုက်ပြီး ဖုန်းကိုပခုံးစွန်းနဲ့မေးနဲ့ညှပ်ထားပြီး ပြောနေတာဖြစ်သည်။ လက်ထဲမှာဘေးလွယ်အိတ်တစ်လုံးကို ကိုင်ထားရင်း အလုပ်ရှုပ်နေတာ နာရီနဲ့သူမမြင်ကွင်းတည့်နေတာကိုလည်း သတိမထားမိ..၊

"ဒါပဲဟာ..ငါဒီမှာ.."

"တီလေးရေ..ဒီမှာကြည့်.."

သူမဆီကို စက်လေးက ရွှေငါးလေးတစ်ကောင်ပါသည့်ရေအိတ်လေးကို ပွင့်လျက်သားကိုင်ပြေးလာပြီး..၊

"ဒီမှာကြည့် တီလေး..ဘာဘာအောင်ဝယ်ပေးတာ..ငါးလေး"

"သားသား..ဟဲ့..ပေကုန်လိမ့်မယ်၊ မကိုင်နဲ့.."

ကလေးက လောကြီးပြီးပြေးလာသဖြင့် ကြမ်းပေါ်မှာပုံကျနေသည့် ဂါဝန်စကို နင်းလိုက်မိသည်။ ပြီးတော့ လက်နှစ်ဖက်မှာ ရေစက်တွေတောက်တောက်ကျလာသဖြင့် ဘဝင်ကကိုယ်ကိုအထိမခံဘဲ ဖြန့်းခနဲ ထရပ်လိုက်လျှင်..၊

"အား..တီတီ.."

"ဒုန်း.."

"ဟာ..ဟော့.."

နင်းထားသည့်ဂါဝန်စကို ဆောင့်ဆွဲလိုက်သလိုရှိကာ



www.burmeseclassic.com

စက်လေး ဒုန်းခနဲ ပက်လက်လန်လဲကျသွား၏။ နာရီကိုင်ထားသည့် စာအုပ်ကို ဘယ်ဆီဘယ်ဝယ် လွှင့်ပစ်လိုက်မိမှန်းမသိဘဲ ငိုနေသည့် ကလေးဆီ ထပြေးခဲ့မိကာ..၊

"မင်းဘယ်လိုလုပ်လိုက်တာလဲ ဘဝင်.."

"မဟုတ်ဘူးကိုကို.."

"တော်တော့.."

မရည်ရွယ်ဘဲဖြစ်သွားခဲ့တာမို့ ကလေးကိုနာရီကောက်ချီပွေ့လိုက်တဲ့အထိ ဘဝင်ကြောင်ငေးနေမိဆဲ..၊

"မင်းကိုယ်မင်းဘာထင်နေလဲ..မင်းအကျီကိုတက်နင်းလိုက်တော့ ဘာတွေဖြစ်သွားနိုင်သလဲ.."

"ဘဝင်က.."

"ကြည့်နေတာကြာပြီ..မင်းလုပ်ပုံပြောပုံတွေ တစ်ခုမှအချိုးမပြေဘူး.."

"မဟုတ်ဘူး..ဘဝင်ဒီတိုင်းပဲထရပ်.."

"ဘာမှမပြောနဲ့၊ မင်း..တောက်..တိတ်..သားတိတ်.."

ကလေးရဲ့ခေါင်းလေးကို ပွတ်သပ်ချော့ရင်း ကြမ်းပေါ်မှာကျနေသည့် အိတ်ကိုရော ဖုန်းကိုပါ စိတ်ရှိလက်ရှိလွှဲကန်ပစ်ကာ..၊

"ဖြစ်လိုက်ရင်အလှအပကြောင့် ပြောရင်မကြိုက်ဘူး.."

"သားရေ..မြေးလေးငိုလှချေလား.."

"ဘာဖြစ်ကြတာလဲကောင်လေး.."

ကလေးငိုသံနှင့် ဝုန်းဒိုင်းကြဲနေသဖြင့် ဒေါပန်းသီရိကို ဦးတင်ထွတ်က တွဲကိုင်ထားပြီးထွက်လာကြ၏။ နာရီကဘယ်သူ





မေးတာကိုမှမဖြေဘဲ ကလေးကို ပွေ့ဖက်ထားလျက် အပြင်ထွက်သွား၏။

ဘဝင် ဂါဝန်စလေးတစ်ဖက်က 'မ'ထားလျက် မျက်နှာငယ်လေးနဲ့ ရပ်ကျန်ခဲ့ပြီး..၊

"အမေ..ဘဝင်ကလေ.."

"ကလေးရှိနေတာတောင် ဘာတွေဖြစ်ကြတာလဲကွယ်..မြေးက ဘာဖြစ်လို့ ငိုရတာလဲ.."

"ဘဝင့်ကြောင့် ချော်လဲသွားတာ.."

"ဟင်.."

"တမင်လုပ်တာမဟုတ်ပါဘူးအမေရယ်..ဘဝင် အကျီပေသွားမှာစိုးလို့ အမှတ်တမဲ့လန့်ပြီး ဆွဲလိုက်မိတာပါ.."

ဘဝင်ကပြောနေရင်း သားလေးကိုင်လာသည့် ငါးထုပ်လေးကိုသေချာလိုက်ကောက်၏။ အိတ်ကပွင့်ကာ ရေတွေထွက်ကျကုန်ပေမယ့် ငါးက အိတ်ထဲမှာ ဖုတ်လိုက်ဖုတ်လိုက်နှင့် ကျန်ခဲ့သည်။

ထို့ကြောင့် အသာကောက်ပြီး ငါးကန်ထဲသွားထည့်ပေးလိုက်သည်။ ပြီးမှ ပြန်ပြေးလာပြီး ရှင်းပြရင်း..၊

"သားလေး ခေါင်းတွေဘာတွေလာတွေများ ပေါက်သွားလားမသိဘူးအမေ..လေးလေးရယ်လုပ်ပါဦး၊ ကိုကိုစိတ်ဆိုးသွားပြီ.."

ဦးတင်ထွတ် ခေါင်းခါလိုက်ပြီး..၊

"အဆင်မပြေရတဲ့အထဲ ဖြစ်လိုက်ရင် ညည်းပြဿနာချည်းပဲ ဘဝင်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေးလေးရယ်..ဘဝင်မှားပါတယ်၊ ဘဝင့် သားသားလေးကို အဲ့လိုဖြစ်သွားမယ်မှန်း ရုတ်တရက်မ တွေးလိုက်မိလို့ပါ.."

"ဖအေလုပ်တဲ့လူကလည်း ခုမှပဲ..အင်း.."

ဦးတင်ထွတ်ဘာကို'အင်း'မှန်း မသိပေမယ့် နာရီနောက်ကို လိုက်သွားတာမို့ ဘဝင်ဝမ်းသာသွားကာ၊ နောက်ကကပ်လိုက်သွားဖို့ ပြင်လျှင်..၊

"မလိုက်နဲ့သမီး.."

ဒေါ်ပန်းသီရိက ဆွဲထားလိုက်ကာ..၊

"ညည်းကို သားအော်ထုတ်လိမ့်မယ်..ခဏအခြေအနေကြည့်ဦး.."

"ဟုတ်.."

ဘဝင် ကိုယ့်လက်ချောင်းကို ပွတ်လိမ်ဆုပ်နယ်ရင်း သားလေးငိုသွားတာကို မြင်ယောင်နေမိသည်။ သားနဲ့သူမ ဒီလို ပြဿနာမျိုး ခဏခဏတက်ဖူးသည်။

သူမက ပြင်ဆင်ထားပြီးပြီဆို သားလာကိုင်တာလည်းမကြိုက်၊ ဆော့ဖို့လည်းမပေးတော့ပေ၊ ဒါပေမယ့် စက်လေးက ...ာ်တရွတ်..၊

"တီလေးပဲ သားသားလေးကိုချစ်တယ်ဆို.."

"ကိုကိုငယ်နော်..တီလေးကိုထိလိုက်တာနဲ့ တွေ့မယ်၊ ...ား.."

"...ခစ်.."

...းက ရိုက်မယ့်ထုမယ့်ပုံ ဘယ်လိုလုပ်ပြတား





တား မရ..၊

"ဟာ..သွား..သွား၊ မကိုင်နဲ့ ကိုကိုငယ်..မလုပ်နဲ့.."

တစ်ခါတလေဘဝင်က ပေမှာကျုံမှာစိုးပြီး ထွက်ပြေးလျှင် သူက လက်ကို ဖြန့်ပြပြီးဖွတ်လိုက်၏။ အိမ်မှာတော့ ဒါကို အားလုံးက ရယ်မောကြည်နူးစရာအဖြစ် ပြောလို့မဆုံးဖြစ်ကြတာပါ..၊

"မအေကကဲကဲ..သားကရဲရဲနဲ့တော့ တွေ့ပြီ.."

"ဘဝင်တို့ သားနဲ့ကျမှပဲ ပြေးရတာဟော့.."

စသဖြင့် ပြောဆိုရယ်မောကြရင်း..၊

"သားသားရယ်..တီလေးအဲ့လိုဖြစ်မယ်မှန်းသိရင် မလုပ်ပါဘူး.."

သားလေးလဲသွားတာကိုမြင်ယောင်ရင်း မျက်ရည်တွေလည်း ဝဲတက်လာခဲ့သည်။ ဒီရောက်မှ စက်လေးလို့ သူတို့ခေါ်နေကြပေမယ့် သားလေးက သူမအတွက် ကိုကိုငယ်ပဲဖြစ်သည်၊ ပြီးလေး နေနာရီရဲ့သား စက်နာရီ..၊

အမြဲတမ်းဒီလိုတွေ ဖြစ်နေကျသည် 'ကိုကို့ရှေ့ကျမှ သားလေးအဖြစ်ဆိုးသွားတာ ဘယ်လိုမှစိတ်ထဲမကောင်းနိုင်..၊

ကိုကို့အမြင်မှာ ဘဝင်ကနဂိုတည်းက မိန်းမမပီသခဲ့တဲ့ မိန်းမ..၊ ခုတော့ ဘဝင့်ကြောင့် သားလေးဒုက္ခရောက်ခဲ့ရပြီ..၊

ရင်ထဲမှာပူလောင်ခြင်းသည် ကိုကို့အမုန်းကိုကြောက်တာလား..၊ သားလေး အနာတရဖြစ်ရတာကြောင့်လား..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

"တိတ်..တိတ် မငိုနဲ့တော့သား.."

"သားသားလေးနာတယ်..ဟီး ဟီး.."

"ပြစမ်း..ခေါင်းငုံ့လိုက်.."

အခြေအနေတွေကို အစအဆုံးသိနေသဖြင့်..ဝိုင်က နောက်ကလိုက်ပါလာလျက်.. ။

"ဘာဖြစ်သွားလို့လဲကို..ခေါင်းကွဲသွားသေးလား.."

ထွေငေါ်သံမှန်း သိသာနေပေမယ့် ခေါင်းထိသွားတာကို ဆံပင်တွေထဲမှာ ရှာကြည့်ပြီးမှ..၊

"မကွဲပေမယ့် တော်တော်ထိသွားတယ်..ဆေးခန်းသွားပြမှ ဖြစ်မှာ.."





ပြောပြီး ကလေးကိုထိုင်ခုံမှာထိုင်စေကာ အပေါ်အင်္ကျီ ထပ်ဝတ်လိုက်ပြီး ဖုန်းယူထည့်လိုက်ရင်း..၊

"ထ သား..ဆေးခန်းသွားပြရမယ်.."

"သားသားလေး ပျောက်သွားပြီ..ဆေးခန်းမသွားတော့ဘူး"

"သား.."

နာရီက ကလေးရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်ပြီး လက်မောင်းလေးတစ်ဖက်ကို ချော့မော့သလိုဆုပ်ကိုင်ကာ..၊

"ခုပဲ တအားငိုနေပြီး ဘာလို့ညာရတာလဲ..",

"သားသားလေး ဆေးထိုးရမှာကြောက်တယ်.."

မျက်ရည်ကြောင်းလေးတွေနှင့် ကျို့ထိုးသလိုရှိုက်နေဆဲ တနေ မေးတော့လည်း ဝန်ခံရှာသည်။ မျက်တောင်ကော့ကော့လေးတွေ နှုတ်ခမ်းရဲရဲလေးတွေက မအေနဲ့တူကာ နဖူးကျပုံ မျက်ခုံးထူပုံလေးတွေ ပြီးတော့ မေးရိုးကားတာကအစ သူနဲ့တူသည်။

သားလေးကိုသူမြင်တည်းက ရင်ထဲမှာနင့်နေအောင် ခံစားခဲ့ရသည်။ ကိုယ့်သားလေးဟာ မွေးလာတည်းက အဖေခေါ်စရာမရှိသည့်ဘဝနှင့် စခဲ့ရသည်။ ထို့ပြင်..၊

အလှအပကြိုက်သော မိခင်တစ်ယောက်က ကလေးအပေါ် ဘယ်လိုပြုစုယုယနိုင်မှာလဲ၊ ကလေးကိုအချိန်ပေးဖို့ ယုယကြင်နာဖို့ဝေးလို့ သူ့အလှပြင်ချိန်တွေနဲ့ သူတောင်အားရဲ့လား မသိ..၊

သားလေးက ဦးမြတ်မောင်တို့ဒေါ်ရီတို့ လက်ထဲမှာပဲ မိဘရဲ့ ကြင်နာမှုမဲ့စွာ ကြီးပြင်းခဲ့ရရှာလိမ့်မည်။ ထို့ကြောင့် သား



www.burmeseclassic.com

www.burmeseclassic.com



လေးကိုသူ ပွေ့ချီယုယချင်သည့်ဆန္ဒတွေ သူ့မှာအပြည့်အသိပ်နဲ့ပါ၊ ဒါပေမယ့် ဘဝင်ဆိုတဲ့မိန်းကလေးကို သူအလွှာမပေးနိုင်..၊

ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ငွေကြေးနဲ့တိုင်းတာသတ်မှတ်ပြီး နှိမ့်ချသည်။ လာဘ်ရွှင်ချမ်းသာနေသည့် ယောကျ်ားတွေကိုမှ အထင်တကြီး ဆက်ဆံတတ်သည်။

ကျောင်းဆရာတစ်ယောက်အဖြစ်ထက် ဘာမှပိုမိုအထင်ကြီးဖွယ်မရှိသော သူကတော့ ပါးစပ်ပိတ်ပြီး အိမ်မှာထိုင်နေပေးရမည် မဖြစ်သင့်..ဟု..၊

ဒါပေမယ့် ကိုယ်ချစ်တဲ့လူက ရိုက်ရင်ပိုနာသည်။ ချစ်ရတဲ့သူရဲ့ မျက်စောင်းတစ်ချက်ဟာ မြားတစ်စင်းထက် ထွင်းဖောက် နာကျင်စေနိုင်၏။ ခံစားဖူးမှ သိမှာပါ..၊

ဘဝင့်ကို သူချစ်သည်။ မျက်စိအောက်က အပျောက်မခံချင်၊ ယောကျ်ားလေးတွေ မျက်စိတဆုံးလိုက်ကြည့်တာကြောင့် ကိုယ်မပါဘဲ ဘယ်ကိုသွားတာမှ မကြိုက်ခဲ့..၊

ဒါတွေဟာ ကိုယ့်အတ္တအဆိပ်တွေ ဖြစ်ခဲ့ရင်တောင် သူမတို့ပြန်ပုံက နားလည်ခြင်းအလျင်းကင်းသော အထင်သေးခြင်းတွေသာ ဖြစ်သည်မို့..၊

"ဟုတ်တယ်...ငါကအဲ့လို ယောကျ်ားမျိုး၊ မင်းတစ်ခွန်းပဲ ပြောပေးပါ..အဲ့ဒီလိုယောကျ်ားကို ယောကျ်ားမတော်နိုင်ပါဘူးလို့"

သူနောက်ဆုံးထိ ရွေးချယ်ခွင့်ပေးခဲ့သေးသည်။ သူမကလည်း နောက်ဆုံးအချိန်ထိ ပြတ်သားဆဲနှင့်.. ၊

"မတော်ချင်လို့လည်း ရမှမရတာ..ယောကျ်ားယူတာ ဈေးဝယ်သလို ပိုက်ဆံပြန်အမ်း လိုနေရင်ထပ်ပေးလုပ်လို့ ရတာ





ကျလို့.." တဲ့..၊

သူမရဲ့နှုတ်ခမ်းလှလှလေးတွေက တစ်ပါးသူရဲ့ရင်ဘတ်ကြီးကို လက်ပစ်ဗုံးတစ်လုံးလို အစိတ်စိတ်အမွှာမွှာ ထုခွဲပစ်နိုင်သည်။

သူမနှုတ်ခမ်းများက အသံတွေကြောင့် မတွေ့မမြင်ရရင်တောင် ဒီအသံကိုကြားလိုက်ရတာနှင့် ထွက်သွားဖို့ ခြေလှမ်းတွေက အလဲလဲအပြိုပြို..၊

ဒါကြောင့် အားလုံးကိုသူထားခဲ့ပြီး တစ်ချက်မှပြန်မကြည့်မိအောင်နေခဲ့သည်။ တစ်ရက်မှမေ့လို့မရပေမယ့် ဒီအကြောင်းတွေကို တစ်ယောက်ကိုမှ သူမပြောခဲ့..၊

ကိုယ့်ကိုလူရာမသွင်းစွာ ဆက်ဆံခဲ့သည့် မိန်းမတစ်ယောက် အကြောင်းက ဖွင့်ချပြောရဲဖွယ် မရှိသလိုပြောချင်စိတ်လည်း မဖြစ်မိ..၊ ဒါပေမယ့် သူမ ကိုယ်ရှိရာကိုလိုက်လာခဲ့တာ သားလေးတစ်ယောက်နှင့်..၊

သားရဲ့မျက်နှာလေးကို ငေးကြည့်ရင်း ပါးဖောင်းဖောင်းလေးထက်က မျက်ရည်တွေကိုတယုတယ သုတ်ပေးမိသည်။ ပြီးတော့ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်မိရင်း..၊

"ဆေးခန်းသွားရမယ်ကွ..ခေါင်းမှာထိတဲ့ဒဏ်ရာက သွေးမထွက်ပေမယ့် အရေးကြီးတယ်.."

"သားသားလေးကြောက်တယ်..ဟင့်အင်း.."

"မလိုအပ်ဘဲ ဆေးမထိုးပါဘူး..ယောကျ်ားဆိုတာ သတ္တိရှိရတယ်..နောက်ထပ် ကြောက်တဲ့စကားမပြောရဘူး..ဖေဖေပြောတာ ကြားရဲ့လား.."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေလို့ ကိုယ့်ကိုယ်ကိုပြောလိုက်မိပြီးမှ ရင်ထဲမှာနွေးသိမ့်သော ခံစားချက်တစ်ရပ်က သိသာစွာစီးဝင်လာ၏။ စက်လေးကလည်း ဖအေကို အထူးအဆန်းသဖွယ် ပြန်ကြည့်နေကာ၊

"ဖေဖေ.."

"ဟင်.."

"ဖေဖေကသားသားလေးနဲ့ ခေါ်ပြီလား.."

"ခေါ်မှာပေါ့ကွ..မင်းက ဖေဖေ့သားပဲ.."

"သားသားလေးကို ချစ်လားဟင်.."

သူ့မျက်ဝန်းတွေ ရယ်မြူးရိပ်သမ်းသွားသည်။ ပြီးတော့ အပြုံး အရယ်မဲ့တာ ကြာခဲ့ပြီဖြစ်သော နှုတ်ခမ်းတို့မှာ အပြုံးသဲ့သဲ့ဖြစ်လာခဲ့ပြီး..။

"ချစ်တယ်..သားကိုဖေဖေချစ်တာပေါ့.."

"ဓာတ်လမ်းဆန်ဆန်ပြောရရင်တော့ ပြောင်းလဲလိုက်တာ အရမ်းမြန် မနေဘူးလားကို.."

သူ့နောက်မှာ ဝိုင်ခုထိရပ်နေဆဲရှိတာကို စကားသံကြားမှ သတိရသည်။ ဒါပေမယ့် လှည့်မကြည့်တော့ဘဲ သားကိုဆွဲချီလိုက်ပြီး အခန်းထဲကထွက်လျှင်..၊

"ကို.."

ဝိုင်က သူ့ရှေ့ကပိတ်ထားလျက်..၊

"ကလေးမျက်နှာလေးက ကြည်ကြည်လင်လင်တောင်ဖြစ်နေပါပြီ.."

"အဲ့ဒီတော့.."

"ဆေးခန်းသွားဖို့ လိုလို့လား.."





"လိုတာမလိုတာ မင်းဆုံးဖြတ်ရမှာ မဟုတ်ဘူး.."

"ကို.."

သူ ကလေးရှေ့မှာမပြောချင်လို့ ရှောင်ထွက်ဖို့ပြင်သည်။

သူမက လိုက်ပိတ်ထားဆဲရှိကာ..၊

"ဒီကလေးနဲ့ကို့ကို ဒီပုံစံရှိနေကြတာ ပတ်ဝန်းကျင်ကမြင်ရင် ဝိုင်က ဘာဖြစ်သွားမလဲ..ကိုနည်းနည်းလောက်စဉ်းစားပါဦး၊ ပြီးတော့ သူ့အမေက ဒီအိမ်မှာဝုတ်တုတ်ကြီးရှိနေတာ.."

"ဝိုင် ငါမင်းရဲ့ဂုဏ်သိက္ခာကို လေးစားချင်တယ်..ရှေ့ကဖယ်.."

"ဝိုင်ကလည်း ကို့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ပြောနေတာပါ..ဝိုင်တို့က လက်ထပ်ပြီးသား၊ နောက်ထပ်ပေါ်လာတဲ့အသစ်အဟောင်းတွေက ဘာမှအကျုံးမဝင်ပါဘူး..ဒါပေမယ့် ကိုနဲ့မိသားစုအားလုံးက သူတို့ကိုအိမ်ပေါ်တင်ပြီး အရေးတယူလုပ်နေကြတယ်၊ ဝိုင့်ဘက်ကိုလည်း စာနာကြည့်ပါဦး.."

"ဒေါ်ကြီးကျင်.."

သူ လှမ်းခေါ်လိုက်ကာ ကလေးကိုထည့်ပေးလိုက်သည်။

ပြီးတော့ တံခါးကို ဒုန်းခနဲဆောင့်ပိတ်လိုက်ပြီး..၊

"ငါ မင်းကိုဆုံးဖြတ်ဖို့ အချိန်ယူပါဆိုတာ ငါ့ဆုံးဖြတ်ချက်တွေကို ပါဝင်စွက်ဖက်ခွင့် ပေးဖို့မဟုတ်ဘူး.."

နာရီက မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး ရှေ့တိုးလိုက်တော့ ဝိုင်ကနောက်ဆုတ်သည်။ သူမမျက်နှာက တင်းနေလျက်ရှိသော နာရီကလည်းမလျှော့..၊

"မင်္ဂလာစင်မြင့်ပေါ်က ဆင်းလာတည်းက ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခြင်းဆိုတာ ဘာမှမရှိတော့ဘူး..”

“ဘယ်လို..”

“မင်းစဉ်းစားဖို့ အချိန်ယူပါဆိုတာ အဲ့ဒါကိုနားလည်စေချင်လို့..”

“မဟုတ်တာတွေပြောပြီး အပေါ်စီးလေသံနဲ့မချေနဲ့ကို.. မိန်းမနှစ်ယောက်နဲ့ မကင်းမရှင်းဖြစ်နေရတဲ့ ကို့အဖြစ်ကို ထည့်စဉ်းစားမိရဲ့လား..”

“ကျွတ်..”

“လက်ထပ်ပြီးကာမှ ဝိုင်နောက်ဆုတ်လိုက်ရင် တစ်ခုလတ်ဆိုတဲ့အမည်းစက်ကြီး ဖြစ်ကျန်ရစ်မှာရော ဝိုင်ကထည့်မစဉ်းစားရတော့ဘူးလား..အဲ့ဒါကြောင့် ဝိုင့်ဆုံးဖြတ်ချက်ကို ဘယ်တော့ဖြစ်ဖြစ် ပြောရဲတယ်..ကို့ဘေးနားက ထွက်သွားရမှာ ဝိုင်မဟုတ်ဘူး..”

“အဲ့ဒါမင်းသဘောပဲ..နောက်ထပ် ငါ့အလုပ် ငါ့ဆုံးဖြတ်ချက်ကို မင်းဝင်ပါဖို့ မလိုဘူး..”

“ဒါတော့မရဘူးလေ..ဝိုင်ဒီမှာရှိနော ကို့ဇနီးအဖြစ်နဲ့ရှိနေတာပဲ၊ ကိုသာ ဘာကိုပဲဆုံးဖြတ်ဆုံးဖြတ် ကိုယ့်ရဲ့ဂုဏ်သိက္ခာကို မမေ့ပါနဲ့..ဒီနေ့ကစပြီး ဝိုင် ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားမယ်၊ ရင်ဆိုင်ရဖို့ ရှိလာရင်လည်း နောက်မတွန့်ကြေးပဲ ဘယ်လိုလူနဲ့ဖြစ်ဖြစ်..”

✻ ✻ ✻







# အခန်း (၂၄)

“ဘယ်လိုနည်းနဲ့စဉ်းစားစဉ်းစား အဖြေက ဒါပဲထွက်မှာ အန်တီ..မင်္ဂလာပွဲက ဖျက်ခဲ့တယ်..မင်္ဂလာဦးညမှာ သူတို့အတူတူ မရှိခဲ့ကြဘူး..”

“မင်းက ရှေ့နေတစ်ယောက်ပဲကွယ်..အမှုအခင်းဖြစ်လာရင် တစ်ဖက်ဖက်ကတော့ မှားမှာပဲမဟုတ်ဘူးလား၊ ဒါပေမယ့် နှစ်ဖက်စလုံးမှာ ရှေ့နေတွေရှိကြတာပဲ..ရှေ့နေတိုင်းသာ မှန်တဲ့ဘက်ကပဲ လိုက်ပေးမယ်ဆိုရင်..”

“မဟုတ်သေးဘူးအန်တီ..မှားနေတဲ့ဘက်က ပြစ်မှုလျော့အောင်လုပ်မယ်..မှားရတဲ့အကြောင်းရင်းရှာပြီး အပြစ်လွတ်ဖို့ကြိုးစားမယ် ဒါပါပဲ..မရှိတာကို ရှိသလိုလုပ်လို့တော့ မရဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ..”

ဒေါ်မြမှုး ကြိတ်မနိုင်ခဲမရ ဖြစ်ရကာ၊ သမီးဖြစ်သူကို လည်း ‘တွေ့လား ကြားပြီလား’ဆိုသည့် အကြည့်နှင့် ငဲ့ကြည့်မိ သေးသည်။ ပြီးမှ ရွှေနေဘက်ကိုလှည့်၍..၊

“အန်တီငွေဖြုန်းနိုင်တယ်..လိုချင်တာက လက်ထပ်ခဲ့ တယ်၊ ပေါင်းခဲ့တယ်..ဒါပဲ..”

တရားလွှတ်တော်ရွှေနေ ကြည်ကြည်မာက ဒေါ်မြမှုး တို့ သုံးယောက်ကို နားလည်သည့်အပြုံးနှင့်ကြည့်ကာ..၊

“ဥပဒေက ကျွန်မတို့လက်ခုပ်ထဲမှာ ရှိတာမဟုတ်ဘူး.. ကျွန်မကလည်း တန်ခိုးရှင်မဟုတ်တော့ အန်တီဖြစ်ချင်သလိုဖြစ် ပေးဖို့က ဘယ်လိုမှ..”

“သမီးရယ်..”

ဒေါ်မြမှုး အသံက ပျော့ကျသွားပြန်ကာ..၊

“လုပ်ကြည့်ပါဦးကွယ်..ရွှေနေဆိုတာ ဒီလိုပညာတွေ တော်လို့သာ ခုံရုံးရှေ့မှာ ခုခံချေပရဲကြတာပေါ့..လုပ်ပါ၊ အန်တီ ငွေဖြုန်းနိုင်ပါတယ်..နောက်ဆုံး လင်မယားကွာရှင်းခွင့်နဲ့ပဲ ဖြစ် ဖြစ်ကွယ်..နောက်ဆုတ်ရမယ်ဆိုရင်တောင် သူ့ဇနီးမယားအဖြစ် ရှိခဲ့ရင် ပိုင်ဆိုင်မှုတစ်ဝက်ရသင့်တာပဲ..”

“မေမေ့..”

“ညည်းအသာနေစမ်းဝိုင်..”

ဒေါ်မြမှုးက ဒေါသသံနှင့် လှည့်အော်ပြီး..၊

“မေမေငွေမက်လို့ ပြောနေတာမဟုတ်ဘူး..ဒါပေမယ့် ညည်းရဲ့ဂုဏ်သိက္ခာကိုတော့ ပြန်အဖက်ဆယ်နိုင်သေးတယ်..





ပြောပြီး ကြည်ကြည်မာ့ဘက် ပြန်လှည့်ကာ..၊

“ပွင့်ပွင့်လင်းလင်းပြောရရင် သမီးရယ်..မင်္ဂလာပွဲပျက်ခဲ့ ပေမယ့် သမီးက သူတို့အိမ်မှာ နေနေတာ..”

“ယောကျ်ားလေးဘက်က ခေါ်တာလား..”

ဒေါ်မြမှုး မျက်နှာကွက်ခနဲပျက်သွားသည်။ ပြီးမှ..၊

“အေးပေါ့..သူတို့ဘယ်လိုလုပ် ငြင်းနိုင်မှာလဲ၊ အဲလေ.. အန်တီပြောတာက လက်ထပ်ခဲ့တာပဲဟာ..သူတို့ကိုယ်တိုင် အရှိန် နဲ့ဆက်လိုမ့်တာမျိုးပေါ့၊ မင်္ဂလာဦးညမှာ အတူတူရှိခဲ့တာ မရှိခဲ့ တာ ဘာအရေးပါလို့လဲ..”

“အရေးပါတယ်အန်တီ..ဥပဒေကြောင်းနဲ့ ရှင်းရတော့ မယ်ဆို ရင် မှန်းတီးစက်စုပ်တဲ့ အကြည့်လေးတစ်ချက်ကလည်း အရေးပါတယ်”

“ဒါဆို..”

“ပွဲပျက်သွားတဲ့သတင်းက လူတိုင်းနီးပါး ပြောနေကြသ လို အဲ့ဒီညမှာတည်းက သူတို့ပွဲပျက်ခဲ့တဲ့အတွက် မသက်ဆိုင်ကြ သလို နေထိုင်ခဲ့တာက အန်တီဖြစ်စေချင်တာတွေကို အကြီးမား ဆုံး တားဆီးမယ့် အချက်တွေပဲ..ဒါပေမယ့် အန်တီက ဒီအမှုကို ရှေ့ဆက်မှာပဲဆိုရင်တော့ ကျွန်မလိုက်ပေးမယ်၊ နိုင်ဖို့မနိုင်ဖို့က..”

“တော်ပြီ..တော်ပြီ၊ မင်းလို အားတက်ဖွယ်တွေပြောပြီး ငွေရှာတဲ့ရွှေနေမျိုးနဲ့တွေ့ရတာ မင်းနဲ့နောက်ဆုံးဖြစ်လိမ့်မယ်..”

ဒေါသတကြီးထပြန်လာခဲ့ကြကာ အိမ်မှာအကြီးအကျယ် ဆေါက်ကွဲမှုဖြစ်လေသည်။

“ခုသိပြီလားဝိုင်..ညည်းသိပ်ကိုညံ့တဲ့မိန်းကလေး..”



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်က ဘာညှဲ့လို့လဲ..အစတည်းက ပြန်မဆက်ချင်ဘူး ပြောခဲ့တာကို အမေတို့ပဲ.."

"ညည်းလည်း တစ်ပိုင်းသေအောင် ကြိုက်နေတယ်မို့လား..ဒါကြောင့် မိဘကအလိုက်တသိ လမ်းခင်းပေးတာလေ၊ လမ်းကြောင်းပေါ်ဆွဲတင်ပေးတာတောင် ဖြောင့်အောင်မလျှောက်နိုင်ဘူး.."

"ဟုတ်တယ်ဝိုင်..ကျုပ်လည်း ညည်းကိုပဲပြောချင်နေတာ"

ဒေါ်ခင်မမကလည်း စိတ်တွေတိုနေကာ..၊

"ဟိုတစ်နေ့ ငါတို့ရောက်သွားတည်းက ဘဝင်ကကလေးနဲ့မြွားပြီး လူကြီးတွေကို အပိုင်ပေါင်းထားနိုင်ပြီဆိုတာ သိခဲ့တာ၊ ညည်းသာ ယောကျ်ားနောက်တစ်ကောက်ကောက်လိုက်ပြီး ဘာမှပြန်ကြည့်ရမှန်းမသိဘူး.."

"ဘာကိုပြန်ကြည့်ရမှာလဲ ဒေါ်လေးရဲ့..မိသားစုအတွက်မနက်စာ နေ့လည်စာကိုယ်တိုင် စီစဉ်ပေးဖို့အထိ ဝိုင်ကြိုးစားခဲ့တာပဲ၊ ဒါပေမယ့် ဘဝင်က ဘာမှမတတ်လို့တဲ့၊ သူ့ဖွတ်ဝင်ဝင်လုပ်နေရင် အန္တရာယ်ဖြစ်လာနိုင်လို့ဆိုပြီး.."

"ဒါဆိုမဝင်ခိုင်းနဲ့ပေါ့.."

"အန်တီသီတို့ကလည်း မကြည့်ပါဘူး..အဲဒီဟာမလေးကိုက မျက်နှာပြောင်ပြောင်နဲ့ ဖွတ်ဝင်ဖွတ်လုပ်နေလို့ ဒေါ်ကျင်ဆိုတဲ့ မိန်းမကိုငှားပြီး အချက်အပြုတ်သင်ခိုင်းပေးရတဲ့အထိ ဖြစ်ကုန်တာ"

"ဟင်..လူငှားသင်ခိုင်းရတယ်၊ ဟုတ်လား.."





"ခေါ်တာကတော့ အိမ်အကူပဲလေ..ဒါပေမယ့် ဘဝင့်ကိုသူသင်ပေးပါစေ၊ သမီးက ကျွမ်းကျင်ပြီးသားပဲ ခဏဖယ်ပေးလိုက်ပါဆိုလို့.."

"အောင်မယ်လေး..အောင်မယ်လေး.."

ဒေါ်မြမှူးရင်ဘတ်ကို လက်သီးဆုပ်နှင့် တဘုတ်ဘုတ်မြည်အောင် ထုလေသည်။

"အဲဒါ ညည်းနေရာကိုဝင်ယူခိုင်းလိုက်တာပဲ..အလိုက်ပါဘိ ဝိုင်ရယ်၊ ဒီလူတွေကိုတော့ ညည်းပိုင်အောင်ပေါင်းရမှန်းမသိဘူးလားဟင်.."

"ဝိုင်က ကိုကိုယူမှာ..သူတို့ကိုယူမှာမဟုတ်ဘူး၊ ဘဝင်ဆိုတဲ့ တောသူအနုပ်စုတ်ဂုတ်စုတ်လို ဝိုင်က ဘာဖြစ်လို့ သူနဲ့လိုက်ပြိုင်ပြီး ဖားနေရမှာလဲ.."

"တော်တော်ပြောရခက်ပါလားဝိုင်..အခု နေနာရီကိုမရအရ ပြန်ယူဖို့ဖြစ်နေတာက ညည်းဆန္ဒနော်..အဲ့ဒီမှာ သွားနေဖို့ ငါတို့ကစခဲ့မှန်ပေမယ့် အဲ့ဒီကနေ မခွာနိုင်ဖြစ်နေတာကညည်း.."

"ဒါနဲ့ပဲ.."

"တော်တော့..တော်တော့၊ ကြာလာရင် ငါဒေါသထွက်ရလွန်းလို့ ရောဂါပါရလာလိမ့်မယ်၊ ညည်းတစ်ခုတော့မှတ်ထားလိုက်..ကိုယ်ကလျှော့မပေးနိုင်တော့ဘူးဆိုရင် နိုင်အောင်ကြိုးစား၊ ကိုယ့် လက်ထဲမှာပါမလာနိုင်တော့ဘူးလို့ ထင်လာရင်လည်း လွှတ်လိုက်တာနဲ့ သူပါနောက်ဂျွမ်းတွေဘာတွေထိုးပြီး ဇကောကျိုးသေကျန်ခဲ့အောင် လုပ်ခဲ့.."

"မကြီးရယ်..အဲ့လိုကြီးလည်း ကြိမ်းဝါးမနေစမ်းပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေ အစုတ်ပလုတ်ပြောတာတွေ ခေါင်းထဲထည့်ပြီး ရှုံးနိုင်ချေတွေ ဘာမှထည့်တွက်ဖို့မလိုဘူး..နာမည်ကြီးရှေ့နေတွေ အများကြီးပါ၊ ဇက်ကျိုးသေအောင်လုပ်ဖို့လည်း မလိုဘူး..ရှုံးစရာအကြောင်းလည်း မရှိဘူး၊ အကြီးအကျယ်လက်ထပ်ထားတာ တိုင်းသိပြည်သိ.."

ပွဲဖျက်ခဲ့တာလည်း တိုင်းသိပြည်သိ ဖြစ်နေရင်မခက်ဘူးလား..၊ ဒေါ်မြမှုးရင်ထဲမှာရှိနေတဲ့ ကြောင့်ကျမှုတွေက ကာယကံရှင်ထက်တောင် ပိုနေမလားမသိ၊ နေနာရီ့ကို ဝိုင်တစ်ဖက်သတ်ချစ်နေခဲ့တာကို သိသည်။ ခုလည်း မရမက ပိုင်ဆိုင်ချင်နေဆဲပဲဆိုတာ သိနေခဲ့သည်။

ထို့ကြောင့် ဂုဏ်သိက္ခာကိုရော နေနာရီကိုရော နှစ်ခုစလုံး မရလို့မဖြစ်...၊

※ ※ ※







# အခန်း (၂၅)

"မောင်လေး..နင့်တူရော.."

"သူ ဒီညပြန်လာချင်မှပြန်လာမှာ.."

"ဟဲ့..နေပါဦး၊ ဘာဖြစ်လို့လဲ မျက်နှာလည်းမကောင်းပါလား.."

ဝိုင် အခန်းထဲက ထွက်လာပြီးမှ စကားသံတွေကြောင့် ရှေ့မထွက်နိုင်ဘဲ အသာရပ်နေလိုက်မိသည်။

"ဘာဖြစ်လို့လဲ..ငါ့ကိုပြောစမ်းပါ၊ မနက်တည်းက ဖုန်းပြောပြီး သားလည်းမျက်နှာမကောင်းဘူး.."

အသံတွေခဏတိတ်သွားပြီးမှ ဦးတင်ထွတ်က ဒေါ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



သီရိနားကို ပြန်လှည့်သွားပုံပေါ်ကာ.. ၊

"မမသား ကုမ္ပဏီမှာ ပြဿနာတက်နေတယ်.."

"ဟင်..ဘာယ်လို.."

"စာချုပ်ချုပ်တာမှားပြီး အင်အားကြီးလူတစ်စုနဲ့ ကွိုင်တက်နေတာ.."

"ဘုရားရေ.."

စကားသံက ပို၍တိုးကျသွားကာ..၊

"စိတ်ညစ်နေလည်း ဘာမှမထူးဘူးမမ..ကောင်လေးက စိတ်နောက်ကိုယ်ပါ ဖြေရှင်းတတ်တဲ့ အကျင့်ရှိတယ်..သူ့ကိုပဲ စိတ်အေးနိုင်အောင် မမနားချပေးပါ.."

"ကိုထွတ်ရယ်..ငါဘယ်လိုလုပ် စိတ်အေးနိုင်မှာလဲ၊ နေပါဦး. လုပ်ငန်းက အရမ်းအောင်မြင်နေတာမို့လား.."

"အောင်မြင်လို့ လုပ်ကြံခံရတာပေါ့ မမရယ်.."

"ဘာ လုပ်ကြံခံရတာ.."

"ဟုတ်တယ်..ကောင်လေးက စူးစိုက်မှုအားကောင်းလို့ ဒီလောကအချိန်လေးအတွင်းမှာ နာမည်ကျော်လုပ်ငန်းရှင် ဖြစ်လာတာလေ..ဒါပေမယ့် အတွေ့အကြုံကျတော့ လိုအပ်ချက်ဆိုတာ ရှိနေတာပဲ.."

"အဲ့ဒီတော့ အဲ့ဒီတော့..အခု ဘာဖြစ်တာလဲ၊ သေချာပြောပြစမ်းပါ.."

"သေချာပြောဖို့က သေချာမှမသိသေးတာ မမရာ..ကျွန်တော်စိုးရိမ်တာ တစ်ခုပဲ၊ ဟိုဘက်နဲ့ပေါင်းပြီး ကျွန်တော်တို့ကို လုပ်ကြံတာ ဘယ်သူမှန်း ကောင်လေးကရိပ်မိနေပြီ.."





ဒေါ်ပန်းသီရိ မျက်လုံးအဝိုင်းသားဖြစ်နေခဲ့၏။ စိုးရိမ်စိတ်တို့သည် ကိုယ့်အိမ်တစ်အိမ်တည်းပေါက်ကွဲပြီး မိုးပြိုကျတော့မယ့်အတိုင်း..၊

"အဲ့ဒီလူကလည်း ဘကော်ရောင်းနဲ့ကောင်းနေတယ်..၊ ကောင်လေးနဲ့ငြိရင်တော့ သွားပြီ.."

"သားကိုတစ်ယောက်တည်း ထားခဲ့ရလားမောင်လေးရယ်၊ ပေးစမ်း..အခုဖုန်းပေး.."

"မဟုတ်ဘူး..မမကလည်း စိတ်လိုက်မာန်ပါလုပ်ချင်ပြန်ပြီ၊ အခုအရေးပါတဲ့လူနဲ့ အဲ့ဒီကိစ္စကို ရှင်းပြဖို့ဆွေးနွေးနေတာပါ သူတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျွန်တော့်တူပါ မမရယ်.. သိပ်လည်းပူမနေပါနဲ့၊ ကျွန်တော်စောင့်ရှောက်ပါ့မယ်.."

"ငါ့သားလေးကို ဒီတစ်ခါထပ်ဆုံးရှုံးမခံနိုင်ဘူးမောင်လေး၊ ဘယ်လိုကွဲပုံမျိုးနဲ့မှလည်း အကွဲမခံတော့ဘူး၊ မနက်ဖြန်ဝိုင့်ကိုငါပြောမယ်..သားနဲ့အလုပ်အတူတူ ပြန်လုပ်ဖို့.."

"ဘာဆိုင်လို့လဲမမရာ.."

"ဆိုင်တာပေါ့၊ နောက်ခန့်ထားတဲ့ အတွင်းရေးမှူးက ကောင်လေးမို့လား၊ ပြီးတော့ လူသစ်..အနားမှာ မိန်းကလေးတစ်ယောက်ရှိနေတာနဲ့ တူမလား..မဖြစ်ဘူး ဝိုင့်ကို ပြန်ခေါ်နိုင်းမှဖြစ်မယ်.."

"မမရာ..ဝိုင်ကလည်း မာနနဲ့ပဲ၊ သူ့မှာသူ့အလုပ်နဲ့သူရှိနေပြီးမှ ပြန်လက်ခံမှာတဲ့လား..ပြီးတော့ ကောင်လေးကိုယ်တိုင်ဖြုတ်ထုတ်ထားတာကို.."

"ဘာပဲဖြစ်ဖြစ် လင်မယားအဖြစ်နဲ့ တစ်အိမ်တည်းအ



www.burmeseclassic.com

တူနေနေကြတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ရှိရမှာပဲလေ..ဒီမှာ ကိုထွတ် စာချုပ်စာတမ်းကိစ္စဆိုရင် အလျှော်အစားတွေပါမှာပဲ၊ ငါ့စည်းစိမ်ကုန်ပေ့စေ..လျှော်ပေးလိုက်၊ သားကို မျက်စောင်း တောင် မထိုးစေနဲ့..”

အားလုံးကိုကြားလာပြီးမှ ဝိုင်အသာလေးပြန်ဝင်လာခဲ့ သည်။ ကုမ္ပဏီမှာ ရာထူးလုကြ၊ ရည်စားလုကြနှင့် ပြဿနာ ပေါင်းစုံရှိနေတာ မှန်သည်။

ဒါတွေကိုရှင်းပေးရပြီဆိုရင်လည်း တစ်ဖက်ဖက်ကနေ အမုန်းခံလိုက်ရတာတော့ အမှန်ပဲဖြစ်သည်။ ဒါပေမယ့် ဘဝပျက် ရလောက်အောင် ကြီးမားတဲ့အမှားမျိုး ဘယ်သူလုပ်လိုက်တာ လဲ..၊

တစ်ယောက်တည်း ဝရန်တာဘက်ကိုထွက်ခဲ့ပြီး မီးမဖွင့် ဘဲ အမှောင်ထဲမှာ ရပ်နေမိသည်။ ပြီးတော့ ကုမ္ပဏီမှာ ရှိခဲ့သည့် ပြဿနာက ‘ဘာလဲ’ဆိုတာကို တွေးမိ၏။ ပြီးတော့ ဒေါ်ပန်းသီရိ ပျာယာခတ်ပူလောင်နေသည့် စကားသံတွေကို သတိရနေသည်။

ပြဿနာကြုံလာရကာမှ ‘ဝိုင့်ကိုငါပြောမယ်’တဲ့လား..၊

“ဘာပဲဖြစ်ဖြစ် လင်နဲ့မယား..ဆိုးတိုင်ပင် ကောင်းတိုင် ပင်” ဆိုတာလည်း ပါသေးသည်။

“အဟွန်း..”

နာနာကျဉ်ကျဉ်မဲ့ပစ်လိုက်မိသည်။ အိမ်မှာဆက်ခံတာ ကျတော့ ပညာမတတ် တောသူအညတြကို ‘သမီး’လို့တောင် ကြင်နာနေသေးရဲ့..၊

‘မြေးလေး’ဆိုတာလည်း ပါးစပ်ကမချ..၊





ဒုက္ခရောက်နိုင်တဲ့ နေရာကျမှ ‘ဝိုင်’ လို့ ‘တ’ရမှန်းသိ သည်။

အဲ့ဒီတော့ သူ့ချွေးမကိုတော့ ဘာလို့ပွဲမထုတ်တာလဲ..၊

မဲ့ပြုံးနှင့်အတူ ကိုင်လာသည့်ဖုန်းကို နံပါတ်တစ်ခုခေါ် လိုက်ပြီး၊

“ဟလို..”

ဟိုဘက်က မေမေ့အသံကြားမှ ရယ်သံလေးပေးလိုက် ပြီး..၊

“မေမေ မအိပ်သေးဘူးမို့လား..”

“အိပ်မလို့လေ..ဆယ်နာရီပဲထိုးခါနီးပြီကို..”

“ဒေါ်လေးရော..”

“သူဘယ်တုန်းက ဒီအချိန်ထိနေဖူးလို့လဲ..ဘာဖြစ်လို့ လူစုံအောင်မေးနေတာလဲသမီး၊ ဘာကျေနပ်စရာတွေ့နေလို့လဲ”

“မေမေက လျင်သားပဲ..သမီးအသံကြားတာနဲ့ တွက်မိ နေတယ်..”

“သမီးရယ်..ညည်းရယ်နေသံကိုကြားမှတော့ ဝမ်းနည်း ပြီး ကျေနပ်နေတဲ့လူရှိလို့လား..”

“ဟုတ်တယ်မေမေ..မေမေ့ကိုပြောစရာရှိလို့..”

“အင်း..ပြော..”

“ဒီတစ်ခါ သမီးအလှည့်ရောက်လာပြီလို့..”

“ဘာလဲ..မိန်းမတစ်ယောက်ကို အချိန်ဘယ်လောက်နဲ့ အလှည့်ကျ..”

“အာ..မေမေကလုပ်ပြီ၊ ဒီကပြောမှာကတခြား..”

www.burmeseclassic.com



"မသိဘူးလေ..ပြောချင်ရင်လည်း ပြည့်ပြည့်စုံစုံ တစ်ခါတည်းပြောပါလား.."

ဒီမှာ ကြားခဲ့ရသမျှ မေမေ့ကိုပြန်ပြောပြလိုက်ရင်း..၊

"သိလားမေမေ..ကိုနဲ့အတူတူသာ အလုပ်လုပ်ရင်း အချိန်ပြည့်နေရတော့မယ်ဆိုရင် နေနာရီက ဝိုင့်လက်ထဲက ပြေးမလွတ်တော့ဘူး..မေမေပြောတဲ့အိမ်က အရေးကြီးပုဂ္ဂိုလ်တွေကိုလည်း ပညာပေးပြမယ် ကြည့်..ခုပြဿနာက ဝိုင်မရှိလို့ ဖြစ်တာမှန်း သူတို့သဘောပေါက်သွားကြပြီ.."

"အောင်မလေးကြီးလိုက်တဲ့ အကြံပါလားအချစ်ဝိုင်.."

"ဘာဖြစ်လို့လဲ.."

"ဒီလောက်ပြဿနာတွေ ရှုပ်လာကာမှ ညည်းကိုပြဿနာထဲ ဆွဲထည့်ဖို့ ကြိုးစားတာကို နွားကျုံမလို့ဟုတ်လား.."

ဝိုင်တွေဝေသွားမိသည်။ ဒီအဖြစ်ကို သူမ မတွေးမိခဲ့ပေ..၊

"ညည်းမှာလည်း အလုပ်ရှိတယ်မို့လား..ပြဿနာကို သူတို့ဘာသာ ဖြေရှင်းပေစေ..ကိုယ့်ဆိုင်ကိုအကြောင်းပြပြီး ရှောင်ထွက်နေလိုက်၊ သူကိုယ်တိုင်က အလုပ်ထုတ်ခဲ့တဲ့ကိစ္စ ညည်းမှာပြောခွင့်ရှိတယ်.."

"ဒါပေမယ့် သမီးမှမပြောချင်တာ၊ ကိုနဲ့အတူတူ သမီးအလုပ်လုပ်ချင်တယ်.."

"ကြည့်စမ်းဟယ်..မိန်းမရှေးပျက်လိုက်တာ.."

"အဲဒါတွေသမီးနားလည်ပါတယ်..ကိုယ်ပေးရရင် ပေးရတာနဲ့တန်အောင် ပြန်လုပ်နိုင်တယ်မေမေ..ဒါတော့ မတားပါနဲ့..





ကိုကိုယ်တိုင်ပြောလာရင်တော့ လုပ်မှာပဲ.."

နောက်ထပ်တားဆီးတာတွေ မလာခင် ဝိုင်ဖုန်းချလိုက်သည်။ ကိုနဲ့သာ အနီးကပ်ပြန်နေခွင့် ရမယ်ဆိုရင် ဟိုတုန်းက ကိုယ့်ရဲ့သူ့ဌေး၊ အခု ကိုယ့်ယောကျ်ား..၊

နောက်ထပ်ပြီး သူများယောကျ်ားဖြစ်မသွားစေဖို့ သူမအစွမ်းကုန်ကြိုးစားမည်။

အစတည်းက သံယောဇဉ်ဆိုတာ ရှိဖူးပြီးသား..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၆)

"အဲ့ဒါဘာလုပ်နေတာလဲ.."

ဘဝင် ဆတ်ခနဲဖြစ်သွားသည်။ သို့သော် လှည့်မကြည့် သေးခင် မျက်နှာကို တင်းထားလိုက်သည်။ ပြီးမှ.. ၊

"ငါ့ဟာငါ ဘာလုပ်လုပ် နင်လိုက်ချောင်းနေဖို့ မလိုဘူး"

"ချောင်းနေတာက ငါမဟုတ်ဘူး.."

ဘဝင်က မဲ့လိုက်ကာ..၊

"ငါ့သားကိုလာကြည့်တာ သိရက်သားနဲ့ ဘာလို့အဓိ တွေ မေးနေတာလဲဝိုင်..ကိုကိုက သူ့သားကိုချစ်လွန်းလို့ အတ ခေါ်သိပ်တာလေ၊ သားကလည်း ဖအေမှဖအေဖြစ်နေတော့- ငါကပြိုင်ဆိုင်လုမနေတော့ဘဲ နောက်ဆုတ်ပေးထားရတာ ဒါပေ





မယ့် လွမ်းတော့လည်း လာကြည့်ရတာပေါ့.."

"ဟုတ်လား..သင်ပေးထားတဲ့အတိုင်း ပြောပါ့မလားလို့ စိတ်ပူနေတာ မဟုတ်ဘူးလား.."

"ဘာ.."

"မပူပါနဲ့..ကလေးကလည်း အဖေခေါ်ခွင့်ရနေတဲ့ကိစ္စ ကြီးကို ဟိုကမှန်းသွားမယ့်စကား မပြောရမှန်းတော့သိမှာပါ..နင့် သားပဲဟာ.."

"ကြည့်စမ်း..နင်စော်ကားလှချေလား အချစ်ဝိုင်.."

"ဟွန်း.."

"နင့်ကိုမထင်ခဲ့ဘူးသိလား..ငါများပညာမဲ့သလို ဖြစ်နေ သလားဆိုပြီးတောင် အားငယ်မိသေးတယ်.."

"ဟုတ်တာပဲဟာ.."

"မဟုတ်ဘူး..နင့်ဇာတိရုပ်က ခုမှပေါ်လာတာ တော် တော်အောက်တန်းကျတဲ့မိန်းမ.."

ပြောရင်း ခါးလေးနှစ်ဖက်ထောက်လိုက်ကာ..၊

"သိပြီ..လူတိုင်းက နိုင်ကွက်ရှိရင်အောင်နိုင်သူ အပြုံးနဲ့ မှိန်နှိန့်ကြီးနေနေကြတာပဲ..ကြည့်ရတာ ကိုကို့တို့သားအဖ ပုလဲ နဲ့သင့် နေကြပြီဆိုပြီး ရင်ထဲမှာ မီးတောက်နေတဲ့ပုံပဲ.."

ဝိုင့်မျက်နှာပျက်သွားတော့ ပခုံးလေးတွန့်ပြီးရယ်ကာ..၊

"ဒီလိုပဲလေ သွေးကစကားပြောတယ်ဆိုတာ မကြားဖူး ဘူးလား.."

"ကိုနဲ့ရုပ်တူတယ်ဆိုပြီး အပိုင်ပြောမနေနဲ့ဘဝင်.. ဒီကလေးနဲ့ပတ်သက်တဲ့အဖြေက အတိအကျမထွက်သေးဘူး..



www.burmeseclassic.com

www.burmeseclassic.com



ကိုက သဘောထားကြီးတဲ့သူမို့လို့ နင်တို့သားအမိကို ရုပ်ပျက်ဆင်းပျက် မောင်းမထုတ်တာ.."

သူမက လက်ပိုက်လိုက်ပြီး..၊

"မသိနားမလည်တဲ့ကလေးမို့လည်း သနားလို့ အဖေခေါ်ခွင့်ပေးထားတာပေါ့..နင့်ကိုတော့ အနားကပ်ခံလို့လား.."

"ဩော်..ဩော်..သနားရင်အဖေခေါ်လို့ ရတာကိုး..ငါ့ကိုလည်း ဘာမှမဆိုင်ဘဲနဲ့ ရုပ်ပျက်ဆင်းပျက် မောင်းမထုတ်ချင်လို့ လက်ခံထားတယ်ပေါ့..ဒါဆို ဒီအိမ်က ဒုက္ခသည်ကယ်ဆယ်ရေးစခန်းကြီးလား..so and you.."

"ဘာ.."

"နင့်ကိုလည်း ကိုကိုက ဒုက္ခတစ်ခုခုနဲ့ ကယ်တင်ထားတာများလား,."

"နင်..နင်ကများ.."

"ငါက ကိုကို့မိန်းမပဲ..နင်ကတော့ လက်ထပ်ပွဲလေးတစ်ခုတောင် မပြီးလိုက်လို့ ဒီယောက်ျားကို ဒိုင်ဗင်ထိုးဖမ်းထားရတဲ့ အမည်ခံဇနီးလေ..ဟွန်း ငါကြားတာကတော့ သမီးရည်းစားလည်းမဟုတ်..မိတ်ချင်းသဘောတူလို့လည်းမဟုတ်ဘဲ.."

"နင့်ပါးစပ်ကို ခုချက်ချင်းပိတ်လိုက်စမ်း.."

ညဏ်ရင့်ကျက်သော အလှတရားတို့က ဝိုင့်ရဲ့ဒေါသတွေကြောင့် အကျည်းတန်သွားခဲ့လျက်..၊

"နင့်ကိုနင် ဘာထင်နေလို့လဲ..တောကြိုအုံကြားက ကျိုးကန်းက ဇာမဏီငှက် ယောင်ဆောင်နေတယ်..နင်သာ သူများအိမ်မှာ မျက်နှာပြောင်ပြောင်နဲ့ တက်လာနေတာ.."





"ဟုတ်လား..ပြောင်တာချင်းတူရင်တောင် နင်ကပိုပြောင်တာပါ..ကိုကိုက မုန်းနေသေးလည်း ငါကကိုကိုချစ်လို့ လက်ထပ်ခဲ့တဲ့မိန်းမ.."

ဘဝင်ကလည်း ဒါမျိုးဆို နည်းနည်းလေးမှ သည်းခံတတ်တာမဟုတ်..၊

"လင်မယားဆိုတာ 'အုံးစက်ရာ အတူနွဲ့ပြီး သွေးချင်းညားမှ လင်မယား'လို့ခေါ်တာ..နင်ကဘာလဲ.."

ဝိုင် အရှိက်ထိသွားပြန်သည်။

"စကားပြောရင် ကိုယ့်ဘက်ကိုအနှောင့်အသွားလွတ်အောင် ပြောရတယ်..ငါက ကိုယ့်ယောက်ျားကို ငြိမ်းချမ်းရေးရအောင် ကြိုးစားနေတာ..ဘယ်လိုပုံစံဖြစ်ဖြစ် တင့်တယ်တယ်..နင့်မှာသာ.,"

"ငါက ဘာဖြစ်ရမှာလဲ..ယောက်ျားတစ်ယောက်ကို မိဘအသိအမှတ်ပြုပြု မပြုပြု တန်ဖိုးမရှိ လိုက်လျောပြီးမှ သူ့မိန်းမဖြစ်ရတာမျိုး နင့်လိုမိန်းမပဲ ဂုဏ်ယူမှာ..ဘယ်မိကောင်းဖခင်သားသမီးမှ အဲ့လောက်မလွယ်ဘူး.."

ဘဝင့်မျက်ဝန်းလေးတွေ အေးစက်သွားသည်။

"နင့်ကလေးကိုရော ဒီအိမ်ကလူတွေ ယုံကြည်တယ်လို့ နင်ထင်လို့လား..အဖေခေါ်စရာမရှိရှာတဲ့ ကလေးဆိုပြီး.."

"ဖြန်း.."

ဝိုင့် မျက်နှာလည်ထွက်သွားသည်။

"အဲ့ဒါမိုက်ရိုင်းဦး.."

"ဖြန်း.."



www.burmeseclassic.com

www.burmeseclassic.com



ပါးနှစ်ဖက်စလုံး ပြုတ်ထွက်သွားပြီလားထင်ရကာ ဝိုင်နေရာမှာတင် ဒယိမ်းဒယိုင် ခွေကျမတတ်ဖြစ်သွားလျှင်..။

"ဘဝင်..ဘဝင်တော်တော့.."

"ဟော့ ရပ်ကြစမ်း.."

ဒေါ်ပန်းသီရိက လှမ်းအော်တားပေမယ့် ဦးတင်ထွတ်ပဲ အရင်ဆုံးရောက်ခဲ့လျက်..။

"ဘဝင် ညည်းကိုယ့်ကလေးကျန်းမာရေး မကောင်းသေးတာကိုတောင် ဂရုမစိုက်တော့ဘူးလား..ဘာဖြစ်လို့ ဒီလောက်ရန်ဖြစ်ချင်နေတာလဲ.."

"သူ..သူစော်ကားတာလေးလေး.."

သူများကို ဘယ်ပြန်ညာပြန် ပါးရိုက်ပြီးတာတောင် ဘဝင်က လက်သီးဆုပ်ရင်း အံကြိတ်မပြေ..။

"ရန်ဖြစ်ကြတာ ကြိုက်သလောက်အနိုင်လုပြောလို့ရတယ်၊ ငါ့ကို ဘယ်လိုမိန်းမဖြစ်အောင်ပြောသွားသွား..ငါ့သားကို နင်ထိခိုက် ပြောစရာမလိုဘူး၊ မှတ်ထား..နောက်တစ်ခါ အဲ့ဒီစကားမျိုးထပ်ပြောရင် နင့်ပါးစပ်ထဲကသွားတွေ အခွေလိုက်ကျွတ်ထွက်လာအောင် ရိုက်ပစ်မယ်.."

"ဘဝင် တော်တော့ဆို.."

"လာပါသမီးရယ်..တော်တော့ မိုးလည်းချုပ်နေပြီ.."

ဒေါ်ကျင်က ထွက်လာပြီး ဘဝင့်ကိုဆွဲခေါ်သွားသည်။ ဝိုင်က အခန်းနံရံမှာ မှီရပ်နေရကာ ခြေခိုင်ခိုင်ရပ်လိုက်ပြီးတာနှင့် ဒေါ်ပန်းသီရိကိုကြည့်ကာ..။

"သမီးဒီထက်စော်ကား မခံနိုင်ဘူးအန်တီ..ဒီလိုပြောသ





နာမျိုး နောက်ထပ်မရှင်းရအောင် အန်တီရှင်းပေးပါ.."

"ဘာကိုလဲဝိုင်.."

"သူက ကလေးနဲ့ပဲ ပိုင်ကွက်နင်းနေတာ.."

ဝိုင်က နီရဲနေသည့်ပါးနှစ်ဖက်ကို လက်ခုံတွေနဲ့ကပ်ထိရင်း မျက်ရည်တွေလည်နေသည်။ နှုတ်ခမ်းထောင့်မှာ စိမ့်ထွက်လာသည့် သွေးစတို့ကို လက်ခုံမှာမြင်လိုက်တော့ အံတစ်ချက်ကြိတ်၍..။

"ကလေးကို ဒီအင်န်အေစစ်ပေးဖို့ သမီးတောင်းဆိုချင်တယ်.."

"ဘာ.."

"ဘယ်လို ဘယ်လို.."

လူကြီးနှစ်ယောက်ရဲ့ မျက်နှာအနေအထားရ မဲက သူမဘက်မှာမရှိမှန်း ရိပ်မိလိုက်ကာ..။

"သမီးပြောတာ ရိုင်းသွားရင်ခွင့်လွှတ်ပါ၊ ဒါပေမယ့်..ဒီလောက်တော့ သမီးဘက်က တောင်းဆိုခွင့်ရှိတယ်မို့လား..ကလေးက ကိုနဲ့တူနေတဲ့အတွက် အန်တီတို့ ချစ်ခင်ကျေနပ်နေပေမယ့် အမှန်ကို မသိရဘဲနဲ့တော့ သမီးသဘောထားကြီးမနေနိုင်ဘူး.."

"ဒါဆို အန်တီမေးပါဦးမယ်..ကလေးကိုလက်ခံနိုင်ပြီဆိုရင် သမီးက နောက်ဆုတ်တော့မယ်ပေါ့.."

"ဆိုင်လို့လားအန်တီ.."

မေးရဲလိမ့်မည်လို့မထင်သောကြောင့် ရုတ်တရက် ဒေါ်ပန်းသီရိ အံ့အားသင့်သွားသည်။



www.burmeseclassic.com

ဝိုင့်မျက်နှာသည် အသားနာတာရော ရင်ထဲကဝေဒနာပါ အရိပ်ထင်ကာ အကျည်းတန်ညိုမှောင်လာခဲ့လျက်..၊

"ကိုယ့်ပါးစပ်ထဲရောက်ပြီးမှ မကြိုက်တဲ့သကြားလုံးဖြစ်နေရင်တောင် အဲ့ဒီသကြားလုံးကို သူများကောက်စားလို့မရအောင် သဲတွေပေါ် ပြေးထွေးပစ်မှာ.."

စိတ်သဘောထားကောင်းရှာသူလေးပါလား..၊

ဒီလိုရန်ငြိုးမျိုးကို ဘယ်လိုခေါ်သလဲ..၊







# အခန်း (၂၇)

ဒီတစ်ခါတော့ အကြံအောင်ပြီဆိုတာ သိလိုက်သည်။ အခန်းထဲမှာ ကိုကိုမရှိ..၊

"သားသားကို အသာလေးပွေ့ခေါ်သွားရုံပဲ.."လို့ တီးတိုးရေရွတ်လိုက်ရင်း အခန်းထဲကို အမြန်ဆုံးနည်းနဲ့ ပြေးဝင်လိုက်သည်။ ဧည့်ခန်းမှာ စကားပြောသံကြားနေရသည်။ ဒါ ကိုကိုနဲ့ တစ်ယောက်ယောက်ပဲဖြစ်မည်။

သားလေးခေါင်းက ဒဏ်ရာကလည်း ဘာမှကြီးကြီးကျယ်ကျယ်ဖြစ်သွားတာမဟုတ်ဘဲ သူပြန်ရောက်ပြီဆိုတာနှင့် သားကိုခေါ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်သားလေးနဲ့ ခွဲမအိပ်ခဲ့ဘူးပေ၊ ခရီးသွားလာနေရင်တောင် မအိပ်မချင်း သားကို ကဗျာတွေဆိုပြခဲ့သည်။ လွမ်းတာတွေပြောရင်း သားလေးမေးသမျှ စေ့စေ့ပေါက်ပေါက်တွေကိုလည်း ဖြေပေးရင်းဖြင့် နားတစ်ဖက်မှာ ဖုန်းတင်ရင်း အိပ်ပျော်ခဲ့ရတာတွေလည်း ရှိခဲ့သည်။

ခုလိုအတူရှိနေသားနဲ့ ခွဲအိပ်ခဲ့တယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့..၊ ညဝတ်ဂါဝန်လေးကို အသာ'မ'၍ ခုတင်နားကပ်တာတော့ သားလေးက နှစ်ခြိုက်စွာအိပ်ပျော်နေလျက်..၊

ငါကတော့ လွမ်းလိုက်ရတာ သူကတော့အိပ်နေလိုက်တာ သိုးလို့..၊

ဒေါသမဟုတ်ပေမယ့် မနာလိုစိတ်ပိစိကွေးတော့ ဖြစ်သွားမိသည်။ တကယ်ဆို သူ့အဖေနဲ့ချစ်ခင်ရင်းနှီးသွားတာ ဝမ်းတောင်သာ ရဦးမှာဖြစ်သည်။

သူမလည်း ဝမ်းသာပါသည်။ ဒါပေမယ့် ဒီလိုတော့ခွဲမနေနိုင်ပေ၊ ကိုယ်ရောက်လာခဲ့တာ သားလေးကိုပေးလိုက်ဖို့မှမဟုတ်ဘဲ၊ သားရဲ့ဘေးမှာ ခဏရပ်ပြီး ပစ်စလက်ခတ်အိပ်ပျော်နေသည့် သားလေးကို တစ်ခါတည်း စည်းစည်းလုံးလုံးပါလာအောင် ဘယ်လိုပွေ့ယူရမလဲ စဉ်းစားလိုက်မိသည်။

သုံးနှစ်လောက်ပဲပေမယ့် သားကသူ့အဖေနဲ့တူသည်၊ ခြေတံလက်တံတွေကောင်းသလောက် ထွားလည်းထွားသည်၊ ခုတင်ပေါ်ကနေ အသာလေးဆွဲချီသွားဖို့က သိပ်တော့မလွယ်..

ထို့ကြောင့် ပြာလဲ့လဲ့မီးရောင်လေးဖြာနေသော သားမျက်နှာ ကို သေချာငုံကြည့်လိုက်ကာ ချိုင်းလေးကဆွဲလိုက်





ခါးလေးကဆွဲလိုက်နှင့် ခုတင်အစွန်းဘက်ရောက်အောင် တော်တော်ကြိုးစားယူနေရ၏။

ကြာကြာလည်းမနေရဲသဖြင့် သားကိုဖြစ်သလိုပွေ့ယူတော့ဖို့ ခုတင်ပေါ် ဒူးလေးတစ်ဖက်ကွေးတင်လိုက်ကာ..၊

"သားသားလေးရေ..တီလေးနဲ့အိပ်မယ်..နော်.."

တိုးတိုးလေးပြော၍ ပွေ့ယူလိုက်သည်။

"ကလေးဆိုတာ မိဘနဲ့ပဲအိပ်ရတာ.."

ဟင်..၊

ဘဝင် အံ့အားသင့်ချိန်မရလိုက်မီ သူမရဲ့လက်မောင်းလေးတစ်ဖက်ကို နောရီကဆွဲယူလိုက်သဖြင့် နောက်ပြန်ဒယိမ်းဒယိုင်လေး ပါသွားခဲ့ပြီး..၊

"ကိုကို..ကိုကိုဘာလုပ်တာလဲ.."

အခန်းထောင့်အထိနောက်ကနေ ခါးကိုသိမ်းဖက်ပြီး ဒရွတ်တိုက်မတတ် ဆွဲခေါ်သွားခဲ့၏။ ဘဝင် အော်မိမှာစိုးလို့ကြိတ်အော်နေပေမယ့်..၊

"လွှတ်နော်..ဘဝင့်ဘာသာသားကို လာခေါ်တာ.."

"ဘယ်သူကခွင့်ပြုလို့ ဒီထဲဝင်ပြီးတော့လဲ.."

"သားရှိနေရင် ဘယ်ဖြစ်ဖြစ်ဝင်မှာပဲ..ဖယ်ပေး.."

ဘဝင်က သူ့လက်ကိုအတင်းတွန်းချပြီး ရုန်းထွက်လိုက်ကာ သားဆီလှည့်ပြေးလျှင်..၊

"မင်း.."

"အား.."

ပခုံးနှစ်ဖက်ကို ချာခနဲဆွဲလှည့်၍ မျက်နှာချင်းဆိုင်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားလိုက်ပြီး..၊

"ဘယ်မှာမင့်သားလဲ..ငါ့သားမှာ အမေမရှိဘူး.."

"ဘာ.."

"ဟော့..မင်း.."

ဘဝင် အသံကျယ်သွားပြီး လူကိုကိုင်ပေါက်တော့မလိုလို ပါးစပ်ကို ပိတ်တော့မလိုလို..။

"မင်း လူလိုနားမလည်ဘူးလား.."

"လည်တယ်လေ..ကိုကိုကသာ မအေကို ရှေ့မှာထားပြီး စော်ကားနေတာ..ကိုယ့်ကိုလေးစားစေချင်ရင် သူများကိုလည်း လေးစားတတ်ရမှာပေါ့.."

"မင်းမှာဘာတွေလေးစားချင်ဖွယ် ရှိနေလို့လဲ..ကလေး မွေးထားပြီး အမေလို့အခေါ်မခံရဲတဲ့ မိန်းမမျိုး..မင်းကျမှ.."

"ခုမှတွေ့ဖူးတယ်ပြောမလို့လား..အဲ့ဒါဆို မေ့သွားလိမ့်မယ် သေချာကြည့်ထားလိုက်.."

"မလိုပါဘူး..ဒီနေ့ကစပြီး သားကိုမင်းထိန်းခွင့်မရှိတော့ဘူးဆိုတာပဲ မင်းမှတ်သွား.."

"ဘာ.."

"မင်း တိုးတိုးမပြောတတ်ရင် ခုထွက်သွားလိုက်တော့.."

"သားမပါဘဲမသွားဘူး..ဘဝင်က သားနဲ့ခွဲအိပ်ဖူးတာ မဟုတ်ဘူး.."

"အပိုတွေရှုတ်ဖတ်ပြမနေနဲ့..မင်းကိုယ်မင်း တီလေးလို့ခံယူထားတည်းက ကလေးအပေါ်ဘယ်လို ချစ်ခင်ကြင်နာနေသလဲဆိုတာ ပြောဖို့မလိုဘူး.."





"နေပါဦး..ကိုကိုကရော ဘယ်လောက်တောင် ဝတ္တရားကျေတဲ့ အဖေမို့လို့လဲ.."

နာရီ အသံထွက်မလာခဲ့ပေ..၊ ဝတ်ထားသည့်အင်္ကျီပန်းနုရောင်က မှုန်ပြာသောမီးရောင်ဆေးကြောင့် အနုမြူရောင်လို ဖြစ်နေလျက် ဖြူဝင်းသည့်မျက်နှာက ဖြူဖက်ဖက်ပြာလဲ့လဲ့နှင့်..၊

ဘဝင်က သူ့မျက်နှာကို ပိုနီးအောင်တိုးကြည့်ရင်း..၊

"ကိုယ့်ကိုယ်ကိုတော်လှပြီ ထင်နေတဲ့လူတွေလောက် အတ္တကြီးတာမရှိဘူး သိရဲ့လား..တစ်တောင်ထက်မြင့်သော နောက်ထပ်တစ်တောင်ဆိုတာ အမြဲတမ်းရှိတယ်တဲ့ မကြားဖူးဘူးလား..သိပ်မာန်တက်မနေနဲ့၊ ချို့ယွင်းချက်မရှိတဲ့လူဆိုတာလည်း မရှိဘူး..ကိုကို့မှာမရှိတဲ့ ကောင်းမွန်ခြင်းမျိုး ဘဝင့်မှာ မရှိဘူးလို့ ကိုကိုပြောနိုင်သလား"

သူဘာမှမပြောနိုင်ဘဲဖြစ်သွားကာ စကားတွေဗလစ်ဆန်အောင် ပြောနေပေမယ့် သူများမလှုပ်နိုင်အောင်လည်း ချည်တုပ်ပြောသွားတတ်သော နှုတ်ခမ်းတွေကို စူးစိုက်ကြည့်နေမိသည်။

သူမသည် ဟိုတုန်းကအတိုင်း စွာတာတာနှုတ်ခမ်းတို့နှင့် ရေပက်မဝင်အောင် ပြောတတ်နေဆဲရှိကာ ပိုမိုပြောင်မြောက်သော ဥပမာ ဥပမေယျများနှင့်..၊

"ဘဝင် ဒီကိုလာတာ ကိုကိုနဲ့ပြန်ပြေလည်ချင်လို့ သားလေးကိုလာပေးတာ မဟုတ်ဘူး၊ အဲ့ဒီတော့ ကိုကိုနဲ့ပဲပေးအိပ်နိုင်ဘူး.."

ဘဝင်က အနိုင်ပိုင်းပြောပြီး သားဘက်ကိုပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော်..၊

နာရီက သူမလက်လေးတစ်ဖက်ကို ပြန်ဆွဲယူလိုက်ကာ..၊

ကိုကို..၊

ဘဝင့်ရင်ထဲမှာ သိမ့်ခနဲခါသွားသည်။ သူမတစ်ကိုယ်လုံးကို မွှေဖက်ထားရင်း တမ်းတမြတ်နိုးစွာကျရောက်လာသည့် အနမ်းတစ်ရှိုက်သည်..၊

ဆောင်းနှင်းမှုန်တို့ကြားမှာ နှင်းကိုခွင်း၍ ဖြာဆင်းလာသော နေခြည်နုနုကဲ့သို့၊ ဒါမှမဟုတ် နွေနေ့ခင်းမှာ သောက်သုံးလိုက်ရသော ဖန်ပြာခွက်နှင့် ကျောက်စက်ရေလိုလား..၊

ကြည်နူး၍ရင်ခုန်မွေးထွေးသော သက်ဝင်ခြင်းဖြင့် ကြာရှည်စွာဖြန့်ခင်းနေခဲ့သော အနမ်းတွေထဲမှာ ဘဝင်ကိုကို့ကို မြတ်နိုးစွာ ပြန်လည်ဖက်တွယ်ထားမိ၏။

ကိုကို့ရဲ့ ယုယမြတ်နိုးခြင်းတွေကို သူမပြန်လည်ရရှိခဲ့ပြီလား၊

"ကိုကို ဘဝင့်ကို.."

"နောက်တစ်ခါ ဒီအခန်းထဲကို ထပ်ဝင်မလာနဲ့.."

"ဟင်.."

အံ့သြလွန်းလို့ ဘာမှတောင်ပြန်မပြောနိုင်..၊

ဘဝင့်ကို သူ့ရင်ခွင်ထဲကခွာ၍ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်လျှင်..၊

"ကိုကိုက ဘဝင့်ကိုပြန်ချစ်လာတာ မဟုတ်ဘူးလား..





ကိုကို ဖြေလေ..ဘာလို့နမ်းတာလဲ..လို့.."

နာရီက ဒီတိုင်းလက်ကိုဆွဲခေါ်သွားကာ တံခါးအပြင်ရောက်အောင် တွန်းလိုက်ပြီးမှ..၊

"မချစ်ဘူး.."

"ဘာ.."

ဘဝင် အတင်းပြန်ဝင်မည်ပြင်လိုက်သည်နှင့် တံခါးက ပိတ်သွားခဲ့လျှင်..၊

"ကိုကိုနော်..ကိုကို လူလည်ကျတာသိလား..ကိုကိုညစ်ပတ်တာ.."

ဘဝင် တံခါးကိုထုပစ်မလို့ လက်ရွယ်သည်။

ပြီးမှပြန်ချကာ..၊

"လူညစ်ကြီး..ရှင်ကြီးကိုမုန်းတယ်၊ နောက်တစ်ခါအဲ့ဒီလိုလုပ်ကြည့်..တကယ်ပြောတာ လုပ်ရဲရင်လုပ်ကြည့်.."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

"မြေးလေးမေမေရော.."

"တီလေးအိပ်နေတုန်းပဲ..သားသားလေး သွားနှိုးတော့ တီတီ ခုမှပြန်အိပ်တာတဲ့.."

စက်လေးက ကိတ်ခြောက်နဲ့နို့နဲ့စားရင်း သွက်လက်စွာ ပြောသည်။ ဒေါ်ကျင်က ချောကလက်တောင့်တွေပါသည့် မုန့်ဘူးကို ဖွင့်နေရင်းရယ်ကာ..၊

"ဟုတ်တယ်မမကြီး..အဲ့ဒါတွေ သုပ်ချက်ပြုတ်စီစဥ်သွားတာ..ဆွမ်းတော်လည်း ကိုယ်တိုင်ကပ်တယ်၊ ပြီးမှ ပြန်ဝင်အိပ်တာ"

"အင်း..ပြန်အိပ်တတ်တဲ့အကျင့်လေးလည်း ပျောက်





အောင်သင်ပေးဦးမှ.."

ဒေါ်ပန်းသီရိပြောပြီးမှ မျက်လွှာပင့်ကြည့်လိုက်သည့် မျက်ဝန်းတစ်စုံကို သတိရသည်။ ဝိုင်က တည်ငြိမ်သည့် မျက်နှာလေးနှင့် စားသောက်နေပေမယ့် သူမရဲ့မျက်ဝန်းတွေက ကော်ဖီဝိုင်းမှာ ရှိသမျှလူတွေဆီ မကြာခဏ ဝေ့နေတတ်တော့ စူးစိုက်ဆုံးက စက်လေးထံမှာပဲ ဖြစ်သည်။

"ဒါနဲ့သမီးကို အန်တီပြောထားတဲ့ကိစ္စ သမီးဘယ်လိုသဘောရလဲ.."

"ရှင်.."

"ဩော်..သမီးကို ကုမ္ပဏီမှာ အရင်လိုပြန်လုပ်ဖို့လေ.."

ဝိုင်က ယဥ်စစအပြုံးနှင့်ကိုင်ထားသည့် ကော်ဖီပန်းကန်ကို လွှတ်လိုက်ပြီး ဆံပင်လေးခါ၍မော့သည်။

ပြီးတော့ နာရီကိုကြည့်၍..၊

"ဝိုင့်ကို ကိုကိုတအလုပ်ထုတ်ထားတာလေ..သူ့ကိုမခေါ်ဘဲနဲ့တော့ ဝိုင်မလုပ်ချင်ပါဘူး.."

နာရီက ကော်ဖီသောက်ရင်းလှမ်းကြည့်သည်။ ဒီကိစ္စကို ခုမှသိပုံလည်းပေါ်ကာ.. ။

"ဘာအတွက်လဲမေမေ.."

"သားတစ်ယောက်တည်း ကုမ္ပဏီမှာဖြစ်နေလို့လေ၊ သားရဲ့ လူသစ်တွေရှိပေမယ့် ကိုယ့်စိတ်နဲ့နားလည်မှုရှိထားတဲ့ အတွင်းရေးမှူး ဖြစ်မှ.."

"ရပါတယ်မေမေ..အဟောင်းဆိုတာ အသစ်ကနေလာတာပါပဲ၊ လူသစ်ဖြစ်တော့လည်း စိတ်ကူးသစ်အကြံဉာဏ်သစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ရတာပေါ့.."

ထောင်တန်းကျတော့မယ့်အဖြစ်ထိ ရှုပ်ထွေးနေတာ တောင် အကြိုဉာဏ်သစ်တွေ ရမယ်တဲ့လား..၊

ဝိုင်ကော်ဖီပန်းကန်ပြန်ကိုင်ပြီး ခပ်မဲ့မဲ့လေးပြုံးသည်။ ဒေါ်ပန်းသီရိကတော့ မျက်စိပျက်မျက်နှာပျက်လျက် ပြောရခက်သည့် စကားတို့နှင့် လည်နင်နေခဲ့သည်။

ပြဿနာတွေရှိနေတာကို ဖုံးဖိပြီး အရောက်ပို့ချင်တာ မျိုးတော့မဟုတ်၊ ဒါပေမယ့် အလုပ်ထဲပြန်ရောက်သွားပြီးမှ ဒါ တွေသိသွားတာက ပိုကောင်းမည်လို့ ထင်နေမိသည်။

ဝိုင်ကတော့ ဒေါ်ပန်းသီရိ မပွင့်လင်းနိုင်ဘဲ လည်နင်နေ တာကို ကြိတ်မဲ့နေမိကာ၊ အသာလေးချောင်ပိတ်ထည့်ချင်တယ် ဆိုရင်လည်း ကိုယ့်သားနဲ့ တစ်ခါတည်း လက်ဝါးရိုက်ထားပါ လား..လို့တွေးပြီး မသိချင်ယောင်ဆောင်နေမိသည်။

"ဒါပေမယ့်သားရယ်..မေမေထင်တာကတော့.."

"ရေမသောက်နဲ့ဦးလေ.."

နာရီက စက်လေးကိုင်လိုက်သည့် ရေနဲ့ဖန်ခွက်ကို ဖမ်း ကိုင်ထားလိုက်ပြီးမှ..၊

"နို့တွေသောက်တာအများကြီးပဲ..အစားစားပြီးစ ရေ တန်းသောက်တာလည်း မကောင်းဘူး.."

"သားသားလေး ရေသောက်ချင်လို့.."

"မသောက်နဲ့ဦး..ခဏလေးပဲစောင့်.."

ပြောနေရင်း ကလေးကိုထိုင်ခုံပေါ်က ဆင်းစေကာ သူ ပါထရပ်လိုက်လျှင်.. ၊





"သားကနေ့လည်မှ သွားရမှာဆို.."

"မဟုတ်ဘူးမေမေ..နည်းနည်းနောက်ကျမှ သွားမှာကို ပြောတာ.."

မနက်တုန်းကတော့ ဦးလေးလုပ်တဲ့လူက ကော်ဖီတောင် မတ်တပ်ကနေသောက်ပြီး အရေးတကြီးထွက်သွားခဲ့သည်။

သူမမှာတော့ ဘယ်လိုပြဿနာတွေ ကြီးထွားနေလို့လဲ ဆိုပြီးကို ထွတ်ထွက်သွားတည်းက စိတ်တွေဘယ်လိုမှ မငြိမ် သက်နိုင်..၊ သားကတော့ ဘာမှမထူးခြားသလိုပါလား..၊

မအေရှေ့မှာမို့ စိတ်ဆင်းရဲမှာစိုးပြီး ဟန်ဆောင်နေတာ လား၊ ဘာဖြစ်လို့ ဘာမှဖွင့်မပြောတာလဲ..၊

ကလေးရဲ့လက်ကိုဆွဲပြီး ထွက်သွားသည့်နာရီကို လိုက် ကြည့်ရင်း ရင်မော်နေမိ၏။

"တင်း တောင်.."

"ဟော.."

အိမ်ရှေ့က ဘဲလ်သံကြောင့် ဒေါ်ပန်းသီရိခေါင်းထောင် သွားသည်။ သိပ်မကြာခင် ဒေါ်ကျင်ပြန်ဝင်လာကာ..၊

"လူလေးရဲ့ဧည့်သည်တွေမကြီး.."

ဧည့်သည်တွေဆိုပါလား.. ။

စိုးရိမ်စိတ်နှင့် လှမ်းကြည့်လိုက်မိလျှင် ဝိုင်ကလည်း အိမ် ရှေ့ကို လှမ်းကြည့်နေတာဖြစ်ကာ..၊

"ကုမ္ပဏီနဲ့ပတ်သက်တဲ့ လူတွေများလား..သမီးမြင်ရင် သိမှာပေါ့.."

ဝိုင်က ပြန်လှည့်ကြည့်ပြီး ခေါင်းညိတ်ကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်များများတော့ သိပါတယ်.."

"သိရင် ခဏလောက်ထွက်ကြည့်ပေးပါလား.."

"ကိုညည့်ခံနေမှာပေါ့အန်တီသီ..သမီးကို ဘာမှဝင်မပါနဲ့လို့ ပြောထားခဲ့တာ.."

သြော်..စက်လိုက်ပါဘိ..၊

ဒေါ်ကျင့်ကို တစ်ခုခုပြောဖို့ ကြည့်လိုက်တော့လည်း အနားမှာမတွေ့..၊

"သားနဲ့သူ့လေးလေး ကုမ္ပဏီမှာပြဿနာတစ်ခုခုရှိတဲ့ပုံပဲ..အဲ့ဒါကြောင့် အန်တီက စိတ်ပူလို့ပါ.."

မတတ်သာတဲ့အဆုံးမှာ ဖွင့်ပြောလိုက်ရသည်။

ဒါပေမယ့်..၊

"ကိုကမာနကြီးတယ်..ဝိုင်ကလည်း သူ့လောက်မဟုတ်ရင်တောင် ဒါမှဝင်ပါခွင့်မရရင် ဗုန်းဗုန်းလဲကျသွားမှာမှ မဟုတ်တာ..သူကိုယ်တိုင် လာပါကူပါလို့ ပြောမလာဘဲနဲ့တော့ ဝိုင်ဘာမှ ဝင်မပါချင်ဘူး အန်တီ.."

သူမကလည်း ဖွင့်ပြောလာသည့်နောက်..၊

"ဖေဖေက ဘယ်ကိုသွားတာလဲဟင်.."

"အလုပ်ကိစ္စရှိလို့ပါ ကလေးရယ်.."

"သားသားလေးလည်း လိုက်လို့မရဘူးလား..ဖေဖေက သားသားလေးကိုလည်း မခေါ်ဘူး.."

"အလုပ်ကိစ္စဆိုတာ ကလေးတွေကိုခေါ်လို့မရဘူး လူလေးရဲ့.."

စကားသံတွေကို အရင်ကြားနေရကာ မြင်ကွင်းထဲကို





ဝင်လာတော့ စက်လေးကို ဒေါ်ကျင်က ချီထားလျက်..၊

"ဘာဖြစ်လို့လဲမကျင်..သားက ဘယ်ကိုသွားတာလဲ.."

ဒေါ်ပန်းသီရိ ဟန်မဆောင်နိုင်အောင် ဖြစ်သွားခဲ့လျက်နေရာမှ ကမန်းကတန်းထရပ်မေးသည်။

"ညည့်သည်သုံးယောက်နဲ့ ထွက်သွားတယ်မမကြီး..ကလေးကို အထဲခေါ်သွားခိုင်းလိုက်လို့.."

"ညည့်သည်တွေက ဘယ်အရွယ်တွေလဲ..ဘာတွေပြောတာ ကြားလိုက်လဲဟင်၊ နင် နည်းနည်းပါးပါး ကြားလိုက်တာမရှိဘူးလား"

"မသိလိုက်ဘူးမမကြီး..လူလေးက စိတ်တိုနေတဲ့ပုံပေါက်နေလို့.."

"ဘာ.."

ဘုရား..ဘုရား..၊

ဒေါ်ပန်းသီရိ ရင်တွေတုန်လာတာကို လက်နဲ့ပြန်ဖိထားရင်း ညည့်ခန်းကို ထွက်လာခဲ့သည်။ အပြင်သွားဖို့ရှိရင် မအေကို ပြောဘဲ ဘယ်တုန်းကမှ မသွားတတ်ခဲ့တဲ့သူ..၊

ပြဿနာနဲ့ထလိုက်သွားရတာ သေချာနေပါပြီ..၊

ဝိုင့်ကိုအားကိုးမနေဘဲ ကိုယ်ဘာသာအိမ်ရှေ့ထွက်လာပြီး အကဲခတ်မေးမြန်းကြည့်သင့်ပါလျက်နှင့် သူမနောက်ကျခဲ့သည်။ တယ်လီဖုန်းကိုင်လိုက်ရင်း ဘုရားတရင်း ဆုတောင်းနေမိသော သားလေးအန္တရာယ်ကင်းဖို့..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

"အန့်တီသွားအိပ်လေ..သမီးပဲ ကိုကိုစောင့်လိုက်ပါ့မယ်"

"ရပါတယ်သမီးရယ်..အိပ်ရာထဲဝင်နေလည်း အိပ်လို့ပျော်မှာမှ မဟုတ်တာ.."

သားဘာတွေလုပ်နေသလဲ၊ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရသလဲ..၊

ကိုထွတ်ကိုမေးတော့လည်း မသိဘူးဆိုတာထက်ပိုပြီး ဘာမှမပြော..၊

"ကျွန်တော်လည်း သူနဲ့အတူဖြေရှင်းပေးဖို့ ကြိုးစား[illegible]တာပါ ဒါပေမယ့် မမသားက သူဖြစ်တယ်ဆိုတာချည်းပဲ.."တဲ့

အချိန်အခါမဟုတ်ဘဲ ပြန်လာတတ်ကာ အချိန်မဟု[illegible]





ဘဲ ဖုန်းသံကြားပြီး ထထွက်သွားရတတ်၏။ ခုလည်း ညနေမစောင်းခင်က ပြန်ရောက်လာပြီး ပြန်မသွားရတော့ဘူးလို့ဆိုကာ ကလေးအတွက်ဝယ်လာသည့် ကစားစရာတွေကို 'ဒီလိုကိုင် ဒီလိုဆော့'နဲ့ အတူကစားပေး နေသေးသည်။

ညကိုးနာရီလိုးခါနီးမှ အလုပ်ကိစ္စရှိလို့ဆိုပြီး ထွက်သွားလိုက်တာ ဆယ့်တစ်နာရီထိုးတော့မည်။ ဒေါ်ပန်းသီရိ ပုတီးစိတ်နေရင်း ဧည့်ခန်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတာ ဘယ်နှစ်ခေါက်မှန်းမသိ..၊

ဆယ့်တစ်နာရီခွဲတဲ့အထိ ဝိုင်လည်းနာရီငုံ့ကြည့်ရင်း ဟိုလျှောက်ဒီလျှောက် ရှိနေသေးသည်။

ဘဝင်နဲ့စက်လေးတို့ အပြင်ထွက်လာကြကာမှ..၊

"အမေ..ကိုကိုပြန်မလာသေးလို့လားဟင်.."

"အေး..ဟုတ်တယ်၊ မြေးက တရေးနိုးလာတာလား.."

မေးပြီး သေချာကြည့်ကာ..၊

"ဟင်..မြေးကငိုနေတာလား.."

"ဟုတ်ပါတယ်အမေရယ်..သူနိုးလာတော့ သူ့အဖေအိပ်ရာမဟုတ်ရမလားဆိုပြီး ပို့ခိုင်းတော့တာပဲ.."

"မြေးရယ်..မြေးဖေဖေက အလုပ်ပြန်နောက်ကျနေလို့ မေမေနဲ့ခဏသိပ်ထားတာလေ.."

ဝိုင် နားကြားပြင်းကတ်လာသဖြင့် အိမ်ရှေ့ဆင်းထွက်လာခဲ့ရင်း အမှောင်ထဲမှာပဲ လမ်းလျှောက်ရင်း ဖုန်းခေါ်လိုက်သည်။ ဒါပေမယ့် တတိယအကြိမ်ခေါ်ဆိုခြင်းမှာလည်း နာရီထဖုန်းမကိုင်..၊



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ဖြစ်မရမက ခေါ်ဖို့ဆုံးဖြတ်ကာ စောင့်လိုက် ခေါ်လိုက်နှင့် ဆယ့်နှစ်နာရီခွဲသွား၏။ ပြန်တက်လာတော့ အိမ်ထဲ ကစကားသံတို့သည်..၊

"ကျွန်တော့်ကို နှိုးလိုက်တာမဟုတ်ဘူးမမရယ်..ကျွန် တော်လိုက်သွားကြည့်ပေးမှာပေါ့.."

"နင်လည်းညဥ့်နက်မှ ပြန်လာပြီးအိပ်တာလေ..မြေး လေးကလည်း ဖအေနဲ့အိပ်မယ်ဆိုပြီး ထဂျီနေလို့ဘဝင်မနည်း ချော့နေရတယ်.."

"ကောင်လေးပြန်မလာတာ ကလေးကဘယ်လိုလုပ်သိ မှာလဲ"

"အဲ့ဒါကြောင့်ပြောတာ တော်တော်ခေါင်းမာတဲ့ကောင် လေး ဝိုင့်ကိုခေါ်ပြီး အလုပ်အတူလုပ်ဖို့ပြောနေတာကို.."

"ပူမနေပါနဲ့မမရာ သူ့အလုပ်သူသိပါတယ်..ကောင် လေးပြောတာလည်း မှန်တာပဲဟာ.."

"ဘာကိုမှန်တာလဲ.."

"ဝိုင်နဲ့ဘာမှမဆိုင်တော့ဘူးလေ..အိမ်မှာလည်း ဇနီးနဲ့ သားနဲ့၊ သူမလျှော့ချင်သလို ဘဝင်ကလည်းနောက်ဆုတ်မှာ မ ဟုတ်ဘူး..အဲ့ဒီတော့ တစ်ယောက်နဲ့ပွဲတက်နေရင် နောက်တစ် ယောက်က နစ်နာမယ်လေ.."

"နင်ပြောတာက.."

"သူဘယ်သူ့ကိုမှ သားမယားအဖြစ် ပေါင်းသင်းနေတာ မှမဟုတ်ဘဲ အဲ့ဒါကိုက နှစ်ယောက်စလုံးကို ကောင်လေးထည့် တွက်ပေးနေတာ သိသာတာပဲ..ဝိုင့်ကိုကုမ္ပဏီမှာ လင်မယားအ





ဖြစ် တွဲမထွက်ချင်တာက ကျွန်တော်တော့ ကောင်လေးမမှားဘူး ထင်တာပဲ"

ဝိုင့်ရင်ထဲမှာ ဒေါသတွေမခံချင်စိတ်တွေ တဆစ်ဆစ် တိုးလာခဲ့သည်။ အဆင့်အတန်းမရှိတဲ့စကားတွေ ဗလစ်ဆန် အောင်ပြောပြီး သိက္ခာရှိရှိ နေထိုင်ရမှန်းလည်းမသိတဲ့ ဘဝင့်လို မိန်းမကို ကိုယ်နဲ့နှိုင်း ယှဉ်ရှေးချယ်နေတယ်ဆိုတာ ခံရခက်နေ သည်။

ပြီးတော့ သူမဘဝမှာ နာရီတစ်ယောက်ကိုသာ ချစ်ခဲ့ သည်။ နာရီ့ကိုပဲ လက်ထပ်ခဲ့သည်။ ဒါကြောင့်လည်း ဘဝင်တို့ သားအမိနဲ့ ပတ်သက်ခဲ့တဲ့အမည်းစက်ကိုလည်း ဂရုမစိုက်စွာဖွတ် တိုးဝင်ခဲ့တာပါ၊

သူမ ပေးဆပ်ပြီးချစ်နေခဲ့ရသမျှ ပြန်ရတာဒါပဲလား..၊

ဦးတင်ထွတ်ကားသော့ကိုင်ပြီး အိမ်ထဲကထွက်လာ တော့ ဝိုင့်ကိုမြင်သွားကာ..၊

"ဩော်.."

တစ်ချက်တော့ အမ်းသွားပုံပေါ်၏။

"မအိပ်ကြသေးဘဲကိုး.."

လို့ ပြုံးတော့မလိုမျက်နှာနှင့်ပြော၍ ကားဆီတန်းထွက် သွား၏။ သူမ နာကျင်မှုတွေနှင့် ခြေဦးခန်းပြန်ရောက်လာကာ..၊

"အန်တီသီ သွားအိပ်လေ..သမီးပဲစောင့်နေလိုက်မယ်.."

"အင်း..တစ်ခုခုသိရအောင်တော့ စောင့်နေချင်သေး တယ်"

"သူလည်း လူပျိုပေါက်စလေးမှ မဟုတ်တာအန်တီရယ်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှိနေပေမယ့် သူဖြေရှင်းနိုင်သေးလို့ အိမ်ကိုဘာမှမပြောဘဲ နေတာဖြစ်မှာပါ..ဘယ်သူဖြစ်ဖြစ် မရှုနိုင်မကယ်နိုင်ဖြစ်လာရင် တစ်ယောက်ယောက်ကို ဖွင့်မပြောဘဲ မနေပါဘူး.."

ဒေါပန်းသီရီ အံ့ဩသွားသည်။ သူမမျက်နှာလေးက ဒေါသအရိပ်တွေကို ခံစားမိနေသဖြင့် နားလည်ရခက်သွားခဲ့သည်။ မောင်လေးပြောသွားတာများ ကြားသွားတာလား..၊

ဘာပဲဖြစ်ဖြစ် မိခင့်တစ်ယောက်ကို စိတ်ပူခွင့်မပေးချင်အောင် ပြောဆိုဖယ်ရှားလာတာတော့ ဘောင်ကျော်နေပြီထင်သည်။

"အန်တီသီ သွားအိပ်လိုက်ပါ..ကိုပြန်လာရင် ဝိုင်လည်း ဆွေးနွေးစရာ ရှိသေးတယ်.."

"ဘယ်လို.."

"မတတ်နိုင်ဘူးအန်တီ..သူ့မှာပြဿနာရှိနေပေမယ့် ဝိုင်လည်းဒီထက်မစောင့်နိုင်တော့ဘူး..ရထားတွဲကြီးလို ချိတ်သမျှတွဲတွေခေါင်းခံဆွဲပြေးနေရင် လူ့ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာဆိုတာရှိသေးတယ်.."

အလို..၊

ဒေါပန်းသီရီ မျက်မှောင်ကုတ်သွားကာ..၊

"အန်တီတို့လည်း လူ့ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာရှိရှိ နေလာတဲ့လူတွေပါ..သမီးကဘာကိုဆိုလိုတာလဲ.."

"ဝိုင်နဲ့ပတ်သက်တဲ့ တစ်ခြမ်းကိုပဲပြောတာပါ..ရိုင်းသွားရင် ဆောရီးပါအန်တီ၊ ကိုနဲ့ ဒီညသေချာဆွေးနွေးချင်တယ်.. အန်တီ့လိုပဲ ဝိုင့်ရင်ထဲမှာမွန်းကျပ်နေတာတွေကြောင့် ဒီညအိပ်ရ





ဝင်လည်း အိပ်လို့ရမှာမဟုတ်ဘူး.."

ဘယ်လိုထင်သွားသွား နောက်ပိုင်းမှာဘယ်လိုနေနေ ခံစားလာရတဲ့အတိုင်း ပြောလိုက်မိသည်။ ပြီးတော့ သူမတစ်ယောက်တည်း ထိုင်စောင့်နေခဲ့ရ၏ ညဉ့်နှစ်နာရီကျော်မှ တံခါးဖွင့်သံကြားတော့ ဆိုဖာပေါ်မှာ ဆတ်ခနဲဖြစ်သွား၏။

သူမ မှေးခနဲပျော်သွားခဲ့တာ မျက်လုံးတွေကျိန်းစပ်နေမှ သတိထားမိ၏။ ဦးတင့်ထွတ်က အိမ်ထဲရောက်နေပြီဖြစ်ကာ နောက်မှာကားသိမ်းနေသည့် အသံကြောင့် နာရီပါလာပြီမှန်း သိလိုက်သည်။

အိမ်သားတွေမှာ အိမ်တံခါးသော့တွေ ရှိထားကြပေမယ့် တစ်ခါတစ်ရံ တစ်ယောက်မယောက်အပြင်မှာ ညဉ့်နက်နေလျှင် ဒီလိုပဲ ထိုင်စောင့်တတ်ကြတယ်ဆိုတာ ညဦးကပဲ ဒေါပန်းသီရီ ပြောပြနေသေးသည်။

စားပွဲပေါ်က သော့တွဲနှင့်ပွင့်နေသည့် တံခါးကိုကြည့်ကာ ကိုယ့်ကိုခေါ်မရ နိူးမရဖြစ်နေလို့ ကိုယ့်ဘာသာဖွင့်ဝင်လိုက်ရတာများလားလို့ တွေးမိပြီး စိတ်တော့သိပ်မလုံ..၊

ပြီးမှ လက်ကနာရီငုံ့ကြည့်ပြီး စိတ်ကိုတင်းလိုက်သည်၊ နာရီက အဖြူအနက်ကြောင်ကျားသောပို့ရှ်ပေါ်မှာ ကုတ်အကျီ အနက်ထပ်ဝတ်ထားသည်။

ဘောင်းဘီအနက်နှင့်ထင်းနေကာ တံခါးနားရောက်လာတော့မှ အိမ်ထဲကမီးရောင်နှင့် နီးမြန်းနေသောမျက်နှာကို သတိထားလိုက်မိ၏။

ထို့ပြင် ဝင်လာပြီး တံခါးလှည့်ပိတ်စဉ် လူကယိုင်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလျှင်..၊

"ကျွတ်.."

သူ့ဟာသူမကျေနပ်သော စုတ်သတ်ခြင်းနှင့် ခေါင်းတစ်ချက်ခါ၏။

"ကို.."

ဝိုင်က သူ့ဘေးသွားပြီးမျက်နှာကိုမော့ကြည့်ကာ..၊

"ကို အရက်သောက်လာတာလား.."

"ဟုတ်တယ်.."

"ပြဿနာတစ်ခုခုရှိနေရင် အရက်သောက်လိုက်တာနဲ့ ပြီးပျောက်သွားမှာ မဟုတ်ဘူးကို.."

"မင်း ကိုယ့်ကိုစောင့်နေတာဆိုရင် အခုသွားအိပ်လို့ရပြီ" ပြောလိုက်တဲ့ပုံစံက..၊

နာကျင်မှုကို လွှယ်ပိုးထားရသည့်ရင်ဘက်ထဲက ဒီလောက်ထိ သည်းခံဖို့တော့ ခွင့်မပြုခဲ့ဘဲ..၊

"ဝိုင်က ကိုယ့်ဆီက အိပ်မိန့်ကျဖို့အတွက် ငုတ်တုတ်ထိုင်စောင့်နေတာမှ မဟုတ်ဘဲ.."

"ဟုတ်လား.."

မျက်တောင်ဖျားတို့စင်းကျနေသည့် မျက်ဝန်းတို့က ဝိုင့်မျက်နှာလေးပေါ်မှာ စူးစိုက်ခြင်းမရှိဘဲ ဝေ့ဝဲနေခဲ့လျက်..၊

"အိုခေ..အစ်ဆိုးခေ.."

တံခါးမှာ ပခုံးကပ်မှီခြင်းကိုခွာ၍ အထဲကိုခြေလှမ်းပြင်လျှင်..၊

"ကို.."





"ဟော့.."

သူ့လက်မောင်းကိုနောက်ကနေဆွဲ၍ အတင်းမျက်နှာခြင်းဆိုင်ဖို့ ကြိုးစားလျှင် နာရီကသူမ့လက်ကို ဖြုတ်ချပစ်လိုက်ကာ..၊

"မူးနေတာက ကိုယ်ထင်တယ်.."

"ဟုတ်တယ်..ဘာလဲ၊ ကို့ကို ဝိုင်ကရစ်နေတယ်လို့ ပြောချင်တာလား.."

"မဟုတ်ရင်လည်း ထပ်မဆွဲနဲ့တော့..ကိုယ်အရမ်းပင်ပန်းနေလို့..ဆောရီး.."

သူထွက်သွားပြန်သည်။ ဝိုင်ကိုယ့်လုပ်ရပ်ကို ဆင်ခြင်ဖို့မလိုသော မှူတခြင်းအဖြစ် သတ်မှတ်ကာ အခွင့်အရေးရှိတဲ့အတိုင်း နောက်ကထပ်လိုက်သွားမိသည်။

နာရီက ယိမ်းထိုးနေလောက်အောင် မူးတာမဟုတ်ပေမယ့် တစ်ချက်တစ်ချက်မှာစိုက်ခနဲဖြစ်သွားတတ်လျက် ခြေစုံရပ်နေလိုက် ဆက်လျှောက်သွားလိုက်..၊

"ကို ခဏလေး.."

ဝိုင် သူ့ရှေ့ရောက်အောင် ပြေးသွားလိုက်မိရင်း..၊

"ကို့ကို ဝိုင်ဒီညမေးမှဖြစ်မယ်ကို..အလုပ်ထဲမှာပြဿနာပေါ်နေတဲ့အထိ ကိုကဝိုင့်ကိုမခေါ်ဘဲ ကြိတ်ဖြေရှင်းနေတယ်..ဝိုင်က ကို့အတွက်အဲ့လောက်တောင် မလိုအပ်တဲ့သူစိမ်းဖြစ်သွားတာလား.."

သူ့မျက်နှာမှာ စိတ်မရှည်ချင်းတွေ ဖြစ်နေပေမယ့် ဘောင်းဘီအိတ်ထဲ လက်တွေထည့်ထားပြီး ဒီတိုင်းရပ်နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

နက်ပြာရောင် ဖဲသားအကျီဘောင်းဘီရှည်နှင့် ဆံပင်ရှည်တွေ ဖြန့်ချထားသည့် ဝိုင့်မျက်နှာလေးကမီးရောင်အောက်မှာ ဖွေးဖွေးနုနုလေး ရှိနေသည်။

သို့သော် ဒေါသဖြစ်နေသောမျက်ဝန်းနဲ့ နှုတ်ခမ်းတို့၏ စူးရဲတင်းပြတ်ခြင်းက သူမ၏အလှတရားတို့ကို ရင့်ရော်သွားစေလျက်..၊

"ရပါတယ်..ဝိုင့်ကိုတမင်ခွဲခြားနေတာဆိုရင်လည်း ထားလိုက်နိုင်တယ်..ဒါပေမယ့်ဘာဖြစ်လို့လဲ၊ ကို့ရဲ့မဟေသီက ဝိုင်ပါပဲလို့ လူသိမခံချင်တာလား..ဇနီးအဖြစ်ရပ်တည်စေချင်လို့ အတွင်းရေးမှူးအလုပ်ကို မလုပ်စေချင်တာလား..ဝိုင်ဘာမှန်းမသိဘဲ သို့လောသို့လော တွေးနေရတာကို စိတ်ကုန်နေပြီကို.."

"ပိုပြီး စိတ်ကုန်ဖို့ကောင်းတာက မင်းအချိန်အခါမသိဘဲ ကိုယ့်ကိုမေးခွန်းတွေထုတ်နေတဲ့ကိစ္စပဲ.."

သူ့ဆီက အရက်နံ့ရနေပေမယ့် အနံ့သည်မွှေးပျံ့ပျံ့ဆွဲဆောင်နေလျက် သူမဖွဲ့လမ်းခဲ့ရသော ရီဝေညို့ငင်သော မျက်ဝန်းတို့သည်၊

"မင်းမေးနေတဲ့ မေးခွန်းတွေကိုပြောရမှာထက် ပိုအရေးကြီးတဲ့အကြောင်းတွေ ကိုယ့်ခေါင်းထဲမှာ ချာချာလည်နေတယ်.. အဲ့ဒီတော့ ကျေးဇူးပြုပြီး မနှောက်ယှက်ပါနဲ့.."

ပြောပြီး သူမပခုံးလေးကိုတွန်းဖယ်ပစ်လိုက်သည်။ သူမက ယိုင်ခနဲ ဖြစ်သွားရုံပေမယ့် နာရီကတော့ မူးနေသည့်အရှိန်ဖြင့် နံရံဘက်ကို လဲပြိုကျသွားလျှင်..၊





"ကို.."

ဝိုင်ကမန်းကတန်းပြေးထူလိုက်လျှင် ဒူးထောက်လျက်ထိန်းနေရင်း ဝိုင်တွဲထူနေတဲ့အတိုင်း ပါလာပြီးမှ..၊

"အိုမေ..အိုခေ.."

ဝိုင့်ကိုသူ အတင်းတွန်းဖယ်နေပြန်သည်။

"ရပြီ..ရောက်ပြီ၊ ဖယ်..သဲနှံ့ခ်ယူ.."

"လင်မယားချင်းတောင် ကျေးဇူးတင်နေရသလားကို.. အခန်းထဲထိ ဝိုင်လိုက်ပို့ပါ့မယ်..တော်ကြာ.."

"နိုး.."

ခေါင်းခါပြီး ဝိုင့်ကိုဖယ်ကာ အခန်းတံခါးဆီသို့ဘာသာရောက်အောင်သွား၏။ မူးနေမှန်းသိသာပေမယ့် ခေါင်းငိုက်စိုက်ယိမ်းယိုင်နေတာမျိုးတော့ မဟုတ်တာမှန်သည်။

ဒါပေမယ့် ဝိုင်ကလည်း ကို့ကိုပြုစုယုယပေးချင်တာပါ၊ လက်ထပ်ပြီးတည်းက ဟိုအရင်အလုပ်လုပ်နေကြတုန်းကထက်တောင် စိမ်းသက်ဝေးကွာသွားခဲ့ရသည့် အဖြစ်ကိုနာကျင်မိရလျက်..၊

"လာပါကိုရယ်..ဝိုင့်ကိုတွဲပါ.."

"ရတယ်..ဘာမှမဖြစ်ဘူး.."

ဝိုင်က အနားကပ်ဖို့ကြိုးစားသမျှ နာရီကပုတ်ခတ်ဖယ်ရှားပစ်ခဲ့ပြီး တံခါးကိုလည်း မဖွင့်ဘဲကျောကပ်မှီထားကာ..၊

"ကိုယ်မူးနေတယ်ဝိုင်..မူးနေတဲ့အသိတွေနဲ့မင်းနဲ့.."

"ဝိုင်က ကို့မိန်းမ မဟုတ်ဘူးလား.."

နှုတ်ကမဖြေဘဲ သူခေါင်းခါသည်။ ပြီးတော့ ငိုင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ပြီးတော့ ခေါင်းပဲခါနေကာ..၊

"အဲဒါမျိုးမှားယွင်းလို့မဖြစ်ဘူး..အိုစေ ဘိုင့်.."

ဝိုင်ရှက်၍ နာကျင်မိကာ မျက်ရည်တွေဝေ့လာခဲ့သည်။ ကိုယ်ရှိနေသဖြင့် အခန်းတံခါးတောင် ဖွင့်မဝင်ဘဲပုတ်ကာတား ဆီးနေသည့် အဖြစ်မှာ သူမ ဘာရပ်လုပ်နေမိတာလဲ..၊

နေနာရီဆိုတဲ့ယောက်ျားက သူမအပေါ် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူးဆိုတာ တကယ်ပဲလား၊ ကုမ္ပဏီမှာ မနာလို သူတွေ ပြောတဲ့စကားလို့ သူမဘေးချိတ်ထားခဲ့ပေမယ့် နာရီ့အပြု အမူအပြောအဆိုတွေက သက်သေပြနေပြီ ဖြစ်သည်။

သူ့ထံမှ အချစ်တစ်ခုကိုသာ ကိုးကွယ်ရာအဖြစ် သူမ အရာရာနဲ့ စွန့်လွှတ်ရင်းနှီးခဲ့မိတာမှားခဲ့ပြီလား..၊







# အခန်း (၃၀)

သူအခန်းထဲဝင်ပြီး တံခါးသေချာလှည့်ပိတ်လိုက်သည်။ ပြီးမှ တံခါးကိုကျောပြန်မှီ၍ မျက်လုံးတွေမှိတ်ရင်း ခဏငြိမ်နေမိ သည်။ ခေါင်းတွေအုံခဲမှုးဝေနေသည်။ သောက်တာများသွား တိုင်း သူဒီတိုင်း ဖြစ်တာသိပေမယ့် သောက်ဖြစ်ခဲ့သည်။ သူများ တကာလို တစ်ရေးနိုးမှမဟုတ်ဘဲ မျက်လုံးတွေကိုခဏခဏ စုံမှိတ်ခေါင်းခါနေမိသဖြင့် ခေါင်းကစောစီးစွာ ကိုက်စပြု၏။

ကုတ်အင်္ကျီကိုချွတ်၍ ခုတင်ပေါ်လှမ်းပစ်တင်လိုက်စဉ်.. ကလေးကိုသတိရကာ ထိတ်ခနဲဖြစ်သွားသည်။

သားလေး ဒီထဲမှာလာအိပ်နေတာလား..၊

ကလေးပေါ်အင်္ကျီပြုတ်ကျသွားပြီဆိုသည့် အသိနှင့်ရှေ့

www.burmeseclassic.com



တိုးကြည့်လိုက်တော့ သူ့မျက်လုံးတွေစူးငေးသွားခဲ့သည်။

ဘဝင်..၊ အဖြူရောင်ဂါဝန်လေးအပြင် ဘောင်းဘီရှည်လေး ဝတ်ထားသေးသည်။ မွေးရာပါကောက်ကွေ့နေတာဖြစ်သော ဆံနွယ်တွန့်တွန့်လေးတွေက ပခုံးကြားမှာတစ်ချို့ အိပ်ရာပေါ်မှာတစ်ချို့ ဖရိုဖရဲလေးဖြန့်ခင်းနေ၏။

သားလေးက ခုတင်တစ်ဖက်ခြမ်းမှာ ဖက်လုံးလေးခွလျက် ငြိမ်ငြိမ်သက်သက် နေရာတကျလေးအိပ်မောကျနေပေမယ့် သူမက ခေါင်းအုံးတခြား လူတခြားနှင့် ခေါင်းရင်းပိုင်းထိ တိုးတက်ပြီး ကန့်လန့် ဖြစ်နေသည်။

ရှေ့ကိုတစ်လှမ်းချင်းတိုးရင်း သူမမျက်နှာလေးကို ငုံ့မိုးကြည့်မိသည်။ ဘေးတစ်စောင်းလေး ငိုက်ကျနေသည့်မျက်နှာလေးက ကော့ထင်းနေသော နှာတံလေးနှင့် နားသယ်စပ်လေးတွေက စိမ်းမှောင်နေ၏။

အိပ်ပြီဆို သူ့ရင်ခွင်ထဲအတင်းတိုးဝင်ကာ လက်မောင်းပေါ် ခေါင်းတင်အိပ်ရမှ..၊ အိပ်ပျော်သွားပြီဆိုတာနှင့် အကွေးလိုက်လေးခေါင်းရင်း ရောက်နေလဲ..၊ မဖြစ်ဘူး..ဒါကိုကို့အခန်း၊ မျက်လုံးတွေပြူးကျယ်သွားကာ ဆတ်ခနဲထထိုင်လိုက်လျှင်..၊

"ကိုကို.."

နာရီ့မျက်နှာနဲ့သူမ မျက်နှာတိုက်တော့မတတ် နီးကပ်သွားကာ..၊

"ကိုကို..ဟို..ဘဝင်က.."

ရုတ်တရက်လန့်သွားကာ ဖျတ်ခနဲနောက်ဆုတ်ထိုင်လိုက်မိ၏။ ညမီးရောင် ပြာလဲ့လဲ့လေးအောက်မှာ တခြားသောအ





ရောင် အဆင်းတွေကို သတိမထားမိခင် အရက်နံ့ကိုအရင်ဆုံးရလိုက်ပြီး..၊

"ကိုကို အရက်တွေသောက်လာတယ်.."

ပြောလည်းပြောကာ ခုတင်ပေါ်ကဆင်းလိုက်လျှင် နာရီက လက်ကိုဖမ်းဆွဲထားလိုက်ပြီး..၊

"မင်းကိုပြောစရာရှိသေးတယ်.."

"ဟင့်အင်း မနက်မှပြော.."

လူကိုနမ်းပြီး မတူသလိုမတန်သလို မောင်းထုတ်ခဲ့သည်။ သူမမှာတော့ ကိုကိုနဲ့ပြေလည်ပြီဆိုပြီး ပျော်လိုက်ရတာ၊ တွေးမိပြီး ရှက်နေရသည့်အဖြစ်ကြောင့် ကိုကို့ကိုမခေါ်ချင်..၊

"ဟော့.."

"ကိုကိုနော်..မပြောချင်ဘူး.."

"ကိုယ်ကပြောချင်တယ်.."

သူမဆတ်ဆတ်ခါ ဖြစ်သွားတာကို အသည်းယားကာ လက်ကိုရုန်းနေသဖြင့် အတင်းဆွဲဖက်ထားလိုက်ပြီး..၊

"မရဘူးနော်..ဒီတစ်ခါ.."

ဘဝင့်ကိုဆုံးအောင်ပြောခွင့် မပေးခဲ့သောအနမ်းတို့က ခန်းစရာကောင်းနေသည်။ ဒါပေမယ့် ဘဝင်ချက်ချင်းညွတ်ခွေကျသွားခဲ့၏။ ပြီးတော့ ကိုကို့ရင်ခွင်ထဲမှာပဲ နောက်ထပ်ညဥ့်ယံမှာ တရေးအိပ်စက်ခဲ့ပြီး..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

"ဘယ်လို..ဘာပြောလိုက်တယ်.."

ဒေါ်ပန်းသီရိထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်တာ မြင်
လိုက်သည်။ ဝိုင်က ညနေပိုင်းဆိုင်ကပြန်လာတာဖြစ်ကာ အိမ်
ပေါ်မှာ ဒရိုင်ဘာကိုရော ဦးတင်ထွတ်ကိုပါ မိုးတိုးမတ်တပ်တွေ့
လိုက်ရသဖြင့် စိတ်ထင့်သွားကာ..၊

"ဘာဖြစ်လို့လဲအန်တီသီ.."

"မသိဘူး.."

ဒေါ်ပန်းသီရိ အသံတွေတုန်လျက် ဦးတင်ထွတ်ရဲ့လက်
ကို အတင်းဆွဲလှုပ်ခါရင်း..၊

"ပြောပါဦး..ဘယ်သူကစတာလဲ၊ ငါ့သားလေးက တင်





ယောက်တည်းလေ..သူတို့က လွန်လွန်းလို့ဖြစ်ရတာနေမှာပေါ့.."

"ကျွန်တော်ရှင်းပြပါ့မယ်..မမကလည်း စိတ်အေးအေး
ထားပြီး နားထောင်ပါ၊ ဘယ်ကစပြောရမှန်းတောင် မသိတော့
ဘူး.."

ဦးတင်ထွတ်က ခေါင်းကုတ်မိလို ဖြစ်သွားပြီးမှရှုံ့မဲ့မဲ့
နှင့် လက်ပြန်ရတ်ကာ..၊

"သံတုတ်က..အဲ.."

ပြောဖို့စလိုက်ပြီး ဒရိုင်ဘာကိုကြည့်၍..၊

"သူနဲ့လိုက်သွားတာ သူသိတယ်.."

ဒရိုင်ဘာက ဒေါ်ပန်းသီရိအတွက် ထားပေးသည့်ဒရိုင်
ဘာဖြစ်သည်။ တစ်ခါတလေမှသာ နာရီ့ကားကိုမောင်းရတာ
ဒီနေ့ထွက်သွားတော့လည်း သူပါသွားသဖြင့်..၊

"သူတို့က သုံးယောက်တောင်မှ သံတုတ်ကောက်ကို
လည်း သူတို့ပဲ အရင်စကိုင်တာ.."

"အဲ့ဒါဘယ်သူတွေလဲကိုပေါ..ကျွန်မတို့ကုမ္ပဏီနဲ့ ပတ်
သက်ထားတဲ့လူတွေလား.."

"ကျွန်တော်က ကုမ္ပဏီသိပ်မလိုက်ရတော့.."

"ကဲပါပေါ်လေးရယ်..ငါ့ကိုပြောစမ်းပါ၊ သုံးယောက်သ
ားက သံတုတ်လည်း ကိုင်သေးတယ်..ပြီးတော့ ငါ့သားက ရိုက်
ခဲ့တာ ဖြစ်သွားရောလား.."

"မမ အဲ့ဒီဘယ်သူမှန်တယ်ဘယ်သူမှားတာက နောက်မှ
ပေါ်လာမှာ..လောလောဆယ် ဆေးရုံရောက်သွားတဲ့လူနာ သေ
သွားရင်တော့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား..ဘုရား.."

"အခု ကိုဘယ်မှာလဲဟင်..အချုပ်ထဲရောက်သွားပြီလား"

"ဘာလို့ ငါ့ကောင်လေးကိုအချုပ်ထဲထည့်ရမှာလဲ.."

"ဟင်.."

"ဘယ်လိုမောင်လေး..သားက.."

"ကောင်လေးကို ကျွန်တော်အခုဆောက်နေတဲ့ ကွန်ဒို အိမ်ရာထဲက တစ်ခန်းမှာ သွားရှောင်ခိုင်းထားတယ်.."

"ဒီလိုရှောင်နေလို့မရဘူးလေအန်ကယ်လ်.."

သူတို့ပြောနေကြတုန်း ခြံထဲကို အစိမ်းရောင်ဂျစ်ကား လေးတစ်စီး ဝင်လာကာ..၊

"ရဲ..ရဲတွေ.."

ဝိုင်လက်ညှိုးလေးထိုးရင်း နောက်ကိုကယောင်ကတမ်း ခြေလှမ်းဆုတ်၏။ ရဲဝတ်စုံအပြည့်နှင့် အရာရှိဝန်ထမ်းသုံးယောက် က သူတို့နဲ့မလှမ်းမကမ်းမှာ ရပ်လိုက်ကြပြီး..၊

"ကျွန်တော်တို့ တာဝန်အရမေးမြန်းစရာလေးရှိလို့..ဝင် ခွင့်ပြုပါခင်ဗျာ.."

ဒေါ်ပန်းသီရိ ဝင်ပါလာပါလို့ပြောဖို့တောင် မေ့နေခဲ့ သည်။ သတင်းက ခုပဲအိမ်ရောက်လာသည်။ ရဲကထပ်ချပ်မကွာ ပါလာခဲ့ပြီး..၊

"ဒရိုင်ဘာခုပဲပြန်ရောက်လို့ ကျွန်တော်တို့လည်း ခုလေး တင် သိရတာပါ.."

"ဟုတ်ပါတယ်..ကျွန်တော်တို့ကလည်း လူနာရှင်ဘက် က တိုင်ကြားချက်ရရချင်း တာဝန်ရှိတဲ့အတိုင်းဆောင်ရွက်ဖို့လာ





ရတာပါ.."

"လူနာက.."

"လူနာက ခေါင်းနဲ့ခါးရိုးကို ပြင်းပြင်းထန်ထန် အရိုက်ခံ ထားရလို့ ကောင်းကောင်းသတိမရသေးပါဘူး..ဆရာဝန်စမ်းသပ် ကြည့်ထားတဲ့အတိုင်း ခန့်မှန်းတာကတော့ အာရုံကြောချို့ယွင်း တာတွေ ကိုယ်ခန္ဓာမှာ ထိခိုက်ဆုံးရှုံးမှုတွေ ရှိလာနိုင်တယ်လို့ပြော ပါတယ်.. အဲဒီတော့ ရိုက်နှက်ကျူးလွန်သွားတဲ့ မောင်နေနာရီကို ကျွန်တော်တို့တာဝန်အရ.."

"နေပါဦး..အဲဒီပြဿနာက ဒီလိုရှိပါတယ်၊ ကောင်လေး နဲ့ ပတ်သက်တာမှန်သမျှ ချစ်သူမှန်းသူတွေအားလုံးကို ကျွန်တော် သိတယ်..ဖြစ်ရတဲ့အကြောင်းကိုလည်း အနီးစပ်ဆုံးပြောပြနိုင်ပါ တယ်"

ဦးတင်ထွတ်က ဒေါ်ပန်းသီရိကို လှည့်ကြည့်ကာ..၊

"မမက ကျန်းမာရေးလည်းမကောင်းပါဘူး..သက်သက် သာသာနေပါ.."

ဟုပြော၍ ရဲအရာရှိနဲ့ဝန်ထမ်းတွေကို စာကြည့်ခန်းထဲ ဆီ ဖိတ်ခေါ်သွားခဲ့၏။ ကိုယ့်အတွက်ကာကွယ်သွားတာမှန်း သိ သော်လည်း... ဆမယ့် ကိုယ့်သားလေးအတွက် ဒေါ်ပန်းသီရိဒါတွေကို သိထား ချင်သည်။

ထို့ကြောင့် ခြေလှမ်းပြင်လျှင်..၊

"အန်တီသီ.."

ဝိုင်က လက်ကိုဆွဲထားလိုက်ကာ..၊

"အန်ကယ်လ်က သိတယ်လို့ပြောနေတာပဲအန်တီ..အန်



www.burmeseclassic.com

www.burmeseclassic.com



ကယ်လ်တစ်ခုခု ဖြေရှင်းနိုင်မှာပါ..”

“မဟုတ်သေးဘူးဝိုင်..သူတို့သားကိုလာဖမ်းကြတာ၊ ကို ထွက်ဘယ်လိုပဲဖြေရှင်းနိုင်ပါစေ..အပြစ်ရှိနေတာမှန်ရင် သား လေးကို ဖမ်းဝရမ်းထုတ်ကြလိမ့်မယ်..သားလေးဘဝ အညွန့်ကျိုး သွားခဲ့ရင်..”

ပြောရင်း ရင်ထဲမှာဆို့လာကာ မျက်ရည်တွေလည်လာ၏။ ဘာဖြစ်လို့များ ဒီလိုကိစ္စတွေဖြစ်လာရတာလဲ၊ မနေ့ညက လည်း အရက်တွေမူးပြီး ပြန်လာသည်တဲ့..၊

“ဝိုင် ညတုန်းကသမီးပြောတာ သားအရက်တွေ တော် တော်မူးလာလားဟင်..”

“ဟုတ်တယ်အန်တီ..သမီးနဲ့ပွဲတွေဘာတွေ တက်ခဲ့ဖူး တုန်းကလည်း မိတ်ဖြစ်ဆွေဖြစ်တွေ အလုပ်သဘောအရတွေ ဘာကြောင့်ဖြစ်ဖြစ် သူတစ်ငုံတစ်ကျိုက်ပဲ သောက်တတ်တာ..ည ကတော့ တော်တော်ကိုမူးနေတာ၊ ညကတင်မကပါဘူး..ကိုအမှု အရာ ခြေလှမ်းတွေပျက်နေတာကြာပြီ၊ စိတ်ရှုပ်ထွေးပြီး ဒေါသ ထွက်နေတာမျိုးပဲ..”

ဒေါ်ပန်းသီရိစိတ်သာသက်ချင်လို့ ဖြေသိမ့်ရာရာပေ မယ့် ကြားရသည့်စကားသံတွေကြောင့် မရှုနိုင်မကယ်နိုင်ဖြစ် လာခဲ့ရသည်။

“အလုပ်ထဲမှာပြဿနာပေါ်နေတည်းက သူ့စိတ်တွေရှုပ် ထွေးနေတဲ့ပုံပေါက်တာ လူဆိုတာ ဒေါသမထိန်းနိုင်ဖြစ်လာရင် ဘယ်လိုအမှားဖြစ်ဖြစ် ကျူးလွန်ရဲလာတာပဲ ဒီနေ့ဖြစ်တဲ့ ပြဿ နာမှာ ကိုကရိုက်ခဲ့တယ်ဆိုတာဖြစ်နိုင်..”





“တော်ပါတော့ တော်ပါတော့..”

ဒေါ်ပန်းသီရိရင်ထဲမှာ မွန်းကျပ်လာသည်။

“အန်တီစိတ်ဆင်းရဲနေတာကို သမီးသိပါတယ်..ဒါပေ မယ့် ဒီကိစ္စကို အကြီးကြီးမဖြစ်အောင် ရှင်းရင်ရှင်း..မဟုတ်ရင် အဖမ်းခံလိုက်တာအကောင်းဆုံးပဲ..”

“ဟင်..”

“ကိုကိုသွားဝှက်ထားလိုက်တာ အန်ကယ်လ်မှားတယ် လို့ သမီးထင်တယ်..”

မှားတယ်..၊ ဟုတ်တယ် ဒီလိုမလုပ်သင့်ဘူး..၊

ဒေါ်ပန်းသီရိဘာမှ မဝေဖန်မပိုင်းခြားနိုင်တော့ဘဲ သူ ပြောတာဟုတ်နိုး ကိုယ်တွေးတာမှန်နိုးနှင့် မျက်လုံးအကြောင် သားနဲ့ ဖြစ်နေခဲ့သည်။ ဝိုင်ကတော့ ရဲတွေဘာတွေရောက်လာတဲ့ အထိ ဖြစ်ရတည်းက ထိတ်လန့်ပူပင်နေမိကာ တွေးမိတာက အမေတို့ကိုပြောပြ ပြီး တိုင်ပင်ဖို့ဖြစ်သည်။

ထိုစဉ် ရဲတွေပြန်သွားပြီး ဦးတင်ထွတ်အနားရောက်လာ ဘာ..၊

“သိပ်စိတ်မပူပါနဲ့..အရိုက်ခံရတဲ့လူက ကုမ္ပဏီမှာအ တူဝလုပ်ဖူးတဲ့လူပါ..သူ့ကြောင့် ကောင်လေးဒေါသမထိန်းနိုင် ဖြစ်သွားတာ..”

“ကုမ္ပဏီမှာ အလုပ်လုပ်ဖူးတိုင်း စိတ်မပူလို့ရမလား ကို ထွတ်ရယ်..အခု ရဲတွေ ဘာပြောသွားကြသလဲ၊ ဆရာဝန်ပြောတဲ့ အရဆိုရင် ရှူးရင်ရှူး မရှူးရင် ကိုမာတွေ ဘာတွေဝင်တဲ့အထိ..”

“အဲဒီလိုတစ်ခုခုအဖြေပေါ်တဲ့အထိ ကောင်လေးကို အ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ထဲထည့်မထားနိုင်ဘူးမမ..လူနာရှင်နဲ့ကျွန်တော်တို့ ဆွေးနွေးခွင့်ကို ရဲအုပ်ဆီမှာ တောင်းထားတယ်.."

"အဲ့ဒီတော့ ဘာပြောသွားလဲဟင်..ဘာတဲ့လဲ.."

"စခန်းမှာ အာမခံသွားလုပ်ရမယ်..လူနာသတိကောင်းကောင်းရပြီး မက်ဒီကယ်ချက်အပ်လုပ်ပြီးချိန်အထိ.."

"သမီးသဘောကတော့ ပိုက်ဆံဘယ်လောက်ကုန်ကုန် အပြတ်ရှင်းပေးလိုက်ရင် ပိုကောင်းမယ်ထင်ကာ..စာရင်းအင်းနဲ့ ပတ်သက်တဲ့ ရှုပ်ထွေးမှုတွေကြောင့် ရန်ပြုခံရတာဆိုတော့ ကိုယ့်လက်အောက်ကလူစုတွေဆိုတာ သေချာပြီးသား..ရုံးပြင်ကနားမရောက်ခင် ပုံပေးလိုက်ရင်ပြီးသွားမှာ.."

ဦးတင်ထွတ်က လှည့်ကြည့်ကာ..၊

"အဲ့ဒါက ထင်သလောက်တော့လွယ်မှာမဟုတ်ဘူး..ပုံပေးလို့ရရင်တောင် တော်ရုံနဲ့ပြီးမယ့်ကိစ္စမဟုတ်ဘူး..အခု ကောင်လေးကို.."

စကားပြောနေရင်း တယ်လီဖုန်းသံက ဆူဆူညံညံထမြည်လာ၏။ သူတို့လှည့်ကြည့်လိုက်တော့ ဒေါ်ကျင်ကပြေးကိုင်လိုက်သဖြင့်..၊

"ဟလို.."

"......... ......."

"ဟုတ်ပါတယ်ရှင့်..ရှိပါတယ်.."

ရှိပါတယ်ဆိုကာ ဒေါ်ပန်းသီရိကိုလှမ်းကြည့်ပြီး..၊

"မမကြီး..ဂျပန်ကိုယ်စားလှယ်တဲ့၊ လူလေးနဲ့ပြောချင်လို့တဲ့.."





ဟင်..၊

ဒေါ်ပန်းသီရိ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ဖုန်းဆီအပြေးတစ်ပိုင်းသွားသည်။ ဦးတင်ထွတ်က ရှေ့ကကြိုသွားပြီးကိုင်လိုက်ရင်း..၊

"မမနေပါ..ကျွန်တော်လုပ်ပါ့မယ်.."

"နေဦးလေ..ငါကသားရဲ့အမေ.."

"ဒါပေမယ့် လုပ်ငန်းကိစ္စ မမ မသိဘူးလေ.."

ဦးတင်ထွတ်က ဖုန်းကိုင်လိုက်သည်နှင့် ဒေါ်ပန်းသီရိက စပီကာဖွင့်လိုက်၏။

"ဟလို..ကျုပ်ကနေနာရီရဲ့ဦးလေး ဦးတင်ထွတ်ပါ.."

"ကိုထွတ် ကျွန်တော်သူနဲ့ပြောလို့ရမလား.."

"သူကကျန်းမာရေးမကောင်းလို့ ဒါတွေကိုဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး.."

"ဟုတ်လား..ကျန်းမာရေးက ရုတ်တရက်ကြီး မကောင်းဖြစ်သွားတာလား၊ တကယ်ပဲဗျာ..မထင်ရဘူး.."

"ကိုရဲကျော်..ခင်ဗျားပြောစရာရှိတာ ကျွန်တော်နဲ့ပြောလို့ရပါတယ်.."

"ဟုတ်ပြီလေ..နေကောင်းကောင်းမကောင်းကောင်း သူကိုယ်တိုင်ဖြေရှင်းရမယ့်ကိစ္စဆိုတာလည်း ထည့်ပြောလိုက်ပါ၊ ကူရိုးမားကုမ္ပဏီက သူ့ကုမ္ပဏီကို အလွဲသုံးစားလုပ်မှုနဲ့ တရားစွဲထားတယ်.. မကြာခင် တရားရုံးက နို့တစ်ရောက်လာလိမ့်မယ်"

"ဘယ်လို..ဘာ..အဲ့ဒါ.."

"ခင်ဗျားတူနဲ့ 'နေသင်'ဂရုစိုက်တို့ အပြီးသတ်ရှယ်ယာပေး



www.burmeseclassic.com

www.burmeseclassic.com



အပ်တဲ့ စာချုပ်တွေ ချုပ်ကြတော့ အဲဒီမှာတက်ခဲ့ကြတဲ့သက်သေကုမ္ပဏီတွေမှာ တကယ့်ကိုယ်စားလှယ်တွေမပါဘူး..ဒါပေမယ့် သက်သေလက်မှတ်တွေထိုးကြတယ်မို့လား.."

"မဟုတ်ဘူး..အဲ့ဒါဟုတ်ပေမယ့် မင်းတို့.."

"နောက်ထပ် 'ဝင်းမဟာ'နဲ့ ကုမ္ပဏီကြီးတစ်ခုရှိသေးတယ်.. သူတို့ကလည်း ငြိမ်နေမှာမဟုတ်ဘူး.."

"နေပါဦးကိုရဲကျော်..အဲ့ဒါတွေတကယ်ဆိုရင်လည်း ကျွန်တော်တို့ လုပ်ကြံခံရတာပဲ..ကောင်လေးဘာမှ.."

"သူသိသိမသိသိ..သူ့စာချုပ်မှာပါတဲ့ လက်မှတ်တွေပဲလေ၊ အခု ခင်ဗျားတွေ့ရသွားတဲ့ ရှယ်ယာတွေကလည်း တရားမဝင်တော့ဘူး အကုန်ပြန်အမ်းပြီး ဒေဝါလီခံလိုက်ပေါ့ဗျာ.."

"ဟေ့လူ.."

"ဟားဟားဟား..ကျုပ်က မိတ်ဆွေကောင်းပီသစွာ ကြို ပြောတာနော်.."

ဖုန်းထဲကရယ်သံကြီးကျန်ရစ်ခဲ့လျှင် ဒေါ်ပန်းသီရိနဲ့ဝိုင်တို့ မျက်လုံးချင်းဆုံသွားကြ၏။ ဝိုင် မျက်နှာလွှဲလိုက်မိကာ နေရာမှလှည့်ထွက်လာခဲ့သည်။

ဒီပြဿနာတွေ သူမရှိမနေကာမှ ဖြစ်ရတာသေချာပါသည်။ ဟိုအရင်က အလုပ်ကိစ္စမှန်သမျှ သူမသိတာဘာမှ ရှိခဲ့တာမဟုတ်..၊

ကလေးတွေရန်ဖြစ်ကြသလို 'ကောင်းတယ်..ငါ့ကိုမှမခေါ်တာ မှတ်တယ်..မှတ်တယ်..'လို့ လက်ညှိုးထိုးရယ်နေရမလား..၊ အေးအတူပူအမျှ ကူညီဖြေရှင်းပေးရမှာလား..၊





ကိုယ့်အပေါ်မှာ တစ်ချက်လေးမှ ကြင်နာဖော်မရခဲ့တာတွေအတွက် ရင်ထဲမှာတော့ နာကျင်နေတာအမှန်ပင်..၊

ပြီးတော့ ကိုယ်ပါဝင်ပေးလို့ရော အကျိုးထူးမှာသေချာရဲ့လား..၊



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

"အကျိုးထူးမှာသေချာတာပေါ့ဝိုင်..ဒါပေမယ့် ကောင်းကျိုးတော့ဖြစ်မှာမဟုတ်ဘူး..သူ့ကြောင့် ညည်းပါရောပြီး ခွက်ဆွဲတောင်းစားရမှာ.."

"မေမေကလည်း.."

"ဘာမေမေကလည်းလဲ..လူရိုက်မှုကတစ်ဖက် ကုမ္ပဏီကိစ္စတွေကတစ်မျိုးနဲ့ နေနာရီဆိုတဲ့နာမည်ဘယ်လိုလုပ် အကောင်းတိုင်း ကျန်တော့မှာလဲ..ပြီးတော့ ထောင်ကျဖို့ကကျိန်းသေနေပြီ၊ နောက် မှာကျန်ခဲ့တဲ့လူတွေလည်း ဇရပ်ပေါ် ရောက်ကုန်မှာပဲ..ဒီလိုကိစ္စဖြစ်ရင် ဘယ်လောက်အလျှော်အစားကြီးသ





လဲ ညည်းသိရဲ့လား.."

ဖုန်းထဲက မေမေ့အသံက ဒေါသတွေနဲ့တစ်ခွေနှစ်ခွေ ခုန်နေသလားတောင် မှတ်ရသည်။

"သူတို့က သမီးတို့ထက်တောင် ချမ်းသာသေးတာ မေမေရယ် ပြဿနာထဖြစ်တာလောက်နဲ့.."

"ဒီလောက်တောင် နားမလည်နိုင်ဘူးလားဝိုင်..မုန့်စေ့တော့မရဘဲ တုတ်ဝေမှုရတာကို ညည်းကကျေနပ်သေးတာလား..ဒီကောင်ထောင်ကျသွားရင် ညည်းတော့ထောင်ထွက်မယားဖြစ်ပြီ၊ အောင်မလေး..စိတ်ဆင်းရဲလိုက်တာဝိုင်ရယ်..မိုးလင်းတာနဲ့ ညည်းငါ့ဆီလာခဲ့စမ်း၊ ငါပြောတာကိုပဲ ညည်းနားထောင်.."

"ကိုဒုက္ခရောက်နေကာမှ သမီးဘေးထွက်မနေသင့်ဘူးထင်တယ်မေမေ..နောက်ပြီး အန်တီသီက အားငယ်နေရှာတာ.."

"ဘာကိုအားငယ်တာလဲ..ခုကျမှ ညည်းကျွမ်းကျင်တဲ့ကိစ္စတွေမှာ ညည်းပါမှဖြစ်မှာဆိုတာ နားလည်ပြီးချော့မော့နေတာ..ဟိုချွေးမကို 'သမီးရေ..မြေးလေးရေ..' နဲ့ သည်းသည်းလှုပ်နေတာ ငါ့ရှေ့တင်..ဒုက္ခရောက်လာမှ ချွေးမကိုတမ်းတရမှန်းသိနေတာလား..ညည်းဒီလောက်တောင်အချော့ကြိုက်တုံးတိနေမှန်း ငါကြိုသိလိုက်ရလို့ တော်သေးတာပေါ့အေ.."

"အဲ့ဒါနဲ့ပဲသမီးက.."

"သူတို့ဘာခိုင်းခိုင်း ဘာပြောပြော အဲ့ဒီအရှုပ်ဇယားတွေဆီ လုံးဝမပါရဘူး..မားခုတ်ရာလက်ဝင်လျှိုပြီး ကိုယ့်မိဘကိုအရှုးမီးဝိုင်းဖြစ်အောင် မလုပ်နဲ့ဝိုင်..ဒီကောင်ထောင်ကျဖို့ကကျိန်းသေနေပြီ၊ ညည်းအမုန်းမခံချင်ရင် ငါလာခေါ်မယ်..အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေမကောင်းတာနဲ့ ငါ့ဆီချက်ချင်းဖုန်းဆက်၊ မကောင်းတတ်ရင် မက်ဆေ့ချ်ဖြစ်ဖြစ် ပို့အေ..."

ဝိုင်ဖုန်းပြောပြီးပေမယ့် ဝရန်တာမှာပဲရပ်နေမိခဲ့သည်။ မေမေတို့ပြောတာလည်း မမှားပါ၊ ကိုနဲ့ပတ်သက်လာခဲ့သမျှ ကိုယ်ပေးဆပ်ခဲ့ရတာ တန်လို့လား...၊

"သမီး...ဝိုင်..."

ဝိုင် ထိတ်ခနဲဖြစ်သွားသည်။ နောက်လှည့်ကြည့်လိုက်မိသည်။

သူမနဲ့ ခပ်လှမ်းလှမ်းမှာ ဒေါ်ပန်းသီရိ...၊

"အန်တီ သမီးကိုပြောစရာရှိလို့ပါ..."

ညှိုးငယ်ခယသည့်လေသံက သိသာစွာတုန်ယင်နေခဲ့လျက် တစ်ပတ်ရှိထုံးထားသည့်ဆံထုံးက ပြေကျလုလုဖြစ်နေ၏။ ချည်သားအနွေးထည်လေးပါမှာ တဘက်ပါးလေးတစ်ထည်ထပ်ခြုံထားကာ ရှေ့ကိုခပ်လှုပ်လှုပ်တိုးလာ၏။

"အန်တီ ဒီအချိန်ထိမအိပ်သေးဘူးလား..."

"အိပ်နိုင်ပါ့မလားသမီးရယ်...သမီးတောင် အဲ့ဒီအတွေးတွေနဲ့ပဲ ဒီနေရာရောက်နေတာမို့လား..."

ဝိုင်က ခပ်မဲ့မဲ့လေးပြုံးလိုက်ပြီး ခြံရှေ့ဘက်ကိုပြန်လှည့်ရပ်လိုက်သည်။ ပြီးမှ...၊

"သမီးက ဒီမှာညဥ့်နက်သန်းခေါင်ထိ ရပ်နေကျပါ..."

ဒေါ်ပန်းသီရိ ခြေလှမ်းတုံ့သွားသည်။

"သမီးအိမ်ထောင်မပြုဖူးပေမယ့် ခင်ပွန်းသည်ရဲ့ဥပေက္ခာထားခြင်းခံရတဲ့ မိန်းမတစ်ယောက်ရဲ့ဒုက္ခကို ကြုံတွေးခဲ့ဖူး





တယ်..."

ပြောနေရင်း ပြန်လှည့်ကြည့်ပြီး ဝရန်တာမှာနောက်ပြန်မှီရင်း...၊

"ကိုက သမီးကိုမချစ်ဘဲနဲ့ လက်ထပ်ယူခဲ့တာမှန်း အန်တီတို့လည်းသိမှာပါ...ဒါပေမယ့် သမီးကတော့တစ်ယောက်နဲ့တစ်ယောက် မပွင့်လင်းသေးတာလို့ပဲ ထင်နေခဲ့တာ၊ အဲ့ဒါတွေအားလုံး မှားသွားတယ်ဆိုတာ သူ့မိန်းမနဲ့ကလေး ရောက်လာမှပဲနားလည်ခဲ့တာ..."

ဒေါ်ပန်းသီရိ နေရာမှထပ်ရှေ့မတိုးတော့ဘဲ သူမရဲ့စကားတွေကို နားထောင်နေမိသည်။ ကိုယ်ရောက်လာခဲ့တာ ဒီစကားတွေကို နားထောင်ပေးဖို့ မဟုတ်ပေမယ့်...၊

"ဒါပေမယ့် ဝိုင်လက်ထပ်ခဲ့တာကို နောင်တမရဘဲဒီနေ့ထိ ကိုရဲ့ဘေးမှာ နေရာရဖို့မျှော်လင့်ချက်နဲ့ ကြိုးစားနေခဲ့မိတယ်"

ပြောပြရင်း တုတ်တုတ်မှမလှုပ်ဘဲ နားထောင်နေသည့်ဒေါ်ပန်းသီရိကို ကြည့်မိသည်။ မီးရောင်ကိုကျောပေးရပ်နေပေမယ့် သူမမျက်နှာမှာ ဘယ်လိုနာကျင်မှုတွေနဲ့ ရှိနေမလဲဆိုတာ ဝိုင်သေချာသိနေသည်။

သူမဘာအတွက်ရောက်လာတာလဲဆိုတာ ကိုယ်ကသိနေသလို ကိုယ်ဘာပြောချင်တာမှန်း ဒေါ်ပန်းသီရိလည်း သိနေမှာဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ ဘယ်သူဘယ်ပုံစံနဲ့ ကျရှုံးပါစေ၊ ကိုယ်ဘယ်လိုလက်နက်နဲ့ သေရတယ်ဆိုတာတော့ သိခဲ့ဖို့လို၏။

"အခုကယ်တော့ ကိုက သူ့ယောကျ်ားပီသဖို့ ပြဖို့အတွက် ဝိုင့်ကိုလက်ထပ်ခဲ့တာပါ...ဝိုင့်တို့လူပြောများလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် သွားလာနေထိုင်ခဲ့ကြပေမယ့် အဲ့ဒီပတ်ဝန်းကျင်လူတွေရဲ့ ကဲ့ရဲ့သံဟာ ဒီအိမ်ပေါ်မှာတက်နေမိတဲ့အချိန် ပြောလာတဲ့ စကားသံတွေလောက် မပြင်းထန်ဘူး..ကိုကလူကောင်းလူမွန် တစ်ယောက်အဖြစ် ယောကျ်ားပီသခန့်ညားစွာ ရပ်တည်ပြလိုက် နိုင်ပြီး ဝိုင်ကတော့ အရှက်သိက္ခာမရှိ မျက်နှာပြောင်တဲ့.."

"မဟုတ်ပါဘူးသမီးရယ်..ဒီအိမ်မှာတော့.."

"အသံမထွက်ပေမယ့် ပါးစပ်ပိတ်ပြီး ကြည့်နေတဲ့အကြည့်တွေက စကားလုံးထက်ပိုပြင်းတယ်အန်တီ..ပြီးတော့ အန်တီ့ချွေးမဟောင်း.."

သူမပြောပြီး ဒေါ်ပန်းသီရိမျက်နှာကို စိုက်ကြည့်သည်။

"သူ့လိုမိန်းမတစ်ယောက်က အထက်စီးကပြောဆိုနေတိုင်း သမီးဘာမှမတုံ့ပြန်နိုင်ဘူး..သမီးဘက်က ကာကွယ်မယ့်သူလည်း မရှိခဲ့ဘူး.."

"သမီးရယ်..အဲ့ဒါတွေ အခုပြောနေတာ အန်တီ့ကိုအပြီးသတ်စကား တစ်ခွန်းခွန်းပြောချင်လို့များလားဟင်.."

"ဟင့်အင်း..အန်တီက ဘာမှမကောင်းဆိုဘူးဆိုရင် သမီးကလည်း မပြောပါဘူး.."

ဒေါ်ပန်းသီရိ ရင်နင့်သွားလေသည်။ 'အထက်စီးကရောက်နေပြီဆိုမှ နာလုံးတွေထွက်လာခဲ့တာလား' လို့တွေးမိရင်း ကိုယ့်ရဲ့တောင်းဆိုမှု အရာမထင်နိုင်တော့မှန်းလည်း နားလည်သွားခဲ့သည်။

သို့သော်.. ၊

"သမီးလည်း ပြောစရာရှိရင်ပြောပါ..အန်တီလည်း





သမီးတစ်ယောက်ပဲ တတ်နိုင်မယ့်ကိစ္စမို့လို့.."

မီးရောင်ကိုမျက်နှာမူထားသည်မို့ ဝိုင့်မျက်နှာမှာ မဲ့ပြုံးတစ် ချက်ဖြစ်သွားတာကို မြင်လိုက်သည်။ ထို့ကြောင့် ပြောလတ်စက ထစ်ငေါ့သွားခဲ့ရကာ..ပြီးမှ..၊

"သားကို ဒီကနေခဏရှောင်နေခိုင်းရမယ်..ကုမ္ပဏီကိစ္စက တမင်လုပ်ကြံတာလို့ ယူဆတဲ့အတွက်ဖြေရှင်းရမှာဖြစ်သလို ရိုက်မှုကိုလည်း တစ်နည်းနည်းနဲ့ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်တယ်လေ..အဲ့ဒီ မှာ သမီးက ကုမ္ပဏီမှာအရင်လိုပဲ ပြန်ဦးစီးပြီး လုပ်ငန်းတွေ အရှိန်မပျက်အောင် ဆက်ထိန်းထားဖို့ပါ..လူမဟာဘက်ကလူတွေ ကျေနပ်ဖို့ကလည်း.."

"ကျန်ခဲ့သမျှပြဿနာပေါင်းစုံကို သမီးကဝင်ရှင်းနေခဲ့ရမှ ပေါ့.."

"အဲ့လိုကြီးလည်း မဟုတ်ပါဘူးသမီးရယ်..သမီးအန်တယ်လ်လည်း ရှိနေမှာပါ.."

"ဆောရီးပါ..သမီးစကားပြောလောသွားတာ.."

ဆောရီးစကားကိုဆို၍ နောက်ဆက်တွဲပြောလာတာတွေက နားမခံသာ..၊

"ဘယ်လိုကောင်းအောင်ပြောပြော ဒါရှောင်ပြေးတာပဲ အန်တီ သမီးညနေတည်းက အကြံပေးခဲ့တာပဲ၊ ဥပဒေကိုကျောခိုင်းပြေးတာနဲ့ ကိုယ်ကအမှောင်ထဲရောက်သွားတာပဲ..သူထွက်ပြေးမှာကိုတောင် သမီးတားခဲ့သေးတာ၊ သမီးကိုပါ ဘာဖြစ်လို့ ပြေးခိုင်းနေတာလဲ..ကိုနဲ့ မှောင်ခိုရှောင်ပြေးဖို့ကရော ဘာဖြစ်လို့ သမီးဖြစ်လာရတာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"သမီးပဲ ဒီကိစ္စတွေကို ကျွမ်းကျင်တာမို့လို့ပါ..သမီးတို့အတူတူရှိနေကြတည်းက အတူတွေးအတူရေးခဲ့ကြတာလေ၊ ဘယ်သူစိမ်းတယ် ဘယ်သူကျက်တယ်ဆိုတာ သမီးပဲသိမှာ..ဒီကိစ္စကို သမီးနဲ့ အန်တီတို့ ဝိုင်းဝန်းဖြေရှင်းကြရင် အမြန်ဆုံးအဖြေထွက်လာမှာပါ.."

'ဒါကျမှပဲ သမီးတို့အတူတူရှိနေကြရင် ဖြေရှင်းနိုင်မယ်' တဲ့လား..၊

ကိုယ့်ကို အလုပ်ထုတ်တဲ့စကားပြောခဲ့တုန်းက ဘယ်သူဝင်ပြီး ကန့်ကွက်ဖာထေးခဲ့တာရှိသလဲ..၊

ရင်ထဲမှာ နာကျင်ခဲ့ရတဲ့အတိုင်းပြောလိုက်ချင်ပေမယ့်တကယ်ပြောလိုက်ဖို့ထိလည်း နှုတ်ကမထွက်..၊

"ဒါနဲ့ ဘဝင့်ကို ညနေပိုင်းတည်းက မတွေ့ဘူးနော်.."

ဒီလိုမေးလိုက်တည်းက ဘဝင့်ကိုတော့မခိုင်းဘူးလားလို့ပြောလိုက်တာမှန်းသိကာ..၊

"ဘဝင်ကနေ့လည်ပိုင်းတည်းက မောင့်ကိုအင်္ဂလိပ် စပီကင်သွားသင်ပေးနေတာလေ..မိုးချုပ်ခါနီးမှ ပြန်ရောက်လာတာ"

"အဲဒီတော့ သူ့ကိုဘာမှမပြောပြခဲ့ဘူးပေါ့.."

"သမီးရယ်..ဘဝင်က.."

"သမီးထင်နေတာ ဘဝင်စိတ်ဆင်းရဲသွားမှာစိုးလို့တမင်မပြောဘဲ ထားတာများလား.."

"သူ့ကိုပြောမှာ..ဒါပေမယ့်.."

"ရပါပြီ..သမီးနားလည်ပြီ၊ ဖြစ်သင့်တဲ့အတိုင်းတော့ဖြစ်လာမှာပါ..သိပ်စိတ်မပူပါနဲ့.."





ဒေါ်ပန်းသီရိရင်ထဲမကောင်းပေမယ့် ဘာမှလည်းဆက်ပြောဖို့ မရှိတော့ပေ၊ မရိုသေမလေးစားသည့် အကြည့်စူးစူးတွေနဲ့ စော်ကားသော ပြန်လှန်မေးခွန်းတွေနဲ့ မာနပြသွားခဲ့တာသိသော်လည်း..၊

သားအတွက် ဝိုင်က ခုချိန်မှာ အလိုအပ်ဆုံးမိန်းကလေးဖြစ်နေရာ..၊

ꕤ ꕤ ꕤ



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၃)

"သမီးဘာလုပ်မလို့လဲဟင်.."

"ဘဝင်ပြန်တော့မယ်.."

"ပြန်မလို့.."

"ဟုတ်တယ် ကျင်ကျင်..ဒီမှာနေလည်း ဘာမှရလာမှာ မဟုတ်ဘူး..ဘာမှလည်း ဖြစ်လာမှာမဟုတ်ဘူး၊ လူကိုအထင်မြင် သေး စော်ကားခံရတာပဲ ရှိတယ်..အဲ့ဒါကြောင့်ပြန်မှာ ပြန်ဖြစ် အောင်ပြန်မှာ.."

ဒေါ်ကျင်တအံ့တသြကြီးဖြစ်နေမိကာ ဆွဲချထိုးထည့်လို့ မကုန်နိုင်သော ဘဝင့်ရဲ့အဝတ်အစားတွေကိုရော ဘာအတွက်





စိတ်တွေတိုပြီး ပြန်မယ်သွားမယ် ဖြစ်နေမှန်းမသိသော မျက်နှာ လေးကိုရော အပြန်ပြန်အလှန်လှန် ကြည့်နေမိ၏။

စိတ်တိုနေပေမယ့် စိတ်တိုနေတာနဲ့လည်းမတူ၊ အဝတ် တွေ တကုယ်ထည့်နေလို့သာ တကယ်ပြန်ဖို့ပြင်နေမှန်းသိပေ မယ့် ပြန်လောက်အောင် ခံစားနေရသည့်ပုံလည်းမပေါက်..၊

"ဘာဖြစ်ရတာလဲသမီးရယ်..မမကြီးတို့မှာလည်း ပြဿနာတွေတက်နေကြတာ.."

"တက်တက်ပေါ့.."

"သမီးကအဲ့ဒါကြောင့်သွားမှာလား..သမီးကိုဘယ်သူ က စော်ကားပြောဆိုနေလို့လဲဟင်.."

ဒေါ်ကျင်က ဝိုင်နဲ့ဘဝင်ရဲ့အစတည်းက အနေအထား ကို သိခဲ့တာမဟုတ်ပေ၊ ဒါပေမယ့် သူမကိုကျင်ကျင်လို့ဘယ်သူ ကမှ မခေါ်ခဲ့ဘူးဘဲ ဘဝင်က ခေါ်ခဲ့သည်။ ရောက်ရောက်ချင်း သူမကို စတင်နှုတ်ဆက်ကာ မသိတာတွေ မေးလိုက်တာလည်း ဘာကစဖြေရမှန်းမသိအောင် တရင်းတနှီး..၊

ထို့ကြောင့် သူမဘဝင့်ကိုချစ်လေသည်။ ပြီးတော့ ဒီ အိမ်ကြီးမှာမှ ထူးဆန်းသောဖြစ်ရပ်တွေနဲ့ ကြုံခဲ့ရကာ..၊

ဇနီးနှစ်ယောက်တိုက်ဆိုင်စွာဆုံ၍ အတူတူနေကြရခြင်း ကို အံ့သြရင်း ဘဝင့်ကိုပဲ သနားပိုခဲ့ရ၏။ တော်ရုံမိန်းကလေးမျိုး တွေ ရင်ဆိုင်ရဲမှာမဟုတ်သော အခြေအနေမျိုးတွင် ဘဝင်က ပုပင်ကြောင့်ကျမဲ့သည့် ကလေးမလေးသ ဖွယ်ရှိနေခဲ့သည်။

ဒီနေ့ကျတော့ ပြန်တော့မည်လို့ဆိုနေပြန်ပြီ၊

"ဟင်..ပြောပါဦးသမီးရယ်၊ အိမ်ရှေ့မှ အိမ့်နောက်



www.burmeseclassic.com

www.burmeseclassic.com



မချမ်းသာဆိုတာ မှန်ပါတယ်..ဒါပေမယ့် ပြဿနာတက်နေကာမှ မျက်နှာလွှဲခဲပစ် ရှောင်ထွက်သွားတယ်ဆိုတာ မကောင်းဘူးလေ..နောက်ပြီး သမီးတို့က ချွေးမနှစ်ယောက် အပြိုင်အဆိုင်ဖြစ်နေကြတာ.."

"ဘယ်သူကပြိုင်လို့လဲ..မပြိုင်ပါဘူး၊ အစတုန်းက ဘဝင်က ကိုယ့်ကိုယ်ကိုပြိုင်ဘက်မရှိ မိုလ်စွဲမယ့်သူလို့သတ်မှတ်ခဲ့တာ..ကိုကိုက ဘဝင့်ကိုပဲချစ်တာလို့ ယုံကြည်ခဲ့တာ.."

"သမီးစိတ်ကခံစားမိနေတယ်ဆိုရင် ဟုတ်နေလို့ဖြစ်မှာပေါ့ သမီးရယ်..သူ့သားလေးကိုတောင် ဒီလောက်ချစ်တဲ့ဥစ္စာ.."

"သားကိုလည်းချစ်တာမဟုတ်ဘူး..ဘဝင်က အကျင့်မကောင်းတဲ့မိန်းမလို့ ပြောချင်လို့.."

"ဒုတ်.."

အကျီတွေပစ္စည်းအတိုအထွာတွေကို ဆောင့်ဆွဲကပစ်ချလုပ်နေစဉ် စားပွဲပေါ်မှာတင်ထားသည့် နာရီဓာတ်ပုံဘောင်လေးကို တိုက်ချလိုက်သလို ဖြစ်သွားခဲ့၏။

ဘဝင်လှည့်ကြည့်ပြီး ပျာပျာသလဲလိုက်ကောက်သည်။ ပြီးတော့ ဓာတ်ပုံကို ရင်ဘက်လေးနဲ့နှစ်ချက်လောက် ပွတ်သုတ်လိုက်ပြီးမှ ပြန်ချတော့ ဒုတ်ခနဲဆောင့်ချလိုက်ပြီး..၊

"အလကား..မေတ္တာထားဖို့မကောင်းတဲ့လူကြီး.."

ရင်ထဲမှာဘယ်လိုဖော်ပြရမှန်း မသိအောင်ခံစားနေရသည်။

ပြီးတော့ ရှက်လည်း ရှက်မိလေသည်။

ကိုယ့်မှာတော့ ချစ်လိုက်ရတာ..ကိုကို့ရင်ခွင်ထဲမှာပဲ





ပြန်နိုးလာတော့ အိပ်ရာစောစောထနေကျ အလုပ်တိုတောင် မေ့ချင်ယောင်ဆောင်နေခဲ့မိ၏။ ကိုကို့ကို ပြန်ဖက်ထားရင်း သူမမြတ်နိုးခဲ့ရသည့် စိမ်းမြသောမွှေးညှင်းစတို့နှင့် မေးဖျားကိုနမ်းမိသည်။

ပြီးတော့ ကိုကို့လည်ပင်း၊ ကိုကိုရဲ့ရင်ဘက်တွေမှာပါ မြတ်နိုးမဝသော မနမ်းများနှင့် မေ့မူးနေခဲ့မိ၏။

သူကတော့နိုးလာတာနှင့် ဘဝင့်ကိုတွန်းထုတ်ခဲ့သည်။

"သွားတော့..ငါမင်းကိုသတိရဖွယ်တွေဖြစ်အောင် ဖြားယောင်းဖို့မကြိုးစားနဲ့.."တဲ့..၊

"နောက်တစ်ခါ ဒီအခန်းထဲကိုကလေးအကြောင်းပြပြီး ထပ်မလာနဲ့နော်..မိန်းကလေးဆိုပြီး ငါမင်းကိုညှာမှာမဟုတ်ဘူး" လို့လည်း မစာနာစွာပြောသေးသည်။

သူမဘယ်လိုမှ မယုံနိုင်ဖြစ်ခဲ့ရလျက်..၊

"ကိုကို..ညတုန်းက ကိုကိုပဲဘဝင့်ကိုအတင်းနော်.."

"ဘာအတင်းတာလဲ..ငါမူးပြီးပြန်လာတာ.."

"ဟုတ်တယ်..မူးနေတယ်၊ ဒါပေမယ့်..ကိုကို ဘဝင့်ကိုအတင်း.."

"ငါမူးနေမှန်းသိရင် မင်းရှောင်ရမှာပေါ့..မင်းနဲ့ငါက ကွဲနေကြတာ၊ ဟိုတုန်းက ညားခဲ့ဖူးပေမယ့် အခုဘာမှမဆိုင်ကြတော့ဘူး..ဆင်ခြင်ရမှာ မင်းကိစ္စ..ဘာလဲ မင်းကိုသတိရဖွယ်တွေဖြစ်အောင် ဖြားယောင်းတာလား..ကြိုးစားမနေနဲ့..အပိုပဲ.."

"ကိုကိုမမိုက်ရိုင်းနဲ့နော်..ဘဝင် အဲ့လိုမိန်းမမဟုတ်ဘူး.."

ဒေါသထွက်လွန်းသဖြင့် သူ့ရင်ဘက်ကြီးကို တွန်းပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ ပြီးတော့..၊

"ရှင်ကြီးမိန်းမတစ်ယောက်ကို အဲ့လိုချိုးဖဲ့ပြောထွက်တယ် ဟုတ်လား..လူယုတ်မာ.."

ဘဝင် သူ့ရင်ဘက်ကိုတစ်ချွန်းပြောရင်း တစ်ခါတွန်းပစ်ရင်းနှင့်..၊

"လူရမ်းကား.."

"လူညစ်.."

"ဒါမျိုးဘယ်တော့မှ ထပ်မဖြစ်စေရဘူးသိလား.."

"ရှင့်ကိုမုန်းတယ်.."

သူမအားရှိသလောက် တွန်းရင်းအော်ရင်းနှင့် နာရီနဲ့ရဲမှာ ကျောကပ်မိသွားတော့ ထိုရင်ဘက်ကြီးကို စိတ်ရှိလက်ရှိထုရိုက်အော်မိရင်း..၊

"နောက်ဘယ်တော့မှ ရှင်နဲ့ထပ်မတွေ့စေရဘူး..အဲ့ဒါမှတ်ထား.."

ပြန်တွေးနေမိရင်း သူမမျက်ရည်တွေ ပြိုးပြိုးပြိုက်ပြိုက်ကျလာလေသည်။

"ဟင်..သမီးငိုနေတယ်၊ ဘာတွေများ ဒီလောက်တောင်ဖြစ်ခဲ့ကြလို့လဲကွယ်.."

ဒေါ်ကျင့်အသံကြားမှ ကိုယ့်မျက်နှာကိုပြန်စမ်းလိုက်မိသည်။

မျက်ဝန်းထဲမှာဆက်ကျမယ့် မျက်ရည်တွေအဆင်သင့်ရှိနေသေးသည်။ ပါးပေါ်မှာလည်းစိုရွှဲနေ၏။ မေးဖျားမှာလည်းခိုတွဲနေကြတာ မျက်ရည်ပေါက်တွေ..၊





သူမ ကိုကို့ရှေ့မှာတောင် ဒီလောက်အော်ဟစ်ခဲ့မိပေမယ့် မျက်ရည်မကျခဲ့ပေ.. ၊

"သမီးတို့လင်မယားချင်း ဖြစ်ခဲ့ကြတာဆိုရင်လည်း သူခုလို ဒုက္ခရောက်နေတဲ့အချိန်မှာတော့.."

"ဒုက္ခမရောက်ဖူးတဲ့လူရှိလို့လားကျင်ကျင်ရဲ့..သူ့မှာမှချစ်မယ့်ခင်မယ့်သူတွေ စီနီယာတွေဂျူနီယာတွေနဲ့၊ ဘဝင်ရှန်းကန်ခဲ့ရတုန်းက ဘယ်သူမှမရှိဘူး.."

"ဒါပေမယ့် သူများကကိုယ့်ရဲ့အကူအညီလိုနေကာမှအနာဟောင်းပြန်ရှာပြီး အပြစ်ထောက်တာ မေတ္တာစိတ်နည်းတဲ့လူတွေအလုပ်ပါ.."

"ဒါကတော့ အတုံ့အလှည့်သဘောပဲ.."

ဘဝင်က မျက်ရည်တွေကိုမကျေနပ်စွာ သုတ်ပစ်လိုက်ပြီး မျက်နှာမော့သည်။ ပြီးတော့ အိတ်ကိုလည်း ဇစ်ဆွဲပိတ်လိုက်ကာ..၊

"သူ့ဆီကလိုချင်ရင် ကိုယ်ကအရင်ပေးရတယ်..ကိုယ်ပေးထားတာ ဘာမှမရှိဘဲနဲ့ သူများဆီကလက်ဝါးဖြန့်ချင်လို့ရမလား..တော်ပါပြီ ဘဝင်သူ့ဆီကလည်း ဘာမှမမျှော်လင့်တော့ဘူး..ကိုယ့်ဆီကလည်း ဘာမှထပ်မပေးနိုင်ဘူး၊ ပြန်မယ်ရန်ကုန်မှာကို မနေတော့ဘူး"

"သမီးရယ်.."

"တော်ပြီကျင်ကျင်..သွားသွားရေ၊ ပြန်မယ်သွားသွားလေး လာ.."

"ဗျာ.."



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်မှာဆော့နေသည့် ကလေးကိုပါလှည့်ခေါ်လိုက်သဖြင့် ဒေါ်ကျင်ဘာမှ ဆက်ပြောလို့မရတော့ဘဲ ဖြစ်သွားသည်။

"တီလေး..ဗျာ.."

"တီလေးတို့ပြန်မယ်.."

"တယ်ကိုလဲဟင်..ဒီနေ့ကယ်လ်လေးတို့ ဆီသွားရမယ့်နေ့ မဟုတ်ဘူးလေ.."

"ကယ်လ်လေးတို့ဆီကို မသွားပါဘူး..တောင်ကြီးကဘိုးဘိုးတို့ဆီပြန်မှာ.."

"ဟင်.."

ကစားနေရာကနေ ဖုတ်ဖက်ခါထလာသည့် စက်လေးဟင်ခနဲဖြစ်သွားသည်။

"တီတီ.."

"ကားပေါ်ရောက်ရင် တီလေးရှင်းပြမယ်၊ စကားတွေလည်း အများကြီးပြောမယ်၊ နော်..အခု ဘာမှမမေးနဲ့ဦး.."

"ဖေဖေရော လိုက်မှာလား.."

"သား.."

ဘဝင်က အသံမာမာနှင့်ခေါ်လိုက်ပြီးမှ မျက်နှာကိုပြေပြစ်အောင် ပြန်ပြင်ကာ..၊

"ကားပေါ်ရောက်ရင် ပြောပြမယ်ဆိုမှ.."

"ကားပေါ်ရောက်မှ ဖေဖေကလိုက်လာမှာပေါ့.."

ကြည့်..၊

ခံစားနေရသည့်ရင်ထဲမှာ ဒီနေ့လောက်သည်းခံနိုင်စွမ်းမဲ့





နေခဲ့တာမရှိ..၊

"သားသား၊ တီလေးမဖြေနိုင်တာချည်းမေးနေတာ တီလေး မကြိုက်ဘူးနော်.."

"တီလေးကလည်း သားသားလေးမသိတာတွေပဲ လုပ်နေတာ.."

"တာရယ်.."

"သားသားလေးက ဖေဖေနဲ့ပဲနေချင်တာ.."

"ဘာ.."

သားကခေါင်းမာသည်။

တစ်ခုခုကိုစိတ်တိုင်းကျသည့် အခြေအနေ ဒါမှမဟုတ် စိတ်ကျေနပ်လောက်သည့်အဖြေမရခဲ့ရင် တော်ရုံနဲ့တိတ်ဆိတ်ငြိမ်သက်သွားတတ်သူ မဟုတ်ပေ..၊

မျက်လုံးမလွှဲတမ်းကြည့်ပြီး မျက်တောင်လေးတစ်ဖျက်ဖျတ် ခတ်နေပြီဆိုလျှင် သားရဲ့မနာခံချင်တော့တဲ့အတွင်းစိတ်လေး ဖြစ်နေပြီဆိုတာ သိနိုင်တာမို့ ဘဝင်မျက်နှာလွှဲပစ်လိုက်ပြီး..၊

"သားသားရဲ့ကစားစရာတွေထည့်ဖို့..ရော့.."

"သားသားလေးမလိုက်ဘူး.."

"ဘာ.."

"သားသားလေး ဖေဖေ့ကိုချစ်တယ်.."

"တီလေးကိုရော.."

"ချစ်တယ်..မလိုက်ဘူး.."

"ဒါဆို ဒီမှာနေခဲ့ပြီး တီလေးနဲ့တော့ ခွဲနိုင်တယ်ပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"တီလေးလည်းမသွားနဲ့.."

"သားသားနော်..တီလေးကိုစိတ်တိုအောင်မလုပ်နဲ့.."

"ဟင့်အင်း..ဟင့်အင်း.."

လက်ကိုလှမ်းဆွဲလိုက်ကာမှ စက်လေး ချာခနဲ လှည့်ပြေးသွားလေသည်။

ကြည့်စမ်း..ဒီကလေးလေး..၊

ဒေါသလည်းထွက် ရင်ထဲမှာလည်းနင့်သွားမိသည်။ ကိုယ့်မှာတော့ ချစ်လိုက်ရတာ ရှေ့ကိုသွားရင် နောက်ကြောင်းကိုမဖြောင့်နိုင်၊ ခရီးသွားလို့ နှစ်ရက်သုံးရက်ခွဲနေရပြီဆို သားလေးရဲ့ဗီဒီယိုဖွင့်ကြည့်ပြီး အလွမ်းဖြေနေရသည်။

သူကတော့ ကြင်ကြင်နာနာလည်းမရှိဘဲ ခုမှတွေ့ရသည့် ဖအေကို စွဲစွဲလမ်းလမ်း..၊

ဒါဆိုနေလိုက်စမ်းဆိုပြီး ထားခဲ့လိုက်ရမလား..၊

ကိုယ့်ဘာသာမေးပြီး ခေါင်းခါလိုက်မိသည်။ သားလေးကို သူမ မခွဲနိုင်ပေ၊ ကလေးဆိုတာလက်သာရာမှာ ခဏတော့ပျော်နေတတ်ကြတာပဲ..၊

"သားသားရေ..ဘယ်ရောက်သွားတာလဲ၊ ထွက်လာခဲ့.."

ကလေးနောက်ကို သူမထွက်လိုက်လာခဲ့သည်။

တစ်မန်းဝင် တစ်ခန်းထွက် ရှာပေမယ့်မတွေ့..၊

သားလေးအောက်ထပ်ဆင်းသွားပြီး သူ့အဘွားဆီပြေးပုန်းတာလား၊ ခြေလှမ်းက လှေကားဘက်ဆီရောက်သွားလိုက်သေးသည်။ သို့သော်..၊

"နောက်ကိုဒီကလေးအကြောင်းပြပြီး ထပ်ဝင်မလာနဲ့.."





တဲ့..၊

နာရီ့စကားတွေကို သတိရကာ ခြေလှမ်းပြန်ရုတ်မိသည်။

ဘာဖြစ်လဲဘာဝင်..၊

သူ့အဖေနဲ့အဘွားတွေပဲ၊ နင့်သားကလည်း နေချင်နေတာ ထားခဲ့လိုက်တော့..၊

သူမနောက်ထပ်အပြောလည်းမခံနိုင်တော့ပြီမို့ ပြန်လှည့်လာခဲ့ရင်း..၊

"ကျင်ကျင့် သားသားကိုထားခဲ့တော့မယ်.."

"ဟင်..သမီးက.."

"ဘဝင်ပြန်မယ်ကျင်ကျင်..အခု သားသားကိုထားခဲ့ပေမယ့် သူတို့ကလေးရရင်တော့ သားကို ဘဝင်ပြန်ခေါ်မှာလို့ပြောပေး.."

"မဟုတ်တာသမီးရယ်..သမီးထွက်သွားရင် ဝိုင်နဲ့ပေးစားခဲ့သလို ဖြစ်သွားမှာပေါ့၊ အခေါက ဟိုကိုလည်း ကွဲစေပြတ်စေလိုလို့ မဟုတ်ပါဘူး..ဒါပေမယ့် သူနဲ့ကမတည်ဆောက်ရသေးတဲ့ အိမ်ထောင်ရေးလေ၊ သမီးတို့ကျတော့ ကလေးလည်းရနေပြီ.."

"ဟင့်အင်း.."

မတည်ဆောက်ရသေးတဲ့ အိမ်ထောင်ရေးကိုပဲ ကိုကိုတန်ဖိုးထားနေတာပါ၊ ကိုယ်ကတော့ ဘယ်တုန်းကမှ မတောင့်တယ်မလုပခဲ့တဲ့မိန်းမ..၊

ချစ်ချင်ဖွယ် အသစ်စက်စက်ဇနီးအလှလေးကိုပဲ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လက်တွဲချင်မှာပေါ့၊ တွေးရင်းနဲ့ငိုချင်လာသည်။ အိတ်ကိုလှေကားထိပ်မှာခဏချ၍ အပေါ်ထပ်ထပ်ခိုးတွေ လသာဆောင်တွေ မော့ကြည့်ကာ.. ၊

"တီလေးတကယ်ပြန်ပြီနော် ကိုကိုငယ်..သားသားကိုထားခဲ့တော့မှာ.."

ပြောနေရင်း မျက်ရည်တစ်စက်စီးသွယ်ကျ၏။

ဒီသားအဖအတွက် သူမ ငိုတတ်ခဲ့ပါပြီ..၊

မျက်ရည်ကို လက်ခုံနဲ့ကပ်သုတ်ပစ်မိရင်း..၊

"တီလေးသွားပြီ.."

လှေကားထစ်တွေကို တစ်ထစ်ချင်းဆင်း၍ အိတ်ကိုလည်း တစ်ထစ်ချင်းဆွဲချကာ၊ သားလေးပြေးထွက်လာမလားလို့လည်း လှေကားထိပ်ကို လှည့်မျှော်ရင်း..၊







# အခန်း (၁၄)

"သူ့ကိုမပြောတာက ဒီအလုပ်ကိစ္စတွေကို သူ့ဘာမှနားလည်မှာမဟုတ်လို့ပါ.."

"သမီးကတော့ အဲ့ဒီလိုမထင်ဘူးအန်တီ..ဒါကြောင့် ရှင်းရှင်းပြောရရင် ကို့ပြဿနာကို သမီးလက်တွဲဖြေရှင်းရမယ်ဆိုတော့ ဘဝင်နဲ့သူ့ကလေးကို ဒီကနေမောင်းထုတ်ပေးမှ မျှတမှာ.. မှုတော့ ကိုယ့်အပူလုပ်ရပြီး အေးတာကျမှ မျှတနေရမယ်ဆိုရင် သမီးနစ်နာတာပေါ့.."

ဦးတင်ထွတ်မျက်နှာတင်းသွားသည်။ ဒေါ်ပန်းသီရိရှေ့မှာ စကားများများ မပြောနိုင်တော့သည့် အခြေအနေရောက်နေပြီဖြစ်သည်။ နာရီ့ပြဿနာစဖြစ်တည်းက ထမင်းမစားနိုင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ခုထိလည်း ဘာမှဟုတ်တိပတ်တိစားတာ မရှိသေး...၊

"မင်းကိုအကူအညီတောင်းလိုက်တဲ့အတွက် ဒီကိစ္စပြန့်ကားသွားပေမယ့် တကယ်တမ်းက ကောင်လေးကိုယ်တိုင်က မင်းဆီက အကူအညီကို လိုချင်တာမဟုတ်ဘူးဝိုင်.."

"လူတိုင်းမာနကြီးကြီးနေချင်တာပါပဲ..ဒါပေမယ့် မာနကြီးတဲ့လူတိုင်းလည်း အချိန်တိုင်းကြီးနေလို့မရပါဘူး..."

"မှန်တယ်..ဒါပေမယ့် လင်မယားချင်း အကူအညီတောင်းနေရတယ် ဆိုတာလည်း သဘာဝမကျသေးဘူး..."

"ဒါကတော့လိုအပ်လာမှ ကောက်ကိုင်ရင် ချက်ချင်းအံဝင်ခွင်ကျဖြစ်ဖို့ မလွယ်ဘူးလေ..ဝိုင်တို့က သက်မဲ့ပစ္စည်းတွေလည်း မဟုတ်တော့ ဘောဂဗေဒဆန်နေတာ မှုတပါတယ်.."

"မဖြစ်ဘူး...မဖြစ်ဘူး ဒီလိုလုပ်ပေးမှဆိုရင်တော့ ထားလိုက်ပါတော့ မောင်လေးရယ်.."

မြေးကို အထိမခံနိုင်တော့လား၊ ချွေးမကို မပစ်နိုင်တာလားတော့မသိ၊ ဒေါ်ပန်းသီရိထိုင်ရာမှ ခပ်လေးလေးထလာပြီး တားလိုက်တော့ ဝိုင့်နှုတ်ခမ်းလေး မဲ့ပစ်သည်။

မေမေတို့က ဘာမှလုပ်မပေးရဘူးလို့ တားဆီးခဲ့တာကိုတောင် သူမက ခွတ်တိုးဖို့ဆုံးဖြတ်ခဲ့တာပါ၊ အဲ့ဒီအတွက် ဒီလောက်လေးတောင် ပြန်မရသင့်ဘူးလား...၊

"သမီးကိုအန်တီပြောပါရစေ..လိုအပ်လာမှဆိုတဲ့ စကားကို အန်တီတို့ကလည်း ပြန်မေးလိုက်ရပါတယ်၊ ဒါပေမယ့် သမီးရဲ့ ဂုဏ်သိက္ခာထိခိုက်သွားနိုင်သလို အရမ်းကိုကလေးဆန်ဆန်ရှုပ်ထွေးကုန်တဲ့အဖြစ်မျိုး *ရောက်သွားကြမှာ..အခုသမီးကို သား





ရှိနေခိုက်မှာ ဝင်ပြီးကြပ်မတ်ပေးရုံတောင်းဆိုတာက ဒါတွေကို အဝင်ဘာမှမတတ်နိုင်မှန်း သိနေလို့.."

"လိုရင်းကတော့ ဒါပါပဲ.."

"ဟုတ်ပြီ ဒါဆိုရင်ပြောပါ..အခုကောင်လေးနဲ့.."

"အဲ့ဒီမေးခွန်းကို သမီးဖြေပြီးပါပြီ.."

ထိုစဉ် ဘယ်သူမှမထင်မှတ်ဘာ အားလုံးရှေ့ကိုရောက်လာတာက နာရီဖြစ်သည်။

"ကောင်လေး.."

"သား မင်းဘာဖြစ်လို့ပြန်လာတာလဲ.."

"ကျွန်တော်က ဘာဖြစ်လို့ပြန်မလာရမှာလဲ.."

"မဟုတ်ဘူး..မင်းကိုတွေ့ရင် သူတို့တွေ အချုပ်ထဲဆွဲသည့်ကြမှာ.."

"မေမေရာ..အဲ့ဒါတွေကိုကျွန်တော်.."

"ဟင့်အင်း မိုက်ရူးရဲမလုပ်ရဘူး..ကုမ္ပဏီကိစ္စတွေကို သား လေးလေးနဲ့ မေမေရှင်းမယ်၊ လူနာကိစ္စလည်းရအောင်ရှင်းမယ်..ဒီကြားထဲမှာ သားထွက်လာလို့မဖြစ်ဘူး..."

နာရီသည် ကြက်သွေးရောင်ရင့်ရင့် ရှပ်လက်ရှည်ကိုတတ်ဖျားစလေး ခေါက်တင်ရုံပဲဝတ်ထားကာ ဘောင်းဘီရှည်အနက်နဲ့ဖြစ်သည်။

အိမ်သားတွေက စိတ်ပူနေကြသလောက် သူ့မျက်နှာကတည်း စိတ်မရှည်ခြင်းတွေဖြစ်နေခဲ့လျက်...၊

"လေးလေးက ဘာတွေပြောထားတာလဲ..မေမေ နေမကောင်းဘူးမို့လား.."



www.burmeseclassic.com

www.burmeseclassic.com



"မပြောလို့ရမလားကွ..ဘာတွေညာတွေ လုပ်မနေနဲ့တော့၊ ခုချက်ချင်းပြန်ထွက်.."

"ကျွန်တော် မသွားဘူး.."

"မသွားလို့မရဘူး.."

"ရပါတယ်..ရှောင်ပြေးတာကမှ ဒုက္ခပိုကြီးမှာ.."

ဝိုင်ကဘေးက ရပ်ကြည့်ရင်း ဝင်ပြောကာ..၊

"တရားဥပဒေကို လက်တစ်လုံးခြားလုပ်လို့မရဘူး..ဖြစ်လာတဲ့တိုင်း ရင်ဆိုင်ဖို့ပဲ အန်ကယ်လ်တို့တိုက်တွန်းလိုက်ပါ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ကိုယ့်အိမ်ကနေပဲ ရင်ဆိုင်မယ်ဆိုရင် ဝိုင်ကူညီပါ့မယ်"

ကူညီမယ်ဆိုသည့်စကားကြောင့် နာရီ့အကြည့်တွေ သူမဆီ တန်းခနဲ ရောက်လာသည်။

"မင်းဘာပြောလိုက်တာလဲ.."

"သား..ပြဿနာဖြစ်နေချိန်မှာ အချင်းချင်းစကားစစ်ထိုးနေလို့မဖြစ်ဘူး.."

မဟုတ်သေးဘူး၊ ဝိုင့်မျက်လုံးတွေကို သူမကြိုက်..၊

"ကိုယ်မင်းအကူအညီလိုနေတယ်လို့ ဘယ်သူပြောထားတာလဲ..လေးလေးလား.."

"ကောင်လေးရာ..ကျွတ်.."

ဦးတင်ထွတ် ကျွတ်ခနဲဖြစ်ရင်း ရှေ့တိုးလာကာ..၊

"မင်းဘယ်သူ့ကိုမှ ဘာမှမပြောဘဲ ကြိတ်ဖြေရှင်းနေလို့ ဒီလောက်ထိ ခြေရာကြီးသွားတာကွ..ရန်ဖြစ်နေတာတွေ တော်တော့၊ အခု..မင်း.."





ဦးတင်ထွတ်စကားဆုံးအောင် မပြောနိုင်တော့ဘဲ တစ်နေရာကို ကြည့်နေရင်း တိတ်ကျသွားခဲ့သည်။ ထို့ကြောင့် အားလုံး ဦးတင်ထွတ်ငေးကြည့်နေတာကို လိုက်ကြည့်မိကြလျှင် ဒေါ် ရှုးနဲ့ဒေါ်ခင်မမ တို့နှစ်ယောက်..၊

"ဘာတွေဖြစ်နေကြတာတုံး.."

လက်ဖွဲ့အိတ်ကြီးတွေ တရမ်းရမ်းနဲ့လှေကားထစ်တွေ တက်လာနေကာ၊ မေးခွန်းက အရင်ရောက်၏။

"လူတွေအိမ်ရှေ့မှာ မိုးတိုးမတ်တပ်နဲ့ပါလား..ဘာပြဿနာတွေ တက်ကြတာတုံး.."

ရောက်လာတော့မျက်နှာတွေကို လိုက်ကြည့်ပြီးထပ်မေး ၏။ အားယုတ်ကြေကွဲသွားခြင်းနှင့်အတူ ဒေါ်ပန်းသီရိ နားလည် တ်သည်။ ညတုန်းက ဝရန်တာမှာ ဝိုင်ဖုန်းပြောနေတာပဲ..၊

ထို့ကြောင့်..၊

"သိလို့ပဲ..အချိန်မီပြေးလာတာမို့လား မမြရယ်.."

"ကလေးပြောတော့ ကလေးစကားလေ..သမီးပြောသ သိတို့က တကယ်ခိုင်းနေတာလားဆိုတာ သေချာချင်တာ.."

"ဟုတ်ပါတယ်..ပြောမိတယ်၊ ဒါပေမယ့် သူ့သဘော

"သူ့သဘောမရဘူး.."

ဒေါ်မြမှူးက ဝိုင့်လက်ကို ဆတ်ခနဲဆွဲယူလိုက်ကာ..၊

"မုန့်စေတော့သတိမရဘဲနဲ့..တုတ်ဝေကာမှ လာယူစမ်း တာ မသိပဲစဉ်းစားကြည့်ပါဦး.."

"အန်တီ..ဒီမှာ.."



www.burmeseclassic.com

www.burmeseclassic.com



နာရီက ပြောမည်ပြင်လိုက်တာနှင့် ဦးတင်ထွတ်ကလက်ကို ဖိဆွဲထားလိုက်ပြီး ခေါင်းခါပြ၏။ ဒေါ်မြမှူးကတော့ အားလုံးကိုနားကျည်းသည့်မဲ့ပြုံးနှင့် ကြည့်လိုက်ပြီး..၊

"မင်္ဂလာပွဲပျက်ခဲ့ပြီးပြီလို့ ရှင်တို့ပဲတဖွဖွပြောခဲ့ကြတာ.. ခုကျမှ ချက်ချင်းကြီးလင်နဲ့မယား ဖြစ်သွားတာလား..ဘယ်မှာလဲ ဟိုသားအမိရော.."

မေးလိုက်သည့်အချိန်မှာပဲ ဘဝင်ကအဝတ်သေတ္တာကိုဆွဲထွက်လာပြီဖြစ်ကာ ဧည့်ခန်းမှာလူတွေအစုံ မိုးတိုးမတ်တင်ဖြစ်နေတာကို အံ့သြသွားသည့် မျက်နှာလေးနှင့်..၊

ဘာတွေဖြစ်နေကြလို့လဲ..၊

ကျင့်ကျင်ပြောသည့် အပြင်မှာ ပြဿနာတွေတက်နေကြသည်ဆိုတာကို တွေးလိုက်မိရင်း နာရီနဲ့အကြည့်ချင်းဆုံသွား၏။

နေပေ့စေ ဘာပြဿနာဖြစ်ဖြစ်..၊

ပြတ်သားစွာမျက်နှာလွှဲလိုက်သည်။ သို့သော်..၊

ဝိုင်တို့သားအမိတွေရဲ့ ခနီးခနဲ့အကြည့်၊ ဦးတင်ထွတ်ရဲ့စူးရဲတင်းမာနေသောအကြည့်နှင့် ဒေါ်ပန်းသီရိရဲ့မျက်ရည်တွေပြည့်သိပ်နေသော မျက်ဝန်းတစ်စုံ..၊

သူမထံမှာ အဓိပ္ပါယ်တစ်မျိုးစီနှင့် စုပြုံကျရောက်နေသောမျက်နှာတွေကို တစ်ခုစီဖြတ်ကျော်ခဲ့ရင်း..၊

ဘာတွေဖြစ်လို့ ဒီလိုတွေကြည့်နေကြတာလဲ..၊

အားပါးတရပြင်လိုက်မိသည့် ခြေလှမ်းက တွန့်ဆုတ် ပြန်ဖြစ်၏။





"သမီး..ညည်းက ဒါ.."

"ဘဝင် တောင်ကြီးပြန်တော့မလို့ အမေ.."

"ဘယ်လို.."

ဒေါ်ပန်းသီရိခြောက်ချားသွားသည့်မျက်နှာနှင့် နာရီတို့ကို လှမ်းကြည့်သည်။

"ဟွန်း..ဟွန်း..သိသားပဲ၊ ကုမ္ပဏီကို ဒေဝါလီခံရမယ့်အခြေအနေနဲ့ လူကလည်း ထောင်ကျတော့မယ့်အဖြစ်ကိုရောက်မှ ကျွန်မသမီးကို ထောင်ထွက်မယားအဖြစ်နဲ့ ခိုင်းစားချင်လို့.."

"ဒေါ်မြမှူး..ခင်ဗျားစကားပြောတာ သိပ်ကိုရိုင်းနေပြီနော်"

"ရှင်တို့လုပ်ရပ်ကတော့ မရိုင်းဘူးလားဦးတင်ထွတ်..ကိုယ့်ချွေးမနဲ့ မြေးကိုတော့ အနာဂတ်မှာပွန်းပဲ့မှာစိုးလို့ ရှောင်ထွက်ခိုင်းထားတယ်၊ ဝိုင်ဆိုတဲ့ မိန်းကလေးအတွက်ကတော့ အနာဂတ်မရှိဘူး..သိက္ခာမလိုဘူးထင်နေတာလား.."

"အန်တီစကားပြောတာ ဆင်ခြင်ဖို့ ကျွန်တော်ထပ်သတိပေးချင်တယ်.."

"ကို မေမေ့ကိုဒီလိုလေသံနဲ့ မကြိမ်းဝါးပါနဲ့..မေမေပြောတာ ဘာမှမမှားဘူး၊ လူတစ်ယောက်အချုပ်ရောက်ထောင်ကျပြီဆိုတာနဲ့ အဲ့ဒီလူဘဝ တန်းကျသွားတာပဲ..ကိုသားလေးကိုတော့ ထောင်ထွက်သားဖြစ်မှာစိုးတယ်၊ ဒီပြဿနာဖြစ်နေတာ ဘဝင်သိတောင်သိရဲ့လား.."

မေးခွန်းကြောင့် အားလုံးလှမ်းကြည့်လိုက်တော့ ဘဝင်က ဘာမှမသိခဲ့တာကို ဖော်ပြနေသည့် နားမလည်သော



www.burmeseclassic.com

မျက်ဝန်းလေးတွေနဲ့ ရှိလျက်..၊

"အမေ.."

ဘဝင်က သေတ္တာကိုလက်ကမချဘဲ ဒေါ်ပန်းသီရိ

သွားကာ..၊

"ဘာတွေဖြစ်နေလို့လဲဟင်.."

"မင်းဘာလို့ပြန်ချင်တာလဲဆိုတာ အရင်ပြောသွားပါ"

ဘဝင်က နာရီကိုလှမ်းကြည့်သည်။ ပြီးမှ..၊

"ကိုကိုမလိုလားဘဲနဲ့ အတင်းတွယ်ကပ်နေတာမျိုး

မလုပ်ချင်တော့လို့.."

"ဟား..ဟား..သံဝေဂတရား ရသွားတာလည်း အ

ကောင်းပဲနော်.."

"ဓာတ်တိုက်ထားကြတာဆိုတော့ ကြည့်လို့တော့

ပါတယ်..ဒါပေမယ့် သဘာဝမကျဘူးဖြစ်နေတယ်.."

ဒေါ်ခင်မမကလည်း လှောင်ရယ်သံနှင့်ပြောကာ..

"ခုပဲမေးလိုက်စမ်းပါ..သူ့ယောကျ်ားအတွက် ဘာ

လုပ်ပေးနိုင်လဲလို့.."

ကိုယ့်ကိုရည်ရွယ်နေကြမှန်းသိပေမယ့် ဘာတွေကို

နိုက်နေကြမှန်း ဘဝင်မသိပေ၊ နာရီအပြင်မှာ ရန်ဖြစ်လာ

လို့ ကြားလိုက်သည်။ 'ဘာဖြစ်သွားသေးလဲဆိုတော့' သူက

လိုက်တာ ဟိုဘက်မှာ ဆေးရုံတင်ရတယ်'တဲ့..၊

ကိုယ်ကခံရတာမှမဟုတ်တာ ဘဝင်က ဘာတွေ

လုပ်ပေးရမှာလဲ၊ မြင်နေရသည့်အခြေအနေအရ ဒီကိစ္စ

တော်ကြီးကျယ်နေပြီမှန်း တွက်ဆနိုင်သော်လည်း သူမဆီ





လာသည့်သတင်းက ဒီထက်အတွင်းကျကျ ဘာမှမပေါ်ခဲ့ပေ။

ထို့ပြင် သူမကလည်းမိုးလင်းတာနဲ့ထွက်ပြီး မိုးချုပ်မှ

ပြန်ရောက်တဲ့ရက်တွေပဲ ဖြစ်နေခဲ့ရာ..၊

"သူ့ကိုမပြောခဲ့ကြတာက ပြောလည်း ဘာမှထူးမှာ

မဟုတ်လို့ ပါ.."

ဦးတင်ထွတ်လေသံက အောက်ကျို့ခယပုံမရှိပေမယ့်

မနိုင်တော့လို့ ချေပဖို့ ကြိုးစားရတာ သိသာနေကာ..၊

"နောက်ပြီး.."

ပြောနေရင်းဦးတင်ထွတ်ရဲ့ ရည်ရွယ်ရာက ဘဝင့်ကို

ဖြစ်သွားခဲ့ပြီး..၊

"သူကဒီလုပ်ငန်းတွေနဲ့ ဘာမှပတ်သက်မှုမရှိခဲ့တဲ့ လူ

စိမ်းလည်းဖြစ်နေလို့ ကောင်လေးက.."

"လူစိမ်းဟုတ်လား..တရားခံကို ပုန်းနေခိုင်းပြီး ကျွန်မတို့

ဘူမကိုတော့ ကျန်ခဲ့တဲ့အရှုပ်တွေကို ရှင်းပေါ့..မရှင်းနိုင်လို့ တရား

ခံကို လိုက်ဖမ်းပြီးထောင်ချလိုက်ရင်လည်း ဒီကလေးမကပဲ လင်

ဆိုးမယား တဖားဖားလို့.."

"ဘယ်လိုစကားတွေ ပြောနေတာလဲမမြ..ကျွန်မတို့မိဘ

တွေမျက်နှာကို ရှင်ငဲ့သင့်တယ်.."

ဒေါ်ပန်းသီရိလေသံတွေ တုန်ခါနေဆဲပေမယ့် မာနေခဲ့

သည်။

"မနေချင်ရင်သွားပါ..ဆောရီးလို့တောင် ပြောသွားဖို့

လိုဘူး၊ ကျွန်မတို့က ဘယ်သူ့ကိုချန်ပြီး ဘယ်သူ့ကိုတွန်းပို့တာ

လုပ်ခဲ့တာမဟုတ်ဘူး..အနီးစပ်ဆုံး အကျိုးသက်ရောက်မှုပေး

www.burmeseclassic.com



နိုင်မယ်လူကိုပဲ.."

"အစတည်းက ဘယ်ချွေးမက အသုံးကျတယ်မကျဘူး ဆိုတာ ရှင်တို့ခွဲခြားရမှာမသိ..ကျွန်မတို့က ဂုဏ်သိက္ခာကို အ လေးထားလွန်းလို့သာ လက်ထပ်ပြီးတဲ့မိန်းမတစ်ယောက်အ တွက် ပေးဆပ်ရမယ်လို့ ဆုံးဖြတ်ခဲ့တာ..ဒါကြောင့်မို့လို့ နေနှာ ရဲ့ မရှင်းလင်းတဲ့နောက်ကြောင်းတွေကို မသိသလိုမမြင်သလ ဖင်ခုထိုင်ခိုင်းခဲ့တာပါ.."

"သည်းခံနေတာကို ကြောက်လို့လို့ထင်နေတာ ရှင်တို့ရဲ့ ကလေးအမေ ချွေးမအသုံးမကျဘူးဆိုရင်လည်း သူအသုံးမကျ ပါလို့ ပြောလိုက်စမ်းပါ..ကျွန်မတို့တူမက ကူညီချင်စိတ်ရှိနေရ တောင် ကူညီရကျိုးနပ်အောင်ပေါ့.."

သူတို့ရင်ထဲမှာ ချောင်ထိုးခံထားခဲ့ရသည့် ဝိုင့်အတွ ခံပြင်းစိတ်တွေနဲ့ ကလိကလိဖြစ်နေခဲ့ကြ၏။ ထို့ကြောင့် ဘ ကို သုံးစားမရသည့်မိန်းကလေးတစ်ယောက်အဖြစ် ဆွဲထုတ် ချင်နေတာ ဖြစ်သည်။

ဘဝင်ကလည်း ခံစားချက်တွေအရင့်အမာ အုံဖွဲ့ သည်ဖြစ်ရာ ကိုယ့်ကိုသုံးစားမရလို့ ဘာမှမတိုင်ပင်မှန်းသိလိုက် ချိန်မှာ မျက်ဝန်းတို့က နာရီ့ဆီ ကြေကွဲစွာရောက်လေသည်

နာရီကလည်း သူမနဲ့ခရီးဆောင်သေတ္တာကို စူးစိုက် ကြည့်နေတာမို့ မျက်လုံးချင်းဆုံမိကြကာ..၊

"ဟွန်း.."

ဘဝင်မချိတရိလေးပြုံး၍ နားလည်နေကြောင်း အ ပေးလိုက်သည်။





"မင်းက ဘာလေးနက်မှုမှမရှိ ဘာမှလည်းမသိတဲ့မိန်းမ ပဲ"

"ကလေးအကြောင်းပြပြီး ဒီအခန်းထဲနောက်ထပ် ဝင်မ လာနဲ့"တဲ့..၊

နာရီပြောခဲ့ဖူးသော အကြောင်းအရာများနဲ့ပတ်သက်ပြီး အားလုံး၏ သတ်မှတ်ချက်ကလည်း ဒီတိုင်းပဲဆိုတာ ဘဝင်နား လည်သွားခဲ့သည်။ ထို့ကြောင့် ဘယ်သူလာမေးတာကိုမှ စောင့်ဖို့ မလိုကြောင်း..၊

"ဘာလုပ်ပေးရဦးမှာလဲ..အားလုံး တော်နေတတ်နေကြ တာပဲဟာ..ဒီပြဿနာတွေကို ဘဝင်လည်း ဘာမှသိတာမဟုတ် ဘူး၊ ထွက်လာတည်းကိုက ဒီပြဿနာထဲခေါင်းလျှိုကြည့်ဖို့လည်း မဟုတ်ဘူး..တောင်ကြီးကိုပြန်တော့မလို့ အမေနဲ့လေးလေးတို့ကို ဝင်နှုတ်ဆက်တာပါ.."

လူကြီးနှစ်ယောက်ရဲ့မျက်နှာတွေ နီရဲတင်းမာနေကြ သည်။ နာရီက မျက်မှောင်တစ်ချက်ကုတ်သွားပေမယ့် ချက်ချင်း မျက်နှာလွှဲပစ်၏။

"ဘယ်လိုပြောလိုက်တယ်ဘဝင်..မြေးလေးရော.."

"ခေါ်လို့မရဘူးအမေ..ဘဝင်လည်း အမေတို့နဲ့စိတ်ချပါ တယ်"

ပြောပြီး နာရီ့ဆီအကြည့်ဝေ့ကာ..၊

"ကလေးနဲ့အကြောင်းပြပြီး တွယ်ကပ်နေတာမျိုးလည်း မဖြစ်ချင်ဘူး..ပြီးတော့ ဘဝင်ကဘာကိုမှ အလေးအနက်မထား တဲ့ နေရာတကာလည်း အသုံးမကျတဲ့မိန်းမပါ.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းသီရိ ဘာမှမပြောနိုင်ဘဲဖြစ်နေပေမယ့်..၊

"ဒီလိုစောစောက ဖြစ်သွားရင်တော့ ဝမ်းသာစရာပဲ..ဒါပေမယ့်ထောင်ထွက်မယား ဖြစ်ရကိန်းရှိနေမှ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းပြီး ခေါင်းလျှိုထွက်ဖို့ ကြိုးစားတာက.. "

"အန်တီဘာပြောလိုက်တာလဲ.."

မာနနဲ့ဒေါ်သတွေ ချက်ချင်းခေါင်းထောင်လာကာ.. ဘဝင်မျက်ဝန်းလေးတွေက စူးရဲနေသည်။ ဒါပေမယ့် ဒေါ်ခင်မမကမဖြေဘဲ ဝိုင်ကမဲ့ကာ..၊

"နင် ငါ့အဒေါ်ကို ပြန်လှန်မေးခွန်းထုတ်မနေပါနဲ့..အခုကိုယ်နဲ့တန်တဲ့လမ်းကို တွေ့ပြီမလား၊ သွားလို့ရပြီ.."

"နင်ခွင့်ပြုနေဖို့မလိုပါဘူး..ဘာပြဿနာတွေ ဖြစ်နေကြသလဲဆိုတာ မသိပေမယ့် သူများစိတ်ဆင်းရဲနေတုန်း အိမ်ပေါ်ကိုအုပ်စုနဲ့လာပြီး ကျီးထိုးသလို ထိုးနေကြတာက အမြင်မတော်ဘူး"

"ဘာပြောတယ်.."

"ကြည့်စမ်း..မိုက်ရိုင်းလိုက်တာ.."

ဒေါ်မြမှုးတို့ အသက်ရှုတွေပြင်းကုန်ကြသည်။

လက်သီးဆုပ် အံကြိတ်ထားရင်း..၊

"ဟဲ့..နင့်မိဘတွေက လူကြီးသူကြီးတွေနဲ့ ဘယ်လိုပြောဆို လေးစားရမယ်ဆိုတာ မသင်ထားဘူးလားဟင်..နင်သိပ်ရိုင်းပါလား"

"ရိုသေထိုက်သူတွေကို ရိုသေဖို့တော့ သင်ပေးခဲ့တယ်လေ ဘဝင်တို့က ငယ်ငယ်တည်းက လူကဲခတ်ကောင်းလွန်းလို့စိန်အတုတွေဝတ်လာတဲ့လူနဲ့ အစစ်ဝတ်လာတဲ့သူကို ခွဲခြားပြ





လိုက်တာ တန်းခနဲပဲ.."

ဒေါ်မြမှုး သွားစေ့အံကြိတ်ထားရင်း တက်ခေါက်၏။

"ကိုယ့်ကိုလေးစားခံချင်ရင် သူများကိုလည်းလေးစားတတ်ရတယ်..အန်တီ သူများအိမ်ပေါ်လာပြီး သူများမိဘကိုပြောချင်တိုင်းပြောနေတာ လေးစားထိုက်တဲ့အမူအရာတွေလား.."

"ဟင်..ဟိုမှာ..ရဲတွေ.."

ဒေါ်မြမှုး ဒေါသအမှောင်ဖုံးသွားကာ ဘဝင့်ကိုဆုံးမဖို့ဖျတ်ခနဲ ရှေ့တိုးလိုက်စဉ် ဒေါ်ကျင့်ရဲ့ အလန့်တကြားပြောသံကြောင့် ချက်ချင်းပြန်ဆုတ်၏။

ပြီးတော့ အိမ်ရှေ့ကိုပြန်ကြည့်လိုက်ရင်း..၊

"လာကုန်ကြပြီ..ခင်မမ နင့်တူမကို ခေါ်သွားစမ်း.."

အလောတကြီးပြောလိုက်ရင်း ဒေါ်ပန်းသီရိရဲ့ သွေးဆုတ်ဖြူဖျော့နေသည့်မျက်နှာကို အားမနာထမ်းကြည့်၍..၊

"ရှင့်မှာ ဝိုင်ဆိုတဲ့ချွေးမ ဘယ်တုန်းကမှ မရှိခဲ့ဘူးနော်..အဲ့ဒါကို ခုကစပြီး မှတ်ထားပေးပါ.."

နောက်ထပ် ဘဝင့်ကိုချဉ်တူးတူးမျက်လုံးတွေနဲ့ ဝေ့ကြည့်ပြီး၊

"ချွတ်ချွတ်သံကြားတိုင်း သူခိုးမှန်းမသိ သံဃာတော်မှန်းမသိ ထဟောင်တတ်တဲ့ ချွေးမနဲ့ဖြေရှင်းကြည့်လိုက်ပါ..အဲ့ဒီရဲတွေ ချက်ချင်းလှည့်ပြေးချင်ပြေးကြမှာ.."

"အန်တီ..နေပါဦး.."

ဘဝင်က ဒေါ်ခင်မမနဲ့ဝိုင့်ရှေ့ကိုပြေးသွားပြီး တားထားလိုက်ကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ်မှာလာတက်စော်ကားပြီး ဒီလိုထွက်သွားလို့ရမလား..အမေနဲ့ကိုကိုက ဘာတောင်းဆိုထားတာလဲ..ရှင်တို့စော်ကားတာခံပြီးပြီ၊ တစ်ခုခုပြန်လုပ်မပေးဘဲ မသွားရဘူး.."

ဟင်..၊

ကြည့်စမ်း..၊

ညီအစ်မနှစ်ယောက်မျက်လုံးပြူးသွားကြသည်။

ရဲတွေရဲ့ကားက ပေါ်တီကိုအောက်မှာ ရပ်သွားပြီဖြစ်သည်။

"ဟဲ့..ဖယ်လိုက်စမ်း၊ နင်ကဘာမို့လို့ တားရဲတာလဲ.."

"ဘဝင်က ဘာမှဟုတ်ဟုတ်မဟုတ်ဟုတ် ဝိုင်က ကိုကို့မိန်းမ မဟုတ်ဘူးလား..ပွဲပျက်ပါပြီဆိုတုန်းကတော့ မပျက်ခဲ့ပါဘူးဆိုပြီး ကျွန်မသာလျှင် လက်ထပ်ပြီးပြီဖြစ်တဲ့ ဇနီးမယားပါဆို.."

ဝိုင့်မျက်နှာလေး ရဲတက်လာသည်။ သူမ သိနေတာ ရဲတွေရောက်လာတဲ့အထိတော့ နာရီ့ဘေးမှာရှိမနေလိုခြင်းပင်..၊

"ဘဝင်မ..နင်ဖယ်နော်.."

"ဟဲ့..ဖယ်စမ်း.."

"မဖယ်နိုင်ဘူး.."

ဘဝင်နှစ်ယောက်စလုံးကို ပခုံးနဲ့တိုက်ပစ်လိုက် အင်္ကျီစဆွဲထားလိုက်နှင့် အတင်းအကျပ်တားဆီးထားကာ..၊

"အမေ့..အမေတို့ ဘာဖြစ်ကြတာလဲ၊ သူပါမှဖြစ်မယ့်ကိစ္စမဟုတ်ဘူးလား..လွှတ်လိုက်လို့မရဘူးမလား.."

ဒေါ်ပန်းသီရိ ကြေကွဲထိုင်းမှိုင်းနေတာတွေလည်း ကြက်





ပျောက်ငှက်ပျောက်ဖြစ်ကုန်ကာ ဘဝင်ဘာလုပ်နေတာမှန်း မသိဘဲ ရှေ့ထွက်လာခဲ့ရ၏။

ဘဝင်ကလည်း ပြဿနာကိုသေချာမသိပေမယ့် ဝိုင်ဖြေရှင်းမှ ဖြစ်မယ့်ကိစ္စ ရှိနေလို့သာ အမေအတင်းတောင်းပန်ခယနေတာမှန်း အသေမှတ်ထားကာ..၊

"သူ့ကိုအမေဘာခိုင်းနေတာလဲ..လူတွေနင်ပဲငဆ ပြောနေတုန်း လိုမ့်ခံထားရတာ..ကိုယ်လိုချင်တာလည်း ရအောင်ခိုင်းရမှာပဲ လုံးဝမလွှတ်ပေးနဲ့.."

"မလိုတော့ဘူးဘဝင်..လွှတ်လိုက်၊ သွားကြပါစေ..သွားကြပါစေတော့အေ.."

ဒေါ်ပန်းသီရိ တားဆီးရင်း မျက်ရည်ဝေ့လာခဲ့သည်။ သားကိုလည်း တွေ့သွားကြပြီမို့ အဖမ်းခံရတော့မှာ ဘာထူးမှာလဲ..၊

"လွှတ်လိုက်.."

ဝိုင်နဲ့ဒေါ်ခင်မမရဲ့ အင်္ကျီအနားစတွေမှာ အမိအရဆုပ်ဆွဲထားသည့် ဘဝင့်လက်တစ်ဖက်ဆီကို ကိုယ်တိုင်ဖြုတ်ချလိုက်ပြီး..၊

"မေတ္တာစေတနာမပါဘဲ ကြိုးတုပ်ခိုင်းလို့ရတဲ့ကိစ္စ မဟုတ်ဘူး သွားကြပါတော့၊ ကျေးဇူးပြုပြီး မြန်မြန်ထွက်သွားကြပါ.."

"အောင်မလေးသွားမှာပါတော်..ဒီလိုနေရာမှာ တစ်နာရီနေရရင် တစ်နာရီကျက်သရေယုတ်ပါတယ်.."

"ဟွန်း..လာစမ်း..အချစ်ဝိုင်၊ ပြန်ကြည့်မနေနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ရပေမယ့် အလျှော့ပေးလိုက်သည့်အဖြစ်ကို ဘဝင် မချင့်မရဲဖြစ်နေမိ၏။

"သွားလေ..မင်းလည်းသွားမှာပဲမို့လား.."

"မယုတ်ပါဘူးအမေရယ်..ဘဝင်က.."

သူမ ဒီပြဿနာတွေကို စိတ်လည်းမဝင်စားခဲ့ပေ၊ ဒီလောက်ထိ ကြီးမားနေမည်လို့လည်း မတွေးမိခဲ့၊ ထွက်သွားဖို့ ဆုံးဖြတ်ခဲ့တာက မိမိရဲ့နှလုံးသားရေးရာနာကျင်မှုသက်သက်ဖြင့်..၊

"ကဲ..ကိုနေနာရီ ကျွန်တော်တို့နဲ့ စခန်းကိုလိုက်ခဲ့ပေးပါ"

"သား.."

ဒေါ်ပန်းသီရိမျက်လုံးတွေ ပြူးကျယ်သွားလျက် ခြေလှမ်းတွေက သားဆီကို မလှမ်းနိုင်အောင် နွမ်းခွေနေခဲ့ပြီး..၊

"ကျွန်မသားလေးက အဲ့ဒီလိုလူစားမဟုတ်ပါဘူးရှင် သေချာစုံစမ်းကြည့်ပြီးမှ အပြစ်ရှိရင်ဖမ်းပါ၊ မလုပ်ပါနဲ့..မခေါ်သွားကြပါနဲ့.."

"မေမေ.."

နာရီဒီဘက်ကို ခြေလှမ်းပြင်လိုက်သည်နှင့် ရဲအရာရှိတစ်ဦးက ကာဆီးထားလိုက်ပြီး..၊

"ကျွန်တော်တို့တာဝန်အရဆောင်ရွက်ရမှာမို့လို့ စိတ်တော့မရှိပါနဲ့ ကိုနေနာရီ.."

"ဒီမှာလူကြီးမင်း.."

မိဘလဲပြိုမတတ်ဖြစ်နေတာတောင် ပြေးကိုင်ခွင့်မပြုသည့်အဖြစ်က ဘဝင့်စိတ်ကို ဆွပေးနေသလိုရှိကာ..၊





"တာဝန်အရဆိုရင်လည်း ဖမ်းဝရမ်းပါလားပြပါ..ပြီးတော့ လူကြီးတို့က ရဲအရာတွေစစ်မှန်ကြောင်း အိုင်ဒီကတ်ဒ်လည်းကြည့်ချင်တယ်.."

အရာရှိနဲ့တပည့်နှစ်ယောက် မျက်နှာတွေတည်သွားကြသည်။ ဒေါ်ပန်းသီရိ ထိတ်သွားကာ..၊

"ဘဝင်ဘာတွေသွားလုပ်နေတာလဲ..လာစမ်း.."

"သူတို့ကတာဝန်အရချည်းပဲပြောနေလို့ ဘာတာဝန်လည်းသိချင်လို့အမေ..ဘဝင်ဒီလိုမေးလို့ ဘာမှဖြစ်သွားစရာအကြောင်း မရှိဘူး၊ အဲ့ဒါတွေမပြနိုင်ရင် သူတို့ခြံထဲကနေ လေးဘက်ထောက်ပြန်ရမှာ.."

ဘုရား..ဘုရား..၊

မြွေပွေ့ရာကင်းမှောက် တစ်ပူပေါ်နှစ်ပူဆင့်ပါပြီ..၊

ဒေါ်ပန်းသီရိ ခေါင်းတွေတရိပ်ရိပ်မူးလာသည်။ သားအတွက် တောင်းပန် ညှိနှိုင်းဖို့ဟာ ဘဝင်လုပ်နေပုံနဲ့ ဘယ်လိုမှ မဖြစ်နိုင်တော့မှန်း နားလည်နေကာ..၊

"ဘဝင်..ဟဲ့..မောင်လေး ကိုထွတ်.."

"ဗျာမမ..ကျွန်တော်မမနားမှာပါ.."

"မင်း မင်းဘာလုပ်နေတာလဲ..ဘဝင့်ကို အမလေး..မူးလိုက်တာ.."

"မမမစိုးရိမ်ပါနဲ့..သူပြောနေတာ အပြစ်ကျူးလွန်နေတာမှ မဟုတ်ဘဲ.."

ရဲတွေပါ မျက်စမျက်နှာပျက်နေကြလျက်..၊

"ကျွန်တော်တို့က တာဝန်အရဆောင်ရွက်ကြတာပါ..



www.burmeseclassic.com

www.burmeseclassic.com



ညီမက.."

"ကျွန်မလည်း ပြည်သူတစ်ယောက်အနေနဲ့ မေးခွင့်ရှိတာပဲ"

ပြောလိုက်တုန်းက တမင်တကာပေမယ့် ဘာကဒ်မှ ထုတ်မလာတော့ ဘဝင်သံသယတွေ ကြီးထွားလာ၏။

ထို့ကြောင့် နာရီကို လက်ထိပ်ခတ်ဖို့ အနားကပ်လာသည့် ရဲနဲ့နာရီ့ကြားမှာ ဘဝင်က ကာကွယ်ရပ်လိုက်ကာ..၊

"ဟိုမှာလဲကျူမတတ်ဖြစ်နေတဲ့ လူမမာရှိနေတာတောင် လက်ထိပ်ခတ်ဖို့ပဲ လုပ်နေရအောင် ကိုကိုက လူသတ်ဓားပြတိုက်ထားတဲ့ လူမို့လို့လား.."

"နေပါဦး..ညီမက တရားခံနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"ကျွန်မက ကိုကို့မိန်းမပဲ..သူ့ကိုဖမ်းမယ်ဆိုရင် နောက်မှာ လူကြီးနှစ်ယောက်ပဲကျန်တော့တယ်၊ အဲ့ဒီတော့ အခုပြောရေးဆိုခွင့် အရှိဆုံး လူတစ်ယောက်ဆိုလည်းမှန်တယ်..ရှင်တို့ရဲ့ ကားကလည်း ဂျစ်ကားပေမယ့် ရဲကားနဲ့မတူဘူး၊ ခုထိ ဖမ်းဝရမ်းလည်းမပြနိုင်ဘူး.. အိုင်ဒီကက်ဒ်လေးတောင် ဒေါ်နဲ့မောနဲ့ ဆွဲမထုတ်နိုင်တော့ လောလောဆယ် လိမ်လည်ကျူးကျော်မှုနဲ့.."

"ဘဝင် ဘာတွေလျှောက်ပြောနေတာလဲ..မင်းဖယ်.."

နာရီက ဘယ်လိုမှကြည့်နေလို့မရတော့သည့် အခြေအနေရောက်လာမှ သူမပခုံးကို ဖယ်ဖို့ပြင်သည်။

ဘဝင်က လက်ကိုပုတ်ချပစ်ကာ..၊

"ဖယ်မှာပါ..ကိုကို့ကိုလည်း ချစ်လွန်းလို့ကာကွယ်နေ





တာ မဟုတ်ဘူး၊ ဟိုတယ်လ်မှာ ဒီလိုမျိုးရဲဝတ်စုံ
င်ခိုးဖို့ကြံတဲ့ အမှုတွေ ကြုံဖူးပြီးသား..သူတို့အမှန်
ဖြစ်ပါဆိုတဲ့ဟာကို ပြနိုင်ရမှာပေါ့.."

ရဲတွေဘာမှလည်းထုတ်မပြနိုင်..ဒေါ်သထွက်
ဘာလုပ်ရမှန်းမသိတော့ဘဲ ရှိလျက်..၊

"အန်ကယ်လ်ထွက်..ကျွန်တော်တို့ဘာလုပ်ရမှာလဲ.."

"ရဲမင်းကြီးတို့ရယ်..အန်တီတောင်းပန်ပါတယ်၊ သူ့အစား အန်တီတောင်းပန်ပါတယ်..အင်း..မူးတယ်.."

ဒီတစ်ခါတော့ မျှော်လင့်ချက်မဲ့ပြီထင်ကာ၊ ဒေါ်ပန်းသီရိတအိအိ ခွေခေါက်ကျသွားလေသည်။

"မေမေ.."

"မမ.."

"အမေ့.."

သုံးယောက်၏ခေါ်သံတွေ တစ်ထပ်တည်းပြိုင်တူထွက်သွားကြကာ၊ ဘဝင်ကပြေးလာ၏။ ပြီးတော့ ရဲတွေလည်းရောက်လာကြသည်။

သူမကို မပြောမဆိုဖို့တားနေရင်း ဖြစ်သွားရတာမို့ ဘဝင် ကိုယ့်အပြစ် မကင်းသလို ခံစားလိုက်ရကာ..၊

"အမေရယ်..ဘဝင်က အမေ့စကားနားမထောင်တာမဟုတ်ပါဘူး၊ အမေ့ကို ခံစားရအောင် မစာမနာလုပ်နေကြလို့ အဲ့ဒီလူတွေကို စိတ်တိုလွန်းလို့ပါ..ဘဝင့်ကိုခွင့်လွှတ်ပါနော်.."

အိပ်ရာထက်မှာလဲလျောင်း ငြိမ်သက်နေသည့် ဒေါ်ပန်းသီရိရဲ့ဘေးမှာ မျက်ရည်တွေတလည်လည်နှင့် ဘဝင်တတွတ်



www.burmeseclassic.com

www.burmeseclassic.com



တွတ်တောင်းပန်နေမိသည်။

ဆရာဝန်ရောက်လာတော့ စမ်းသပ်ပြီး..၊

"စိတ်ဖိစီးမှုတွေများနေတဲ့ပုံပဲ..ရောဂါလက္ခဏာ ဘာမှမရှိဘူး၊ လောလောဆယ် သူ့ကိုစိတ်ချမ်းချမ်းသာသာ အဲနားယူဖို့ ဂရုစိုက်ပေးရင် ရပါပြီ.."

ဆရာဝန်ပြောတာကြားရမှ ဘဝင်စိတ်အေးသွားရကာ..၊

ဟင်..ကိုကိုရော.. ၊

ဘဝင်နေရာမှ ဆတ်ခနဲထရပ်လိုက်မိသည်။ ပြီးတော့ အပြင်ကို ပြေးထွက်လာခဲ့ပြီး..၊

"ကိုကို..ကိုကိုရော.."

အိမ်ရှေ့အရောက်တောက်လျှောက်ပြေးခဲ့လျက် ကားတွေမရှိတော့တာကို မြင်လိုက်ရပြီး..၊

"ကိုကို.."

တစ်ယောက်တည်း ခြေဆောင့်ခါရင်း ဟီးခနဲငိုချမိ၏။

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေခဲ့လျက် ပေါ်တီကိုအောက်ကို ပြေးဆင်းမိသေးသည်။

ပြီးတော့ ခြံဝကိုမျှော်ကြည့်ရင်း လှေကားထစ်တွေပေါ်မှာထိုင်ချပြီး ငိုသည်။ ကိုကိုဒုက္ခရောက်နေကာမှ သူမမာနတွေပြိုင်ပြီး အော်မိပြောမိခဲ့သည်။

အမေတို့ကို လက်ပြန္နတ်ဆက်ဖို့လည်း ကြိုးစားမိသည်။

မဟုတ်ပါဘူး..ကိုကို့ကိုမုန်းလို့ မဟုတ်ပါဘူး၊ ဘဝင်အရှမ်းခံစားရလို့ပါကိုကိုရယ်..၊





"ဘဝင်.."

ဦးတင်ထွတ်ခေါ်သံကြောင့် ဘဝင်ခေါင်းထောင်သွားသည်။ ပြီးတော့ ဆတ်ခနဲထရပ်ပြီး နောက်လှည့်ကြည့်လိုက်တာ.. ၊

"လေးလေး.."

"ဘာလဲ..ညည်းငိုနေတာလား.."

"လေးလေးက ကိုကိုနဲ့လိုက်မသွားဘူးပေါ့.."

"လူမမာကို ဘယ်လိုလုပ် ထားခဲ့မလဲ..ညည်းရှေ့တင်ပဲ ဆရာဝန်သွားပင့်ခဲ့ရတာလေ.."

ဟုတ်သည်ပဲ..၊

သူမလူမမာနဲ့ကိုကို့ကြားမှာ ပျာယာခတ်ပြီး သတိလက်လွတ် ဖြစ်ခဲ့မိ၏။

"ဒါဆို ခုသွားလို့ရပြီလေ..ကိုကို့တစ်ယောက်တည်း စခန်းပါသွားတာ..အဲ့ဒီလူတွေက ရဲမဟုတ်ရင်..ဒုက္ခပဲ၊ ကိုကို့ကို ဘယ်ခေါ်သွားမှာလဲမသိဘူး.."

"ဘဝင်..ညည်းရန်ဖြစ်နေတုန်းကတော့ ဘယ်သူ့ကိုမှ အကောင်းမပြောပါလား.."

"အဲ့ဒါတွေဘာဖြစ်လို့ ပြန်မေးနေတာလဲလေးလေးရယ် အခု ကိုကို့နောက်ကိုလိုက်ရမယ်.."

ဘဝင်ဂါဝန်စလေး'မ'လိုက်ပြီး အိမ်ပေါ်ပြေးတက်သည်။ ပြီးတော့ ဒေါက်မြင့်ဖိနပ်လေး ကိုင်ပြီးပြန်ဆင်းဖို့ပြင်၏။

သို့သော် ဦးတင်ထွတ်က ရှေ့ကကာဆီးထားကာ..၊

"ဘယ်ကိုလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့နောက် ဘဝင်လိုက်သွားမယ်..လေးလေးက အမေ့ကိုကြည့်ထားပေး.."

"ငါ့ကိုဘာလုပ်ဖို့ဘာကိုင်ဖို့ စိစဉ်ညွှန်ကြားနေရအောင် ညည်းက ဘယ်လောက်နားလည်ရင့်ကျက်နေလို့လဲ..ရဲစခန်းလို နေရာကိုများ သွားဖို့စိတ်ကူးသေးတယ်.."

"ရဲစခန်းက ဘယ်လိုနေရာမို့လို့လဲလေးလေးရဲ.."

မျက်ရည်သုတ်လိုက်ရင်း ပက်ခနဲ ပြန်မေးကာ..၊

"နားလည်ရင့်ကျက်မှ ရဲစခန်းကိုသွားလို့ရတယ်ဆိုရင် သူတို့လည်း ရင့်ကျက်နေတဲ့လူတွေကိုပဲ ဖမ်းပါလား.."

"ဘဝင်..ညည်းခုနလည်း လူကြီးတွေကိုမချေမငံတွေ စွပ်စွဲလိုက်သေးတယ်နော်.."

"ဒါကတော့ လူကြီးဖြစ်နေတိုင်း အပြစ်ကင်းကြတာမှမဟုတ်တာ..အဲ့လိုပြောလို့ အချုပ်ထဲဆွဲထည့်မယ်ဆိုလည်းလုပ်လေ ကိုကိုနဲ့အတူတူလိုက်နေရုံပဲ.."

ဒီကောင်မလေး ပြောလေကဲလေပါလား..၊

"အထက်လူကြီးနဲ့ အောက်ဝန်ထမ်းဆိုတာ အထက်ဖားအောက်ဖိနိုင်စားတွေပဲ..တရားမဝင် အမြင်ကတ်ပုဒ်မတွေ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲဆိုတာလောက်တော့ ဘဝင်လည်းသိပါတယ်.."

"ဘာပုဒ်မဖြစ်ဖြစ် 'နှုတ်ကြောင့်ကြေ လက်ကြောင့်သေ' တဲ့..ပြောတာဆိုတာ ဆင်ခြင်..ငါရဲစခန်းလိုက်သွားလိုက်မယ်.."

"ဘဝင်က ကိုကို့မိန်းမပါ လေးလေးရဲ..ဘဝင်လိုက်လို့ရပါတယ်.."





ဦးတင်ထွတ် စိတ်ပျက်သည့်မျက်နှာကြီးနှင့် ပြန်ကြည့်လျှင် ဘဝင် ကိုယ့်ဂါဝန်ကို ငုံ့ကြည့်လိုက်ကာ..၊

"ရပါတယ်..မြန်မာဝတ်စုံသွားလဲလိုက်မယ်.."

ပြောပြီး..လှေကားထစ်ဆွေပေါ် ချက်ချင်ပြေးတက်သည်။

"ဟော့.."

ဦးတင်ထွတ် အသံရောလက်နဲ့ပါ လှမ်းအော်တားမိကာ၊

"ညည်းနဲ့ကောင်လေး မတည့်ကြဘူးမို့လား..ညည်းလိုက်သွားလည်း ဟိုကစကားကောင်း ပြောမှာမဟုတ်ဘူး.."

ဘဝင်ငိုင်တွေသွားစဉ် ဦးတင်ထွက် ကားဆီလှည့်ထွက်သွားပြီ ဖြစ်သည်။

သူမဘာလို့ သတိလက်လွှတ်ပူပင်နေခဲ့တာလဲ.. !

ခုလောက်ဆို ကိုယ်ကစွတ်တွယ်ကပ်နေလို့ ဝိုင်ကစိတ်နာပြီး ထွက်သွားသည့်အပြစ်နှင့်၊ အမေသတိလစ်မေ့မျောသွားလောက်အောင် ရန်ဖြစ်သန်နေခဲ့သည့် သူမရဲ့လုပ်ရပ်ကြောင့် ကိုကိုဘယ်လောက်ထိ ဒေါသတွေထွက်နေမလဲ..၊

ကိုယ့်အိတ်ကိုပြန်ကိုင် ဆုံးဖြတ်ပြီးတဲ့အတိုင်း ဒိုးလိုက်တော့ ဘဝင်..၊

ကိုယ့်ခြေထောက်ကိုငုံ့ကြည့်မိစဉ် မျက်ရည်တစ်စက်သက်ခနဲ ကြွေ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၅)

ညနေပိုင်းတည်းက ဒေါ်ပန်းသီရိ သတိရကောင်းမွန်နေပြီမို့ ဘဝင်ႉသေချာဆုံးဖြတ်လိုက်သည်။ ဒီည သူမနဲ့ကိုကိုရဲ့ ပြေလည်ဖွယ် မရှိနိုင်သော ကွဲလွဲခြင်းတွေအကြောင်း ပြောပြမည်။

ပြန်တော့မည်ဖြစ်ကြောင်း ပြောပြခွင့်တောင်းမည်။ ကိုကို့ပြဿနာရှိနေပေမယ့် ဒီအိမ်မှာသူမကို ဘယ်သူမှလိုလားကြတော့မည် မဟုတ်မှန်း နားလည်နေခဲ့သည်။

မိကျော့လည်း ပြန်ရောက်လာပြီဖြစ်ကာ အမေကိုယ်တိုင် ဘဝင်ပြုစုတာကို ခံယူချင်မှာမဟုတ်ပေ၊ ပြဿနာတွေဖြေ





ရှင်းနေကြစဉ် သူမရဲ့အပြောအဆို မဆင်ခြင်မှုတွေကြောင့် စိတ်မှက်ညစ်ညူးစွာ တားဆီးနေခဲ့တဲ့ အမေ့အသံတွေကို ခုထိနားထဲအမထွက်နိုင်..၊

"ဘဝင်..ဟဲ့ ဘာတွေသွားပြောနေတာလဲ..လာစမ်း.."

"ဘဝင်ႉမောင်လေးကိုထွက်.."

"တောင်းပန်ပါတယ်ရဲမင်းကြီးတို့ရယ်..သူ့အစား အန်တီတောင်းပန်ပါတယ်.."

ကိုယ့်ကိုယ်ကိုမဟာန်နိုင်ဖြစ်နေသည့်လူက သူမအတွက်အားလုံးကို လိုက်တောင်းပန်နေရသည်။ တားဆီးမရလွန်းလို့ *သဲကျမေ့မျောသွားခဲ့တဲ့အထိ သူမဆင်ခြင်ရမှန်းမသိခဲ့ပေ..၊*

အမေခုလိုဖြစ်ရတာ သူမကြောင့်သာ..၊

"မိကျော့..အမေနိုးနေလားဟင်ႉ"

"ဟုတ်ကဲ့မမ..မမက.."

ပန်းနုရောင်လက်ပြတ်ခါးစည်းအရှည်လေးနှင့် ပန်းရင့်ရောင် ဘောင်းဘီရှည်လေးဝတ်ကာ ဆံပင်တွေကိုပန်းရောင်ခေါင်းစည်းကွင်းလေးနဲ့နောက်မှာ မြင့်မြင့်လေးတင် စည်းထားသည်။

နာတာလှသူမို့ ဒီလိုဆံပင်စည်းပြီး လည်တိုင်လေးကျော့နေတိုင်း ဘိုမရုပ်လေးနဲ့ တူနေတတ်ကာ၊ အပြင်သွားမည့်ပုံဖြစ်နေသဖြင့် မိကျော့က တအံ့တသြကြည့်သည်။

ဒါပေမယ့် အမြဲတမ်းပဲလုပ်နေတတ်တာမို့ မေးလည်းမမေးဖြစ်ဘဲ..၊

"မမကိုလည်း မေမေကြီးက မေးနေတာ.."



www.burmeseclassic.com

www.burmeseclassic.com



မိကျော့ပြောတော့ အခန်းရှေ့မှာ ခြေလှမ်းတုံ့သွားမိသည်။

ပြီးမှ တံခါးဖွင့်ဝင်လိုက်လျှင်..၊

ကိုကို..၊

သူမ နှုတ်ခမ်းလေးဟသွားသည်။ သားလေးက ကိုကို့ ပေါင်ပေါ်မှာထိုင်ကာ လက်ပတ်နာရီကို သေချာကိုင်ကြည့်ပြီး စိတ်ဝင်စားစရာရနေသည်။

ကိုကိုက ရင်ဘက်မှာနဂါးငွေ့တန်းပုံပါသော ကြည်ပြာရောင်ရှပ်လက်ရှည်ကို ဘောင်းဘီနက်ပြာနဲ့ ဝတ်ထားသဖြင့် ရှင်းသန့်စိုပြေနေ၏။

“ဟာ..တီလေး..”

ဘဝင့်ကိုမြင်သွားပြီး အားပါးတရလှမ်းနှုတ်ဆက်သည်။

ဒါပေမယ့် နာရီ့ရင်ခွင်ထဲကနေတော့ ပြေးဆင်းလာဖော်မရ၊ သားရဲ့ဆီးကြိုမှုကြောင့် ဘဝင် ရင်နင့်ရပြန်ကာ..၊

“လာလေ သမီး..”

ဘဝင့်ကို ဒေါ်ပန်းသီရိကလှမ်းခေါ်သည်။ ပြီးတော့ ကိုကို့ဘေးကခုံမှာထိုင်ဖို့ မေးဆတ်ပြ၏။ သူမ မထိုင်ပါ၊ တစ်ဖက်ကိုသွားပြီး ခြေရင်းမကျတကျလေးမှာ ရပ်လိုက်ကာ..၊

“အမေနေကောင်းလားလို့ လာကြည့်တာပါ..”

“ကောင်းသွားပြီသမီး..သမီးတစ်နေ့လည်လုံး စောင့်နေပေးတာပဲဟာ၊ သမီးက ရေမိုးချိုးလာတာလား..”

“ဟုတ်..ဟို..ဘဝင်..”

သွားမယ့်အကြောင်းပြောမလို့ စီကာပတ်ကုံးပြင်ဆင်





လာသမျှ ပြောရခက်နေခဲ့လျက် မျက်လုံးကနာရီနဲ့မထင်မှတ်ဘဲ ဆုံမိသွား၏။

“ကိုကိုက ဘယ်လိုလုပ်ဒီရောက်နေတာလဲ..”

“ဘယ်လိုရောက်နေတယ်ထင်လို့လဲ..”

“ကိုကို့ကို ရဲတွေဖမ်းသွားကြတာလေ..”

ပြောပြီး ပတ်ဝန်းကျင်ကို ရဲအစောင့်တွေဘာတွေရှိမလား မျက်လုံးတစ်ချက်ဝေ့မိသေးသည်။ စက်လေးက ဒီကိစ္စတွေ ဘာမှမသိခဲ့တာမို့ ရဲတွေဖမ်းတယ်ကြားတော့ မျက်လုံးလေးဝိုင်းသွားသည်။

ပြီးတော့ ရင်ခွင်ထဲကနေ ဖအေကိုမော့ကြည့်ကာ..၊

“ဖေဖေကဘာလုပ်လို့ ရဲတွေဖမ်းတာလဲဟင်..”

“အို..မြေးလေး..မဟုတ်ဘူး..”

ဒေါ်ပန်းသီရိ ငေါက်ခနဲထထိုင်ရင်း ပျာပျာသလဲဖြစ်သွားကာ..နာရီ့ မျက်နှာရဲခနဲဖြစ်စဲ၏။ ဘဝင်မှားသွားပြန်ပြီကို သိလိုက်ကာ မျက်နှာလေးငယ်ကျသွားပြီး ခေါင်းငုံ့၏။

“မိကျော့..”

“ရှင် အစ်ကိုလေး..”

မိကျော့ ချက်ချင်းပြေးလာသည်နှင့် သားကိုခေါ်သွားစေကာ..၊

“ဘဝင်..”

“ဘဝင်မှားပါတယ်..သိချင်စိတ်များသွားလို့..”

“မင်းမှာ စားချင် သွားချင် ရိုက်ချင် အော်ချင်တဲ့စိတ်ဆန္ဒတွေ နည်းနည်းပါးပါးဖြစ်ခဲ့တာများ ရှိဖူးလို့လား..မင်းပဲသိ



www.burmeseclassic.com

www.burmeseclassic.com



မင်းပဲတတ် ဘာဖြစ်ဖြစ် စိတ်နောက်ကိုယ်ပါ လုပ်ချင်ရင်ချက်ချင်း..”

“အဲ့ဒါတွေပြောမနေပါနဲ့..ဘဝင်က အမေ့ကိုလာနှုတ်ဆက်တာပါ၊ အဲ့ဒါကိုကို ပြန်ရောက်နေတာမြင်လို့ အံ့ဩပြီးမေးမိတာ..”

“မအံ့ဩနဲ့..အာမခံနဲ့ပြန်ထွက်လာတာ..”

“အာမခံနဲ့..”

“ဟုတ်တယ်..ဘာသိချင်သေးလဲ၊ မင့်သားမရှိဘူး မေး..”

“အာမခံနဲ့ဆိုတော့ ကိုကိုပြန်ဝင်ရဖို့ဖြစ်လာရင်..”

“ဟုတ်တယ်..မင်းလို ပြောဆိုမကောင်းတဲ့ မိန်းမမျိုးကိုလည်ပင်းညှစ်သတ်မိတာမျိုးပေါ့..”

ဘဝင့်မျက်နှာညှိုးနေရင်းကနေ တင်းခနဲဖြစ်သွားသည်။

လူမမာကိုလည်း ခဏတဖြုတ်မေ့ပြန်၏။

“ကိုကို့မှာပဲလက်ပါတာလား..မိန်းမဖြစ်တာနဲ့ပဲ အားမတန်လို့ မာန်လျှော့ပြီး ဒီတိုင်းအသေခံလိမ့်မယ်မထင်နဲ့၊ မသေမချင်းတော့ ပြန်ချမှာပဲ..မမိမိရာ ဆွဲမယ်၊ မနိုင်နိုင်ရာနဲ့ ကောက်ထုမယ်..”

“ဟိတ်..မင်း..”

နာရီ့မျက်နှာ ရဲတက်သွားသည်။ ဒေါ်ဝန်းသီရိကဲ ရယ်၏။ ဘဝင် တကယ်စိတ်ဆိုးနေတာမှန်း နီရဲနေသည့်မျက်နှာလေးက သိသာနေကာ..၊

“ဘဝင်ဘာလုပ်လုပ် မှားနေတတ်တာသိတယ်..ရှင်ကြီးကလည်း မှားခဲ့တာတွေကို ဘယ်တော့မှမမေ့နိုင်ခဲ့တဲ့လူကြီးပါ





စဲ..”

ပြောနေရင်း ငိုတော့မလို မျက်စပ်လေးတွေ နီရဲလာခဲ့သည်။

“ဘဝင် ကိုကိုနဲ့လက်ထပ်ပြီးကတည်းက စိတ်ချမ်းသာခဲ့ရတာ ဘယ်မှာရှိသလဲ..ကိုကိုပဲဒေါသထွက်၊ ကိုကိုပဲချုပ်ချယ်..ဒီကခံပြောခံအော်ပြီဆို ခြင်ကိုက်လို့အော်တဲ့အသံကိုတောင် ကိုကိုမမေ့ခဲ့ဘူး..ပြီးတော့ နာလုံးတွေစုပြီး သူများကိုမပြောမဆို ထားဝစ်ခဲ့တာ”

သူမ မျက်ရည်လွယ်နေပြီလားမသိ.. ၊

ပြောနေရင်း မျက်ရည်ကျလာတာကိုသိနေသည်။

နာရီက စိုက်ကြည့်နေ၏။

“ကောင်းပါတယ်..အခုကိုကို့မိန်းမနဲ့ကွဲရတာလည်း ဘဝင့်ကြောင့်ဆိုတော့ ပိုပြီးနာစရာတွေ့သွားတာပေါ့၊ ဘဝင် အမေ့ကိုလည်း တောင်းပန်ပါတယ်..တကယ်မရည်ရွယ်ခဲ့ပါဘူး၊ သူ့ကိုအမေလိုအပ်နေတယ်ဆိုတာ ကြိုသိခဲ့ရင် ဒီလိုစကားတွေ ဘဝင်မပြောမိအောင် ထိန်းမိမှာ..”

“မဟုတ်သေးပါဘူးသမီးရယ်..သမီးကိုယ်တိုင်ဘာမှမသိသေးတာ”

“သိတော့လည်းအမေတို့လိုအပ်နေကာမှ သူကမကူညီဘူးဆိုတော့ ဘဝင်ဒေါသထွက်ပြီး..”

“အဲ့ဒါတွေကိုထားလိုက်ပါ..သမီးကို အမေကစိတ်ဆိုးနေရင် ကျေးဇူးကန်းတဲ့သူ ဖြစ်သွားမှာပေါ့..သမီးက အားလုံးအတွက် ပူပန်ပြီး ကူညီဖို့ကြိုးစားခဲ့တာပါ..”



www.burmeseclassic.com

www.burmeseclassic.com



ဟင်..၊

အမေတကယ်ပဲ နားလည်ပေးနိုင်တာလား..၊

ဘဝင်အံ့ဩသွားမိသည်။ ဒေါ်ပန်းသီရိဆိုတာ စတွေ့တုန်းက မျက်နှာထားတင်းနေခဲ့သော်လည်း သားနဲ့သူမအပေါ်မှာတော့ ဥပေက္ခာစကားကိုလည်း မဆိုခဲ့တဲ့သူပါ..၊

ဒါပေမယ့် ဒီနေ့ဖြစ်ခဲ့တာကိုတော့ ဘယ်လိုမှခွင့်လွှတ်နိုင်ဖွယ်မရှိလို့ သူမတွက်ခဲ့မိလျက်..၊

"အမေက ဘဝင့်ကို.."

"ဒီမှာလာကိုင်စမ်းပါသမီးရယ်..အမေကလည်း သမီးကိုပြောစရာရှိသေးတယ်.."

"ဘဝင်က.."

"သူလာနှုတ်ဆက်တာနေမှာပေါ့အမေ..သွားပါစေ၊ အစတည်းက သူများတွေပြဿနာတက်နေတဲ့ကြားက အထုပ်ဆွဲဆင်းဖို့ ထွက်လာသေးတာ.."

"ပြဿနာတွေတက်နေတာ ဘဝင်ဘာသိရလို့လဲကိုကို..ကိုကို့မိန်းမ ပညာတတ် လူဝင်ဆံ့တဲ့သူပဲ အားလုံးသိနေတာ.."

"ဟော့..ဘာတွေလျှောက်ပြောနေတာလဲ.."

"ကိုကိုပြောလို့ပြောတာလေ..ဒီကလူရာမဝင်တဲ့.."

ထင်သလိုပြောဖို့ ရင်ဘက်လေးမောက်လာအောင် တစ်ဝကြီး ပြင်ဆင်အားယူလိုက်ပြီးမှ ဒေါ်ပန်းသီရိကို သတိရ၏။ ထို့ကြောင့် ကိုကို့မျက်နှာကို နာနာကျည်းကျည်း စိုက်ကြည့်ရင်း နှုတ်ခမ်းလေး ဖိပိတ်ထားလိုက်မိကာ..၊

"သွားမယ်..ကိုကိုထင်ချင်သလိုထင်.."





"မသွားချင်ရင်လည်း ခြေသလုံးဖက် တောင်းပန်ဖို့မလိုပါဘူး၊ သားကို မေမေလို့ခေါ်ခွင့်ပေးပါ့မယ်ဆိုတဲ့ကတိနဲ့ သူများသက်ခံချင်အောင် အနည်းအကျဉ်း တောင်းပန်ရုံပဲ.."

စေ့စေ့ကြည့်ပြောပုံက လူကိုပိုင်ကွက်နင်းပြီး အနိုင်ယူလိုက်သည့် မျက်ဝန်းတွေနှင့်..၊

"လုံးဝမတောင်းပန်ဘူး.."

ဘဝင်ကလည်း ပြတ်သည်။ ဒါပေမယ့် ဒေါ်ပန်းသီရိနားကို ရဲဝံ့သည့်ခြေလှမ်းတို့နှင့် လျှောက်သွားကာခုတင်စွန်းမှာ တင်ပါးလွှဲလေး ဝင်ထိုင်လိုက်ပြီး..၊

"ဘဝင် ပြန်ပါရစေအမေ..ကိုကိုလည်း အိမ်မှာပြန်ရှိပြီဆိုတော့လေ.."

"သမီးက သမီးကိုကိုရှိနေတာမသိခင်တည်းက အမေ့ကို နှုတ်ဆက်ဖို့ လာတာမို့လား..ဘာဖြစ်လို့ ခွဲထွက်သွားဖို့တွေးရတာလဲ.."

သူမကိုယ်သူမ'အမေ'လို့ ပြောင်းလဲသုံးလိုက်တာကို ကြည်နူးမိပါသည်။ ဒါပေမယ့် သူမလိုချင်တောင့်တနေခဲ့တာ အမေ့ဆီက အကြင်နာမဟုတ်သေး..၊

"ဘဝင့်ကိုခွင့်လွှတ်ပါအမေရယ်..အစက ကိုကို့ကိုလွမ်းတယ်၊ သားသားကိုလည်း သူ့အဖေနဲ့တွေ့စေချင်လို့လေ.."

"အခုတော့သမီးက.."

"မလွမ်းအောင် နာစရာတွေ ဘဝင်မှတ်သွားမှာ.."

"ဟွန်း.."

"ဘာမဲ့တာလဲကိုကို..ကိုကို့မှာပဲ မာနရှိတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ကြည့်နေလိုက်စမ်းပါ..သားနဲ့အကြောင်းပြနေတယ်လည်း ဘဝင် အပြောမခံဘူး၊ သားလေးကို ကိုကိုခေါ်ထားလိုက်.."

ဒီထိပြောလိုက်တော့ နာရီ့မျက်နှာတည်သွားသည်။

မျက်လုံးတွေက စူးရဲလာ၏။

"ကိုယ့်ကလေးက အမေခေါ်တာကိုလည်း မခံနိုင်ပါဘူးလို့ မင်းပါးစပ်က ပြောသွားဖို့လည်းလိုသေးတယ်.."

"ဘာလို့ပြောရမှာလဲ..ကိုကိုထွက်သွားတုန်းကရော ဘယ်သူ့ကို ဘာပြောသွားလို့လဲ.."

"အဲဒါ မင်းနဲ့ငါကိစ္စပါ.."

"ခုလည်း ဘဝင်နဲ့သားကိစ္စပါ..အမေပဲခေါ်ခေါ် အစ်မပဲခေါ်ခေါ် သားကျေနပ်ရင်ပြီးတာပဲ.."

မည်းခနဲ ဖြစ်သွားသည့်မျက်နှာကို နေကျောခိုင်းလိုက်ပြီး ဘဝင် ကိုယ့်သေတ္တာကို ပြန်ယူသည်။ သို့သော်..၊

"မိကျော့ရေ.."

"............"

"မိကျော့.."

"မိကျော့ကလေးနဲ့ ခြံထဲမှာသမီးရေ..ဘာခိုင်းမလို့လဲ ဟင်"

အခန်းထောင့်မှာထားခဲ့သည့်သေတ္တာကို ဟိုဒီလှည့်ပတ်ကြည့်ရင်း...၊

"မနိုင်းပါဘူး...ဒီနားမှာကပ်ထားခဲ့တာ ဘဝင့်သေတ္တာရော"

"ဪ..အဲဒါ..အဲဒါ အခုပဲ ဆရာထွက်.."





"ဒေါ်ကျင် သားကိုသွားခေါ်ပေးစမ်းပါ.."

စကားမဆုံးသေးခင် ကြားဖြတ်ခိုင်းလိုက်ပြီး နာရီသာ အခန်းထဲ ပြန်ဝင်လျှင်..၊

"ကျင်ကျင်မခေါ်ခဲ့နဲ့..ဘဝင်ထွက်သွားပြီးမှခေါ်.."

နာရီက အပြင်ပြန်ထွက်လာကာ..။

"သွားခေါ်လိုက်ဒေါ်ကျင်.."

"ကိုကို ဘယ်လိုဖြစ်နေတာလဲ.."

"အဲဒါ မင်းကိုယ်မင်းပြန်မေးရမှာ..မင်းအဝတ်သေတ္တာကို ငါ့အခန်းထဲ သွားထည့်ခိုင်းပြီးတော့..ခုမှ.."

"ဘာ.."

ဘဝင် အံ့သြတကြီး အော်လိုက်မိကာ..၊

"မဟုတ်ဘူး..ဘဝင်ဒီနားကပ်ထားခဲ့တာ၊ ဘာမှမှားစရာ မရှိဘူးကိုကိုနော်..သူများကို အထင်သေးအမြင်သေးမပြောနဲ့.."

"မင်းကိုဘယ်လိုအထင်ကြီးရမှန်းကိုမသိဘူး ဘဝင်.. ဘာကြောင့် အဲ့လိုဖြစ်ရလဲဆိုတာ.."

"ကိုကို သူများကိုမှိုချိုးမှျစ်ချိုး ပြောချင်နေလို့ပေါ့.."

ပက်ခနဲပြန်ပြောခဲ့ပြီး ဘဝင် ကိုကို့အိပ်ခန်းဆီပြေးခဲ့သည်။

တွေ့လိုက်ရင်တော့ သွားပြီဆိုတာသိသည်။ ဒါပေမယ့် သူမ သွားထားခဲ့တာမဟုတ်ဘဲ ရောက်နေစရာ ဘာအကြောင်းရှိလို့လဲ..၊

ဟင်..၊

အခန်းထဲဝင်လိုက်တာနှင့် သူမရဲ့ကြက်သွေးရောင် ခရီး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သေတ္တာကြီးက မွေ့ရာလေးမှာငုတ်တုတ်ကြီး..၊

မဟုတ်ဘူး..၊

ဒါ ဒါကိုကိုပဲ သူများကိုမတဲရားပြောချင်လို့ လုပ်ကြံထားတာ၊

ဘဝင်အခန်းထဲပြေးဝင်ခဲ့ပြီး သေတ္တာကိုကိုင်းကနေ ဆွဲကိုင်လိုက်သည်။ ထိုစဉ်မွေ့ရာဘေးစွန်းနားမှာ ချထားသည့် ကိတ်မုန့်ပုံစံ ကတ္တူဘူး အညိုရောင်လေးကို မြင်လိုက်သဖြင့်..၊

ဒါ ကိုကိုငါကို မွေးနေ့လက်ဆောင်ပေးခဲ့တဲ့ ရောင်စုံလည်စည်းတွေနဲ့ဘူး..၊

သူမပျောက်ခဲ့သည်။ ဒါပေမယ့် အလှအပပစ္စည်းတွေက အများကြီးရှိနေသည့်ပြင် တစ်နေရာမှာရှိနေမှာပဲလို့ ထင်ခဲ့သည်။ မတွေ့တာကို ရှာဖွေသုံးစွဲဖို့လည်း ပျင်းသည်ဖြစ်ရာ.. ၊

ဘူးကိုသွားယူပြီး ဖွင့်လိုက်စဉ် လွယ်ထားသည့် ကြိုးသိုင်းအိတ်လုံးလုံးထဲက ဖုန်းကမြည်လာသဖြင့် ထုတ်ကိုင်ရင်း..၊

"ဟလို.."

"မမ..မောင်ပါ.."

"သိတယ်..ပြောလေ.."

စိတ်သည် အစီအစဉ်မကျဘဲ တစ်စနဲ့တစ်စလုံးထွေးထည့်ထားသည့် ပဝါတွေကို ကိုင်ကြည့်ရင်း ဖုန်းပြောတဲ့ဆီမှာ မရှိဘဲ ဖြစ်နေ၏။

"ဟယ်..ကိုကိုက အရမ်းချစ်ဖို့ကောင်းတာပဲ..လည်စည်းပဝါလေးတွေ လှလိုက်တာ.."

"အယ်..ပဝါအနားမှာ ကဗျာလေးတွေပါသေးတယ်.."





"ကိုကိုကလည်း ကဗျာကရှည်တယ်..တိုတိုတုတ်တုတ်...လုပ်ပါလားလို့.."

"မဟုတ်ပါဘူးကြိုက်ပါတယ်..ကြိုက်တယ်ကိုကို၊ အလ...ပြောတာ..ကိုကို့လက်ဆောင်ကိုအကြိုက်ဆုံး.."

သူမပြောခဲ့တဲ့ စကားတွေကိုရော..ကိုကိုမျက်နှာပျက်...လို့ ချော့ခဲ့ရတာတွေရော၊ အားလုံးကိုမှတ်မိနေသေးသည်။

ကိုကိုက ကဗျာဆန်နေတဲ့အခါ မျက်နှာမှာနူးညံ့ရီဝေတဲ့ ...ပြုံးတွေရှိတတ်ပြီး ငြိုငြင်သွားပြီဆိုရင်တော့ သုန်မှုန်တင်းမာ...သည့်မျက်နှာက ဘယ်လိုအနေအရှုတွေ ပြောဆိုချွဲနွဲ့ပေမယ့်...၊

ပဝါတွေကိုကိုင်ကြည့်ရင်း ဒီဘူးဒီကိုဘယ်လိုရောက်နေ...လဲဆိုတာ မတွေးတတ်အောင်ပင်..၊

ကိုကိုယူလာတာလားလို့တွေးမိလိုက်တော့ မျက်နှာမှာမဲ့...တဲ့ အပြုံးလေးဖြစ်လျက် ထိုအတွေးကို ချက်ချင်းဖျောက်မိ၏။

သူမထွက်လာတုန်းက ဒေါ်လေးထည့်ပေးလိုက်တာဖြစ်...ပါ၊ မဖြစ်နိုင်သည့်အတွေးကို ဖွတ်ထည့်ပြီး ဘူးကိုသေချာပြန်...တ်ကာ၊ ဖုန်းကိုပခုံးကြားမှာ ညှပ်လိုက်၏။

"ရလား..အင်း ကျေးဇူးပဲမောင်.."

သေတ္တာပြန်ဖွင့်ပြီး ဘူးကိုထည့်ပိတ်ဖို့စဉ်းစားကာ..၊

"ကိုးနာရီခွဲမှပေမယ့် ငါခုပဲထွက်လာတော့မှာ.."

"......... ........"

"သားသားမပါဘူး.."

"......... .........."



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်မမေးနဲ့တော့..ငါ့ကိုလာခေါ်လှည့်.."

"......... ............."

သူမ ခရီးဆောင်သေတ္တာကို ကိုင်လိုက်သည်နှင့် ပခုံးနဲ့ ပါးကြားမှာ ညှပ်ထားသည့် ဖုန်းကိုတစ်စုံတစ်ယောက်က ဆွဲယူလိုက်ရာ..၊

"ဘာလုပ်..ဟင်.."

သူမနောက်လှည့်လိုက်ပေမယ့် ထိုသူသည်တစ်ကိုယ်လုံးကို နောက်ကနေ သိမ်းကျုံးပွေ့ဖက်ထားလိုက်ကာ..၊

"မင်းကိုဘယ်သူက ထွက်သွားခွင့်ပေးမှာမို့လို့လဲ.."

ကိုကို..၊

ရုတ်တရက်ရှုန်းဖို့သတိမရ၊ ကိုကိုနောက်ရောက်လာတာကိုလည်း အံ့ဩကာ..၊

"ကိုကို.."

"ဟုတ်တယ်.."

"ကိုကို..လွှတ်.."

ဘဝင့်လည်တိုင် နုညက်ညက်လေးမှာ နွေးသိမ့်သော အနမ်းတွေ ဖြန့်ကျဲကျရောက်လာသည်။ ပြီးတော့ ဝင်းမွတ်နူးညံ့သော ဂုတ်သားလေးတွေ ပခုံးစွန်းလေးတွေထိ..၊

"ကိုကိုနော်..မနမ်းနဲ့ လွှတ်.."

ဒီတစ်ခါလည်း သူများကိုနမ်းပြီး မောင်းထုတ်လိမ့်ဦးမည်။ ပြီးခဲ့တဲ့လုပ်ရပ်တွေကို သတိရလိုက်ကာ ဘဝင်အတင်းပြန်ရုန်းတော့သည်။ သူမရုန်းသလောက် နာရီကသူမလက်ဖဝါးလေးတွေကို ထပ်ဆုပ်ကိုင်ကာ သွယ်နွဲ့သောခါးသိမ်ကလေးကို





င်းကျပ်စွာသိမ်းဖက်ထားခဲ့ပြီး..၊

"ဒီဘူးကို တမင်ချထားတာတောင် မင်းနားမလည်သေးဘူးလား.."

"ဒါ.."

"မင်းဆီက ကိုယ်ထွက်လာတည်းက မင်းကိုယ်နဲ့တွေ့ခဲ့ရတဲ့ အဲ့ဒီပစ္စည်းလေးတွေကို ကိုယ်တစ်ခါတည်းယူလာခဲ့တာ.."

ဘဝင်ရုန်းနေတာလေးတွေ ငြိမ်ကျသွားသည်။ ထိုအခါ နာရီ နှာခေါင်းချွန်ချွန်က သူမပါးရိုးလေးတစ်ဖက်မှာ ထိကပ်လာခဲ့ပြီး..၊

"မင်းကိုလွမ်းတိုင်း နာတာတွေနဲ့ဖြေနေပေမယ့် ဖြေလို့မရတဲ့အခါ အဲ့ဒီပဝါတွေ ထုတ်ကြည့်ပြီး.."

ပါးချင်းကပ်၍ အတင်းပွတ်တိုက်နမ်းနေရင်း..၊

"ဘယ်လောက်ချစ်နေနေ ဘယ်တော့မှဂရုမစိုက်ခဲ့တာနင်း.."

"ကိုကိုဘယ်တုန်းကမှ မချစ်ခဲ့ဘူးလို့ပဲထင်ခဲ့တာလေ.. ကိုကို..ကိုကို ခုမှ.."

"မင်းကခုထိ ကိုယ့်ကိုဥပေက္ခာထားနိုင်နေတာကိုး.."

"မဟုတ်ဘူး..အဲ့ဒါကိုကိုပြောတာတွေကြောင့်.."

"ပြောတာကိုမကြည့်ရဘူးကွ..မင်းမကြားနိုင်တဲ့ ကိုယ့်ရင်ထဲက အသံကိုပဲ နားထောင်ရမှာ.."

"ကိုကိုက နားထောင်ခွင့်ပေးလို့လား.."

"တော်ပါကွာ.."

နာရီက ဘဝင့်ကိုယ်လေးကို မျက်နှာချင်းဆိုင်လှည့်ယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ၊ မျက်နှာလေးကို စေ့စေ့စပ်စပ်ကြည့်သည်။ မှောင်ရိပ်ပျိုးစပေမယ့် သူချစ်မြတ်နိုးခဲ့ရသော မျက်နှာလေးကသူ့မျက်လုံးထဲမှာ ထင်းလင်းနေခဲ့လျက်..၊

"ကိုယ်ချစ်သလောက် မင်းကိုယ့်ကိုမချစ်ပါဘူး.."

ဘဝင်ခုထိမယုံနိုင်သေးသည့် မျက်ဝန်းလေးတွေနှင့် ကြည့်နေဆဲဖြစ်ကာ..၊

"ကိုကိုပဲ ဘဝင့်ကို ခဏခဏမောင်းထုတ်နေတာပါ.."

"ဒါပေမယ့်မင်းကိုမြင်တွေ့လိုက်ရတဲ့ အချိန်ကစပြီး မင်းကိုဖြစ်ရတဲ့ဒေါသတွေ မုန်းခဲ့မိတာတွေက ချက်ချင်းလတ်လတ်ဆတ်ဆတ်ကြီး ပြန်ဖြစ်လာခဲ့တာ..မင်းနဲ့ကိုယ်အတိတ်ကလွဲပြီး တခြားကိုယ့်အတွက် ဘာမှစိတ်ဝင်စားဖို့ မရှိတော့သလို ရင်ထဲမှာ မင်းမှမင်း"

"မယုံဘူး.."

"ဘယ်ယုံမလဲ..မင်းကိုယ့်ကိုနားလည်ဖို့ ကြိုးစားဖူးတာမှ မဟုတ်ဘဲ.."

"အဲ့ဒါကိုလည်း ကိုကိုခုရင်ခံနေတယ်မလား..နောက်တစ်ခါ ဘဝင့်ကို ဒေါသအကြီးကြီးထပ်ဖြစ်ဖို့ရှိလာရင် နာစရာတွေစုပုံပြီး"

"ဘာဖြစ်နိုင်လဲပြော.."

ဘဝင်က ဘာမှဆက်မပြောတော့ဘဲ သူ့မျက်နှာကိုမော့ငေးနေခဲ့လျက်..၊

"ကိုကိုလက်ထပ်ပွဲကြီး ခြိမ့်ခြိမ့်သဲကျင်းပနေခဲ့တာလေ.. ဘဝင်ကိုကိုကလွဲပြီး ဘယ်ယောကျ်ားကိုမှ ချစ်လို့မရဘူး..လက်





ထပ်ဖို့လည်းစိတ်မကူးခဲ့ဘူး ကိုကို့ကို နေ့မနားညမနား ရှာနေခဲ့တာ မဟုတ်ပေမယ့် သားလေးကိုအနားမှာ အမြဲထားပြီး ကိုကိုနဲ့ပြန်ဆုံမှာပဲလို့ မျှော်လင့်နေခဲ့တာ.."

သူငုံ့နမ်းလိုက်တော့ ဘဝင်က မျက်နှာကိုပြန်တွန်းထားတာ၊

"အဲ့ဒီပွဲကို ဘဝင်သာ အချိန်မီမဖျက်နိုင်ခဲ့ရင်ရော.."

"ကိုယ်ကိုယ်တိုင်နောက်မဆုတ်ဘဲ မင်းကိုဆွဲထုတ်ခိုင်းခဲ့ရင်ရော.."

ဘဝင်ငေးနေတုန်းမှာ နှုတ်ခမ်းလေးတွေကို သူ ခိုးနမ်းလိုက်မိသည်။ ပြီးတော့..။

သူမတစ်ကိုယ်လုံးကို ကလေးလိုဆွဲပွေ့လိုက်ကာ..၊

"ကိုကိုနော်..ဘဝင်ကိုကို့ကို မကျေနပ်သေးဘူး.."

"ကိုကိုချော့မှာပေါ့.."

"ဟင့်အင်း..မရပါဘူး.."

သူမခေါင်းခါနေမိပေမယ့် ကိုကို့ရင်ခွင်ထဲမှာပဲ မွေ့ရာနုနုပေါ် အတူလှဲအိပ်ခဲ့ရင်း..၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၆)

ရယ်သံတွေကြောင့် ရင်ထဲမှာကြည်နူးနေခဲ့သည်။ ကိုက် နဲ့ လက်ထပ်ခဲ့တုန်းက ကိုကို့ကိုရော ကိုကိုရဲ့အချစ်တွေကိုရခဲ့တာ ကြောင့်ရော သူမ ပျော်ခဲ့ဖူးသည်။ ဒါပေမယ့် ဒီနေ့လောက်ပျေ သည်မထင်..၊

ချစ်မြတ်နိုးသောအကြည့်တွေနှင့် ပါးတစ်ဖက်မှာ ပါး ချိုင့်ရှည်လေးထင်လာအောင် ပြုံးနေတိုင်းချောမွေ့နေတတ်သည် ကိုကို့မျက်နှာကို ကြည့်လို့မဝနိုင်..၊ ပြီးတော့ သားလေးပျော်နေ လိုက်တာ သူ့ဘွားအေ ရင်ခွင်ထဲမှာ..၊

"ညည်းဘာမှမသိဘူးမို့လား..မသိတော့ မပူရဘူးပေ့ ကွာ"





အားလုံးကိုရှင်းပြပြီးမှ ဦးတင်ထွတ်က ရယ်မောရင်း ထွက်သွားခဲ့သည်။ ဒေါ်ပန်းသီရိကလည်း ကျန်းမာလန်းဖြာ နေလျက်..၊

"အမေလည်း မသိခဲ့ရပါဘူးသမီးရယ်..သူတို့တွေဝရီးပဲ သိကြတယ်.."

"ကျွန်တော်လည်းလေးလေးပြောတော့ သဘောမကျပါ ဘူး ဒါပေမယ့်.."

ပြောရင်း ဘဝင့်မျက်နှာလေးကိုကြည့်ကာ..၊

"မေမေ့ချွေးမ ကြာကြာသည်းခံနေမှာမဟုတ်ဘူးဆိုတာ သိနေလို့.."

"ကိုကိုနော်..သူများဖွတ်ကပ်နေတာတောင်မှ ခဏခဏ မောင်းထုတ်ဖို့ စကားစနေတာ.."

'အဲ့ဒါမင်းကို မြင်လိုက်ရတိုင်းအသည်းယားနေလို့' လို့ မပြောဖြစ်ပေမယ့် ဆံပင်သပ်ရင်း ရယ်လိုက်မိသည်။

"ကိုကို သူများကိုအသာလေးပြန်ရလိုက်တာသိလား..ဒီ ကတော့ သူ့ကိုပြန်ရဖို့ လုလိုက်ရတာကံကောင်းလို့ လူမသတ် မိတာ.."

"ဟွန်း..ဟွန်း.."

ဒေါ်ပန်းသီရိက သဘောကျစွာရယ်သည်။ နာရီက သူမ နဖူးလေးကို လက်ပြန်လှမ်းထုပြီး..၊

"မင်း တမောင်မောင်နဲ့ဖုန်းပြောနေတိုင်း ကိုယ်လူသတ် ချင်စိတ်ပေါက်နေတာကျတော့ သိလား.."

"အို မောင်က နာမည်ပဲဟာ.."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး..နာမည်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်.."

"တော်ပါ လေးလေးသာ ဒီလိုမစွန့်စားခဲ့ရင် ခုလောက်ဆို ဘဝင်ငိုနေရပြီ.."

"အင်း ပြောတာပဲ.."

ဘဝင်က မျက်စောင်းလေးရွယ်ပြီး တကယ်မကျေနပ်နိုင်သည့် မျက်နှာလေးနှင့်...၊

"သူ့မှာသနားရတာနဲ့..စာနာရတာနဲ့.."

"ကိုယ့်အတွက်နဲ့ သူ့ဂုဏ်သိက္ခာထိခိုက်သွားမှာ သိနေလို့ပါ"

"ဘာပဲဖြစ်ဖြစ် ဝိုင်ကလည်း စိတ်ကူးတွေနဲ့ပဲသားရယ်-တကယ်တမ်း လူပြောလွတ်အောင် လက်ထပ်ခဲ့ရတာမှန်ရင် ပွဲပျက်သွားတည်းက သူနောက်ဆုတ်သွားမှာပေါ့.."

ဝိုင်က ပွဲပျက်သွားပြီးမှ တစ်ယောက်တစ်နေရာစီ ခွဲထွက်လိုက်ပြီးမှ လက်ထပ်ပြီးသားပါဆိုပြီး အိမ်ပေါ်ရောက်လာခဲ့သည်။ သူမရဲ့မိဘတွေကလည်း ဘာအတွက်စိတ်ဖွဲ့သန့်ပြီး ဖွတ်ရှေ့တိုးနေကြမှန်းမသိ...၊

ဒေါ်ပန်းသီရိနဲ့ဦးတင်ထွတ်တို့ကတော့ ကလေးကိုမြင်တည်းက ကိုယ့်သွေးကိုယ့်သားမှန်း သိလိုက်သလို သံယောဇဉ်ကြီးက ငြိပြီးသားဖြစ်ခဲ့ကြ၏။

ထို့ပြင် ဘဝင်ဆိုတဲ့မိန်းကလေးဟာ လိုအပ်ချက်များစွာနဲ့ မသေသပ်စွာ ဝင်ရောက်လာတာမှန်သော်လည်း သူမရဲ့စေတနာအများနဲ့ ဖရိုဖရဲဆန်ခြင်းလေးတွေက အပြစ်ယူရက်ဖွယ်မရှိအောင် ဖြူစင်နေခဲ့၏။





ဒါကိုခံစားမိနေတည်းက မြေးနဲ့ချွေးအဖြစ် ... ထားခဲ့ပြီးဖြစ်ကာ ဝိုင်က စည်းရဲ့အပြင်ဘက်က မိန်း... ဖြစ်သွားခဲ့၏။

"မြေးနဲ့သမီးကို မေမေကချစ်နေတယ်..ကိုထွတ်ကလည်း နားလည်နေတယ်၊ ဒါပေမယ့် ဝိုင်ကလည်း နောက်ဆုတ်မှာမဟုတ်ဘူးလေ..ဒါကြောင့် ဒီအမှုပြဿနာတွေဆင်ပြီး သူတို့ရဲ့စိတ်ရင်းကို မောင်လေးက ဖော်ထုတ်လိုက်တာပေါ့.."

"တကယ်လို့ ဝိုင်က ကိုကို့ပြဿနာကို ဒိုင်ခံရှင်းပေးပါ့မယ်ဆိုရင်တော့ ဘဝင်ပဲထွက်သွားရမှာပေါ့နော်.."

မထင်မှတ်သည့်မေးခွန်းမို့ ဒေါ်ပန်းသီရိမြေရခက်သွားသည်။

နှာရီက ပြုံးကာ.. ၊

"ကိုယ်က သူ့ကိုဦးစားပေးဆုံးဖြတ်ခိုင်းခဲ့တာ..အဖြေဘယ်လိုထွက်လာသင့်တယ်ဆိုတာလည်း ပြောထားပြီးသား.."

ပြောနေရင်း ဘဝင့်ဘေးကိုပြောင်းထိုင်လိုက်ပြီး လက်ဖဝါးလေးကို ထပ်ဆုပ်ကိုင်ထားရင်း...၊

"ကိုယ်ကမင်းနဲ့သူ့ကို နှိုင်းယှဉ်ရွေးချယ်နေတာမဟုတ်ဘူး ဘဝင်..သူ့ရဲ့ဂုဏ်သိက္ခာအတွက် သူကိုယ်တိုင်နုတ်ထွက်ခွင့်ပေးထားခဲ့တာ.."

"မေမေရိပ်မိပါတယ်.."

ဒေါ်ပန်းသီရိက နေရာမှထရပ်လိုက်ရင်း ကလေးကိုချပေးလိုက်ကာ နံရံကပ်ရှေးလက်ရာပန်းချီပုံတွေရှေ့ထိ လျှောက်သွားခဲ့ပြီး...၊



www.burmeseclassic.com

www.burmeseclassic.com



"သားက ဝိုင့်ကိုဦးစားပေးဆက်ဆံနေပေမယ့် ဝိုင်ရော သူ့မိဘတွေရော ဘဝင့်ကိုပဲ မနာလိုမစ္ဆေရစိတ်တွေ ထားနေကြတယ်၊ အဲ့ဒါ သားရဲ့စိတ်ကိုတကယ်ပိုင်ထားတာ ဘယ်သူမှန်းသူတို့သိနေကြလို့လေ.."

ပြောရင်း ထိုနေရာကနေဘဝင့်ဆီ လှည့်ကြည့်လာပြီး..၊

"မနာလိုအမုန်းပွားခံရပြီဆိုရင် သတိထားရမှာပေမယ့် သူတို့ကို မမုန်းနဲ့သမီး..ကိုယ်ကသူတို့ထက်သာနေလို့ မနာလိုကြတော့ ခုတော့အဖြေပေါ်သွားပါပြီ..တကယ်ဆို မင်္ဂလာပွဲပျက်သွားတည်းက ကိုယ်ဂုဏ်သိက္ခာနဲ့ကိုယ်နေလိုက်ကြရင် ပြီးသွားကြမှာ.."

တစ်ယောက်တည်းရေရွတ်နေသလိုပြောရင်း အိမ်ရှေ့ကို ဆက်လျှောက်သွားခဲ့၏။ ပြီးတော့မှ ခြေလှမ်းတုံ့သွားပြီး ဘဝင့်ကိုပဲ ပြန်လှည့်ကြည့်ကာ..၊

"ပြီးတော့ ရှိသေးတယ်..သမီးက ရောက်ရောက်ချင်းပဲ သားခေါ်သလို..ကိုထွတ်ကို လေးလေးလို့ခေါ်ခဲ့တယ်..ပြီးတော့ မေမေ့ကိုအမေဘဲ့.."

'အမေ'ခေါ်သံကို ဘဝင်ခေါ်လိုက်တာနဲ့ဟူအောင် ခေါ်ပြရင်း ခေါ်ပန်းသီရိမျက်နှာက ကြည်နူးပီတိပြုံးတို့နှင့်..၊

"အတင်းဆွေမျိုးစပ်ဖို့ ခေါ်လိုက်တာနဲ့ လုံးဝမတူဘူး.."

ဘယ်သူ့ကိုမှမကြည့်ဘဲ အိမ်ရှေ့ကိုခပ်ပြုံးပြုံးငေး၍ ပြောနေတာဖြစ်ကာ..၊

"ကလေးဆန်တယ်..ဖြူစင်တယ်၊ အမေလို့ခေါ်ခံလိုက်ရတဲ့ မေမေ့ရင်ထဲမှာ 'ကိုယ့်သားသမီးကခေါ်လိုက်တာ'လိုမျိုး





နွေးထွေးတဲ့ စီးမျောမှုကို ခံစားခဲ့ရတယ်၊ နောက်ပြီး [illegible] မိသားစု ထိခိုက်ဖွယ် ရှိလာမှာမျိုးဆို သူကြည့်နေမှာမဟုတ်ဘူး..

ဘယ်သူ့ကိုတိုင်တည်ပြီး ပြောမှန်းမသိဘဲ ပြောပြီးတော့ ရယ်လိုက်သေးသည်။ ပြီးမှ အိမ်ရှေ့ကိုဆက်လျှောက်သွားခဲ့၏။ ခြံထဲမှာ မိကျော့နဲ့ခြံစောင့်ရယ် ဒရိုင်ဘာရယ်ပြီးတော့ သားလေးရယ်..၊

ဘယ်လိုကစားနည်းတွေ ကစားနေမှန်းမသိဘဲ အော်ဟစ် ဆူညံနေလေသည်။

"ကိုကို.."

"ပြော.."

"ကိုကိုဖြေဆေးတွေ သိပ်လွှတ်မနေနဲ့..ဘဝင့်ကိုထားပြီး အဲ့တစ်ယောက်နဲ့ မင်္ဂလာဆောင်နေတာကို ဘဝင်လုံးဝမကျေနပ်ဘူး သိလား..ပြီးတော့ ကိုကို့ကို မနည်းပြန်လုထားတာကိုလည်း မမေ့နိုင်ဘူး.."

"ကောင်းတာပေါ့..မမေ့ဖို့ပဲလိုတာ.."

"ကိုကိုနော်.."

"ဟာ..ဘာလဲ၊ နာတယ်နော်.."

ဗိုက်ကိုဖိလိမ်ဖို့ အဆင်သင့်ကိုင်ထားပြီးမှ နာရှိုမေးဖျားနားမှာကပ်၍..၊

"ဘာပဲဖြစ်ဖြစ်..ကိုကိုသူ့ကိုလက်ထပ်ခဲ့ရင် ညားသွားမှာပဲ.."

"ညားရင်လည်းညားမှာပေါ့..မင်းကိုချစ်နေရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ.."

"ဟိတ်..ထပ်နာအောင်မဆွဲနဲ့နော်၊ ညွှန့်ခန်းထဲမှာပဲ တအားဖက်နမ်းပစ်မှာ.."

ဘဝင့်လက်ပေါ်ကနေ ထပ်ကိုင်ထားလိုက်ကာ နမ်းပစ်မှာဆိုပြီး ပါးပြင်လေးကို ဖျတ်ခနဲကပ်နမ်းလိုက်၏။ ပြီးမှ..၊

"ဟုတ်တယ် ညားချင်လည်းညားသွားနိုင်တယ်..အဲ့ဒါက ကိုယ်လုပ်သင့်လို့ လုပ်လိုက်တဲ့အခြေအနေတစ်ခုပဲ..ဒါပေမယ့် အဲ့ဒီအချိန်ထိ ကိုယ့်ရင်ထဲမှာ မင်းပဲရှိနေခဲ့တာ..နောက်လည်း မမေ့နိုင်အောင်ဖြစ်နေနိုင်သေးတာပဲ.."

"ဟင့်အင်း..ရင်ထဲမှာရှိတာ မြင်ရတာမှမဟုတ်တာ၊ လက်တွေ့ကတော့ ကိုကို့ကိုဘဝင်လုယူခဲ့ရတာပဲ.."

"အချစ်ကိုလုယူတိုင်း ရကြလို့လား..ပြော.."

"ဒါကတော့.."

"မင်းလိုပဲ သူလည်းကိုယ့်အနားမှာနေပြီး ကြိုးစားခဲ့တာပဲ ကိုယ်မင်းကို ဒေါသတွေနဲ့ဥပေက္ခာထားပြီး သူနဲ့ဆိုပြေပြစ်ခဲ့တယ်..ဒါပေမယ့် ကိုယ့်အချစ်က ဘယ်မှာလဲ.."

ဘဝင့်မျက်နှာလေးကြည်လင်စပြု၏။

"မင်းကို ဟိုးအရင်ကလည်း မြင်မြင်ချင်းချစ်ခဲ့မိတယ်..မင်္ဂလာစင်မြင့်ပေါ် လောဘဇောတိုက်ပြီး ပြေးတက်လာတော့လည်း ချစ်နေဆဲပဲ..မင်းကိုမြင်လိုက်ရတဲ့အခါတိုင်း ကိုယ့်မှာ မင်းကလွဲပြီး ဘာမှမရှိတော့သလိုပဲ.."

ပြောနေရင်း စကားသံတို့တိုးလျသွားခဲ့ပြီး ဘဝင့်ခါးလေးကို ဖက်၍ ရင်ခွင်ထဲဆွဲသွင်းလိုက်လျှင်..၊





"ကိုကို ညွှန့်ခန်းကြီးမှာ.."

"မင်းကိုချစ်တယ်..မင်းလောက်ချစ်စရာကောင်းတာ မင်းလိုဖြူစင်တာ မင်းထက်ပိုပြီးစွာတေးလန်တာ နောက်ထပ် တစ်ယောက် ရှိလာရင်တောင် မင်းနှုတ်ခမ်းတွေလောက် ရင်ခုန်ဖို့ ကောင်းမှာမဟုတ်ဘူး..အခုဆို အဲ့ဒီအချစ်စိတ်တွေက ဆထက် ထမ်းပိုးတိုးသွားပြီ.. ဘာလို့လဲသိလား.."

"ဟင့်အင်း.."

"မင်းက ကိုကို့သားလေးကို မွေးပေးတာလေ..စက်နာရီရဲ့မေမေ.."

"ဟွန်း.."

ဘဝင် ကိုကို့ကိုပြန်ဖက်ထားလိုက်မိသည်။

ပြီးတော့ သားလေးကို မေမေလို့ခေါ်ခိုင်းတော့ဖို့လည်း ဆုံးဖြတ်ခဲ့သည်။

ကိုကို့ကိုဘယ်တော့မှ မဆိုးတော့ဘူးလို့လည်း တိတ်တိတ်လေး ကတိပေးမိလေသည်။

အဲ့ဒီကတိ တည်နိုင်တာ မတည်နိုင်တာကတော့..၊

ဝဂ္ဂီသတ်အတွက်

ထာဝရ

သျှင်မြ



www.burmeseclassic.com